# မြန်မာနိုင်ငံ စာသင်ကျောင်းများ ဘေးကင်းလုံခြုံရေး နည်းလမ်းအသွယ်သွယ် လက်စွဲစာအုပ်



"မြန်မာနိုင်ငံရှိ စာသင်ကျောင်းတိုင်း ဘေးကင်းလုံခြုံမှုရှိပါစေ"

Photos credit to Lanthit Foundation, Plan International Myanmar, World Vision International Myanmar.

# မြန်မာနိုင်ငံ စာသင်ကျောင်းများ ဘေးကင်းလုံခြုံရေး နည်းလမ်းအသွယ်သွယ် လက်စွဲစာအုပ်

**"မြန်မာနိုင်ငံရှိ စာသင်ကျောင်းတိုင်း ဘေးကင်းလုံခြုံမှုရှိပါစေ"**

ဤလက်စွဲစာအုပ်ကို AADMER လုပ်ငန်းအစီအစဉ် (၂၀၁၀-၁၅) ၏ အရှေ့တောင်အာရှ ကျောင်းဘေးကင်းလုံခြုံရေးလုပ်ငန်း အစီအစဉ်များ (ASEAN Safe School Initiative) အောက်တွင် ပညာရေးဝန်ကြီးဌာန (အခြေခံ ပညာဦးစီးဌာန) လမ်းညွှန်မှုဖြင့် DPRE လုပ်ငန်းအဖွဲ့၊ SEAMEO Innotech နှင့် မြန်မာနိုင်ငံအတွင်းရှိ AADMER မိတ်ဖက်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ပြုစုသည်။

ဤလက်စွဲစာအုပ်အား ဥရောပကော်မရှင်မှ ငွေကြေးပံ့ပိုးပေးပြီး မြန်မာနိုင်ငံအတွင်းရှိ AADMER မိတ်ဖက်အဖွဲ့များဖြစ်သော Plan International Myanmar မှ ဦးဆောင်ပြုစုပြီး World Vision International နှင့် Save the Children International တို့နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည်။

# အမှာစာ

မြန်မာနိုင်ငံသည် ရေကြီးခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းများ၊ မြေပြိုခြင်း၊ မီးဘေး၊ ငလျှင်လှုပ် ခြင်း၊ ဆူနာမီဖြစ်ပွားခြင်း၊မိုးခေါင်ခြင်းနှင့် မိုးသက်မုန်တိုင်းဖြစ်ပွားခြင်းများအပါအဝင် အမျိုးမျိုးသော သဘာဝ ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ၂၀၀၈ ခုနှစ် မေလတွင် မြန်မာ့ကမ်းရိုးတမ်းဒေသကို တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းနာဂစ်သည် ၎င်းဖြတ်သန်းရာ တလျှောက်တွင် လူဦးရေ ၂.၄ သန်း ထိခိုက်ခံခဲ့ပြီး လူဦးရေ (၁၃၈၃၇၃) ဦးသေဆုံးခဲ့ရသော အဆိုးရွားဆုံးသော သဘာဝ ဘေးအန္တရာယ် ဖြစ်ပါသည်။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့်အမျိုးသမီးများအတွက် အကြီးမားဆုံးသော ပျက်စီးဆုံးရှုံးမှု အကျိုးဆက်များနှင့်အတူ စုစုပေါင်းပျက်စီးဆုံးရှုံးမှုတန်းဖိုးမှာမြန်မာကျပ်ငွေ ၁၁.၇ ထရီလီယန်ရှိသည်ဟု ခန့်မှန်းခဲ့သည်။

မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနသည် ၂၀၀၀ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ ဘေးအန္တရာယ် လျော့ပါးရေးကို ပညာရေးကဏ္ဍအတွင်း တစ်ပါတည်းပေါင်းစည်းထည့်သွင်းခြင်းကို စတင်လုပ်ဆောင်ခဲ့ပြီး နိုင်ငံတော် အစိုးရအနေဖြင့်လည်း ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစီမံချက် (MAPDRR) ကို ယူဂိုလုပ်ငန်းဆောင်ရွက်ရေး မူဘောင် (HFA) နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ အာဆီယံ သဘောတူညီချက် (AADMER)တို့နှင့်အညီ ပြုစုခဲ့ပါသည်။ ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်းတိုင်း၏ လှုံ့ဆော်မှုကြောင့် စာသင်ကျောင်းများ ဘေးအန္တရာယ် ကင်းရှင်းမှုနှင့် ပညာရေး ကဏ္ဍများအတွင်း ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ချမှုကိစ္စရပ်များကို တစ်ပါတည်းပေါင်းစည်းထည့်သွင်းခြင်းများ ပြုလုပ်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ရှင်းလင်းသောဦးတည်ချက်များ ထားရှိရန် ကတိကဝတ်ခိုင်မာစွာထားရှိပြီး ဖြစ်ပါသည်။

စာသင်ကျောင်း ဘေးကင်းလုံခြုံမှု အတွက်ပြီးပြည့်စုံသော ချဉ်းကပ်ပုံ နည်းလမ်းတစ်ခုအနေဖြင့် ဆောင်ရွက်လျက်ရှိသော ဘက်စုံ စာသင်ကျောင်း ဘေးကင်းလုံခြုံရေး မူဘောင်၏ဒေါက်တိုင် (၃) ခုဖြစ်သည့် (၁) ဘေးကင်းလုံခြုံသည့် သင်ကြားရေး ပံ့ပိုးပစ္စည်းများ၊ (၂) စာသင်ကျောင်း ဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် ဘေးဖြစ်နိုင်ခြေ လျှော့ချခြင်းနှင့် (၃) ဘေးဒဏ်ခံနိုင်စွမ်းရှိသည့်ပညာရေး လုပ်ငန်းများတွင် ပညာရေးဝန်ကြီးဌာနမှ ဦးစီးဆောင်ရွက်လျက် ရှိနေပါသည်။

ဤဘေးကင်းလုံခြုံသောစာသင်ကျောင်း နည်းလမ်းအသွယ်သွယ် လက်စွဲစာအုပ်ကို ၂၀၁၂ ခုနှစ်တွင် အစပြုလုပ်ဆောင်ခဲ့သည့် အာဆီယံ ဘေးကင်းလုံခြုံသောစာသင်ကျောင်း အစီအစဉ်သစ် (ASSI) ၏ အစိတ်အပိုင်းတစ်ခု အနေဖြင့်ပြုစုထားခြင်းဖြစ်သည်။ ၎င်းအာဆီယံ ဘေးကင်းလုံခြုံသော စာသင်ကျောင်း အစီအစဉ်သစ် (ASSI) သည်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံ ကော်မတီ(ACDM)၏ ကြီးမှူးကွပ်ကဲမှုအောက်ရှိ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ အာဆီယံ သဘောတူညီချက် လုပ်ငန်းအစီအစဉ် ၂၀၁၀-၂၀၁၅ (AADMER WorkProgramme 2010-2015)အား အထောက်အပံ့ပေးသည်။

ဤလက်စွဲစာအုပ်သည် ဘက်စုံစာသင်ကျောင်း ဘေးကင်းလုံခြုံရေး မူဘောင်၏ ဒေါက်တိုင် (၃) ခုနှင့်အညီ ပြုစုထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံနှင့်ဆက်စပ်မှုရှိသော အခြေအနေနှင့်လိုက်လျောညီထွေစွာ အသုံးပြုနိုင်ရန်စီမံရေးဆွဲထားခြင်းဖြစ်သည်။ ထို့အပြင် ဘေးအန္တရာယ် ဖြစ်ပွားပြီးနောက် စဉ်ဆက်မပြတ် ပညာဆက်လက် သင်ယူနိုင်မှု ရှိစေရန်နှင့် အန္တရာယ်အမျိုးမျိုးတို့၏ သက်ရောက်မှုများမှ ကလေးသူငယ်များအား လုံခြုံစေရန်နှင့် အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်ပြီး စာသင်ကျောင်း ဘေးကင်းလုံခြုံရေးမူဘောင်၏ ဒေါက်တိုင်အားလုံးကို စာသင်ကျောင်းအဆင့်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် အတွက်လည်း လမ်းညွှန်ထောက်ပံ့ပေးပါသည်။

21/1/17

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ဒေါက်တာဇော်ဝင်း ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)
အခြေခံပညာဦးစီးဌာန ၊ ပညာရေးဝန်ကြီးဌာန

## အတိုကောက်စကားလုံးများ (ပညာရေးဝန်ကြီးဌာန စာသင်ကျောင်းဘေးကင်းလုံခြုံရေးလက်စွဲစာအုပ်)

| | |
|---|---|
| AADMER | ASEAN Agreement on Disaster Management and Emergency Response |
| | *ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုအတွက် အာဆီယံ သဘောတူညီချက်* |
| ACDM | ASEAN Committee on Disaster Management |
| | *ဘေးအန္တရာယ်စီမံခန့်ခွဲမှုအပေါ် အာဆီယံ ကတိကဝတ်* |
| ADM | Alternate Delivery Modes |
| | *အခြားဆောင်ရွက်ရန်နည်းလမ်းများ* |
| ADPC | Asian Disaster Preparedness Center |
| | *အာရှဘေးအန္တရာယ် ပြင်ဆင်ရေးဌာန* |
| ASEAN | Association of South East Asian Nations |
| | *အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အာဆီယံ)* |
| ASSI | ASEAN Safe Schools Initiative |
| | *အာဆီယံဘေးကင်းလုံခြုံရေး စာသင်ကျောင်းများလုပ်ငန်း* |
| BOT | Board of Trustees |
| | *ပညာရေးနှင့် ပတ်သက်သော အုပ်ချုပ်ရေးအဖွဲ့ဝင်များ* |
| CBI | Capacity Building Initiative (Myanmar NGO) |
| | *စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်း (မြန်မာ NGO)* |
| CDA | Community Development Association |
| | *ရပ်ရွာဖွံ့ဖြိုးရေးအသင်း* |
| CDD | Community Driven Development  Project of World Bank |
| | *ရပ်ရွာလူထုဦးဆောင်သော ကမ္ဘာ့ဘဏ်၏ ဖွံ့ဖြိုးရေးစီမံချက်* |
| CESR | Comprehensive Education Sector Reform |
| | *ဘက်စုံ ပညာရေးကဏ္ဍ ပြန်လည်ပြုပြင်မှု* |
| CSS | Comprehensive School Safety Framework |
| | *ဘက်စုံ ကျောင်းဘေးကင်းလုံခြုံရေးမူဘောင်* |
| DBE | Department of Basic Education, MoE |
| | *အခြေခံပညာရေးဌာန၊ ပညာရေးဝန်ကြီးဌာန* |
| DEO | District Education Officer |
| | *ခရိုင်ပညာရေးမှူး* |
| Dep ED | Department (Ministry) of Education (Philippine) |
| | ပညာရေးဝန်ကြီးဌာန ၊ ဖိလစ်ပိုင်နိုင်ငံ |

| | |
|---|---|
| DM Law | Disaster Management Law<br>*သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဥပဒေ* |
| DMH | Department for Meteorology and Hydrology<br>*မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန* |
| DM | Disaster Management<br>*ဘေးအန္တရာယ်စီမံခန့်ခွဲမှု* |
| DOC | Disaster Operations Centre (in the school)<br>*ဘေးအန္တရာယ်လုပ်ငန်းဆောင်ရွက်ရေးဌာန (စာသင်ကျောင်း)* |
| DP | Disaster Preparedness<br>*ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှု* |
| DPRE | Disaster Preparedness Response Education Working Group<br>*ဘေးအန္တရာယ်ပြင်ဆင်မှု တုံ့ပြန်ဆောင်ရွက်မှု ပညာရေးလုပ်ငန်းအဖွဲ့* |
| DRR | Disaster Risk Reduction<br>*ဘေးအန္တရာယ်ဆုံးရှုံးနိုင်ခြေလျှော့ချရေး* |
| DRRWG | Disaster Risk Reduction Working Group<br>*ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့* |
| EiE | Education in Emergencies<br>*အရေးပေါ်ကာလ ပညာရေး* |
| EMIS | Education Information Management System<br>*ပညာရေးဆိုင်ရာ အချက်အလက်စီမံခန့်ခွဲမှုစနစ်* |
| ETWG | Education Technical Working Group<br>*ပညာရေး နည်းပညာလုပ်ငန်းအဖွဲ့* |
| EW | Early Warning<br>*ကြိုတင်သတိပေးခြင်း* |
| EWS | Early Warning System<br>*ကြိုတင်သတိပေးခြင်းစနစ်* |
| GAD | General Administration Department<br>*အထွေထွေအုပ်ချုပ်ရေးမှူးဌာန* |
| GOUM | Government of the Union of Myanmar<br>*ပြည်ထောင်စု မြန်မာနိုင်ငံတော်* |
| HFA | Hyogo Framework of Action<br>*ဟိုဂိုလုပ်ငန်းဆောင်ရွက်ရေးမူဘောင်* |

| | |
|---|---|
| HVCA | Hazards, Vulnerabilities and Capacities Assessment<br>*အန္တရာယ်၊ ထိခိုက်လွယ်မှုများနှင့် စွမ်းဆောင်ရည် ဆန်းစစ်လေ့လာမှု* |
| IASC | Inter Agency Standing Committee<br>*ဌာနတွင်း အမြဲတမ်းကော်မတီ* |
| IDM RAND | Improving Disaster Management and Response against Natural Disasters<br>*သဘာဝဘေးအန္တရာယ်များအပေါ် စီမံခန့်ခွဲမှု တိုးတက်အောင်ဆောင်ရွက်ခြင်း* |
| IOM | International Organisation for Migration<br>*ရွှေ့ပြောင်းသွားလာမှု နိုင်ငံတကာအဖွဲ့အစည်း* |
| INEE | Inter-Agency Network for Education in Emergencies<br>*အရေးပေါ်ကာလများအတွက် ဌာနအတွင်းအဖွဲ့အစည်းကွန်ယက်* |
| INGO | International Non-Governmental Organization<br>*နိုင်ငံတကာ အစိုးမဟုတ်သည့် အဖွဲ့အစည်းများ* |
| JICA | Japan International Cooperation Agency<br>*ဂျပန် နိုင်ငံတကာ ပူပေါင်းဆောင်ရွက်ရေးအဖွဲ့* |
| VDSG | Village Development Support Groups<br>*ကျေးရွာဖွံ့ဖြိုးရေး ပံ့ပိုးကူညီရေးအဖွဲ့* |
| LCC | Local Content Curriculum<br>*ဒေသတွင်း အကြောင်းအရာ အညွှန်း* |
| LDC | Least Developed Countries<br>*ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများ* |
| LINK | Local and Indigenous Knowledge<br>*ဒေသနှင့် တိုင်းရင်းသား ဗဟုသုတ* |
| MAPDRR | Myanmar Action Plan for Disaster Risk Reduction 2009-2015<br>*မြန်မာနိုင်ငံ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး လုပ်ငန်းအစီအစဉ် (2009-2015)* |
| MES | Myanmar Engineering Society<br>*မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း* |
| MoC | Ministry of Construction<br>*ဆောက်လုပ်ရေးဝန်ကြီးဌာန* |
| MoE | Ministry of Education<br>*ပညာရေးဝန်ကြီးဌာန* |
| MoRA | Ministry of Religious Affairs<br>*သာသနာရေးဝန်ကြီးဌာန* |

| | |
|---|---|
| MoST | Ministry of Science and Technology<br>*သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန* |
| MNBC | Myanmar National Building Code<br>*မြန်မာနိုင်ငံအဆောက်အအုံစံချိန်စံနှုန်းများ* |
| MNPED | Ministry of National Planning and Economic Department<br>*အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန* |
| MRCS | Myanmar Red Cross Society<br>*မြန်မာနိုင်ငံကြက်ခြေနီအသင်း* |
| MSWRR | Ministry of Social Welfare, Relief and Resettlement<br>*လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန* |
| NAPA | National Adaptation Plan of Action<br>*ရာသီဥတုပြောင်းလဲမှုအတွက် နိုင်ငံအဆင့် လုပ်ငန်းအစီအစဉ်* |
| NDM Law | Natural Disaster Management Law<br>*သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဥပဒေ* |
| NDMTC | National Disaster Management Training Centre<br>*အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းဌာန* |
| NDPCC | National Disaster Preparedness Central Committee<br>*အမျိုးသားဘေးအန္တရာယ်ပြင်ဆင်မှု ဗဟိုကော်မတီ* |
| NESP | National Education Sector Plan<br>*အမျိုးသားပညာရေးကဏ္ဍအစီအစဉ်* |
| NGO | Non-Governmental Organization<br>*အစိုးရမဟုတ်သော အဖွဲ့အစည်း* |
| PTA | Parent Teacher Association<br>*မိဘ/ဆရာအသင်း* |
| RRD | Relief and Resettlement Department<br>*ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာန* |
| SAR | Search and Rescue<br>*ရှာဖွေကယ်ဆယ်ရေး* |
| SC Sub WG | School Construction Sub Working Group<br>*ကျောင်းဆောက်လုပ်ရေး လုပ်ငန်းဆောင်ရွက်မှု အဖွဲ့ငယ်* |
| SDM | School Disaster Management (pillar 2 of CSS)<br>*ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု (CSS ၏ ဒေါက်တိုင် ၂)* |

| | |
|---|---|
| SDMC | School Disaster Management Committee |
| | ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ |
| SDMP | School Disaster Management Plan |
| | ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ် |
| SDEPR | School Disaster and Emergency Preparedness Chapter of the SDMP |
| | ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်၏ ကျောင်းဘေးအန္တရာယ်နှင့် အရေးပေါ်ပြင်ဆင်ရေး သင်ခန်းစာ |
| SEAMEO | South East Asian Ministers of Education Organization |
| | အရှေ့တောင်အာရှ ပညာရေးဝန်ကြီးဌာနများ အဖွဲ့အစည်း |
| SEEDs Asia | Sustainable Environment and Educational Development |
| | ရေရှည်တည့်တံ့သော ပတ်ဝန်းကျင်နှင့် ပညာရေးဖွံ့ဖြိုးမှုအသင်း မြန်မာနိုင်ငံရုံး |
| SFDRR | Sandai Framework of Disaster Risk Reduction |
| | ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး ဆန်ဒိုင်းမူဘောင် |
| SSC TF | Safe School Construction Task Force of the SCSWG |
| | SCS WG ၏ ဘေးကင်းလုံခြုံသော စာသင်ကျောင်းတည်ဆောက်ရေး အထူးအဖွဲ့ငယ် |
| TDMC | Township Disaster Management Committee |
| | မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ |
| TDSC | Township Development Support Committee |
| | မြို့နယ်ဖွံ့ဖြိုးရေးပံ့ပိုးမှုကော်မတီ |
| TEO | Township Education Officer |
| | မြို့နယ်ပညာရေးမှူး |
| TVET | Technical and Vocational Education Training |
| | နည်းပညာနှင့် အလုပ်အကိုင်ပညာရေး |
| TWG | Technical Working Group of MoE project |
| | ပညာရေးဝန်ကြီးဌာန စီမံချက်၏ နည်းပညာလုပ်ငန်းအဖွဲ့ |
| UN | United Nations |
| | ကုလသမဂ္ဂ |
| UNDP | United Nations Development Program |
| | ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ် |
| UNESCO | United Nations Education, Social and Cultural Organisation |
| | ကုလသမဂ္ဂ ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အဖွဲ့အစည်း |
| UNFCCC | UN Framework Convention on Climate Change |
| | ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာမူဘောင် သဘောတူညီချက် |

| | |
|---|---|
| UNICEF | UN International Children’s Emergency Fund<br>*ကုလသမဂ္ဂ ကလေးများ အရေးပေါ်ရန်ပုံငွေ* |
| VDMC | Village Disaster Management Committee<br>*ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ* |
| VT | Village Tract<br>*ကျေးရွာအုပ်စု* |
| VTDMC | Village Tract Disaster Management Committee<br>*ကျေးရွာအုပ်စု ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ* |
| WB | World Bank<br>*ကမ္ဘာ့ဘဏ်* |
| WISS | Worldwide Initiative for Safe Schools<br>*ဘေးကင်းလုံခြုံရေးကျောင်းများဖြစ်စေရန် ကမ္ဘာတစ်ပှမ်းဆောင်ရွက်မှုများ* |



# မာတိကာ


အမှာစာ ဌ

အခန်း - ၁ ဘာကြောင့် ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းတည်ဆောက်သလဲ။ ၁
ဤလက်စွဲစာအုပ်ကို ဘယ်လိုအသုံးပြုမလဲ။

၁.၁။ စာသင်ကျောင်းနှင့် ပညာရေးကဏ္ဍအပေါ်တွင် ဘေးအန္တရာယ်များ၏ သက်ရောက်မှု။
၁.၂။ ကလေးများနှင့် သူတို့၏ ပညာရေးအပေါ်တွင် ဘေးအန္တရာယ်များ၏ သက်ရောက်မှု။
၁.၃။ စာသင်ကျောင်း ဘေးကင်းလုံခြုံဖို့ ဘာကြောင့်လိုအပ်သလဲ။
၁.၄။ ဘက်စုံ ဘေးကင်းလုံခြုံရေးစာသင်ကျောင်းမူဘောင်က ဘာလဲ။
၁.၅။ မြန်မာနိုင်ငံ၏ ဘက်စုံ ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းမူဘောင်။
၁.၆။ မြန်မာနိုင်ငံမှ ဘက်စုံဘေးကင်းလုံခြုံသည့် စာသင်ကျောင်းများအတွက် ကမ္ဘာ့အဆင့်၊ ဒေသတွင်းနှင့် နိုင်ငံအတွင်း ကတိကဝတ်များ။
၁.၇။ ဤလက်စွဲစာအုပ်၏ ရည်ရွယ်ချက်မှာအဘယ်နည်း၊ အဓိက အသုံးပြုမည့်သူတွေက ဘယ်သူလဲ။
၁.၈။ ကျောင်းတာဝန်ရှိသောသူမှ ဤလက်စွဲစာအုပ်ကို ဘယ်လိုအသုံးပြုသင့်သလဲ။
၁.၉။ ဤလက်စွဲစာအုပ်အသုံးပြုရန်အတွက် အခြားအသုံးပြုမည့်သူများက ဘယ်သူလဲ။ (ပညာရေးမှူး၊ ခရိုင်အဆင့်ပညာရေးမှူး၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပညာရေး ညွှန်ကြားရေးမှူးများ)
၁.၁၀။ ဤလက်စွဲစာအုပ်ကို ဘယ်လိုပြင်ဆင်ပြုစုခဲ့သလဲ။
၁.၁၁။ သင်၏စာသင်ကျောင်းအခြေအနေကို ဒေါက်တိုင်(၃) တိုင်ဖြင့် သုံးသပ်ခြင်း။

အခန်း - ၂ CSS ဒေါက်တိုင် (၂) ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှု ၂၁

၂.၁။ ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှု မိတ်ဆက်ခြင်း။
၂.၂။ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း (SDMC)။
၂.၃။ ကျောင်းတွင်း အန္တရာယ်၊ ထိခိုက်လွယ်မှု၊ ဘေးဖြစ်နိုင်ခြေနှင့် စွမ်းဆောင်ရည်များ ဆန်းစစ်လေ့လာခြင်း။
၂.၄။ ကျောင်းတွင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး အစီအမံရေးဆွဲခြင်းနှင့် မိတ်ဆက်ခြင်း။
၂.၅။ ကျောင်းတွင်းဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအမံများမှ အရေးပေါ်အခြေအနေကြိုတင် ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်ရေးဆွဲခြင်း။

၂.၆။ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအမံများတွင်ပါဝင်သော လုပ်ငန်းစဉ်များအား ဇာတ်တိုက်လေ့ကျင့်ခြင်း။

၂.၇။ အရေးပေါ်အခြေအနေတွင် ပညာဆက်လက်သင်ကြားနိုင်ရေးနှင့် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုအတွက် စီစဉ်ခြင်း။

၂.၈။ ကျောင်းဘေးအန္တရာယ် ထိခိုက်နိုင်ခြေလျှော့ချရေး အစီအစဉ်ပြုစုခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၂.၉။ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် အစီအစဉ်ကို ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့နယ်အဆင့်နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။

အခန်း - ၃ CSS ဒေါက်တိုင် (၃) ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိသော ပညာရေး ၉၁

၃.၁။ သင်ရိုးညွှန်းတမ်းဘာသာရပ်များတွင် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကို သင်ကြားခြင်း။

၃.၂။ သင်ရိုးညွှန်းတမ်းတွင် ဒေသနှင့်ကိုက်ညီသည့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အချက်အလက်များ ထည့်သွင်းသင်ကြားခြင်း။

၃.၃။ ဘေးအန္တရာယ်ပြင်ဆင်မှု/ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး အယူအဆနှင့် ကျွမ်းကျင်မှုများကို တွဲဖက်သင်ရိုးဝင် သင်ခန်းစာ အစီအစဉ်များဖြင့် ပြုစုခြင်း။

အခန်း - ၄ CSS ဒေါက်တိုင် (၁) အန္တရာယ်ကင်းသည့် သင်ယူမှု အထောက်အပံ့များ ၁၁၄

၄.၁။ အန္တရာယ်ကင်းသည့် သင်ယူမှု အထောက်အပံ့များနှင့် မိတ်ဆက်ခြင်း။

၄.၂။ အသုံးပြုလျက်ရှိသောစာသင်ကျောင်းများ၏ အန္တရာယ်ကင်းရှင်းမှုကို ကြည့်ရှုသုံးသပ်ခြင်း။

၄.၃။ ကျောင်းတွင် အဆောက်အအုံပိုင်းဆိုင်ရာမဟုတ်သည့်အပိုင်း အန္တရာယ်ကင်းရှင်းရေး။

၄.၄။ ဘေးကင်းလုံခြုံမှု မရှိသော ကျောင်းများအား တာဝန်ရှိသူများမှ ပိုမိုခိုင်ခံ့အောင် ပြင်ဆင်ခြင်း။

၄.၅။ အန္တရာယ်ကင်းသည့် နေရာသတ်မှတ်ခြင်းနှင့် ကျောင်းများတည်ဆောက်ခြင်း။

အခန်း - ၅ ကျောင်းတွင်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်စဉ်အချိန်အတွင်း ဘက်ပေါင်းစုံနှင့် ချိတ်ဆက်နေသည့် ကဏ္ဍများကို ထည့်သွင်းစဉ်းစားခြင်း ၁၃၈

၅.၁။ ကျောင်းတွင် မိန်းကလေးများ၏ အထူးလိုအပ်ချက်ကို ဖော်ထုတ်ခြင်းနှင့် သူတို့ရင်ဆိုင်ရသော အခက်အခဲများကို ဖြေရှင်းပေးခြင်း။
၅.၂။ မသန်စွမ်းကလေးများ၏ အထူးလိုအပ်ချက်များကိုထည့်သွင်းစဉ်းစားခြင်းနှင့် ပြည့်မီစေရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ပုံစံမူဝါဒများကိုကျင့်သုံးခြင်း။
၅.၃။ အန္တရာယ်ကင်းသည့် ကျောင်းများကို ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းအပေါ် လိုက်လျောညီထွေနေထိုင်ခြင်းများနှင့် ချိတ်ဆက်ခြင်း။

အခန်း - ၆ ကျောင်းအန္တရာယ်ကင်းရှင်းရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ကျောင်းတာဝန်ရှိသူတို့မှ ရည်ရှည်တည့်တံ့စေရန် အတည်တကျပြဋ္ဌာန်းခြင်း ၁၄၂

၆.၁။ ကျောင်းအန္တရာယ်ကင်းရှင်းရေးနှင့် ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အလုပ်များကို ကျောင်းစီမံခန့်ခွဲမှုကော်မတီအဖွဲ့နှင့် မိဘ/ဆရာအသင်းတို့၏ ပုံမှန်ဆောင်ရွက်နေကျ လုပ်ငန်းများဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။
၆.၂။ ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေး တိုးတက်မှုများကို ပညာရေးအရည်အသွေးတိုးတက်မှုနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များနှင့် ချိတ်ဆက်ခြင်း။
၆.၃။ ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အစီရင်ခံခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ သုံးသပ်အကဲဖြတ်ခြင်းတို့ကို ပညာရေးစီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ်ဖြင့် ချိတ်ဆက်ခြင်း။
၆.၄။ စာသင်ကျောင်းနှင့် ပညာရေး တာဝန်ရှိသူတို့မှ စာသင်နှစ်အတွင်း အန္တရာယ်ကင်းပြီး ရေရှည်ခံသည့် ကျောင်းအစီအစဉ်ဖြစ်စေရေးအတွက် နှစ်စဉ်ဆောင်ရွက်ရန်လုပ်ငန်းစဉ်များ။


EUROPEAN COMMISSION
Humanitarian Aid
Plan

# အမှာစာ

ဤလက်စွဲစာအုပ်ကို ကျောင်းအဆင့် (ကျောင်းအုပ်၊ ဆရာ/မများ)တွင် လုပ်ငန်းဆောင်ရွက်နေသော ကျောင်းတာဝန်ရှိသူများအား လမ်းညွှန်ပေးရန်လည်းကောင်း၊ အာဆီယံ ဘေးကင်းလုံခြုံရေး စာသင်ကျောင်းများ လုပ်ငန်း (ASSI) ၏ အစိတ်အပိုင်းတစ်ခုအဖြစ် စာသင်ကျောင်းဘေးကင်းလုံခြုံမှုအတွက် စနစ်ကျသောအစီအစဉ်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်လည်းကောင်း ရေးသားပြုစုထားသည်။ ASSI ကို ၂၀၁၂ ခုနှစ်တွင် အာဆီယံဒေသများတွင် ပညာရေးကဏ္ဍကိုပါ သက်ရောက်မှု များပြားလာသည့် ဘေးအန္တရာယ်ဖြစ်ရပ်များကို တုံ့ပြန်ဆောင်ရွက်ရန်အတွက် စတင်ပြုစုခဲ့သည်။ ၎င်းကို AADMER မိတ်ဖက်အဖွဲ့မှ ဦးစီးကျင်းပသည့် ညှိနှိုင်းဆွေးနွေးမှုများနှင့် အာဆီယံစီမံအုပ်ချုပ်သူအဖွဲ့မှ ဒေသအတွင်း စာသင်ကျောင်းဘေးကင်းလုံခြုံမှုအတွက် ဘက်စုံနည်းလမ်းများကို တိုးမြှင့်ဆောင်ရွက်ပြီးနောက်ပိုင်းတွင် အစပြုခဲ့သည်။

ASSI ၏ ပထမအပိုင်း (phase 2) သည် အာဆီယံအဖွဲ့ဝင်နိုင်ငံ (၉) နိုင်ငံမှ ၂၀၁၃ ခုနှစ် ဇန်နဝါရီလနှင့် မတ်လကြားတွင် ကျင်းပပြုလုပ်ခဲ့သော နိုင်ငံအဆင့် ဘေးကင်းလုံခြုံသော စာသင်ကျောင်းများအတွက် လုပ်ငန်းဆောင်ရွက်မှု တိုးတက်မှုအခြေအနေကို တိုင်းတာနိုင်မည့် နီးနှောတိုင်ပင်သည့် အစည်းအဝေးပွဲများကို တစ်ခုပြီးတစ်ခု ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုအစည်းအဝေးများကို AADMER လုပ်ငန်းအစီအစဉ် (၂၀၁၀-၂၀၁၅) ၏ အစိတ်အပိုင်းတစ်ခုအဖြစ် APG မှ အာဆီယံစီမံခန့်ခွဲသူအဖွဲ့၏ အကူအညီဖြင့် စီစဉ်ခဲ့ပြီး ပြည်တွင်းပြည်ပမှ stakeholders များ (နိုင်ငံအဆင့်နှင့် ဒေသအဆင့် အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍနှင့် ဘေးဖြစ်နိုင်ခြေစီမံခန့်ခွဲမှုနှင့် ပညာရေးနယ်ပယ်မှ ကျွမ်းကျင်ပညာရှင်များ) ပါဝင်ခဲ့ကြသည်။

ဤလက်စွဲစာအုပ်ကို ASSI ဒုတိယအပိုင်း (phase 2) ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ဘက်စုံ စာသင်ကျောင်းဘေးကင်းလုံခြုံမှု (CSS) မူဘောင်၏ ဒေါက်တိုင် (၃) ခုနှင့်အညီ ရေးသားပြုစုခဲ့သည်။ ၎င်းကို ဘေးအန္တရာယ်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်ရေး ပညာရေးလုပ်ငန်းအဖွဲ့ (DPRE working group)နှင့် ပူးပေါင်းပြုစုခဲ့ပြီး Plan International၊ World Vision နှင့် Save the Children (ASSI Consortium) တို့မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

လက်စွဲစာအုပ်ကိုမြန်မာနိုင်ငံ၏အခြေအနေနှင့်ကိုက်ညီအောင် အလေးထားရေးဆွဲထားပြီး မြန်မာနိုင်ငံတစ်ဝှမ်းရှိ ကျောင်းအုပ်များ၊ အတွေ့အကြုံရှိ ဆရာ/မများ၊ ကျောင်းစီမံခန့်ခွဲမှုကော်မတီနှင့် လက်တွဲဆောင်ရွက်သော ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၊ မိဘ/ဆရာအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ရုံးခွဲများမှ အသုံးပြုနိုင်ရန်အတွက် ပြုစုရေးသားခဲ့သည်။ တစ်ဆင့်အကျိုးခံစားရသော လူထုမှာ ကျောင်းများတွင် ဤလက်စွဲစာအုပ်အား အသုံးပြုရန် တိုက်တွန်းပေးနိုင်မည့် ပညာရေးမှူးများ၊ ပြည်နယ်/တိုင်းဒေသကြီး ပညာရေးကဏ္ဍ ညွှန်ကြားရေးမှူးများနှင့် ပညာရေးဝန်ကြီးဌာနမှ အရာရှိများမှလည်း ဖတ်ရှုအသုံးပြုနိုင်ရန် ရည်ရွယ်ပါသည်။

ဤလက်စွဲစာအုပ်သည် ပညာရေးဝန်ကြီးဌာနမှ ရေးသားပြုစုပြီး အသုံးပြုလျက်ရှိသော စာသင်ကျောင်း ဘေးကင်းလုံခြုံရေး သင်ရိုးညွှန်းတမ်းများ (Resource Pack)၊ SEEDs Asia မှ အသုံးပြုသောနည်းလမ်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း စာသင်ကျောင်း ဘေးကင်းလုံခြုံရေးမူဘောင် စသည့် ဆင်တူသည့်စာအုပ်များကို အခြေခံပြုစုရေးသားထားသည်။ ထို့အပြင် Plan ၏ CSS သင်တန်းလမ်းညွှန်၊ SEAMEO နှင့် အခြားအာရှနိုင်ငံများမှ လက်စွဲစာအုပ်အပေါ် တွင်လည်း မှီငြမ်းရေးသားထားသည်။ ဤလက်စွဲစာအုပ်ကို ပြုစုရေးသားရန်အတွက် European Commision Humanitarian Aid and Civil Protection (ECHO) မှ ပံ့ပိုးကူညီခဲ့ပြီး အဆင့်ဆင့် ဆွေးနွေးတိုင်ပင်သည့် အစီအစဉ်များဖြင့် ပြုစုခဲ့သည်။ ၎င်းတို့တွင် ကွင်းဆင်းစမ်းသပ်ခြင်း DPRE လုပ်ငန်းအဖွဲ့၊ ခရိုင်နှင့် မြို့နယ် ပညာရေးမှူးများ၊ ဆရာ/မများ၊ မိဘ/ဆရာအသင်း၊ နိုင်ငံအဆင့်နှင့် ပြည်နယ်၊ တိုင်းဒေသကြီးအဆင့်တို့တွင် ကျောင်းသား/သူများနှင့် ပညာရေးဝန်ကြီးဌာနမှ အရာရှိများ ပါဝင်ကြပါသည်။

# အခန်း (၁)

## ဘာကြောင့် ဘေးကင်းလုံခြုံသည့် စာသင်ကျောင်း တည်ဆောက်သလဲ။ ဤလက်စွဲစာအုပ်ကို ဘယ်လိုအသုံးပြုမလဲ။

### ၁.၁ စာသင်ကျောင်းနှင့် ပညာရေးကဏ္ဍအပေါ်တွင် ဘေးအန္တရာယ်များ၏ သက်ရောက်မှု

ကမ္ဘာတစ်ပှမ်းတွင် ကျောင်းသား/သူ သန်းထောင်ပေါင်း (၁.၂) သည် မူလတန်းနှင့် အလယ်တန်းကျောင်းများ တက်ရောက်သင်ယူနေကြသည်။ ၄င်းတို့အနက်မှ (၈၇၅)သိန်း အရေအတွက်ရှိ ကျောင်းတက်ကလေးများသည် ငလျင်ပြတ်ရွှေ့ကြောအန္တရာယ်ဇုံတွင် နေထိုင်ကြပြီး သန်းပေါင်းများစွာသည် ပုံမှန်ရေကြီးမှု၊ မုန်တိုင်း၊ မြေပြိုမှု၊ လေပြင်းတိုက်ခတ်မှုနှင့် မီးဘေးအန္တရာယ်များကို ရင်ဆိုင်ကြရသည်။ (၂၀၁၀- ၂၀၁၃) ကာလ (၄) နှစ်အချိန်အတွင်းတွင် စာသင်ကျောင်းပေါင်း (၁၁၀၀၀) သည် ဘေးအန္တရာယ်များကြောင့် ပျက်စီးခဲ့ရသည်။ ပျမ်းမျှ ကျောင်းပေါင်း ၂၃၀ သည် လစဉ်လတိုင်း ဘေးအန္တရာယ်သက်ရောက်မှုဒဏ်ကို ခံကြရပြီး နှစ်စဉ် ကလေးငယ်ပေါင်း (၂၇၅၀၀၀) အပေါ်တွင် သက်ရောက်မှုရှိနေသည်။ UNISDR ၏ မှတ်တမ်းအရ အရှေ့တောင်အာရှမှ ကလေးပေါင်း ၁၀၀ ကျော်သည် အသက် (၀-၁၇ နှစ်) နှစ်စဉ် ဘေးအန္တရာယ်များ၏ သက်ရောက်မှု ခံကြရသည်။

မြန်မာနိုင်ငံသည် မုန်တိုင်းများ၊ မိုးတွင်းကာလရေကြီးမှု၊ မြေပြိုမှု၊ မိုးခေါင်ရေရှားမှု၊ မီးဘေးနှင့် မြေငလျင်စသည်တို့ ပါဝင်သော သဘာဝဘေးအန္တရာယ်တို့၏ သက်ရောက်မှုကြီးများကို ရင်ဆိုင်ကြုံတွေ့ရသည်။ မကြာသေးမီကာလအတွင်းတွင် ဆိုင်ကလုံးမုန်တိုင်း (နာဂစ် ၂၀၀၈၊ ဂီရီ ၂၀၁၀) တို့သည် နိုင်ငံ၏ ကမ်းရိုးတန်းဒေသအစိတ်အပိုင်းများကို ထိခိုက်ခဲ့ပြီး လူဦးရေ(၅၀၀၀၀၀)ကျော်ထိခိုက်ခံခဲ့ရသည်။ကမ်းရိုးတန်းနှင့်ကုန်းမြင့်ဒေသများကိုထိခိုက်ပျက်ဆီးမှုများခဲ့ပြီးကုန်းမြင့်ဒေသများတွင် ရေကြီးမှုကြောင့် မြေပြိုကျမှုများရှိခဲ့သည်။ မြေငလျင်များသည် နိုင်ငံ၏မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့ကို သက်ရောက်မှုရှိသည်။ ၂၀၁၁ ခုနှစ်အစောပိုင်းတွင် ရှမ်းပြည်နယ်အရှေ့ဘက်တွင် ထိခိုက်မှုထင်ရှားခဲ့သည်။ (ရစ်ချ်တာစကေးလ် ၆.၈) မီးဘေးကြောင့် နေအိမ်များနှင့် အဆောက်အအုံစနစ်များ ပျက်ဆီးခဲ့သည်။ မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များအပြင် လူပယောဂနှင့် လူမျိုးရေး ပဋိပက္ခ အန္တရာယ်များလည်း ဖြစ်လေ့ရှိသည်။ ထို့သို့ ရောထွေးပြီးဖြစ်လေ့ရှိသော သဘာဝဘေးအန္တရာယ်များနှင့် လူတို့ဖန်တီးသည့်ဘေးဖြစ်နိုင်ခြေတို့ကြောင့် အမျိုးသမီးများနှင့် ကလေးများ အပေါ်တွင်သက်ရောက်နေသည့် လူမှု-စီးပွားအခြေအနေနှင့် လူမှုဝန်ဆောင်မှုများ၊ ပညာရေး၊ အခြေခံကျန်းမာရေး စသည့် ကဏ္ဍတို့၏ ထိခိုက်လွယ်မှုများသည် မြင့်မားနေသည်။ နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှင့် အဆောက်အအုံစနစ်များ အားနည်းခြင်းသည် ထူးခြားဖြစ်ရပ်များမှ ပြန်လည်တည်ဆောက်ရန် နှောင့်နှေးစေသည်။ ၄င်းသည် ထိခိုက်လွယ်မှုမြင့်သော အန္တရာယ်နှင့် စွမ်းဆောင်ရည်နည်းခြင်းသည် မြန်မာနိုင်ငံအား အာရှပစိဖိတ်တွင် ဘေးဖြစ်နိုင်ခြေအမြင့်ဆုံးဖြစ်စေသည်ဟု INFORM ဘေးဖြစ်နိုင်ခြေပုံစံ ၆ တွင် ဖော်ပြထားသည်။

ဆိုင်ကလုံး နာဂစ်အတွင်းကပင် လူ့အသက်ပေါင်း (၁၃၈၃၇၃) ဆုံးရှုံးခဲ့ပြီး (၁၉၃၅၉) ထိခိုက်ဒဏ်ရာရခဲ့သည်။ ဆိုင်ကလုန်းဒဏ်ခံရသည့် မြို့နယ်အတွင်း နေထိုင်သည့် လူဦးရေ သန်းပေါင်း ( ၇.၃၅) သန်း ရှိသည့်အနက် လူဦးရေ (၂.၄) သန်းသည် ဆိုင်ကလုန်းဒဏ်၏ အကျိုးသက်ရောက်မှုကို ဆိုးရွားစွာ ခံခဲ့ကြရပါသည်။ စစ်တမ်းကောက်ယူမှုများ အရလည်း အမျိုးသမီးများသည် အမျိုးသားများထက် သေဆုံးမှုများကြောင်း၊ လူမှုရေးဆက်ဆံမှုများ ပျက်စီးခြင်း၊ သေဆုံးမှုများကို အသက်အပိုင်းအခြားအလိုက် မှတ်တမ်းအတိအကျမရှိသော်လည်း ကလေးသေဆုံးမှုများသည်ဟု ယူဆရကြောင်း ဖော်ပြထားသည်။

၂၀၁၅ ခုနှစ် ဇူလိုင်-ဩဂုတ်လများအတွင်းတွင်ရှိ ရေကြီးမှုနှင့် မြေပြိုမှုများအတွင်းက ကလေး ၂၇ ဦး (မိန်းကလေး ၁၇၊ ယောကျ်ားလေး ၁၀) သေဆုံးခဲ့သည်။ ၂၆ ဦး ( မိန်းကလေး ၁၇၊ ယောကျ်ားလေး ၉) ဦးမှ ရေနစ်သေဆုံးခဲ့သည်။ ယင်းကလေးငယ် ၂၇ ဦးသည် သေဆုံးမှုအားလုံး၏ ၈% ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၁ ခုအတွင်းရှိ ကျောင်းပေါင်း ၄၁၁၆ ကျောင်းသည် ရေကြီးမှု၏ အကျိုးသက်ရောက်မှုကို ခံခဲ့ကြရသည်။ ၂၁၃ ကျောင်းမှာ ပျက်စီးခဲ့ပြီး ၄၃၀ ကျောင်းမှာ အဆောက်အအုံများ ပျက်စီးခဲ့သည်။ အခြားစာသင်ကျောင်းများတွင် စာသင်ကြားရေးပစ္စည်းများနှင့် ကိရိယာများ ထိခိုက်ပျက်စီးခဲ့သည်။ ထိခိုက်ခံရသော စာသင်ကျောင်းများကို ပျမ်းမျှအချိန် ၃ ပတ်ခန့် ပိတ်ထားရပြီး ကလေးများအတွက် ပညာသင်ကြားမှု ထိခိုက်ခဲ့သည်။

မြန်မာနိုင်ငံအစိုးရ၏ ရေကြီးမှုနှင့် မြေပြိုမှု လိုအပ်ချက်ဆန်းစစ်မှု အစီရင်ခံစာတွင် ရေကြီးမှုနှင့် မြေပြိုမှုကြောင့် ကျန်ခဲ့သော စိတ်ဒဏ်ရာတို့သည် ကလေးများ၊ ဆရာ/မများ၊ ကလေးထိန်းများနှင့် မိသားစုများ၏ စိတ်ပိုင်းဆိုင်ရာကို ထိခိုက်စေနိုင်ကြောင်း ဖော်ပြထားသည်။

## ၁.၂ ကလေးများနှင့် သူတို့၏ ပညာရေးအပေါ်တွင် ဘေးအန္တရာယ်များ၏ သက်ရောက်မှု

- ကျောင်းသား/သူများနှင့် ဆရာ/မများ စာသင်ကျောင်းသို့ သွားရောက်နိုင်မှုသည် စာသင်ကျောင်းသို့ သွားရာလမ်းများ တံတားများ ပျက်စီးသွားခြင်းကြောင့်လည်းကောင်း(သို့) ကျောင်းသို့သွားရောက်ရန် ပံ့ပိုးပေးသည့် အခြားအထောက်အအံ့စနစ်များ ပျက်စီးသွားခြင်းကြောင့် နှောင့်နှေးသွားသည်။ ယင်းအခြေအနေသည် ကျောင်းသူများနှင့် မသန်စွမ်းကလေးများအတွက် ပို၍ဖြစ်နိုင်သည်။
- ကျောင်းအဆောက်အအုံသည် လုံးဝ (သို့) တစ်စိတ်တစ်ပိုင်း ပျက်စီးသွားပြီး ပရိဘောဂများ သင်ကြားရေးနှင့်သင်ယူရေးပစ္စည်းများ ပျောက်ဆုံးသွားခြင်း၊ ပျက်စီးသွားခြင်းတို့ ဖြစ်နိုင်သည်။ ကလေးများ၏ နေအိမ်တွင် သိမ်းထားသော လေ့ကျင့်ခန်းစာအုပ်များ ပျက်စီးသွားနိုင်သည်။
- ကျောင်း၏ ရေနှင့် မိလ္လာ စနစ်များ အသုံးမပြုနိုင်တော့ခြင်း (သို့) ပျက်စီးသွားခြင်း။
- ဘေးအန္တရာယ်ဖြစ်ပြီးချိန်ကာလများတွင် ကလေးများသည် မိသားစုကိုပံ့ပိုးကူညီရန်အတွက် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ရန် ကျောင်းထွက်ရခြင်း၊ အိမ်ထောင်ပြုစောခြင်း စသည်တို့ ဖြစ်နိုင်သည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဘေးအန္တရာယ်ကြောင့်ပျက်စီးသွားသော မိသားစုများသည် သူတို့၏ကလေးများအား ကျောင်းမထားပေးနိုင်တော့ပါ။
- ကလေးများ၏ ထိခိုက်လွယ်မှုတို့တွင် လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်း(သို့) အလွဲသုံးစားလုပ်ခြင်းတို့ ဖြစ်လာနိုင်သည်။
- ပညာသင်ကြားခြင်း ပြတ်တောက်မှုကြောင့် ကျောင်းသား/သူများအား ပြန်လည်ဆက်သွယ်ရာတွင် ကျောင်းပြန်တတ်ရန်အချိန်ကြန့်ကြာခြင်းနှင့် ပညာရေးလုပ်ဆောင်ချက်များအပေါ်တွင် နောက်ဆက်တွဲအကျိုးသက်ရောက်မှုများဖြစ်လာနိုင်သည်။
- စာသင်ကျောင်းများကို ဘေးအန္တရာယ်အတွက် ယာယီခိုလှုံရာစခန်းအဖြစ် အသုံးပြုကြလျှင်ပညာရေးကိုထိခိုက်နိုင် သည်။ စာသင်ကျောင်းများကို ယာယီခိုလှုံရာစခန်းအဖြစ်အသုံးပြုလျှင် စာသင်ကျောင်းဆောင်များ(သို့)ပရိဘောဂများ ပျက်စီးနိုင်သည်။
- ဘေးအန္တရာယ်ကျရောက်ချိန်တွင် ကလေးများနှင့် ဆရာ/မများသည် ရုပ်ပိုင်းဆိုင်ရာ (သို့) စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုရှိနိုင်သည်။ (သို့) သေဆုံးနိုင်သည်။
- ထိုကဲ့သို့စိတ်ဒဏ်ရာသည် ပညာရေးရည်ရွယ်ချက်ကို ဆန့်ကျင်ဘက်ဖြစ်စေနိုင်သည်။ ဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်သူမိန်းကလေးငယ်၏မိခင်ပြောစကားတွင် "ကျွန်မသမီးကိုပညာတတ်စေချင်လို့ ကျောင်းပို့တယ်၊အခုတော့အုတ်ပုံကြားမှာ သင်္ဂြိုဟ်လိုက်ရပြီ" ဟုပြောခဲ့ဖူးသည်။

## ၁.၃ စာသင်ကျောင်း ဘေးကင်းလုံခြုံဖို့ ဘာကြောင့်လိုအပ်သလဲ

ကျောင်းတက်သည့် ကလေးများသည် သူတို့တစ်နေ့တာအချိန်၏ ၃၀-၃၅%ကို ကျောင်းတွင် ကုန်ဆုံးစေသည်။ ထို့ကြောင့် စာသင်ကျောင်းများကို ဘေးအန္တရာယ်များမှ လုံခြုံစေရန်အတွက် ဆောင်ရွက်ရန်လိုအပ်သည်။ စာသင်ကျောင်းများကို ဘေးကင်းလုံခြုံအောင်ဆောင်ရွက်ခြင်းနှင့် ကလေးများအား ဘေးအန္တရာယ်များအကြောင်း သိရှိနားလည်စေခြင်းဖြင့် သူတို့၏ အသက်များနှင့် ရပ်ရွာလူထု၏ အသက်အိုးအိမ်များကို ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ကလေးများသည် လွတ်လပ်စွာ တွေးခေါ်နိုင်စွမ်းရှိပြီး စိတ်ပါဝင်စားသည့်အချိန်တွင် ခက်ခဲသည့်အလုပ်များကိုလည်း လုပ်နိုင်ကြ၍ သူတို့မိဘများနှင့် ရပ်ရွာကိုလွှမ်းမိုးနိုင်သည့် အကောင်းဆုံးနည်းလမ်းများလည်း ဖြစ်ကြသည်။ ကလေးများသည် စာသင်ကျောင်းမှတဆင့် ဘေးကင်းလုံခြုံမှု၊ ကျန်းမာရေးနှင့် တကိုယ်ရည်သန့်ရှင်းရေး သတင်းစကားများကို မိဘများနှင့် ရပ်ရွာလူထုထံသို့ သယ်ဆောင်လာပြီး ရပ်ရွာကို အကျိုးကျေးဇူးများ ရရှိစေပါသည်။

## ၁.၄ ဘက်စုံ ဘေးကင်းလုံခြုံရေး စာသင်ကျောင်းမူဘောင်က ဘာလဲ

ဘက်စုံဘေးကင်းလုံခြုံသည့် စာသင်ကျောင်းသည် ပုံမှန်အချိန်နှင့် ဘေးအန္တရာယ်ကျရောက်နေသည့် အချိန်အတွင်းတွင် ကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးတို့ကို စိတ်ချသေချာမှုရှိအောင် ထောက်ပံ့ပေးထားသော ပတ်ဝန်းကျင်ဖြစ်သည်။

ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းတွင် ကလေးများ၊ ဆရာ/မများနှင့် ဝန်ထမ်းများအား အထူးသဖြင့် ဘေးအန္တရာယ်ကျရောက်ချိန်ကာလတွင် မထိခိုက်နိုင်သော ခိုင်ခံ့သည့် အဆောက်အအုံစနစ်များနှင့် ပံ့ပိုးပစ္စည်းများ ပါရှိသည်။

ဘေးကင်းလုံခြုံသည့်စာသင်ကျောင်းသည် ဘေးဖြစ်နိုင်ခြေတို့ကိုသိရှိပြီး ဘေးအန္တရာယ်များကို တုံ့ပြန်ဆောင်ရွက်ရန် အသင့်ရှိသော ဘေးကင်းလုံခြုံမှု အလေ့အကျင့်ကို မြှင့်တင်လေ့လာသင်သူများ စုဝေးရာနေရာဖြစ်သည်။


ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းသည် စာသင်ကျောင်းတွင်း ဘေးအန္တရာယ်ကြောင့် အသေးစား ထိခိုက်မှုများရှိနေချိန်အတွင်း၌ပင် လူငယ်များအတွက် ကျန်းမာစွာပညာဆက်လက်သင်ကြားနိုင်ရန် အထောက်အပံ့ပေးထားခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ်မှစ၍ ကလေးများနှင့် ဘေးအန္တရာယ်အတွက် ပညာပေးလှုပ်ရှားမှုများတွင် ကမ္ဘာတစ်ဝှမ်းရှိ ကလေးများသည် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအတွက်ကလေးများ၏ရပိုင်ခွင့် အခွင့်အရေးများကိုဦးလုပ်ငန်းမူဘောင်ကိုပြုစုရေးသားနေသော အဖွဲ့အစည်းများပေါ် အခြေခံပြီး အတူတကွပြုစုခဲ့ကြသည်။ ၄င်းကို ၂၀၁၄ ခုနှစ် Istanbul တွင် ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းလုပ်ငန်းများ တစ်ကမ္ဘာလုံးတွင် စတင်ချိန်တွင် အစိုးရများမှ စတင် ကျင့်သုံးလာခဲ့ပြီး ၂၀၁၅ ခုနှစ် မတ်လတွင် "၂၀၃၀တွင် စာသင်ကျောင်းတိုင်း ဘေးကင်းလုံခြုံမှုရှိစေရေး" အတွက် တိုက်တွန်းခဲ့သော ဂျပန်နိုင်ငံ တတိယအကြိမ်မြောက် ကမ္ဘာ့ညီလာခံတွင် အစိုးရများ အတည်ပြုခဲ့ကြသည်။

ဇယား-၁ ဘက်စုံ ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းမူဘောင်၏ ဒေါက်တိုင် (၃) တိုင်နှင့် စပ်လျဉ်းသည့် ရည်မှန်းချက် (၄) ခု

| စဉ် | ရည်မှန်းချက် | စဉ် | ဒေါက်တိုင် |
|---|---|---|---|
| ၁ | ပညာရေးအတွက် ရင်းနှီးမြုပ်နှံရန် လုံလောက်မှုရှိစေရန် | ၁ | ဘေးကင်းလုံခြုံသည့် သင်ယူမှု ပံ့ပိုးပစ္စည်းများ |
| ၂ | ကျောင်းသား/သူများနှင့် ဝန်ထမ်းများအားကာကွယ်ပေးရန် | ၂ | ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု |
| ၃ | ဘေးအန္တရာယ်ဖြစ်နေစဉ်တွင် ဆက်လက် ပညာသင်ကြားနိုင်မှုအား သေချာမှု ရှိစေရန် | | |
| ၄ | ဘေးကင်းလုံခြုံသည့် အလေ့အကျင့်ကို မြှင့်တင်ရန် | ၃ | ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိသော ပညာရေး |

## မြန်မာနိုင်ငံအတွင်းရှိ ဘက်စုံဘေးကင်းလုံခြုံသည့် စာသင်ကျောင်းမူဘောင်




ပြည်ထောင်စု မြန်မာနိုင်ငံတော်မှ ဘက်စုံဘေးကင်းလုံခြုံသည့် စာသင်ကျောင်းမူဘောင်နှင့်စပ်လျဉ်းပြီး ဆောင်ရွက်နေသော လုပ်ငန်းများမှာ-

၁။ ဘေးအန္တရာယ်ကင်းရှင်းသော ကျောင်းအဆောက်အဦးနှင့် အသုံးအဆောင် ပစ္စည်းများတွင် ဘေးကင်းလုံခြုံ စိတ်ချရသော ကျောင်းတည်နေရာရွေးချယ်ခြင်း၊ အဆောက်အဦးပုံစံဒီဇိုင်း ရေးဆွဲခြင်း၊ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း ( အဆောက်အဦးနှင့် ပစ္စည်းများ ဘေးကင်းလုံခြုံစိတ်ချစွာ အဆက်မပြတ် အသုံးပြုနိုင်ရေး အပါအဝင်) တို့နှင့် ပတ်သက်ဆက်နွယ်သော ပညာရေးဆိုင်ရာတာဝန်ရှိသူများ၊ အာဏာပိုင်များ၊ ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဆောက်လုပ်သူများ၊ ကျောင်းရှိရာ ရပ်ရွာလူထုများ စသည်တို့ပါဝင်ပါသည်။ အစိုးရနှင့် ပုဂ္ဂလိကကျောင်း အမျိုးအစားနှစ်မျိုးစလုံးအတွက် အဓိကဆောင်ရွက်ရမည့်တာဝန်များမှာ -

- ဘေးအန္တရာယ်ကင်းရှင်း လုံခြုံစိတ်ချရသော ကျောင်းတည်နေရာရွေးချယ်ပြီး ဘေးအန္တရာယ်ဒဏ် ခံနိုင်စွမ်းရှိသော အဆောက်အဦးပုံစံဒီဇိုင်း ရေးဆွဲ၍ အသစ်ဆောက်လုပ်သည့် စာသင်ကျောင်းတိုင်းအား ဘေးအန္တရာယ်ကင်းရှင်း စိတ်ချရသောကျောင်းအဖြစ် ဆောက်လုပ်ရန်။
- လုံခြုံစိတ်ချမှုမရှိသော စာသင်ကျောင်းများအား တောင့်တင်းခိုင်မာလာအောင် ပြန်လည်ပြုပြင်ခြင်းနှင့် အစားထိုးပြင်ဆင်ခြင်းတို့အတွက် ဦးစားပေးဆောင်ရွက်ခြင်းတို့ကို စီစဉ်ပါ။
- ကျောင်းသား/သူများ အသက်ရှင်သန်ရန်နှင့် အရေးပေါ်ရွှေ့ပြောင်းနိုင်စေရန်အတွက် အဆောက်အဦးနှင့် သက်ဆိုင်သောဘေးဖြစ်နိုင်ခြေ၊ အဆောက်အဦးနှင့် မသက်ဆိုင်သောဘေးဖြစ်နိုင်ခြေ၊ အခြေခံအဆောက်အဦးများတွင်ရှိသော ဘေးဖြစ်နိုင်ခြေနှင့် ပံ့ပိုးပစ္စည်းများ၏ ဘေးဖြစ်နိုင်ခြေများကို လျှော့ချပါ။
- မသန်စွမ်းသူများအား လက်လှမ်းမီနိုင်ရန်နှင့် ဘေးကင်းလုံခြုံမှုရှိစေရန် ကျောင်းအဆောက်အအုံ/ အသုံးအဆောင်များ၏ ပုံစံနှင့် တည်ဆောက်မှုကို ပြုလုပ်ရန်။
- အကယ်၍စာသင်ကျောင်းကို ရပ်ရွာ၏ယာယီခိုလှုံရာအဖြစ် အသုံးပြုရန်စီမံထားသည်ဆိုလျှင် ယင်းသို့အသုံးပြုနိုင်မည့် လိုအပ်ချက်များနှင့်ကိုက်ညီသော ပုံစံဒီဇိုင်းဖြစ်ရမည်။ ကလေးများ ပညာဆက်လက်သင်ကြားနိုင်စေရန်အတွက်အခြား နည်းလမ်းတစ်ခုလည်း စီစဉ်ရန်။
- ကလေးများစာသင်ကျောင်းသို့ လာရောက်ရာတွင် ရုပ်ပိုင်းဆိုင်ရာထိခိုက်နိုင်မှုများ မရှိစေရန်အတွက် (ဥပမာ- ခြေလျှင်လမ်းများ၊ လမ်းမများ၊ မြစ်ချောင်းဖြတ်ကူးရာနေရာများ ) မှ ကင်းဝေးအောင် သေချာစွာဆောင်ရွက်ရမည်။
- အလားအလာရှိသော ဘေးဖြစ်နိုင်ခြေများနှင့် ဆီလျော်သည့် ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်းများတည်ဆောက်ရန် (ဥပမာ - မိုးရေစိမ့်မှုနှင့် မိလ္လာစနစ်ပျက်စီးမှု)
- မိုးရေသိုလှောင်ခြင်း၊ နေရောင်ခြည်သုံး ဆိုလာပြားများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ ကျောင်းဥယျာဉ်တို့ကဲ့သို့သော ရာသီဥတုနှင့်လျော်ညီသော လုပ်ဆောင်မှုများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် ရေ၊ စွမ်းအင်နှင့် အစားအစာလုံခြုံမှုကို တိုးမြှင့်စေရန်။
- စောင့်ကြည့်လေ့လာမှု၊ ငွေကြေးပံ့ပိုးမှုနှင့် ဆောင်ရွက်လျက်ရှိသည့် အဆောက်အဦးနှင့် ပံ့ပိုးပစ္စည်းများ ထိန်းသိမ်းရန်အတွက် အစီအစဉ်ရေးဆွဲရန်။

၂။ ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကို နိုင်ငံနှင့် တိုင်းဒေသကြီး/ပြည်နယ် ပညာရေးတာဝန်ရှိသူများ၊ကျောင်းလူထု(ကလေးများ၊ မိဘများပါဝင်) တို့မှ ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး ပြုစုသည်။ ဘေးကင်းလုံခြုံသည့် သင်ယူရေးနေရာများနှင့် ပညာဆက်လက်သင်ကြားနိုင်စေရန်၊ နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်ကိုက်ညီမှု ရှိစေရန် ရည်ရွယ်သည်။ အဓိ တာဝန်များမှာ -

- ဘက်စုံဘေးကင်းလုံခြုံသည့် စာသင်ကျောင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အဆင့်/တိုင်း/ပြည်နယ်အဆင့်ကော်မတီများဖွဲ့စည်းရန်နှင့် အချိန်ပြည့်တာဝန်ယူနိုင်မည့်သူကို ရွေးချယ်ထားရန်။
- တိုင်း/ ပြည်နယ်အဆင့်နှင့်  ကျောင်းအဆင့်တွင် တည်နေရာအခြေပြု ဆန်းစစ်လေ့လာချက်နှင့် အစီအစဉ်များ၊ ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ရေးပြင်ဆင်မှုများကို ပုံမှန် ကျောင်းစီမံခန့်ခွဲမှုနှင့် တိုးတက်မှုတို့အတွက် မူဝါဒများ၊ လမ်းညွှန်မှုများ ပံ့ပိုးပေးခြင်း။
- ကျောင်းကော်မတီများကို ဝန်ထမ်းများ၊ ကျောင်းသား/သူများ၊ မိဘများနှင့် ရပ်ရွာတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ဖွဲ့စည်းခြင်း လေ့ကျင့်ခြင်းနှင့် အတည်ပြု ပြဌာန်းခြင်းတို့ ဆောင်ရွက်ရန်။ စာသင်ကျောင်းအတွင်း/အပြင်ရှိ အန္တရာယ်အားလုံးကို ဖော်ထုတ်ရှာဖွေရန်နှင့် ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ပြင်ဆင်ရေးလုပ်ငန်းဆောင်ရွက်မှုများတွင် ဦးဆောင်ရန် အားဖြည့်ပေးခြင်း။
- ကြိုတင်သတိပေးနိုင်သောအန္တရာယ်များနှင့် ကြိုတင်သတိပေးနိုင်ခြင်းမရှိသော အန္တရာယ်နှစ်မျိုးလုံးအတွက် လိုအပ်ချက်နှင့်အညီ အဆောက်အဦးအတွင်းမှ ရွှေ့ပြောင်းခြင်း၊ ခိုလှုံရာနေရာများတွင် နေရာချထားပြီး လုံခြုံမှုရှိအောင် စီမံခြင်း၊ မိသားစုများ ဘေးကင်းလုံခြုံစွာပြန်လည် ပေါင်းစည်းခြင်းတို့အပါအဝင် စံသတ်မှတ်ထားသော (SOP) လုပ်ငန်းဆောင်ရွက်မှု  နည်းလမ်းများအား လက်ခံကျင့်သုံးရန်။

- စာသင်ကျောင်းတစ်ကျောင်းလုံး ပါဝင်ကာရပ်ရွာနှင့် ချိတ်ဆက်ဆောင်ရွက်သောပုံမှန်ကြိုတင်လေ့ကျင့်မှုများလုပ်ဆောင်ခြင်းနှင့်အတူ တုံ့ပြန်ရေးအတွက် ကြိုတင်ပြင်ဆင်မှုကို ပိုမိုတိုးတက်ကောင်းမွန်စေရန် လေ့ကျင့်ထားရန်။
- စာသင်ကျောင်းများအား ယာယီခိုလှုံရာအဖြစ် အသုံးပြုခြင်းကို သတ်မှတ်ထားသောဘောင်ကို ကျော်လွန်မှုမရှိစေရန် ထိန်းကွပ်ရေးစံများနှင့် အစီအစဉ်များချမှတ်ရန် အပါအဝင် စဉ်ဆက်မပြတ် ပညာသင်ကြားရေးကို အထောက်အကူပြုစေမည့် နိုင်ငံအဆင့်နှင့် ဒေသအဆင့် အရေးပေါ် လုပ်ငန်းစီမံချက်များ ရေးဆွဲလုပ်ဆောင်ရန်။
- မူကြို ကလေးများ၊ ကျောင်းပြင်ပကလေးများ၊ မသန်စွမ်းကလေးများ (မိန်းကလေး၊ ယောကျာ်းလေးတို့) ၏ လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားခြင်း။
- ပညာရေးကဏ္ဍနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကဏ္ဍကိုချိတ်ဆက်ပြီး နိုင်ငံအဆင့်၊ တိုင်း/ပြည်နယ်အဆင့်တွင်လူထုဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်များနှင့် ချိတ်ဆက်ပါ။ ကဏ္ဍအားလုံးနှင့် ဆက်သွယ်ရေး ၊ ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ပါ။
- စာသင်ကျောင်းနှင့် ရပ်ရွာချိတ်ဆက်ထားသော ဇာတ်တိုက်လေ့ကျင့်ခန်းများ ပြုလုပ်ဆောင်ရွက်ခြင်းအားဖြင့် ကြိုတင်ပြင်ဆင်မှုများ တိုးတက်စေခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခန်းတွင် လိုအပ်သည်များကို ဆန်းစစ်အကဲဖြတ်နိုင်ခြင်းနှင့်လက်တွေ့လုပ်ဆောင်နိုင်ခြင်း အလေ့အကျင့်ကောင်းများရရှိစေပါသည်။ စာသင်ကျောင်းတစ်ခုစီ၏ အခြေအနေနှင့် ကိုက်ညီစွာ လုပ်ငန်းဆောင်ရွက်မှုစံချိန်စံနှုန်းများကို ကျင့်သုံးပါ။ အစမ်းဆောင်ရွက်ရာတွင်ကိုက်ညီပြီး ဖြစ်နိုင်လျှင်ကျောင်းအားလုံးတွင် ဇာတ်တိုက်လေ့ကျင့်ခန်းများကို ပြုလုပ်ပါ။

၃။ ဘေးဖြစ်နိုင်ခြေ လျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိသော ပညာရေးသည် ဘေးကင်းလုံခြုံသည့် အလေ့အကျင့်နှင့် ဘေးဒဏ်ခံနိုင်သည့် ရပ်ရွာလူထုဖြစ်စေရန် ပုံစံရေးဆွဲထားသည်။ အဓိကတာဝန်များမှာ -

- အိမ်ထောင်စုနှင့် ရပ်ရွာ၏ထိခိုက်လွယ်မှုများကို လျှော့ချရန်အတွက် ကျောင်းသင်ပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးတို့တွင် အခြေခံအုတ်မြစ်တစ်ခုအဖြစ် အန္တရာယ်သက်ရောက်မှု၊ တုံ့ပြန်ရေးနှင့် ကြိုတင်ပြင်ဆင်ရေးတို့အတွက် အများသဘောတူညီမှုကိုအခြေခံသည့် အဓိကသတင်းစကားများ ဖော်ထုတ်နိုင်စေရန်။ ကျောင်းသား/သူများနှင့် ဝန်ထမ်းများကို တကယ့်စာသင်ကျောင်းနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုတွင် ပါဝင်စေခြင်း။ မီးဘေးအတွက် အစမ်းလေ့ကျင့်ခန်း နှင့် အခြားအန္တရာယ်များကို သင့်တော်သလို ထည့်သွင်းရန်။
- အန္တရာယ်အားလုံးအတွက် ထိရောက်သည့် စဉ်းစားမှုများကို သင်ကြားရန်အတွက် ရေးသားပြုစုခြင်း။
- သင်ရိုးညွှန်းတမ်းများတွင် ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းကိုထည့်သွင်းပြီး အသက်မွေးဝမ်းကြောင်းဘာသာရပ်တွင်လည်း ပေါင်းစပ်သင်ကြားပေးရန်။
- အရည်အသွေးပြည့်မီသည့် သင်ကြားမှုနှင့် သင်ယူမှုပစ္စည်းများကို ကျောင်းသားများနှင့် ဆရာများအတွက် ထားရှိရန်။ ဘေးကင်းလုံခြုံမှုနှင့် ဘေးဒဏ်ခံနိုင်မှု အလေ့အထနှင့် ရာသီဥတုနှင့် ကိုက်ညီစွာဆောက်ရွက်မှုများကို ပညာရေးတွင် ထည့်သွင်းရန်။
- ဆရာ/မများ၊ ဆရာအတတ်သင် သင်တန်းသား/သူများအတွက် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာသင်တန်းများ ပံ့ပိုးပေးရန်။ ပုံမှန်ကျောင်းတွင်းပညာရေးသင်ရိုးညွှန်းတမ်း၊ ကျောင်းပြင်ပပညာရေးသင်ရိုးညွှန်းတမ်းများနှင့်ထပ်ဆောင်းသင်ရိုးညွှန်းတမ်း အထူးပြုချဉ်းကပ်မှုများတွင် ထိထိရောက်ရောက် ပေါင်းစပ်နိုင်ရေးအတွက် ဆရာ/ ဆရာမများ၏ပါဝင်ပတ်သက်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်ရန် ဒေသန္တရ ရပ်ရွာလူထုနှင့်အတူ မဟာဗျူဟာများ ဖော်ထုတ်နိုင်စေရန်။

## ၁.၅ မြန်မာနိုင်ငံမှ ဘက်စုံဘေးကင်းလုံခြုံသည့် စာသင်ကျောင်းများ

ဘက်စုံ ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းများ၏ ဒေါက်တိုင် ၃ ခုအတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များမှာ -

### ဒေါက်တိုင် ၁ ။ ဘေးကင်းလုံခြုံသည့် သင်ယူမှု ပံ့ပိုးပစ္စည်းများ

- ဆိုင်ကလုံးနာဂစ်အပြီးတွင် ပညာရေးဝန်ကြီးဌာနသည် စာသင်ကျောင်းများကို ဘေးအန္တရာယ်ခံနိုင်စွမ်းရှိစေရန်အဆင့် မြင့်စွာ ပုံစံရေးဆွဲပြီး တည်ဆောက်ခဲ့သည်။ ယင်းကလေးပျော်ကျောင်းနှင့် မုန်တိုင်းဒဏ်ခံ စာသင်ကျောင်းပုံစံများကို မြန်မာနိုင်ငံအနှံ့အပြား အထူးသဖြင့် ကမ်းရိုးတန်းဒေသများတွင် တည်ဆောက်ထားသည်။
- မြန်မာနိုင်ငံ အဆောက်အအုံစံချိန်စံနှုန်းများကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် UNHABITAT တို့မှ ပြုစုခဲ့သည်။ MNBC ကို အစိုးရ၏ လမ်းညွှန်မှုများနှင့်အညီ ထားရှိသည်။
- ဆောက်လုပ်ရေး စံချိန်စံနှုန်းများ၏ အလေ့အကျင့်ကောင်းများနှင့်အညီ ပညာရေးဝန်ကြီးဌာနသည် စာသင်ကျောင်း တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှုအဖွဲ့ငယ်၏ပံ့ပိုးမှုဖြင့် ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းတည်ဆောက်ရေး လမ်းညွှန်မှုများကို ပို၍ကောင်းမွန်စေမည်ဖြစ်သည်။

ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းတည်ဆောက်ရေးလမ်းညွှန်မှုများတွင် ဗိသုကာဒီဇိုင်းပုံစံများနှင့် အစီအစဉ်များ နေရာရွေးချယ်ခြင်း၊ အဆောက်အအုံ ဒီဇိုင်းစံချိန်စံနှုန်းများ အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များ၊ ဘေးကင်းလုံခြုံမှုနှင့် ဘေးဖြစ်နိုင်ခြေလျှော့ချခြင်း ဆောင်ရွက်မှုများ၊ ဆောက်လုပ်ရေး အလုပ်သမားများ ဘေးကင်းလုံခြုံမှု၊ လုပ်ငန်းခွင်နှင့် ထိန်းသိမ်းဆောင်ရွက်မှု ပေါ်လစီများ၊ ကုန်ကျစရိတ် အကျိုးအမြတ်ဆန်းစစ်ချက်နှင့် ဘေးဒဏ်ခံနိုင်စွမ်း ကုန်ကျစရိတ်များကို ဖြည့်စွက်တည်ဆောက်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း ကုန်ကျစရိတ်များနှင့် နှိုင်းယှဉ်မှုများ၊ စောင့်ကြည့် လေ့လာခြင်းနှင့် သုံးသပ်ခြင်း၊ အထူးသဖြင့် အလွှာအသီးသီးမှာရှိသော မသန်စွမ်း ကလေးသူငယ်များနှင့် မိန်းကလေးများ၏ လိုအပ်ချက်များကိုထည့်သွင်းစဉ်းစားခြင်း။

- ပိုမိုကောင်းမွန်သော စာသင်ကျောင်းဆောက်လုပ်ရေးစနစ်ဖြစ်ပေါ်ရန်အတွက် တိုးတက်ရန်လိုအပ်သော နယ်ပယ်များကို ရှာဖွေဖော်ထုတ်ပြီး လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ရမည်။
- စာသင်ကျောင်း တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုအဖွဲ့ခွဲသည် ဘေးကင်းလုံခြုံသည့် စာသင်ကျောင်း တည်ဆောက်မှုနှင့်သက်ဆိုင်သည့် အစိုးရမှနည်းပညာနှင့် ငွေကြေးပံ့ပိုးမှု အဓိကဆောင်ရွက်ရန်နေရာ (၆) ခုကို ဖော်ထုတ်နိုင်ခဲ့သည်။ ၎င်းတို့မှာ -

(၁) လက်ရှိအသုံးပြုနေဆဲ စာသင်ကျောင်းများ၏ ထိခိုက်လွယ်မှု စစ်တမ်းကောက်ယူခြင်း
(၂) လက်ရှိအသုံးပြုနေသည့် အသုံးအဆောင်များကို ဖြည့်စွက်တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်း
(၃) စာသင်ကျောင်းများကို အရေးပေါ်ခိုလှုံရာအဖြစ် အသုံးပြုခြင်း
(၄) စာသင်ကျောင်းဆောင်သစ်များနှင့် ပညာရေးပံ့ပိုးမှုပစ္စည်းများကို ဘေးကင်းလုံခြုံစွာ တည်ဆောက်ခြင်း
(၅) ကလေးများအားလုံးအတွက် အန္တရာယ်ကင်းပြီး စာသင်ကျောင်းသို့ လက်လှမ်းမှီနိုင်မှု
(၆) စာသင်ကျောင်းတွင် ရေ၊ စွမ်းအင်နှင့် အစားအစာဖူလုံမှု တိုးတက်စေရန် ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေဖြစ်စေရန် ရင်းနှီးမြှုပ်နှံမှု။

## ဒေါက်တိုင် ၂။ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု

- ဆရာ/ဆရာမများအား DRR အရင်းအမြစ်အိတ် အသုံးပြုနည်းသင်တန်းတွင် ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်းအပိုင်း ပါဝင်ပြီး ရာထူးနေရာတစ်ခုခြင်းစီအတွက် လုပ်ငန်းများနှင့် အခန်းကဏ္ဍများပါဝင်သည်။ ဘေးအန္တရာယ်ထိခိုက်မှု လျော့ချရေးပညာပေးအစီအစဉ်အတွက် သင်တန်းဆရာများ သင်တန်းကို ၂၀၀၉ ခုနှစ်တွင် စတင်ပြုလုပ်ခဲ့ရာ ယခုအခါတွင် ဆရာ/မ ပေါင်း ၄၀၀၀နှင့် ပညာရေးစီမံခန့်ခွဲရေးဝန်ထမ်း ၁၅၀ အား လေ့ကျင့်သင်ကြား ပေးခဲ့ပြီးဖြစ်သည်။
- INEE - အရေးပေါ်ကာလပညာရေးအတွက် ဌာနတွင်းကွန်ယက် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ်တွင် အရေးပေါ်အချိန်အတွင်း ပညာဆက်လက်သင်ကြားနိုင်စေရန် အနည်းဆုံး စံချိန်စံနှုန်းများရှိစေရန်အတွက် ကျင်းပပြုလုပ်ခဲ့သည်။
- ပညာရေးဝန်ကြီးဌာနနှင့် DPRE အဖွဲ့ဝင်များသည် ကျောင်းအခြေပြု ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးနှင့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် စွမ်းဆောင်ရည်တည်ဆောက်ရေး အစီအစဉ်များဖြင့် ပူးပေါင်းဆောင်ရွက်သည်။

## ဒေါက်တိုင် ၃။ ဘေးဖြစ်နိုင်ခြေ လျော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိသော ပညာရေး

ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိသောပညာရေးကို ဘဝတစ်သက်တာကျွမ်းကျင်စရာ ဘာသာရပ်နှင့် ပင်မသင်ရိုးညွှန်းတမ်း (သိပ္ပံ၊ ပထဝီ၊ အင်္ဂလိပ်) ဘာသာရပ်များတွင် ၂၀၀၉ ခုနှစ်နောက်ပိုင်းမှစ၍ ပညာရေးဝန်ကြီးဌာနနှင့် DPRE တို့၏ကြိုးပမ်းဆောင်ရွက်မှုဖြင့် ထည့်သွင်းခဲ့သည်။ ရေရှည်တည်တံ့မှုကို တိုးမြှင့်ရန် "ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးဆိုင်ရာ ပညာရေးအတွက် ဆရာဖြစ်သင်တန်းများ" ကို ၂၀၀၉ ခုနှစ်တွင် ပြုလုပ်ခဲ့ပြီး ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး ပညာရေးသင်တန်းများကို မြန်မာနိုင်ငံတစ်ခုလုံးတွင် ဆောင်ရွက်နိုင်ရန်အတွက် အမာခံအဖွဲ့ဝင် ၂၀-၃၀ ခန့်ရှိသည်။

ပညာရေးပေါ်လစီနှင့် နိုင်ငံရေးကတိကဝတ်များကို ဘေးအန္တရာယ်ထိခိုက်မှု လျော့ချရေးအစီအစဉ်အတွက် မြန်မာနိုင်ငံလုပ်ငန်းဆောင်ရွက်ရေးအစီအစဉ် (၂၀၀၉) ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး စာသင်ကျောင်းများနှင့် ရပ်ရွာများတွင် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးဆိုင်ရာပညာရေးကို တိုးမြှင့်ဆောင်ရွက်မှုကို သေချာစေသည်။ လွန်ခဲ့သောနှစ်များအတွင်းက ကျောင်းအခြေပြု ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပြီး သင်ကြားမှုနှင့် သင်ယူမှုပစ္စည်းများကို အစိုးရနှင့် မိတ်ဖက်အဖွဲ့များမှ ထုတ်လုပ်ခဲ့ကြသည်။

ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးဆိုင်ရာ ပညာရေးကို အမျိုးသားပညာရေး ပြန်လည်ပြုပြင်ရာတွင် ထည့်သွင်းစဉ်းစားရန် စီစဉ်ထားသည်။

## ၁.၆ မြန်မာနိုင်ငံမှ CSS အပေါ် ကမ္ဘာ့အဆင့်၊ ဒေသအတွင်းနှင့် နိုင်ငံအတွင်း ကတိကဝတ်များ

နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၏ ရိုက်ခတ်လှုံ့ဆော်မှုအပြီး မြန်မာနိုင်ငံတော်အစိုးရသည် ဘက်စုံဘေးကင်းလုံခြုံသည့်ကျောင်း အတွက် အောက်ပါ ကတိကဝတ်များ ပြုထားပါသည်။

- ၂၀၁၂ ခုနှစ်တွင် ပြဌာန်းခဲ့သော ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအတွက် GoUM လုပ်ငန်းဆောင်ရွက်ရေး အစီအစဉ် (MAPDRR) တွင် ပညာရေးကဏ္ဍတွင် အန္တရာယ်ကင်းသောပတ်ဝန်းကျင်၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် ဘေးဒဏ်ခံနိုင်စွမ်း၊ ပညာရေး စသည့် ဘေးအန္တရာယ်ထိခိုက်မှုကဏ္ဍကို ထိန်းသိမ်းရန် သတ်မှတ်ချက်များ ပါရှိသည်။
- ၂၀၀၉ ခုနှစ်တွင်ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနသည် ASEAN၊ ကုလသမဂ္ဂ နှင့် ADPCတို့၏ ပံ့ပိုးကူညီမှုဖြင့် နိုင်ငံအတွင်းရှိ ကျေးလက်ဒေသ ပညာရေးကဏ္ဍများတွင် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကဏ္ဍကို ထည့်သွင်းခြင်း ဆိုင်ရာ လမ်းညွှန်ချက်များကို ထုတ်ဝေခဲ့သည်။
- ဘက်စုံပညာရေးကဏ္ဍပြန်လည်ပြုပြင်ရေး (CESR) ဆန်းစစ်လေ့လာမှု မူဝါဒမူဘောင်ကို "ကလေးပျော်ကျောင်း ၅ကျောင်း မှညွှန်းကိန်းများပေါ် မူတည်၍" ထောက်ခံခဲ့သည်။ ၎င်းတို့မှာ ပါဝင်ခြင်း၊ ဆက်စပ်ပတ်သက်ခြင်း၊ အရည်အသွေး၊ ကျန်းမာရေး၊ လုံခြုံမှုနှင့် ကာကွယ်ခြင်း၊ ကျားမဆိုင်ရာကဏ္ဍကို ရင်းနှီးမှု၊ ကျောင်းသား/သူများ၊ မိသားစုပါဝင်မှု တို့ဖြစ်သည်။ CSS သည် အမျိုးသားပညာရေးကဏ္ဍအစီအစဉ်တွင် ပါဝင်ရန် ရည်မှန်းထားသည်။
- မြန်မာနိုင်ငံသည် ဗီယက်နမ်နိုင်ငံ၊ ဟန္ဂိုင်းမြို့တွင် ၂၀၁၃ က ကျင်းပပြုလုပ်ခဲ့သော ဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဆီယံ ကော်မတီ ၂၂ ကြိမ်မြောက်အစည်းအဝေးတွင် အတည်ပြုခဲ့သော AADMER ၏ အခန်းကဏ္ဍ (၂) မှ အဓိက ဦးစားပေး ဆောင်ရွက်ရန်ဖြစ်သော အာဆီယံဒေသတွင်း အန္တရာယ်ကင်းရှင်းရေး ကျောင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။
- ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအတွက် Sendai မူဘောင်ကိုလက်ခံကျင့်သုံးခဲ့သော နိုင်ငံအဖွဲ့ဝင် ၁၉၂ နိုင်ငံမှ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ ဖြစ်လာခဲ့သည်။ ၎င်းသည် ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အခြားအရေးကြီးသည့် အဆောက်အအုံစနစ်များအားလုံး အန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်မည်ဖြစ်သည်။ အထူးသဖြင့် ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုများကို တစ်ကမ္ဘာလုံးအားဖြင့် ၇ ခုမှ တစ်ခုကို ဆောင်ရွက်ရန်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနသည် DPRE၊ EiE နှင့် SC ကျောင်းဘေးအန္တရာယ် ကင်းရှင်းရေး ဒေါက်တိုင် (၃) ခုစလုံးအတွက်လုပ်ငန်း ဆောင်ရွက်နေသော ပညာရေးနည်းပညာလုပ်ငန်းအဖွဲ့ခွဲ၊ အခြားအဖွဲ့အစည်းတို့သည် မြန်မာနိုင်ငံအား ဘေးကင်းလုံခြုံသည့် ကျောင်း ဖြစ်လာစေရေးအတွက် World wide Initiatives for Safe Schools ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကုလသမဂ္ဂ၊ ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အရာရှိများနှင့်အတူ မြန်မာနိုင်ငံ၏ ဘက်စုံဘေးကင်း လုံခြုံသည့် စာသင်ကျောင်းဖြစ်မြောက်ရန် ရည်ရွယ်သော ပညာရေးကဏ္ဍတွင် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကို ထည့်သွင်းဆောင်ရွက်သည့် နိုင်ငံတော်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲကို ကနဦး ကလေးဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံပညာရေး၊ ဆရာ/မ ပညာရေးနှင့် အဆင့်မြင့်ပညာရေး၊ နည်းပညာနှင့် အသက်မွေးမှု ပညာရေး၊ ကျောင်းပြင်ပပညာသင်ကြားရေးအောက်တွင် နိုင်ငံတော်အဆင့်ပညာရေးအစီအစဉ် ပညာရေး စသည့် ခေါင်းစဉ်ကြီး (၆) ခုအောက်တွင်ဆောင်ရွက်လျက်ရှိပါသည်။

## ၁.၇ ဤလက်စွဲစာအုပ်၏ ရည်ရွယ်ချက်မှာအဘယ်နည်း၊ အဓိက အသုံးပြုမည့်သူတွေက ဘယ်သူလဲ

ဤလက်စွဲစာအုပ်သည် စာသင်ကျောင်းအဆင့်တွင် ကျောင်းတာဝန်ရှိသူများ ( ကျောင်းအုပ် နှင့် ဆရာ/မများ) အား စနစ်ကျသည့် စာသင်ကျောင်းဘေးကင်းလုံခြုံရေးအစီအစဉ်ကို ပြုစုရေးသားပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်ပေးရန်ဖြစ်သည်။ ထို့အပြင် ပညာရေးကဏ္ဍရှိ ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းရည်မှန်းချက်များ၊ သင်ယူရေးပံ့ပိုးပစ္စည်းများတွင် ရင်းနှီးမြုပ်နှံခြင်း၊ ကျောင်းသား/သူများနှင့် ဝန်ထမ်းများကို ကာကွယ်ပေးရန်နှင့် ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် သေချာစေရန်နှင့် ဘေးဖြစ်နိုင်ခြေကိုလျော့ချသည့် ပညာရေးအစီအစဉ်ဖြင့် ဘေးကင်းလုံခြုံသည့် အလေ့အကျင့်ကို မြှင့်တင်ရန်တို့ပင်ဖြစ်သည်။

ဤလက်စွဲစာအုပ်ကိုအဓိကအသုံးပြုမည့်သူများမှာ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများနှင့်အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ မိဘဆရာအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းခွဲများဖြင့် လက်တွဲဆောင်ရွက်လျက်ရှိသောကျောင်းအုပ်နှင့်ဂါရင့်ဆရာ/မများဖြစ်ကြသည်။ သူတို့သည်အချိန်ပြည့်ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းအစီအစဉ်ပြုစုရေးသားခြင်း၊ အကောင်အထည်ဖော်ဆောင်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို ပြုလုပ်ဆောင်ရွက်သင့်ပါသည်။

ဤလက်စွဲစာအုပ်သည် ကမ္ဘာ့ဘက်စုံဘေးကင်းလုံခြုံသည့် စာသင်ကျောင်းမူဘောင်ပေါ်တွင် အခြေခံပြီး ရိုးရှင်း၍ ပြည့်စုံပြီးစည်းမျဉ်းနှင့်ညီသည့် လမ်းညွှန်ချက်တစ်ခုဖြစ်သည်။ ဤလက်စွဲစာအုပ်တွင် ကျောင်းတာဝန်ရှိသူများမှ ကျောင်းအဆင့်တွင်ဘေးကင်းလုံခြုံသည့်စာသင်ကျောင်း ဒေါက်တိုင် (၃) ခုစလုံးအား အကောင်အထည်ဖော်ဆောင်ရန်အတွက် ဆောင်ရွက်ရန်လုပ်ငန်းများကို လမ်းညွှန်ချက်များ ဖော်ပြပေးထားသည်။ ယင်းဒေါက်တိုင် (၃) ခုမှ စာသင်ကျောင်းများအား ထိခိုက်နိုင်သည့်ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်များ၏သက်ရောက်မှုကို သုံးသပ်ခြင်း၊ ပြန်လည်ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်တည်ဆောက်ခြင်း၊ ပထမဦးဆုံးအကြိမ်ကပင် အန္တရာယ်ကင်းအောင် တည်ဆောက်ခြင်း၊ ဘေးအန္တရာယ်များကို တုံ့ပြန်ဆောင်ရွက်ရန် အတွက် ဒေသတွင်းရရှိနိုင်သည့် အရင်းအမြစ်များကို ရှာဖွေဖော်ထုတ်ခြင်း၊ ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး စီမံခန့်ခွဲမှု အစီအစဉ်များကို ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ တွဲဖက်သင်ရိုးဝင်သင်ခန်းစာအစီအစဉ်များဖြင့် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး အကြောင်းအရာများကို သင်ကြားခြင်းတို့ ဖြစ်သည်။

## ၁.၈ ကျောင်းတာဝန်ရှိသူတို့မှ ဤလက်စွဲစာအုပ်ကို ဘယ်လိုအသုံးပြုသင့်သလဲ

ဤလက်စွဲစာအုပ်တွင် အခန်း (၆) ခန်းပါဝင်သည်။ ပထမတစ်ခုမှာ အသုံးပြုရမည့် အယူအဆ၊ နည်းလမ်းများနှင့် လမ်းညွှန်ချက်များကို မိတ်ဆက်ပေးထားသော နိဒါန်းဖြစ်သည်။ အခြားအခန်း (၅) ခုမှာ အောက်ပါအတိုင်းဖြစ်သည်။

### အခန်း ၂ ။ CSS ဒေါက်တိုင် (၂) ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှု

၂.၁ ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှု မိတ်ဆက်ခြင်း။

၂.၂ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း (SDMC)။

၂.၃ ကျောင်းတွင်း အန္တရာယ်၊ ထိခိုက်လွယ်မှု၊ ဘေးဖြစ်နိုင်ခြေနှင့် စွမ်းဆောင်ရည်များ ဆန်းစစ်လေ့လာခြင်း။

၂.၄ ကျောင်းတွင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး အစီအမံ ရေးဆွဲခြင်းနှင့် မိတ်ဆက်ခြင်း။

၂.၅ ကျောင်းတွင်းဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအမံများမှ အရေးပေါ်အခြေအနေကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ် ရေးဆွဲခြင်း။

၂.၆ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်များ၊ ကြိုတင်ပြင်ဆင်ရေးအစီအစဉ်များအား လေ့ကျင့်ခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း။

၂.၇ အရေးပေါ်အခြေအနေတွင် ပညာဆက်လက် သင်ကြားနိုင်ရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ပေးခြင်းအတွက် စီစဉ်ခြင်း။
၂.၈ ကျောင်းဘေးအန္တရာယ် ထိခိုက်နိုင်ခြေလျှော့ချရေး အစီအစဉ်ပြုစုခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။
၂.၉ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် အစီအစဉ်ကို ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့နယ်အဆင့်နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။

## အခန်း ၃ ။ CSS ဒေါက်တိုင် (၃) ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိသော ပညာရေး

၃.၁ သင်ရိုးညွှန်းတမ်း ဘာသာရပ်များတွင် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကို သင်ကြားခြင်း။
၃.၂ သင်ရိုးညွှန်းတမ်းတွင် ဒေသနှင့်ကိုက်ညီသည့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အချက်အလက်များ ထည့်သွင်းသင်ကြားခြင်း။
၃.၃ ဘေးအန္တရာယ်ပြင်ဆင်မှု/ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအယူအဆနှင့် ကျွမ်းကျင်မှုများကို တွဲဖက်သင်ရိုးပြင်သင်ခန်းစာ အစီအစဉ်များဖြင့် ပြုစုခြင်း။

## အခန်း ၄။ CSS ဒေါက်တိုင် (၁) အန္တရာယ်ကင်းသည့် သင်ယူမှု အထောက်အပံ့များ

၄.၁ အန္တရာယ်ကင်းသည့် သင်ယူမှု အထောက်အပံ့များနှင့် မိတ်ဆက်ခြင်း။
၄.၂ အသုံးပြုလျက်ရှိသော စာသင်ကျောင်းများ၏ အန္တရာယ်ကင်းရှင်းမှုကို ကြည့်ရှုသုံးသပ်ခြင်း။
၄.၃ ကျောင်းတွင်း အဆောက်အအုံပိုင်းဆိုင်ရာ မဟုတ်သည့်အပိုင်း အန္တရာယ်ကင်းရှင်းရေး။
၄.၄ ဘေးကင်းလုံခြုံမှုမရှိသော ကျောင်းများအား ပိုမိုခိုင်ခန့်အောင် ပြင်ဆင်ခြင်း။
၄.၅ အန္တရာယ်ကင်းသည့် နေရာသတ်မှတ်ခြင်းနှင့် ကျောင်းများ တည်ဆောက်ခြင်း။

## အခန်း ၅။ ကျောင်းတွင်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်စဉ်အချိန်အတွင်း ဘက်ပေါင်းစုံနှင့် ချိတ်ဆက်နေသည့် ကဏ္ဍများကို ထည့်သွင်းစဉ်းစားခြင်း

၅.၁ ကျောင်းတွင် မိန်းကလေးများ၏ အထူးလိုအပ်ချက်ကို ဖော်ထုတ်ခြင်းနှင့် သူတို့ရင်ဆိုင်ရသော အခက်အခဲများကို ဖြေရှင်းပေးခြင်း။
၅.၂ မသန်စွမ်းကလေးများ၏ အထူးလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်းနှင့် ပြည့်မီစေရေးအတွက်ကမ္ဘာလုံးဆိုင်ရာပုံစံ မူဂါဒများကို ကျင့်သုံးခြင်း။
၅.၃ အန္တရာယ်ကင်းသည့် ကျောင်းများကို ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းအပေါ် လိုက်လျောညီထွေနေထိုင်ခြင်းများနှင့် ချိတ်ဆက်ခြင်း။

## အခန်း ၆။ ကျောင်းအန္တရာယ်ကင်းရှင်းရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ကျောင်းတာဝန်ရှိသူတို့မှ ရေရှည်တည်တံ့စေသောနည်းလမ်းများဖြင့် ကျောင်းဘေးကင်းလုံခြုံစိတ်ချရေး လုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

၆.၁ ကျောင်းအန္တရာယ်ကင်းရှင်းရေးနှင့် ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အလုပ်များကို အကျိုးတော်ဆောင်အဖွဲ့နှင့် မိဘ/ဆရာအသင်းတို့၏ ပုံမှန်ဆောင်ရွက်နေကျလုပ်ငန်းများဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။

၆.၂ ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေး တိုးတက်မှုများကို ပညာရေးအရည်အသွေး တိုးတက်မှုနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များနှင့် ချိတ်ဆက်ခြင်း။

၆.၃ ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အစီရင်ခံခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊သုံးသပ်အကဲဖြတ်ခြင်းတို့ကို ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်ဖြင့် ချိတ်ဆက်ခြင်း။

၆.၄ စာသင်ကျောင်းနှင့်ပညာရေးတာဝန်ရှိသူတို့မှ စာသင်နှစ်အတွင်း ကျောင်းဘေးကင်းလုံခြုံရေးလုပ်ငန်းအစီအစဉ်များ ရေရှည်တည်တံ့စေရန်အတွက် အရေးယူဆောင်ရွက်ရန်။

အခန်း ၂၊ ၃ နှင့် ၄ တစ်ခုစီတွင် အခန်းငယ် ၉ ခု၊ ၃ ခု နှင့် ၄ ခု အသီးသီးပါရှိပြီး ၎င်းအခန်းငယ်များကို မည်သို့ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ကို အဆင့်ဆင့်လမ်းညွှန်ချက်များပါရှိသည်။ အခန်းငယ်တစ်ခုစီတိုင်းတွင် ရည်မှန်းချက်နှင့် ကျောင်းအဆင့်တွင် ကျောင်းတာဝန်ရှိသူတို့မှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်စာရင်းများပါရှိသည်။

အထူးလိုအပ်မှုရှိသည့် အကြောင်းအရာများကို မိတ်ဆက်ပေးသော အခန်း ၅ နှင့် ၆ များတွင် အထူးလိုအပ်ချက်များအား မည့်သို့ထည့်သွင်းစဉ်းစားရမည်နှင့် ကဏ္ဍပေါင်းစုံနှင့် သက်ဆိုင်နေသည့် ပြဿနာများ၊ ဘေးကင်းလုံခြုံသည့်စာသင်ကျောင်းကို ရေရှည်တည်တံ့အောင်ဆောင်ရွက်ခြင်းနှင့် ယင်းကို ကျောင်းစီမံခန့်ခွဲမှုနှင့် စီမံရေးရာအပိုင်းတွင် ပုံမှန်လုပ်နေကျ အစီအစဉ်ဖြစ်အောင်ဆောင်ရွက်ခြင်း စသည်တို့အပေါ်တွင် လမ်းညွှန်ချက်များပါရှိသည့် အခန်းငယ်များစွာ ပါဝင်သည်။ ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းအစီအစဉ်ကို မြန်မာနိုင်ငံတွင် ပညာရေးဝန်ကြီးဌာနမှ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်း NGO များ၏ ပြည်ပရန်ပုံငွေပံ့ပိုးသည့် စီမံချက်များ၏ ပံ့ပိုးမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ဤလမ်းညွှန်စာအုပ်သည် ၎င်းအတွေ့အကြုံများတွင် ရေးသားပြုစုထားပြီး အချိန်ပိုင်းအလိုက် ပြန်ကြည့်ရှုခြင်း၊ ပြင်ဆင်ခြင်းတို့ ပြုလုပ်ရန်လည်းကောင်း၊ ဤလက်စွဲစာအုပ်ကိုအသုံးပြုခြင်းမှ ရရှိလာသည့်တွေ့ကြုံမှုများကို ထည့်သွင်းပြင်ဆင်ခြင်းတို့ ပြုလုပ်ရန်လည်းကောင်း လိုအပ်သည်။ သို့ရာတွင် ဤလမ်းညွှန်စာအုပ်ကို ကျောင်းတာဝန်ရှိသူတို့မှ ပြင်ပပံ့ပိုးမှုအနည်းဆုံးဖြင့် "မြန်မာနိုင်ငံ၏ဘေးကင်းလုံခြုံသော စာသင်ကျောင်းများပေါ် ပေါက်လာစေရေး"ရည်မှန်းချက်ကို ပြည့်မီစေရန်အတွက် အသုံးပြုစေရန် ရည်ရွယ်ထားသည်။

ဤကြိုးပမ်းဆောင်ရွက်မှုကိုစတင်ချိန်တွင် ကျောင်းအုပ်နှင့် ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီတို့အား ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု၏ အခန်း (၂)ကို သင့်တော်သည့် ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီနှင့် အစီအစဉ်ကိုတည်ဆောက်ခြင်းအားဖြင့် စတင်ဆောင်ရွက်ရန် တိုက်တွန်းပါသည်။

ဤလမ်းညွှန်စာအုပ်၏ အခန်း ၂၊ ၃၊ ၄ နှင့် ၅ တို့အား ကျောင်းအဆင့်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည်။ အနည်းဆုံး ၁၂လကြာမြင့်မည်ဖြစ်သည်။ ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းအစီအစဉ်ကို စတင်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဤအခန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခန်း(၆)သည် အကောင်အထည်ဖော်ဆောင်ရွက်မှုကို နှစ်စဉ်ဆောင်ရွက်သည့် အစီအစဉ်ဖြင့် ပုံမှန်ဆောင်ရွက်ခြင်း၊ နှစ်တိုင်းဆောင်ရွက်ခြင်း၊ ဘာသာရပ်တစ်ခုအား အကောင်အထည်ဖော်ဆောင်ရွက်သည့် စံချိန်စံနှုန်းများကို ထိန်းသိမ်းခြင်းတို့ကို အကြံပြုထားသည်။

## ၁.၉ ဤလက်စွဲစာအုပ်နှင့် အသုံးပြုရန်အတွက် အခြားအသုံးပြုမည့်သူများက ဘယ်သူလဲ

(ပညာရေးမှူး၊ ခရိုင်အဆင့်ပညာရေးမှူး၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ပညာရေးညွှန်ကြားရေးမှူးများ)

ဤလက်စွဲစာအုပ်အတွက် ဒုတိယအသုံးပြုမည့်သူများမှာ ကျောင်းအဆင့်တွင် ကျောင်းတာဝန်ရှိသူတို့အား လုပ်ငန်းဆောင်ရွက်ရန်အတွက် အားပေးလှုံ့ဆော်ပေးနိုင်မည့် မြို့နယ်ပညာရေးမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးများ၊ ပညာရေးဝန်ကြီးဌာနရုံးများ ဖြစ်ကြသည်။

ဤလက်စွဲစာအုပ်သည် သူတို့၏ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ ကျောင်းများ၏ ဒေါက်တိုင် ၃ ခုအား တိုးမြှင့်ဆောင်ရွက်ရန်အတွက် လက်တွဲဆောင်ရွက်ရန် ပံ့ပိုးကူညီထားသည်။

- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု ။ ။ ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီများနှင့် အစီအစဉ်များကို ပြုစုခြင်း၊ ပညာစဉ်ဆက်မပြတ်သင်ကြားနိုင်ရေးနှင့် ယာယီစာသင်ကြားနိုင်မည့်နေရာများ သတ်မှတ်ထားခြင်း။
- ဘေးဖြစ်နိုင်ခြေလျှော့ချရေးနှင့် ၎င်းအားပညာရေးတွင်ပေါင်းစပ် ထည့်သွင်းခြင်း ။ ။ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ သင်ရိုးညွှန်းတမ်းများနှင့် ဘဝတစ်သက်တာ ကျွမ်းကျင်မှုများကို သင်ကြားခြင်း၊ ဒေသနှင့်ကိုက်ညီသည့် သတင်းအချက်အလက်များရရှိနိုင်အောင်ဆောင်ရွက်ခြင်း၊ သင်ယူမှုအရင်းအမြစ်များကို မြှင့်တင်ပေးခြင်းနှင့်မြို့နယ်နှင့် ခရိုင်အဆင့်တွင် ပြိုင်ပွဲများ ပြုလုပ်ပေးခြင်း။
- ဘေးကင်းလုံခြုံစိတ်ချရသော ကျောင်းအဆောက်အဦးနှင့် အသုံးအဆောင်ပစ္စည်းများ ။ ။ စစ်တမ်းကောက်ယူမှု၊ အဆောက်အအုံပိုင်းမဟုတ်သည့် ဘေးအန္တရာယ်ကင်းရှင်းမှုကို မြှင့်တင်ခြင်းတို့တွင် ပံ့ပိုးကူညီရန် အထူးပြုဖွဲ့စည်းထားသည့် အဖွဲ့များ ဖွဲ့စည်းခြင်း၊ ထိခိုက်လွယ်သည့် အဆောက်အအုံများအား ပြင်ဆင်ရန်နှင့် ဖြည့်စွက်တည်ဆောက်ခြင်း၊ ဘေးကင်းလုံခြုံသည့် နေရာများရွေးချယ်ခြင်းနှင့် ဘေးကင်းလုံခြုံသည့်စာသင်ကျောင်းများအတွက်မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာညွှန်းကိန်းများသတ်မှတ်ခြင်း၊ ထို့အပြင် မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်/တိုင်းဒေသကြီးပညာရေးဌာနအရာရှိများမှ ဒေါက်တိုင် (၃) ခုအား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လုပ်ငန်းဆောင်ရွက်ရန်များလည်းပါရှိသည်။

## ၁.၁၀ လက်စွဲစာအုပ်ကို ဘယ်လိုပြင်ဆင်ပြုစုခဲ့သလဲ

ဤမြန်မာနိုင်ငံအတွက် ဘေးကင်းလုံခြုံသည့် လက်စွဲစာအုပ်ကို ၂၀၁၅ ခုနှစ်တွင် ၂၀၁၀-၂၀၁၅ AADMER၏ အာဆီယံဘေးကင်းလုံခြုံသည့် စာသင်ကျောင်းလုပ်ငန်းအစီအစဉ်များအောက်တွင် ရေးသားပြင်ဆင်ခဲ့သည်။ ယင်းကို မြန်မာနိုင်ငံ အခြေခံပညာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ စာသင်ကျောင်းတိုင်း ဘေးကင်းလုံခြုံစေရေးအတွက် ဘက်စုံစာသင်ကျောင်းဘေးကင်းလုံခြုံရေးမူဘောင်(CSS)နှင့်အညီဖြစ်စေရန် ဦးဆောင်မှုနှင့် လမ်းညွှန်မှုဖြင့် ရေးသားပြုစုခဲ့သည်။ ဤပုံစံကြမ်းကို ASSI ဒေသစီမံချက်များ၊ ဘေးအန္တရာယ်ခံနိုင်စွမ်းရှိသော ကျောင်းလူထုအတွက် SEAMEO၊ Plan CSS ဒေသတွင်း သင်တန်းလက်စွဲနှင့် အခြားအာရှနိုင်ငံများမှ နိုင်ငံတွင်းလက်စွဲစာအုပ်များ စသည့် တူညီသည့်လက်စွဲစာအုပ်များအပေါ်တွင် မှီခိုရေးဆွဲထားသည်။ ၎င်းသည် ဘေးကင်းလုံခြုံသည့်စာသင်ကျောင်းအရင်းအမြစ်အိတ် စသည့် နိုင်ငံတွင်းအရင်းအမြစ်များပေါ်တွင် မှီခို ပြုစုရေးသားထားပြီး ပညာရေးဝန်ကြီးဌာနနှင့် DPRE လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့တို့မှ အသုံးပြုကြသည်။ Save the Children ပူးပေါင်းအဖွဲ့၊ UNE-SCO ၊ UNICEF ၊ SEEDs Asia DRR Learning Toolkit၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးကင်းလုံခြုံသည့်စာသင်ကျောင်းမူဘောင်နှင့် SBDRR စာအုပ်ကို ပြုစုရေးသားခဲ့ပြီး DPREလုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်အမျိုးမျိုးမှ အသုံးပြုကြသည်။ လမ်းညွှန်စာအုပ်သည် ၂၀၁၅ခုနှစ်ဩဂုတ်လတွင် မြန်မာနိုင်ငံအတွင်းမှ AADMER မိတ်ဖက်ဆောင်ရွက်ရေးအဖွဲ့ဝင်များ (အမည်အားဖြင့် Plan International၊ World Vision နှင့် Save the Children) တို့မှ DBE နှင့် DPRE လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့တို့ဖြင့် ညှိနှိုင်းဆောင်ရွက်မှုဖြင့်ပြုစုခဲ့သော အကြောင်းအရာများပေါ်တွင်အခြေခံပြုစုထားသည်။

ဤလက်စွဲစာအုပ်ကို အောက်တိုဘာလတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ရှိ ခရိုင်နှင့်မြို့နယ် ပညာရေးမှူးများ၊ ကျောင်းဆရာ/မများ၊မိဘဆရာအသင်းများနှင့် ဦးစွာ မိတ်ဆက်တိုင်ပင်ဆွေးနွေးပြီး အခန်း၂ကိုလည်း ၎င်းပြည်နယ်နှင့် တိုင်းရှိ စာသင်ကျောင်း ၁၂ ကျောင်းတွင် စမ်းသပ်အကောင်အထည်ဖော်ခဲ့ပါသည်။ အခန်း ၂၊ ၃၊ ၄ ၊၅ နှင့် ၆ ကို DPRE လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့နှင့် ပညာရေးဝန်ကြီးဌာနတို့မှ နိုဝင်ဘာလတွင် ရန်ကုန်နှင့် နေပြည်တော်တို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးပွဲတွင် ပြန်လည်သုံးသပ်ခဲ့သည်။ ဤလက်စွဲစာအုပ်ကို ကျောင်းတာဝန်ရှိသူတို့မှ မြန်မာနိုင်ငံ၏အခြေအနေနှင့် ကိုက်ညီစွာ ကျောင်းအဆင့်တွင်အသုံးပြုရန်အတွက် ပြင်ဆင်ရေးသားခဲ့သည်။ ဤလက်စွဲစာအုပ်ကို ၂၀၁၆ ခုနှစ်တွင် စာသင်ကျောင်းများ၌ စမ်းသပ်ဆောင်ရွက်မည်ဖြစ်သည်။ ထို့နောက်တွင် ဝန်ကြီးဌာန မိတ်ဖက်အဖွဲ့ဝင်များမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံနှင့် အခြားစီမံချက်များ၏ လုပ်ငန်းများပေါ်တွင်အခြေခံပြီး ပြန်လည်သုံးသပ်ရေးဆွဲမည်ဖြစ်သည်။ ထို့နောက်တစ်နိုင်ငံလုံးတွင် အသုံးပြုရန်အတွက်ပြန်လည်သုံးသပ်ပြီး အဆုံးသတ်ရေးဆွဲမည်ဖြစ်သည်။ ဤစီမံချက်မှ အာဆီယံအဆင့်တွင် ပြုစုရေးသားခဲ့သည့် အာဆီယံ ဘေးကင်းလုံခြုံရေးစာသင်ကျောင်း ညွှန်းကိန်းများနှင့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု လမ်းညွှန်မှုများမှ စဉ်းစားရန်များကိုလည်း အသုံးပြုထည့်သွင်းမည်ဖြစ်သည်။ ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲထားသည့် စာအုပ်ကို နောက်ဆုံးတွင် ပညာရေးဝန်ကြီးဌာနမှ ETWG နှင့် ၎င်း၏လုပ်ငန်းအဖွဲ့ငယ်များဖြင့်ပူးပေါင်းပြီး ထုတ်ဝေမည်ဖြစ်သည်။ ၎င်းနောက် စာသင်ကျောင်းများ အားလုံးနှင့် DPREလုပ်ငန်းအဖွဲ့ဝင်များ အားလုံးမှ အနာဂတ်စီမံချက်များအတွက် အသုံးပြုနိုင်ရန်အတွက် ထားရှိမည်ဖြစ်သည်။

## ၁.၁၁ သင်၏စာသင်ကျောင်းအခြေအနေကို ဒေါက်တိုင် (၃) တိုင်ဖြင့် သုံးသပ်ခြင်း

သင်၏ကျောင်းတွင်ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းအစီအစဉ်ကို မစတင်မီအချိန်တွင်စာသင်ကျောင်း၏ အခြေအနေကို ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းဒေါက်တိုင် (၃) ခုနှင့် နှိုင်းယှဉ်ပြီး နားလည်ထားရန် အရေးကြီးသည်။ ၎င်းကို အောက်ပါစာရင်းဖြင့် စစ်ဆေးရန် ရိုးရှင်းစွာ ဆောင်ရွက်နိုင်သည်။ အစီအစဉ်ကို သင်သည် တစ်နှစ်အတွင်းတွင် ဆောင်ရွက်ပြီးသည့်အခါတွင် ဆန်းစစ်လေ့လာမှုကို ထပ်မံဆောင်ရွက်နိုင်ပြီး တိုးတက်ပြောင်းလဲမှုကို ကြည့်ရှုနိုင်မည်ဖြစ်သည်။

ဇယား ၂ ဆောင်ရွက်ရန်စာရင်း - ဘေးကင်းလုံခြုံသည့်စာသင်ကျောင်း၏ ဒေါက်တိုင် (၃) တိုင်နှင့် နှိုင်းယှဉ်၍ လုပ်ငန်းဆောင်ရွက်မှု တိုင်းတာချက်များ

| ဆောင်ရွက်ရန်စာရင်း။ ဘေးကင်းလုံခြုံသည့်စာသင်ကျောင်း၏ ဒေါက်တိုင် (၃)တိုင်နှင့် နှိုင်းယှဉ်၍ လုပ်ငန်းဆောင်ရွက်မှု တိုင်းတာချက်များ | ရမှတ်များ |
|---|---|
| ဘေးကင်းလုံခြုံသည့် ကျောင်းအသုံးအဆောင်များ | |
| ၁။ နေရာ | |
| စာသင်ကျောင်းသည် ငလျင်ပြတ်ရွေ့ကြောအနီး၊ မတ်စောက်သောကမ်းပါး၊ တောင်ကုန်းစောင်းပေါ်၊ ရေလွှမ်းမိုးနိုင်သည့်နေရာ (သို့) စမ်းချောင်းဘေးတွင်တည်ရှိသည်။ | ၀.၀ |
| နေရာသည် လက်ရှိဘေးအန္တရာယ်ဖြစ်နိုင်ခြေများ အန္တရာယ်မှ ကင်းဝေးသော်လည်း အနာဂတ်ဘေးဖြစ်နိုင်ခြေများ ရှိနိုင်သည်။ | ၀.၅ |
| နေရာများသည် ဟင်းလင်းပြင်ဖြစ်ပြီး နေရာအလွတ်များရှိသည်။ အန္တရာယ်များနှင့်ဝေးသည်။ အလွယ်တကူရောက်ရှိနိုင်ပြီး ရေသန့်၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးကွန်ယက်များ စသည့် လူမှုအသုံးပြုပစ္စည်းများနှင့် နီးသည်။ | ၁.၀ |
| ရမှတ်စုစုပေါင်း | |
| ၂။ စာသင်ကျောင်းတည်နေရာ၏ မြေသားအနေအထား | |
| စာသင်ကျောင်းသည် ရွှံ့ဆန်သော မြေပေါ်တွင် တည်ဆောက်ထားသည်။ | ၀.၀ |
| တည်ဆောက်မှုမစတင်မီ မြေသားကို သိပ်သည်းမထားပါ။ | ၀.၅ |
| စာသင်ကျောင်းတည်ဆောက်မှု မစတင်မီတွင် နုန်းမြေ/သဲမြေများ လုံလောက်အောင် သိပ်သည်းထားသည်။ | ၁.၀ |
| ရမှတ်စုစုပေါင်း | |

| | |
|---|---|
| **၃။ အဆောက်အအုံညွှန်းကိန်းများနှင့် အညီ** | |
| အဆောက်အအုံညွှန်းကိန်းများကို ဂရုမပြုခြင်း | ၀.၀ |
| အဆောက်အအုံညွှန်းကိန်းများကို ထည့်သွင်းစဉ်းစားထားသော်လည်း တည်ဆောက်ချိန်တွင် အသုံးမပြုခြင်း | ၀.၅ |
| အဆောက်အအုံညွှန်းကိန်းများကို ထည့်သွင်းစဉ်းစားပြီး တည်ဆောက်သည့်အချိန်တွင်လည်း လိုက်နာအသုံးပြုထားသည်။ | ၁.၀ |
| ရမှတ်စုစုပေါင်း | |
| **၄။ HVCA မြေပုံများရေးဆွဲခြင်းနှင့် ၄င်းတို့အား အသစ်တဖန်ပြုလုပ်ခြင်း အလေ့အကျင့်များ** | |
| ယင်းလေ့ကျင့်ခန်းများနှင့် မြေပုံရေးဆွဲရာမှရရှိလာသော ကျိုးကြောင်းဆက်စပ်မှုများကို ဂရုမပြုခြင်း | ၀.၀ |
| မြေပုံရေးဆွဲသည့်လေ့ကျင့်ခန်းများ အရင်ကပြုလုပ်ခဲ့သော်လည်း အသစ်ပြန်လည်မပြုလုပ်ခြင်း | ၀.၅ |
| မြေပုံရေးဆွဲသည့်လေ့ကျင့်ခန်းများကို အရင်ပြုလုပ်ခဲ့ပြီး ပုံမှန်အသစ်ပြန်လည်ဖြည့်စွက်ခြင်းနှင့် အသိပညာရရှိရန်နှင့် လုပ်ငန်းဆောင်ရွက်နိုင်စေရန် စာသင်ကျောင်းအနီးဝန်းကျင်တွင် ပြသထားခြင်း | ၁.၀ |
| ရမှတ်စုစုပေါင်း | |
| **၅။ ပစ္စည်းသယ်ယူရေးစနစ်** | |
| ပန်းရန်၊ ကျောက်တုံးနှင့် နေကျက်ရွှံ့ တည်ဆောက်မှုများကို မြေငလျင်ဒဏ်ခံနိုင်သည့်ယက် မပါရှိဘဲ တည်ဆောက်ခြင်း | ၀.၀ |
| အလျားနှင့် အနံ အထောက်အပံ့တန်းများ မပါရှိဘဲ နေကျက်ရွှံ့ဖြင့် တည်ဆောက်ခြင်း | ၀.၅ |
| ပုံမှန် ကန့်လန့်ဖြတ်နံရံ၊ ပြတင်းပေါက်ငယ်နှင့် တံခါးအဖွင့်များမပါရှိဘဲ တည်ဆောက်ထားသည့် ပန်းရန် | ၁.၀ |
| ရမှတ်စုစုပေါင်း | |
| **၆။ ဒီဇိုင်းပုံစံ** | |
| ကျောင်းအဆောက်အအုံ "L" "H" နှင့် "T" ပုံသဏ္ဍာန် ကျောင်းအဆောက်အအုံ | ၀.၀ |
| အလျား၊ အနံကို တွက်ချက်မတည်ဆောက်ထားသော ကျောင်းအဆောက်အအုံ | ၀.၅ |
| အလျားသည်အနံ၏နှစ်ဆဖြင့် တည်ဆောက်ထားသော ထောင့်မှန်စတုဂံကျောင်းပုံစံ | ၁.၀ |
| ရမှတ်စုစုပေါင်း | |
| **၇။ ရေမြောင်း စနစ်များ** | |
| ရေလွှမ်းမိုးသည့် ရေသည် ကျောင်းအဆောက်အအုံ ပတ်လည်တွင် အလွယ်တကူ မစီးဆင်းနိုင်ခြင်း | ၀.၀ |
| ရေမြောင်းစနစ်သည် နည်းပျူဟာကျသည့် နေရာမဟုတ်ခြင်း | ၀.၅ |
| ရေမြောင်းစနစ်ကို ဗျူဟာကျကျထားရှိထားသဖြင့် ရေလွှမ်းမိုးသည့် ပြဿနာမရှိခြင်း | ၁.၀ |
| ရမှတ်စုစုပေါင်း | |
| **၈။ RCC အဆောက်အအုံခေါင်မိုးများ၏ အခြေအနေ** | |
| မိုးရေ ယိုစိမ့်မှု | ၀.၀ |
| မိုးရေစိမ့်မှု မရှိသော်လည်း စိုထိုင်းနေမှုကို ရှင်းလင်းစွာ မြင်နေရခြင်း | ၀.၅ |
| မိုးရေစိမ့်မှု လုံးဝမရှိခြင်း | ၁.၀ |
| ရမှတ်စုစုပေါင်း | |

| ၉။ လက်ရန်းများ ပံ့ပိုးထားမှု | |
|---|---|
| လက်ရန်းများလုံးဝ မပါရှိခြင်း | ၀.၀ |
| လက်ရန်းများကို လှေခါးတွင်သာထားရှိခြင်း | ၀.၅ |
| လက်ရန်းများကို လှေခါး၊ ခေါင်မိုး၊ ဝရံတာ၊ ရေဘုံဘိုင်နှင့် လျှောက်လမ်းများတွင် ထားရှိခြင်း | ၁.၀ |
| ရမှတ်စုစုပေါင်း | |
| **၁၀။ ကျောင်းအတွင်းနှင့် ပတ်လည်တွင်ရှိသော အန္တရာယ်အခြေအနေ** | |
| ဖြစ်နိုင်သည့်အန္တရာယ်များအား ဂရုမပြုခြင်း (သစ်ပင်မြင့်များ၊ ကျောင်းမြေပြင်ရှိ တွင်းများ၊ ရေတွင်းများ၊ လျှပ်စစ် transformer ၊ အားမြင့်လိုင်းများ စသည်) | ၀.၀ |
| ယင်းအန္တရာယ်များအကြောင်းကို သိသော်လည်း ဆောင်ရွက်မှုမရှိခြင်း | ၀.၅ |
| လုပ်ငန်းဆောင်ရွက်ရန်အစီအစဉ်အားပြင်ဆင်ပြီး မတူညီသည့် အန္တရာယ်များ၏ ဘေးဖြစ်နိုင်ခြေများကို လျှော့ချရန်အတွက် ဆောင်ရွက်ခြင်း | ၁.၀ |
| ရမှတ်စုစုပေါင်း | |
| **၁၁။ အန္တရာယ်ရှိသော (သို့) မီးလောင်လွယ်သော ပစ္စည်းများကို ကန့်သတ်ထားခြင်း၊ သီးခြားစီထားခြင်း၊ လုံခြုံအောင်ထားခြင်း၊ မီးဖိုချောင်နှင့် သိပ္ပံဓာတ်ခွဲခန်းများရှိ (အမည်အားဖြင့် လျှပ်စစ်ကြိုးများနှင့် အသုံးဆောင်ပစ္စည်းများ၊ အပူပေးစက်နှင့် မီးဖိုများ၊ LPG တိုင်ကီများ၊ ဓာတ်ဆီနှင့် ရေနံဆီ မီးအိမ်)** | |
| ယင်းပြဿနာများကို ဂရုမပြုခြင်း | ၀.၀ |
| ဗဟုသုတရှိသော်လည်း ဆောင်ရွက်မှုမရှိခြင်း | ၀.၅ |
| လုပ်ငန်းဆောင်ရွက်ရန်အစီအစဉ်ကိုပြင်ဆင်ပြီး မီးလောင်လွယ်ပြီး အန္တရာယ်ရှိသောပစ္စည်းများကို လုံခြုံအောင်ဆောင်ရွက်ခြင်း | ၁.၀ |
| ရမှတ်စုစုပေါင်း | |
| **၁၂။ မီးသတ်ဆေးဘူးများကို အသုံးပြုရန်အတွက် ရှင်းလင်းသည့်ညွှန်ကြားချက်၊ အချိန်ပိုင်းအလိုက် ပြန်လည်ဖြည့်စွက်ပုံတို့ပါဝင်သည့် လမ်းညွှန်ချက်များဖြင့် တပ်ဆင်ထားခြင်း** | |
| မီးသတ်ဆေးဘူးများအသုံးပြုမှုကို ဂရုမပြုခြင်း | ၀.၀ |
| မီးသတ်ဆေးဘူးများတပ်ဆင်ထားသော်လည်း အချိန်ပိုင်းအလိုက် ပြန်လည်ဖြည့်ဆည်းမထားခြင်း | ၀.၅ |
| မီးသတ်ဆေးဘူးများအသုံးပြုပုံကို ရှင်းလင်းသည့်လမ်းညွှန်းချက်များဖြင့်ထားရှိပြီး အချိန်ပိုင်းအလိုက် ပြန်လည်ဖြည့်ဆည်းခြင်း | ၁.၀ |
| ရမှတ်စုစုပေါင်း | |
| **၁၃။ လျှပ်စစ်စနစ်များကို ပုံမှန်ထိန်းသိမ်းပြီး ၎င်းတို့ကို ပုံမှန်ထက်ပိုအသုံးမပြုမိစေရန် သေချာစေခြင်း** | |
| လျှပ်စစ်စနစ်များကို ပုံမှန်ထိန်းသိမ်းရန် ဂရုမပြုခြင်း | ၀.၀ |
| လျှပ်စစ်စနစ်ကို ပုံမှန်ထိန်းသိမ်းရန်အတွက် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်ကို ရေးဆွဲပြင်ဆင်ခြင်း | ၀.၅ |
| လျှပ်စစ်စနစ်များကို ပုံမှန်ထိန်းသိမ်းပြီး လုပ်ငန်းဆောက်ရွက်မှုအစီအစဉ်အတိုင်း ပုံမှန်ထက် အသုံးမပြုမိစေရန်အတွက် သေချာစေခြင်း | ၁.၀ |
| ရမှတ်စုစုပေါင်း | |

| | |
|---|---|
| ၁၄။ ထွက်ပေါက်များ/လမ်းများကို အန္တရာယ်ကင်းသည့် မီးဘေး (သို့) အခြားအရေးပေါ်အခြေအနေ ပြောင်းရန်အတွက် ရှင်းလင်းထားခြင်း | |
| ထွက်ပေါက်များ (သို့) လမ်းများကို ဂရုမပြုခြင်း | ဝ.ဝ |
| ထွက်ပေါက်/လမ်းများကို ရှင်းလင်းရန် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်ကို ပြင်ဆင်ထားသော်လည်း လက်တွေ့ဆောင်ရွက်မှုမရှိခြင်း | ဝ.၅ |
| ထွက်ပေါက်များ/လမ်းများကို မီးဘေး (သို့) အခြားအရေးအပေါ်အခြေတွင် ရွှေ့ပြောင်းနိုင်ရန်အတွက် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ရှင်းလင်းထားခြင်း | ၁.ဝ |
| ရမှတ်စုစုပေါင်း | |
| ၁၅။ ခေါင်းမိုးကဲ့သို့သောရွှေ့လျားနိုင်သည့် အရာဝတ္ထုများကိုလွင့်စင်ခြင်း၊ လေတိုက်ခတ်၍ပါသွားခြင်း တို့မဖြစ်စေရန် တင်းကြပ်စွာ ချည်နှောင်ထားခြင်း | |
| အန္တရာယ်များအတွက် ကာကွယ်မည့် လုပ်ငန်းများ စတင်မဆောင်ရွက်ခြင်း | ဝ.ဝ |
| လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်ကို ပြင်ဆင်ထားသော်လည်း လက်တွေ့ဆောင်ရွက်မှုမရှိခြင်း | ဝ.၅ |
| ခေါင်းမိုးကဲ့သို့သော ရွှေ့လျားနိုင်သည့် အရာဝတ္ထုများကို လွင့်စင်ခြင်း၊ လေတိုက်ခတ်၍ပါသွားခြင်း တို့မဖြစ်စေရန် လုပ်ငန်းဆောင်ရွက်ရန်အစီအစဉ်အတိုင်း တင်းကြပ်စွာ ချည်နှောင်ထားခြင်း | ၁.ဝ |
| ရမှတ်စုစုပေါင်း | |
| ၁၆။ လျှော့ဆင်းနိုင်သော၊ ပြုတ်ကျနိုင်သော၊ ဒဏ်ရာရစေနိုင်သော (သို့) ထွက်ပေါက်များကို ပိတ်ဆို့သွားနိုင်သော အရာဝတ္ထုများအားလုံးကို လေတိုက်ခတ်သည့်ဒဏ်နှင့် မြေငလျင် လှုပ်ခတ်ခြင်းကို ခံနိုင်ရန်အတွက် ခိုင်ခံ့အောင် ချည်နှောင်ထားပါ | |
| အန္တရာယ်များတွက် ဆောင်ရွက်မှု မရှိခြင်း | ဝ.ဝ |
| ရွှေ့လျားနိုင်သည့် အရာဝတ္ထုအားလုံးကိုချည်နှောင်ထားရန် လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်ရှိသော်လည်း လက်တွေ့ဆောင်ရွက်မှုမရှိခြင်း | ဝ.၅ |
| ခေါင်မိုးကဲ့သို့သော ရွှေ့လျားနိုင်သည့် အရာဝတ္ထုများကို လွင့်စင်ခြင်း၊ လေတိုက်ခတ်၍ ပါသွားခြင်း တို့မဖြစ်စေရန် အစီအစဉ်အတိုင်း တင်းကြပ်စွာ ချည်နှောင်ထားခြင်း | ၁.ဝ |
| ရမှတ်စုစုပေါင်း | |
| ၁၇။ စာသင်ခန်းတစ်ခန်းစီအား တံခါးနှစ်ပေါက်ထားရှိခြင်းနှင့် စာသင်ကျောင်းဂိတ်တံခါးများ အားလုံးကို အပြင်ဘက်ဖွင့်ထားရန် | |
| စာသင်ခန်းများ၊ ထွက်ပေါက်ဂိတ်များတွင် တံခါး နှစ်ပေါက်မထားရှိခြင်း | ဝ.ဝ |
| စာသင်ခန်းများနှင့် ထွက်ပေါက်များတွင် တံခါးနှစ်ပေါက်ထားရှိသော်လည်း လုံးဝမဖွင့်ခြင်း | ဝ.၅ |
| စာသင်ခန်းတစ်ခန်းစီအား တံခါးနှစ်ပေါက်ထားရှိခြင်းနှင့် စာသင်ကျောင်းဂိတ်တံခါးများအားလုံးကို အပြင်ဘက်ဖွင့်သော တံခါးများထားရှိပြီး အရေးပေါ်ကာလအတွက် အသုံးပြုနိုင်ရန်အတွက် လေ့ကျင့်ခြင်း | ၁.ဝ |
| ရမှတ်စုစုပေါင်း | |


| | |
|---|---|
| **၁၈။ စာအုပ်စင်များ၊ ဗီရိုများ၊ လေးလံသော ပရိဘောဂများနှင့် ကိရိယာတန်ဆာပလာများကို နံရံနှင့် လေးလံသောပစ္စည်းများတွင် ချည်နှောင်ထားပါ၊ ဒဏ်ရာအနာတရမဖြစ်စေရန် အတွက် ဦးခေါင်းအမြင့်အောက်ရှိနေရာများတွင်ထားပါ** | |
| စာအုပ်စင်များ၊ ဗီရိုများ၊ လေးလံသော ပရိဘောဂနှင့် ကိရိယာတန်ဆာပလာများကို လုံခြုံအောင်မထားရှိခြင်း | ၀.၀ |
| ၎င်းတို့၏သက်ရောက်နိုင်မှုကို သိရှိပြီး လုပ်ငန်းဆောင်ရွက်ရန်အစီအစဉ်ရှိသော်လည်း လက်တွေ့မဆောင်ရွက်နိုင်ခြင်း | ၀.၅ |
| စာအုပ်စင်အမြင့်များ၊ ဗီရိုများ၊ လေးလံသော ပရိဘောဂနှင့် ကိရိယာတန်ဆာပလာများကို သေချာစနစ်တကျ အစီအစဉ်အတိုင်း နံရံနှင့် လေးလံသော အရာဝတ္ထုတို့နှင့် ချည်နှောင်ထားခြင်း၊ ဒဏ်ရာအနာတရဖြစ်မှုကို လျှော့ချနိုင်ရန် ဦးခေါင်းအမြင့်အောက်တွင် ထားရှိခြင်း | ၁.၀ |
| ရမှတ်စုစုပေါင်း | |
| **၁၉။ ကြီးမားသည့် ချွန်ထက်ပစ္စည်းများအဖြစ်လွင့်စင်လာနိုင်ပြီး ဒဏ်ရာရစေခြင်းတို့မဖြစ်စေရန် မှန်များ၊ ပန်းချီကားများကို ချည်နှောင်ခြင်း၊ ချိတ်များအသုံးပြုခြင်း** | |
| ထိခိုက်ဒဏ်ရာရမှုကို ရှောင်ကြည်ရန်အတွက် မှန်များကို ကာကွယ်မထားခြင်း | ၀.၀ |
| မှန်များကိုကာကွယ်ရန်အတွက် ပြင်ဆင်ရန်အစီအစဉ်ရှိသော်လည်း လုပ်ငန်းဆောင်ရွက်မှု သေချာမဆောင်ရွက်နိုင်ခြင်း | ၀.၅ |
| ချွန်ထက်သော အရာဝတ္ထုများအဖြစ် ကွဲထွက်လာပြီး ဒဏ်ရာအနာတရဖြစ်စေနိုင်သည့် မှန်များကို ကာကွယ်ရန် အသိရှိခြင်းနှင့် ဆောင်ရွက်ခြင်း၊ ဥပမာ- ပန်းချီကားများကို ချိတ်ဖြင့်ချည်နှောင်ထားခြင်း | ၁.၀ |
| ရမှတ်စုစုပေါင်း | |
| ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု | |
| **၂၀။ ပါဝင်မှုရှိသော ကော်မတီများနှင့် အထူးတပ်ဖွဲ့များ** | |
| ပါဝင်မှုမရှိသော ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် အထူးတပ်ဖွဲ့များ | ၀.၀ |
| ပါဝင်မှုရှိသော ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် အထူးတပ်ဖွဲ့များကို ဖွဲ့စည်းထားသော်လည်း အသက်ဝင်မှုမရှိပေ | ၀.၅ |
| ပါဝင်မှုရှိသော ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် အထူးတပ်ဖွဲ့များ ဖွဲ့စည်းထားပြီး သက်ဝင်လှုပ်ရှားလျက်ရှိသည်။ | ၁.၀ |
| ရမှတ်စုစုပေါင်း | |
| **၂၁။ အစီအစဉ်များကို ပြုစုရေးသားပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း** | |
| ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် (SDMP) နှင့် ပြန်လည်သုံးသပ်သည့်အစီအစဉ်ကို ဂရုမပြုခြင်း | ၀.၀ |
| SDMP နှင့် ပြန်လည်သုံးသပ်သည့်အစီအစဉ်ကို ရေးဆွဲထားသော်လည်း အရင်းအမြစ်နည်းပါးမှု ကြောင့် ဆောင်ရွက်နိုင်မှုမရှိခြင်း | ၀.၅ |
| SDMP နှင့် ပြန်လည်သုံးသပ်သည့်အစီအစဉ်များကို ရေးဆွဲထားပြီး လိုက်လံဆောင်ရွက်မှုရှိသည် | ၁.၀ |
| ရမှတ်စုစုပေါင်း | |

| ၂၂။ ဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်များ၏ ဗဟုသုတနှင့် ဆောင်ရွက်မှု | |
|---|---|
| ဘေးအန္တရာယ်လျော့နည်းစေရေးအစီအစဉ်များနှင့် ၎င်းတို့၏ ဦးစားပေးဆောင်ရွက်ရန်များကို ဂရုမပြုခြင်း | ၀.၀ |
| ဘေးအန္တရာယ်လျော့နည်းစေရေးအစီအစဉ်များကို ဖော်ထုတ်ထားသော်လည်း လုပ်ငန်းဆောင်ရွက်ရန်အတွက် ဦးစားပေးဆောင်ရွက်ထားမှု မရှိခြင်း | ၀.၅ |
| ဘေးအန္တရာယ်လျော့နည်းစေရေးအစီအစဉ်များကို ရွေးချယ်ဖော်ထုတ်ထားပြီး ဆောင်ရွက်ရန်လုပ်ငန်းများကို ဦးစားပေးသတ်မှတ်ထားခြင်း | ၁.၀ |
| ရမှတ်စုစုပေါင်း | |
| **၂၃။ ဆက်သွယ်ရေးလိုင်းများကို နောက်ဆုံးအခြေအနေ ပြုလုပ်ခြင်း** | |
| အရေးအပေါ် အခြေအနေအတွက် အရေးကြီးသည့် ဆက်သွယ်ရန် စာရင်းများကို မပြင်ဆင်ထားခြင်း | ၀.၀ |
| စာရင်းကိုပြင်ဆင်ထားသော်လည်း နောက်ဆုံးအခြေအနေ မဟုတ်နေခြင်း | ၀.၅ |
| အရေးကြီးသည့်ပုဂ္ဂိုလ်များစာရင်းနှင့် သူတို့အား ဆက်သွယ်ရန်လိပ်စာများကို ပြင်ဆင်ထားပြီး အချိန်ပိုင်းအလိုက် နောက်ဆုံးအခြေအနေပြုလုပ်ထားခြင်း | ၁.၀ |
| ရမှတ်စုစုပေါင်း | |
| **၂၄။ အရေးပေါ် ရွှေ့ပြောင်းရန်လမ်းကြောင်းနှင့် ဘေးကင်းလုံခြုံသည့် စုဝေးရာနေရာအကြောင်း ဗဟုသုတ** | |
| အရေးပေါ် ရွှေ့ပြောင်းရန်လမ်းကြောင်းနှင့် ဘေးကင်းလုံခြုံသည့် စုဝေးရာနေရာများကို ဂရုမပြုခြင်း | ၀.၀ |
| အရေးပေါ် ရွှေ့ပြောင်းရန်လမ်းကြောင်း၊ အန္တရာယ်ကင်းသည့်နေရာ၊ စုဝေးရန်နေရာများကို သတ်မှတ်ထားခြင်း | ၀.၅ |
| အရေးပေါ် ရွှေ့ပြောင်းရန်လမ်းကြောင်းများပြုလုပ်ခြင်း၊ အန္တရာယ်ကင်းသည့်နေရာများ၊ စုဝေးရန်နေရာများကို ရွေးချယ်သတ်မှတ်ထားပြီး အချိန်ပိုင်းအလိုက် ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်ထားခြင်း | ၁.၀ |
| ရမှတ်စုစုပေါင်း | |
| **၂၅။ စာသင်ကျောင်းအတွင်းတွင် အန္တရာယ်ကင်းသည့်လုပ်ငန်းများ** | |
| အန္တရာယ်ကင်းသည့်ဆောင်ရွက်မှုများကို ဂရုမပြုခြင်း (စားပွဲခုံ/ထိုင်ခုံ၊ တံခါးများကိုဖယ်ထုတ်ထားခြင်းနှင့် ဂိတ်တံခါးကို အပြင်ဖက်သို့ဖွင့်ခြင်း စသည်) | ၀.၀ |
| ၎င်းတို့ကိုသိရှိနားလည်သော်လည်း အကောင်အထည်ဖော်ဆောင်မှု မရှိခြင်း | ၀.၅ |
| အန္တရာယ်မကင်းသည့်ဆောင်ရွက်မှုများကို သင်တန်းများ၊ ဇာတ်တိုက်လေ့ကျင့်ခန်းများမှ သင်ယူရရှိထားသည့် ကျွမ်းကျင်မှုများနှင့် ဗဟုသုတများပေါ် အခြေခံပြီး ပြင်ဆင်ထားခြင်း | ၁.၀ |
| ရမှတ်စုစုပေါင်း | |

| ၂၆။ ဘေးအန္တရာယ်လေ့ကျင့်ခန်းများနှင့် ဇာတ်တိုက်လေ့ကျင့်ခန်းများ | |
|---|---|
| ဘေးအန္တရာယ်လေ့ကျင့်ခန်းများနှင့် ဇာတ်တိုက်လေ့ကျင့်ခန်းများကို ဂရုမပြုခြင်း | ၀.၀ |
| ဇာတ်တိုက်လေ့ကျင့်ခန်းများကို ဦးတည်အကြောင်းအရာမပါဘဲ ပြုလုပ်ခြင်း | ၀.၅ |
| ကျောင်းဇာတ်တိုက်လေ့ကျင့်ခန်းများကို ခိုင်မာသည့် အစီအစဉ်ဖြင့် တစ်နှစ် (၂) ကြိမ်ပြုလုပ်ခြင်း | ၁.၀ |
| စုစုပေါင်းရမှတ် | |
| **၂၇။ ပညာဆက်လက်သင်ကြားနိုင်ရေး အစီအစဉ်များ** | |
| ပညာဆက်လက်သင်ကြားနိုင်ရေးအစီအစဉ်ကို ဂရုမပြုခြင်း (စာသင်ကျောင်းကို အရေးပေါ် အခြေအနေတွင် ယာယီခိုလှုံရာအဖြစ် အသုံးပြုနေစဉ်အချိန်အတွင်းပင်) | ၀.၀ |
| ပညာဆက်လက်သင်ကြားနိုင်ရေးအစီအစဉ်ရှိသော်လည်း အကောင်အထည်ဖော်ဆောင်မှုမရှိခြင်း | ၀.၅ |
| ပညာဆက်လက်သင်ကြားနိုင်ရေးအစီအစဉ်များသည် ထပ်တလဲလဲဖြစ်နေသော အန္တရာယ်များနှင့် သက်ရောက်မှုကြီးသော အန္တရာယ်များအတွက် ထားရှိထားသည် | ၁.၀ |
| စုစုပေါင်းရမှတ် | |
| ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိသောပညာရေး | |
| **၂၈။ စွမ်းဆောင်ရည်တည်ဆောက်ခြင်း** | |
| ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းဆိုင်ရာ စွမ်းရည်တည်ဆောက်မှုသင်တန်းများကို ကျောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် မိဘ/ဆရာအသင်းအဖွဲ့ဝင်များအတွက် မပြုလုပ်ပေးခြင်း | ၀.၀ |
| စာသင်ကျောင်းတာဝန်ရှိသူများသည် ရှေးဦးပြုစုခြင်း၊ ရှာဖွေကယ်ဆယ်ရေး၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းများ ရရှိထားသော်လည်း ကျွမ်းကျင်မှုများမှာ အဆင်သင့်မရှိသေးပေ | ၀.၅ |
| စာသင်ကျောင်းတာဝန်ရှိသူများသည် ရှေးဦးပြုစုခြင်း၊ ရှာဖွေကယ်ဆယ်ရေးနှင့် ဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းများရရှိပြီး ကျွမ်းကျင်မှုများကို လက်တွေ့ကျင့်သုံးနိုင်ကြသည် | ၁.၀ |
| စုစုပေါင်းရမှတ် | |
| **၂၉။ တွဲဖက်သင်ရိုးဝင်သင်ခန်းစာ အစီအစဉ်များ** | |
| တွဲဖက်သင်ရိုးဝင်သင်ခန်းစာအစီအစဉ်များ မထားရှိခြင်း | ၀.၀ |
| တွဲဖက်သင်ရိုးဝင်သင်ခန်းစာအစီအစဉ်များရှိသော်လည်း ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနှင့် ရာသီဥတုအပေါ် လိုက်လျောညီထွေစွာ နေထိုင်ခြင်းကဏ္ဍများ မပါရှိခြင်း | ၀.၅ |
| တွဲဖက်သင်ရိုးဝင်သင်ခန်းစာအစီအစဉ်များကို DRR/CCA ကဏ္ဍများဖြင့် စီစဉ်ဆောင်ရွက်ခြင်း | ၁.၀ |
| စုစုပေါင်းရမှတ် | |
| **၃၀။ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် ရာသီဥတုအပေါ် လိုက်လျောညီထွေစွာ နေထိုင်ခြင်းဆိုင်ရာ ပညာရေးပစ္စည်းများ** | |
| ၎င်းပစ္စည်းများကို လုံးဝအသုံးမပြုခြင်း | ၀.၀ |
| ယင်းပစ္စည်းများကို ရေးသားပြုစုထားသော်လည်း ပုံမှန်ပညာရေးနှင့် တွဲဖက်သင်ရိုးဝင်အစီအစဉ်များဖြင့် မချိတ်ဆက်ထားခြင်း | ၀.၅ |
| ယင်းပစ္စည်းများကို ပုံမှန်နှင့် တွဲဖက်သင်ရိုးဝင်အစီအစဉ် နှစ်ခုစလုံးတွင် အသုံးပြုခြင်း | ၁.၀ |
| စုစုပေါင်းရမှတ် | |

# အခန်း (၂)

## ဒေါက်တိုင် (၂)။ ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု






ကျောင်းတွင်းဘေးကင်းလုံခြုံရေးဆိုင်ရာသင်တန်း

## ၂.၁ နိဒါန်း

ဤသင်ခန်းစာသည် ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုအပေါ် အခြေခံပြီး ဘက်စုံ ကျောင်းတွင်း ဘေးကင်းလုံခြုံသည့် စာသင်ကျောင်း ဒေါက်တိုင်၂ ကို မိတ်ဆက်ထားပါသည်။ ဤအခန်းကဏ္ဍသည် ဘေးအန္တရာယ် ထိခိုက်နိုင်ခြေ လျှော့ချခြင်းအားလည်းကောင်း၊ ဘေးအန္တရာယ်များမှ ပြန်လည်ထူထောင်ရန်လည်းကောင်း၊ ပြင်ဆင်ရန်နှင့် ပြန်လည် တုံ့ပြန်ရန်အတွက်လည်းကောင်း စာသင်ကျောင်းနှင့် ပညာရေးအစီအစဉ်များကို စီစဉ်ခြင်းတို့အပေါ် တွင် အထူးပြုဖော်ပြထားသည်။
ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုသည် ကျောင်းကိုကာကွယ်ခြင်း၊ ဆရာမများနှင့် ကျောင်းသား/သူများကို လုံခြုံစေခြင်း၊ ဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် ကျောင်း၏အရင်းအမြစ်များကို ကာကွယ်ပေးခြင်းနှင့် အရေးပေါ် အခြေအနေကာလများတွင်ပင် ပညာသင်ကြားရေးကို ဆက်လက်လုပ်ဆောင်နိုင်စေနိုင်ရန် အကျိုးပြုပါသည်။ ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကို ပုံမှန် အစီအစဉ်ရေးဆွဲခြင်းနှင့် ကျောင်းဖွဲ့စည်းပုံနှင့် ကျောင်းလုပ်ငန်းအစီအစဉ်များ စီမံခန့်ခွဲမှုများနှင့် အတူတကွ ပူးတွဲထားသင့်ပါသည်။

### ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုတာဘာလဲ

ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီအစဉ်သည် စာသင်ကျောင်းများမှ ၄င်းတို့ကြုံတွေ့နိုင်သည့် အန္တရာယ်များကိုနားလည်ထားခြင်း၊ ကျောင်းအဆင့်တွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကို အကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက် အစီအစဉ်တကျရှိသည့် ပြင်ဆင်ထားမှုရှိခြင်း၊ ဘေးအန္တရာယ်ကျရောက်ချိန်တွင် ကလေးများ၊ ဆရာ/မများနှင့် ကျောင်းတွင်ရှိသော အခြားဝန်ထမ်းများ၏ အသက်အန္တရာယ်နှင့် ကျောင်းပိုင်ပစ္စည်းများကို ကာကွယ်ပေးနိုင်ရန်အတွက် တုံ့ပြန်ဆောင်ရွက်ရေးပြင်ဆင်ထားခြင်း၊ အစရှိသည်တို့လိုအပ်ကြောင်းကို စာသင်ကျောင်းများမှ နားလည်ထားရန်လိုအပ်သည်။ ၄င်းတွင် တုံ့ပြန်ဆောင်ရွက်ရန်နှင့် ဤစွမ်းဆောင်နိုင်ရည်ကို ထိန်းသိမ်းရန် စီစဉ်ခြင်းတို့လည်း ပါဝင်ပါသည်။
ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကို စတင်ရာတွင် ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို မြို့နယ်ဘေးအန္တရာယ်လျှော့ချရေးကော်မတီနှင့် ကျေးရွာ၊ ကျေးရွာအုပ်စုနှင့် မြို့နယ်ဘေးအန္တရာယ် စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်များနှင့် ကောင်းမွန်စွာချိတ်ဆက်ထားပြီး ကျောင်းအဆင့်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီကို စတင်ဖွဲ့စည်းရန်ဖြစ်သည်။

### ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်

ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ အဓိကလုပ်ငန်းဆောင်ရွက်ရန်မှာ ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအစဉ် (SDMP) ဖြစ်သည်။ SDMP ၏ ရည်ရွယ်ချက်သည် လိုအပ်သော ဘေးအန္တရာယ်အတွက်ပြင်ဆင်ခြင်းနှင့် အန္တရာယ်လျော့နည်းစေရေး ဆောင်ရွက်ရန်များနှင့် စာသင်ကျောင်းနှင့် ၄င်းပတ်ဝန်းကျင်၏ အန္တရာယ်များ၊ ထိခိုက်လွယ်မှုများ၊ ဘေးဖြစ်နိုင်ခြေနှင့် စွမ်းဆောင်ရည်များပေါ် အခြေခံထားသော တုံ့ပြန်ဆောင်ရွက်ရေး စွမ်းဆောင်ရည်နှင့် ဘေးဖြစ်နိုင်ခြေလျှော့ချရေးတို့ကို ရေရှည်တွင် တိုးတက်နိုင်စေရန်တွက် စီစဉ်ရန်ဖြစ်သည်။ ၄င်းသည် ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းမှ ပါဝင်ပတ်သက်သူများအား လိုအပ်ချက်များနှင့် ဆောင်ရွက်ရန် လိုအပ်ချက်များကို နားလည်စေရန် အတူတကွပေါင်းစည်းပေးရန်ရည်ရွယ်သည်။ သို့မှသာ ကြိုတင်ပြင်ဆင်ရေးအဆင့်နှင့် တကယ့်အမှန်တကယ် အရေးပေါ် ကာလတွင်ကြိုးပမ်းဆောင်ရွက်မှုကို မထပ်နိုင်မည်ဖြစ်သည်။

### ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်တွင် သီးသန့်အခန်း (၄) ခန်းပါဝင်သည်။

(က) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်အား ခြုံငုံလေ့လာခြင်းနှင့် နိဒါန်း (အခန်း ၂.၄)
(ခ) ကျောင်းဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း (အခန်း ၂.၅ တွင် အသေးစိတ်ဖော်ပြထားသည်)
(ဂ) ကျောင်းပညာဆက်လက်သင်ကြားနိုင်ရန် စီစဉ်ထားမှုအခြေအနေ (အခန်း ၂.၇)
(ဃ) ကျောင်းဘေးအန္တရာယ်ထိခိုက်မှု လျှော့ချရေးအစီအစဉ် (အခန်း ၂.၈)

စာသင်ကျောင်းများသည်ရပ်ရွာလူထုနှင့် ရပ်ရွာဒေသအတွက် လိုအပ်သော ရပ်ရွာဖွံ့စည်းပုံ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့်လည်းပါဝင်ပြီး အရင်းအမြစ်များစွာရှိပါသည်။ ထို့ကြောင့် စာသင်ကျောင်းတစ်ကျောင်းသည် အနီးဝန်းကျင်တွင်နေထိုင်ကြသော ရပ်ရွာလူထုမှ စာသင်ကျောင်းနှင့် ချိတ်ဆက်နေသကဲ့သို့ စာသင်ကျောင်းနှင့် တိုက်ရိုက်ဆက်နွယ်နေသည့် ဒေသခံများအတွက်လည်းတာဝန်ရှိသည်။ ဤနည်းအားဖြင့် စာသင်ကျောင်း၊ ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်များနှင့် စွမ်းဆောင်ရည်များသည် တပေါင်းတစည်းတည်း ချိတ်ဆက်မှုရှိနေရမည်ဖြစ်ပြီး ယင်းကို မည့်သို့ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ကို အခန်း (၂.၉) တွင် ထပ်မံဖော်ပြထားသည်။

### ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုတွင် ထိခိုက်လွယ်သူများ အုပ်စုများကို ပါဝင်နိုင်ရေး သေချာစေရန် ဆောင်ရွက်ရန်လမ်းညွှန်


ကျောင်းတွင်းဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်ဇယားရေးဆွဲခြင်း

ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကို ဆောင်ရွက်နေစဉ်တွင် လူအားလုံး၏ လိုအပ်ချက်များနှင့် စွမ်းဆောင်နိုင်ရည်များကို ထည့်သွင်းစဉ်းစားပေးရမည်။ ၎င်းတို့တွင် ကျောင်းသား/သူ/ကလေးများ၊ ဆရာ/မ များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်း ကလေးများ၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ လူမျိုးစုအားဖြင့် ဘေးဖယ်ထားခံရသော ကလေးများနှင့် ဆရာ/မများပါဝင်သည်။ ထိုသူတို့သည် မတူထူးခြားသည့် အခက်အခဲများကိုဘေးအန္တရာယ်ကာလအတွင်းတွင် ကြုံတွေ့ရနိုင်သည်။ ဥပမာ -

- ကြိုတင်သတိပေးရေး သတင်းအချက်အလက်များကို ရရှိပုံမတူညီခြင်း၊ မတူညီသည့်အာဏာပါဂါတို့အပါဝင် အကြောင်းအရင်းများကြောင့် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများ၊ အမြင်အာရုံ၊ အကြားအာရုံ ချွတ်ယွင်းခြင်း စသည့် ရုပ်ပိုင်းဆိုင်ရာ အားနည်းချက်များ (သို့) လူမှုရေးအရ ဘေးဖယ်ထားခံရခြင်း။
- ဘေးအန္တရာယ် ကျရောက်စဉ် မည်သို့ တုံ့ပြန်ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချနိုင်မှုအပေါ် မတူညီသည့် ဆုံးဖြတ်ချက်ချပိုင်ခွင့် အာဏာပါဂါ။
- ဘေးအန္တရာယ်ကျရောက်ချိန်တွင် မတူညီသည့် လွတ်လပ်စွာ သွားလာနိုင်မှု၊ အထူးသဖြင့် အရေးပေါ်ရွှေ့ပြောင်းချိန်အတွင်း။
- ရပ်ရွာကိစ္စစီစဉ်သည့်အချိန်တွင် ဆွေးနွေးညှိနှိုင်းမှုများနည်းပါးခြင်းကြောင့် သူတို့၏အထူးလိုအပ်ချက်များနှင့် စွမ်းဆောင်ရည်များကို ထည့်သွင်းမစဉ်းစားနိုင်ခြင်း။
- ဘေးအန္တရာယ်အတွက် ထောက်ပံ့ကူညီရာတွင် သူတို့၏ မိသားစုဝင်များကပင်လျှင် သူတို့အား ဦးစားမပေးခြင်း (သို့) ချန်ထားခြင်းတို့ ကြုံတွေ့နိုင်သည်။
- သူတို့၏ အမြင်များနှင့် အတွေ့အကြုံများကို လူ့အသိုင်းအဝိုင်းမှ တန်ဘိုးမထားနိုင်ခြင်း။
- သူတို့သည် ဘေးအန္တရာယ်ကျရောက်ချိန်နှင့် ခိုလှုံရာနေရာများတွင် သီးသန့် အကာအကွယ်ပေးမှုများ လိုအပ်သည်။

ကျောင်းတာဝန်ရှိသူတို့မှ ကျောင်းအဆင့်တွင် ဆောင်ရွက်ရန်လုပ်ငန်းများ

- အခြား အခန်း (၇) များတွင် ဖော်ပြထားသကဲ့သို့ ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု၏ များစွာသောကွဲပြားမှုများကို နားလည်ထားရန်။ အားလုံးကို ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရေးသားပြုစုရန် လိုအပ်သည်။
- ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှု၏ အမျိုးသားအဆင့်နှင့် မြို့နယ်အဆင့်အစီအစဉ်များ၊ ဖွဲ့စည်းပုံများကို သိကျွမ်းထားရန်။
- ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကျေးရွာအဆင့်ဖွဲ့စည်းပုံများနှင့် အစီအစဉ်များကို သိကျွမ်းထားရန်။
- လိုအပ်ချက်ကိုတွေ့ရှိပြီး ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကို ကော်မတီမှ ပုံမှန်သုံးသပ်သည့်လုပ်ငန်းကိစ္စအဖြစ်ထားရှိရန်နှင့် ကျောင်းဖွံ့ဖြိုးရေးတိုးတက်ရေး လုပ်ငန်းစဉ်အဖြစ် ထားရှိရန်။
- ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမအစီအစဉ်နှင့် ၄င်း၏ အပိုင်း(၃) ခု၏ အယူအဆများကို နားလည်ထားရန်။

## ၂.၂ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း (SDMC)

### ဤအခန်း၏ရည်ရွယ်ချက်

ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီကို ကျောင်းတည်ရှိရာဒေသမှ ပါဝင်ပတ်သက်သူများပါဝင်စေပြီး ဖွဲ့စည်းရာတွင် လမ်းညွှန်ပေးရန်ဖြစ်သည်။ ၄င်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကို ဦးဆောင်ရာတွင် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်ပြုစုပြီး ကြိုတင်ပြင်ဆင်ခြင်း၊ ထိခိုက်နိုင်ခြေလျှော့ချခြင်းတို့ကို ဆောင်ရွက်ခြင်းအားဖြင့် ပြုလုပ်ဆောင်ရွက်ရန်ဖြစ်သည်။

ကျောင်းတာဝန်ရှိသူတို့မှ ဆောင်ရွက်ရန်လုပ်ငန်းများ

- ကျောင်းလုံခြုံရေးနှင့် ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုတွင် စိတ်ပါဝင်စားစွာ ဆောင်ရွက်မည့် အဖွဲ့အားလုံးကို ရွေးချယ်သတ်မှတ်ထားရန်။
- ကျောင်းအုပ်ကြီးမှ ဦးဆောင်သော ကော်မတီတစ်ခု ဖွဲ့စည်းတည်ထောင်ရန်။
- ၄င်းကော်မတီ၏ အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့်များကို အတည်ပြုပါ။
- အထူးအဖွဲ့ငယ်များကို လိုအပ်သလို ဖွဲ့စည်းပါ။
- ကော်မတီ၏ ပထမ အကြိမ်အစည်းအဝေး ကျင်းပပါ။
- သင်ခန်းစာ ၂.၃ မှ ၂.၈ ထိ ဖော်ပြထားသော ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် လုပ်ငန်းဆောင်ရွက်ရေး အစီအစဉ်ရေးဆွဲရန်။

## ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုတာ ဘာလဲ၊ ဘယ်လို ဖွဲ့စည်းကြမှာလဲ



ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း

ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ ဆိုသည်မှာ ကျောင်းရှိတာဝန်ရှိသူများနှင့် ဝန်ထမ်း၊ ကျောင်းသား/သူ ခေါင်းဆောင်များ၊ သက်ဆိုင်ရာဒေသခံအရာရှိများ၊ ရပ်ရွာ အဖွဲ့ဝင်များဖြင့် ပါဝင်ဖွဲ့စည်းထားသော ကျောင်းအခြေပြု အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၎င်းအဖွဲ့သည်ဘေးအန္တရာယ် တို့၏ ဆိုကျိုးသက်ရောက်မှုများကို လျှော့ချနိုင်ရန်အတွက် ပြင်ဆင်မှုများ၊ တုံ့ပြန်ဆောင်ရွက်မှုနှင့် ကာကွယ်ရေးစနစ် များရှိရန်၊ သေချာစေရန်နှင့် အရေးပေါ် အခြေအနေတွင် ပညာ ဆက်လက် သင်ကြား နိုင်ရန်အတွက် တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်သည်။

ကျောင်းအုပ်(သို့) ကျောင်းရှိ တာဝန်ရှိလူကြီးသည် ကော်မတီကိုဖွဲ့စည်းရန်နှင့် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရန် တာဝန်ရှိသည်။ ဒုဥက္ကဋ္ဌကို ဥက္ကဋ္ဌ၏ တာဝန်များကို မျှဝေဆောင်ရွက်ရန် ခန့်အပ်ထားနိုင်သည်။

## အခြားအဖွဲ့ဝင်များကို အောက်ပါအုပ်စုများ ရွေးချယ်နိုင်သည်။

- ကျောင်းစီမံခန့်ခွဲရေး၊ သင်ကြားရေး ၊ စာမသင်သော ဝန်ထမ်းများ၊ ကျောင်းသား/သူ ကိုယ်စားလှယ်များ၊ မသန်စွမ်း ကလေးများ ၊ မသန်စွမ်းကလေးတို့၏ မိဘများ စသည့် အဖွဲ့ဝင်များမှ ကိုယ်စားလှယ်များ။
- မိဘများ၊ ခေါင်းဆောင်များ၊ လူငယ်အသင်းများ၊ သာရေး/နာရေး အသင်းအဖွဲ့များ၊ ဒေသတွင်း အစိုးရမဟုတ်သည့် အဖွဲ့များ၊ မသန်စွမ်းအဖွဲ့အစည်းများ စသည်တို့မှ ကိုယ်စားလှယ်များ။
- သက်ဆိုင်ရာကျေးရွာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၊ အခြားဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများ၊ ဥပမာ- လူမှုရေးအဖွဲ့အစည်း၊ ရဲဌာန၊ မီးသတ်၊ ကျန်းမာရေးဝန်ဆောင်မှု။

တာဝန်ရှိသော အထူးတာဝန်အဖွဲ့ငယ်များနှင့် ကော်မတီတို့၏ ကျွမ်းကျင်မှုများ၊ အရည်အသွေးများနှင့် စိတ်ဝင်စားမှုများ ကိုက်ညီရန် အရေးကြီးသည်။ လမ်းညွှန်မှုနှင့် ပံ့ပိုးမှုများ ရရှိရန် မြို့နယ်ပညာရေးဝန်ကြီးဌာန၊ မြို့နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီနှင့် လူမှုရေးဝန်ဆောင်မှု၊ ရဲဌာန၊ မီးသတ်ဌာန၊ ကျန်းမာရေးဝန်ဆောင်မှု စသည့် အခြားမြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ဆက်သွယ်ထားသင့်သည်။ ပုံမှန် အာရုံစိုက်ရန်နှင့် ရေရှည်တည်တံ့မှုကို သေချာစေရန် ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ (SDMC) ကို ကျောင်းစီမံခန့်ခွဲမှုကော်မတီ၏ ကော်မတီခွဲအနေဖြင့်ထားရှိရန်နှင့် ကျောင်း စီမံခန့်ခွဲမှု အစည်းအဝေးတွင် ပုံမှန်ပါဝင်သော အစည်းအဝေးအစီအစဉ်အဖြစ် ထားရှိသင့်ပါသည်။

**ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အခန်းကဏ္ဍနှင့် တာဝန်များ။** အောက်ဖော်ပြပါတို့သည် SDMC ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အဓိက တာဝန်များဖြစ်ပြီး နေရာဒေသပေါ် မူတည်ပြီး လိုက်လျောညီထွေမှုရှိစေရန် ပြုလုပ်သင့်သည်။

- သင့်လျော်သည့် အထူးတာဝန်အဖွဲ့ငယ်များ ဖွဲ့စည်းပါ။ (သင်ခန်းစာ ၂.၂)
- အန္တရာယ်၊ ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်သုံးသပ်လေ့လာမှု ပြုလုပ်ပါ။ (သင်ခန်းစာ ၂.၃)
- ကြိုတင်ပြင်ဆင်ခြင်းနှင့် ထိခိုက်နိုင်ခြေလျှော့ချသည့်အပိုင်းများပါဝင်သည့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ် ရေးဆွဲပါ။ (အခန်း ၂.၄)
- နှစ်စဉ် ဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီအစဉ်ကို သုံးသပ်ပြီး နောက်ဆုံးအခြေအနေရှိအောင် ပြင်ဆင်ပါ။
- အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဘတ်ဂျက်ကို ပြန်လည်သုံးသပ်ပြီး ရံပုံငွေရရှိသည်။
- ကျောင်းဘေးအန္တရာယ်၊ အရေးပေါ် တုံ့ပြန်ရေးနှင့် ကြိုတင်ပြင်ဆင်ရေးတို့အတွက် လုပ်ငန်းအစီအစဉ်များ ရေးဆွဲဖော်ထုတ်ပါ။
- တုံ့ပြန်ဆောင်ရွက်မည့်စွမ်းဆောင်ရည်များ ပြင်ဆင်မှုကိုလမ်းညွှန်ပေးပါ။ လိုအပ်သည့်စက်ကိရိယာများနှင့် အသုံးဆောင်ပစ္စည်းကို ဝယ်ယူပြီး ထိန်းသိမ်းပါ။
- အထူးတာဝန်အဖွဲ့ငယ်များကို သင်တန်းပေးသည့်အစီအစဉ်များပါဝင်သော စွမ်းဆောင်ရည်တည်ဆောက်သည့်လုပ်ငန်းများကို တည်ထောင်ပြီး စောင့်ကြည့်လေ့လာပါ။
- လိုအပ်သည့်အသိပညာမြှင့်တင်ပေးသည့်ပစ္စည်းများကိုရယူပြီး အသိပညာပေးသည့်လုပ်ငန်းဆောင်ရွက်မှုများ ပြုလုပ်ပါ။
- ဇာတ်တိုက်လေ့ကျင့်ခန်းများကို ဦးဆောင် ကြီးကြပ်ကွပ်ကဲပါ။ သဏ္ဌာန်တူလေ့ကျင့်ခန်း ( အခန်း ၂.၆)
- စာသင်ကျောင်း၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာန အစီအစဉ်၏ ကျောင်းတွင်းအရေးပေါ် ရွှေ့ပြောင်းဆောင်ရွက်ရေးအပိုင်းစဉ်ဆက်မပြတ် သုံးသပ်ရမည်။ အန္တရာယ်ကင်းသည့်ရွှေ့ပြောင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကိုရေးဆွဲထားပြီး အချိန်နှင့်အမျှ ကိုက်ညီစေရန် ဆောင်ရွက်ရမည်။
- သတ်မှတ်ထားသည့် စုဝေးရန်နေရာများသည် အဆင်သင့်ဖြစ်နေစေရန်နှင့် အရေးပေါ် အခြေအနေတွင်ကျောင်းသား/သူများကို မှီခိုနိုင်စေရန် သေချာပါစေ။
- အရေးပေါ် အချိန်အတွင်းတွင် ဆရာ/မ များနှင့် ကျောင်းသား/သူများကို ရွှေ့ပြောင်းရန်လမ်းကြောင်းမှတဆင့်ရွှေ့ပြောင်းခိုလှုံရာ အဆောက်အအုံဆီသို့ ဦးဆောင်ခေါ် သွားရမည်။
- သယ်ယူပို့ဆောင်ရေး အထူးတာဝန်အဖွဲ့နှင့် ညှိနှိုင်းပြီး ပြင်ပရွှေ့ပြောင်းရန် လမ်းကြောင်းကို လိုအပ်သလို သတ်မှတ်ပါ။
- ပညာရေး တာဝန်ခံအရာရှိများနှင့် ညှိနှိုင်းပြီး IDP များအတွက် ရွှေ့ပြောင်းနေထိုင်ရန်နေရာကို စီစဉ်ပါ။
- အရေးပေါ် ရွှေ့ပြောင်းမှု အစမ်းလေ့ကျင့်ခန်း ပြုလုပ်ပါ။
- အရေးပေါ် ရွှေ့ပြောင်းရန် လမ်းကြောင်းမြေပုံကို ရေးဆွဲပါ။
- တက်ရောက်သူ စာရင်းများပြုစုပါ။ ပျောက်ဆုံးသူများ တွေ့ရှိပါက သတင်းပို့ပါ။
- ကျောင်းနေလူထုတို့အား လုံခြုံသည့်နေများ၊ ရွှေ့ပြောင်းရန်လမ်းကြောင်းနှင့် စုဝေးရန်နေရာများကို သတင်းပေးထားပါ။
- ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့် အခြားသက်ဆိုင်ရာ အဖွဲ့များထံသို့ သတင်းပို့ထားပါ။
- ကျောင်းပိုင်ပစ္စည်းများကို ကာကွယ်ရန်အတွက် ပြင်ပဂိတ်တံခါးများအားလုံးကို ပိတ်ထားပါ။
- အရေးပေါ် ကာလတွင် ပညာဆက်လက်သင်ကြားနိုင်ရေးနှင့် သင်ယူနိုင်ရေးကိုသေချာစေပါ။ (အခန်း ၂.၇)
- ဘေးအန္တရာယ် ထိခိုက်မှုလျှော့ချရေးအစီအစဉ်နှင့် စီမံကိန်းကိုရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာပါ။ (သင်ခန်းစာ ၂.၈)
- ကျောင်းတွင်ရှိသော အဆောက်အအုံပိုင်းဆိုင်ရာနှင့် အဆောက်အအုံမဟုတ်သည့် ပြဿနာများကိုဖယ်ရှားခြင်း၊လျှော့ချခြင်းတို့ ဆောင်ရွက်ရာတွင် လမ်းညွှန်ပေးခြင်း၊ စောင့်ကြည့်လေ့လာပေးခြင်းတို့ ပြုလုပ်ရန်။
- ကျောင်းပရဝုဏ်အတွင်း၊ ကျောင်းအပြင်ဘက်တွင်ကလေးများ သွားလာမှုအတွက်ရှိနေသော အန္တရာယ်များနှင့် ပြဿနာများကို ဖယ်ရှားရန်အတွက် ဆောင်ရွက်ရန်လုပ်ငန်းများကို စောင့်ကြည့်လေ့လာပြီး လမ်းညွှန်ပေးခြင်း။
- အထူးတာဝန်အဖွဲ့များ၏ အဖွဲ့ဝင်များစာရင်းကို အမြဲစိစစ်ပြုစုပြီး ကျေးရွာဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီမှ စုစည်းထားသော ဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များ၏ နောက်ဆုံးအခြေအနေကိုလည်း ရယူထားရမည်။
- ကျောင်းနှင့်ဆက်နွယ်သောအန္တရာယ်များ၊ ထိခိုက်လွယ်မှုများနှင့် စွမ်းဆောင်ရည်များ ရှာဖွေဖော်ထုတ်ရာတွင် ဦးဆောင်ရမည်။ အသေးစိတ်အချက်များကို သင်ခန်းစာ၂.၃တွင် ဖော်ပြထားပါသည်။

- ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဉက္ကဋ္ဌအား ရိက္ခာများနှင့် ကိရိယာများဂယ်ယူရေးနှင့် ဖြန့်ဖြူးရေးအတွက် ကူညီထောက်ပံ့ရမည်။
- ရိက္ခာများ ရရှိနိုင်သည့်နေရာများနှင့် စုစည်းရန်၊ စွန့်ပစ်ရန် နေရာများ စသည်တို့ကို သတ်မှတ်ထားရမည်။
- ရိက္ခာများနှင့် ပစ္စည်းများ ထောက်ပံ့သူများအဖြစ် ကူညီဆောင်ရွက်ရမည်။
- ကျေးရွာအစောင့်/ရဲ များကို စည်းရုံးပြီး သူတို့၏လုံခြုံရေး တာဂန်များပေးအပ်ပြီး မြန်မာနိုင်ငံရဲအင်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးပါ။
- လုပ်ငန်းဆောင်ရွက်ရေးနေရာအတွင်းရှိ ရွှေ့ပြောင်းသူများနှင့် ပစ္စည်းများကို လုံခြုံစေပါ။
- လူတစ်ဦးစီ၏ မှတ်ပုံတင်ခြင်း/စာရင်းသွင်းခြင်းကို ပြုလုပ်ပြီး လိုင်စင်မဲ့ ယာဉ်များ၊ သူစိမ်းများကို သတိပြုစစ်ဆေးပါ။
- သတိပေးအသံ (သို့) အခြားသံသယရှိသည့် အခြေအနေများကို တုံ့ပြန်ဆောင်ရွက်ပြီး ပုံမှန်မဟုတ်သည့်ဖြစ်ရပ်များကို သက်ဆိုင်ရာအထက်အာဏာပိုင်သို့ ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှတဆင့် သတင်းပေးပါ။
- လူများ၊ ရိက္ခာများနှင့် ပစ္စည်းကိရိယာများ ပို့ဆောင်ရာတွင် လုံခြုံရေး တာဂန်ယူပေးရမည်။
- ယာဉ်စာရင်းနှင့် အခြားရနိုင်သော သယ်ယူပို့ဆောင်ရေး နည်းလမ်းများကို စာရင်းပြုစုထားပါ။ (ဥပမာ လှေများ) စသည်တို့သည်လည်း အရေးပေါ် ရွှေ့ပြောင်းရာတွင်အသုံးဂင်နိုင်သည်။ ယာဉ်၊လှေပိုင်ရှင်များနှင့်လည်း သူတို့၏ဆန္ဒအလျောက် အသုံးပြုခွင့်ပေးရန် ပြေလည်စွာ သဘောတူညီမှု ရယူထားရမည်ဖြစ်သည်။
- အခြားကိုယ်ပိုင်ယာဉ်ပိုင်ရှင်များကိုလည်းဆက်သွယ်ပြီး အရေးပေါ်အခြေအနေတွင် သူတို့၏ယာဉ်ကို လိုအပ်လျှင် အသုံးပြုနိုင်ရန် သဘောတူညီချက် ရယူထားရမည်ဖြစ်သည်။
- ကြိုတင်ပြင်ဆင်သည့် အဆင့်တွင် အထက်ပါယာဉ်အားလုံးကို ရွေးချယ်သတ်မှတ်ထားပြီး ရွှေ့ပြောင်းသယ်ဆောင်ရန် ယာဉ်များကိုလည်း ခေါ်ယူရမည့်နေရာများကို ရွေးချယ်သတ်မှတ်ပေးထားရမည် ဖြစ်သည်။
- အရေးပေါ်အခြေအနေဆောင်ရွက်နေစဉ်အတွင်းတွင် ကျောင်း၏သယ်ယူပို့ဆောင်ရေး လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးရမည်။
- မြို့နယ်အာဏာပိုင်နှင့် ညှိနှိုင်းပြီး တိုင်းဒေသကြီး/ပြည်နယ်အဆင့် လူမှုဂန်ထမ်းဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနနှင့် ရိက္ခာအထောက်အပံ့အတွက် ညှိနှိုင်းပါ။
- ရိက္ခာပစ္စည်းများ ဖြန့်ဂေရာတွင် စီစဉ်ခြင်း၊ ပံ့ပိုးဆောင်ရွက်ခြင်းတို့ ပြုလုပ်ရမည်။
- ဆီသွပ်ပုံး၊ အသင့်စားခေါက်ဆွဲခြောက်၊ အဂတ်အစား၊ ဆေးဂါး၊ မီးဖိုဆောင်သုံးပစ္စည်းများ၊ အရေးပေါ်အခြေအနေတွင် ဆောင်ရွက်ရန်လိုအပ်သောကိရိယာများ၊ ယာယီတဲများအတွက်ပစ္စည်းများစသည့် လှူဒါန်းလာသည့်ပစ္စည်းများကို လက်ခံရယူထားရန် စီစဉ်ပါ။
- ကျောင်းတွင်းရှိ ရိက္ခာအခြေအနေနှင့်ပတ်သက်ပြီး မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနသို့ သတင်းပေးရမည်ဖြစ်သောကြောင့် ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအား ကူညီဆောင်ရွက်ပေးပါ။

## အကြံပြုထားသော ဉက္ကဋ္ဌ၏အခန်းကဏ္ဍနှင့် လုပ်ငန်းတာဂန်များနှင့် အဓိကတပ်ဖွဲ့များ ဖွဲ့စည်းခြင်း

### ဉက္ကဋ္ဌ (ကျောင်းအုပ်/ယာယီကျောင်းအုပ်)

- SDMC ကိုစုဂေးပြီး ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြင်ဆင်ပါ။ အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဂန်ယူပါ။
- ကျောင်းတွင်းဘေးအန္တရာယ်စီစဉ်ဆောင်ရွက်ရေးဌာန (DOC) ကိုသတ်မှတ်ပေးပါ။ DOC ကိုအမြဲတမ်းအသက်ဂင်နေရန် တာဂန်ယူဆောင်ရွက်မည့်သူကို ရွေးချယ်ပါ။
- မြို့နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတို့မှ ဉက္ကဋ္ဌများနှင့် ကောင်းသော ဆက်သွယ်ဆောင်ရွက်မှုများကို ထိန်းသိမ်းပြီး အရေးပေါ်ရွှေ့ပြောင်းဆောင်ရွက်ရာတွင် ပံ့ပိုးကူညီမှုရနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပါ။
- ဒေသတွင်းအဖွဲ့အစည်းအမျိုးမျိုး၏ နည်းပညာအထောက်အပံ့ဖြင့် ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းများဆိုင်ရာ သင်တန်းများကိုစတင် ပြုလုပ်ပါ။
- လိုအပ်သည့် ထောက်ပံ့ပစ္စည်းများနှင့် ကိရိယာများဂယ်ယူခြင်းနှင့် ဖြန့်ဂေခြင်းတို့တွင် စီစဉ်ပေးခြင်းနှင့် ကြီးကြပ်ပေးခြင်းတို့ကို ဆောင်ရွက်ပါ။

- သဏ္ဍာန်တူလေ့ကျင့်ခန်းနှင့် အမှန်တကယ်ဘေးအန္တရာယ်ဖြစ်သည့် အခြေအနေတွင် ရွှေ့ပြောင်းရန် အစီအစဉ်များကို ညွှန်ကြားခြင်း၊ ကြီးကြပ်ခြင်းတို့ ပြုလုပ်ပေးပါ။

## အထူးတာဝန်အဖွဲ့ငယ်များ ဖွဲ့စည်းခြင်း

အရေးအပေါ် အခြေအနေတွင် လုပ်ဆောင်ရန် အမျိုးမျိုးကို ဆောင်ရွက်နိုင်ရန် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတွင် အထူးတာဝန်အဖွဲ့ငယ်အချို့ ရှိထားသင့်ပြီး ယင်းအဖွဲ့ငယ်များကို ကြိုတင်လေ့ကျင့်ပေးထားရမည်။ မြန်မာနိုင်ငံ၏ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခဲ့သည့် အခြေအနေတွင် အထူးတာဝန်အဖွဲ့ငယ်များကို ပင်မ လုပ်ငန်းတာဝန်များအတွက် ဖွဲ့စည်းခဲ့သည်။ ၄င်းတို့မှာ(၁) ကြိုတင်သတိပေးခြင်းနှင့် သတင်းအချက်အလက်များဖြန့်ဝေခြင်း (၂) ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ် ရွှေ့ပြောင်းခြင်းနှင့် (၃) ရှေးဦးပြုစုခြင်းတို့ဖြစ်ကြသည်။ အခန်း (၂.၅) တွင် အထူးအဖွဲ့ငယ်တို့၏ အခန်းကဏ္ဍနှင့် တာဝန်များကို ဖော်ပြထားသည်။ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ အဖွဲ့ဝင်တစ်ဦးသည် ဖွဲ့စည်းထားသော အထူးတာဝန်အဖွဲ့ငယ်တစ်ဖွဲ့အား ဦးဆောင်စေရန် သေချာပါစေ။ ကျောင်းရှိအတန်းကြီးကျောင်းသား/သူများသည် ကော်မတီနှင့် အထူးတာဝန်အဖွဲ့ငယ်များ၏ အဖွဲ့ဝင်များကို သင့်တော်သလို ထည့်သွင်း ဖွဲ့စည်းနိုင်သည်။ အန္တရာယ် ဆန်းစစ်လေ့လာချက်၊ ထောက်ပံ့ရေး၊ လုံခြုံရေး၊ သယ်ယူပို့ဆောင်ရေး၊ ရိက္ခာ၊ မီးအန္တရာယ်စီမံခန့်ခွဲမှု၊ အပျက်အစီးများ ထိန်းချုပ်မှုနှင့် စိတ်ပိုင်းဆိုင်ရာအားပေးကူညီမှု စသည့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကိုလည်း စဉ်းစားရန်လိုအပ်သည်။ ၄င်းလုပ်ငန်းတာဝန်များကိုကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များအား ပေးအပ်နိုင်ပြီး နောက်ထပ်အဖွဲ့များကို လိုအပ်မှသာလျှင် ဖွဲ့စည်းရမည်။

## မြန်မာနိုင်ငံမှ အလေ့အကျင့်ကောင်း နမူနာများ

### ဖြစ်ရပ်မှန် ၁၁ ။ ။ အထက်တန်းကျောင်း အမှတ် (၁) ကွမ်းခြံကုန်း ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ

အထက်တန်းကျောင်း အမှတ် (၁)၊ ကွမ်းခြံကုန်းမြို့နယ်သည် ၄င်း၏ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို ကျောင်းအုပ်ထိန်းရေးအဖွဲ့ဝင်များ၊ မိဘဆရာအသင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ကျောင်းကောင်စီ၊ ဆရာ/မများ၊ ကျောင်းသား/သူများနှင့်အတူ ရေးဆွဲခဲ့သည်။ ကျောင်းဘေးအန္တရာယ်ထိခိုက်မှု လျှော့ချရေးကို မြှင့်တင်သောအစီအစဉ်ကို ကျောင်းနှင့်သက်ဆိုင်သူများနှင့် သက်ဆိုင်ရာအဖွဲ့ဝင်များမှ အလွယ်တကူနားလည်စေရန် ရိုးရှင်းစွာ ရေးသားပြုစုထားသည်။ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်ကို ရေရှည်တည်တံ့စေရန်နှင့် ရေရှည်အကျိုးအတွက် ဘေးအန္တရာယ်ပညာပေး အစီအစဉ်များကို ကျောင်းလုပ်ငန်းအစီအစဉ်များတွင် ထည့်သွင်းဆောင်ရွက်ခဲ့သည်။ ယင်းလုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်သည်။

၁။ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း။
၂။ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ် ပြင်ဆင်ရေးဆွဲခြင်း။
၃။ သဘာဝဘေးအန္တရာယ်များအတွက် ကျောင်းသား/သူများ၊ ဆရာ/မများ၊မိဘများနှင့် ရပ်ရွာလူထုတို့ကို အသိပညာပေးခြင်း။
၄။ ကျောင်းရှိ အရင်းအမြစ်များနှင့် ထိခိုက်နိုင်ခြေရှိသည်များကို ဆရာ/မများနှင့် ကျောင်းသား/သူများမှ ရှာဖွေဖော်ထုတ်ခြင်း။
၅။ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များကို ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး ပညာပေးဆွေးနွေးခြင်း။
၆။ ဘေးအန္တရာယ်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်သည့်လုပ်ငန်းများ စီစဉ်ခြင်း။
၇။ ဒေသခံတာဝန်ရှိသူများ၊ ရပ်ရွာလူထုများနှင့်အစီအစဉ်များဝေမျှပြီး ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး အစီအစဉ်များ မကြာခဏလေ့ကျင့်ခြင်း။

၈။ ကျောင်းနှင့် ရပ်ရွာလူထုကို ထိခိုက်လာနိုင်သည့် ဘေးအန္တရာယ် အမျိုးအစားများကို ဖော်ထုတ်နိုင်ရန် မြေပုံ (ထိခိုက်နိုင်ခြေနှင့် အရင်းအမြစ်ပြမြေပုံ) ရေးဆွဲပါ။
ဘေးအန္တရာယ်ကျရောက်ချိန်တွင် ရယူနိုင်သည့် အကူအညီများကို ဖော်ပြသည့် မြေပုံကိုလည်း ထပ်မံရေးဆွဲထားပါ။
၉။ အထက်တွင်ဖော်ပြထားသော ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်အတွက် စောင့်ကြည့် လေ့လာရေး၊ သုံးသပ်အကဲဖြတ်ခြင်းနှင့် တိုးတက်အောင်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပါ။

### ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသည် ကော်မတီခွဲ (၃) ခုရှိသည်။

(၁) အစီအစဉ်ရေးဆွဲခြင်းနှင့် လုပ်ငန်းများ ချမှတ်ပေးထားခြင်း
(၂) ဘေးအန္တရာယ်ထိခိုက်နိုင်ခြေ ဆန်းစစ်လေ့လာချက် နှင့်
(၃) အရင်းအမြစ်များ ရှာဖွေစုဆောင်းခြင်းတို့ ဖြစ်သည်။

၎င်း ကော်မတီခွဲများအောက်တွင် အရေးအပေါ်အဖွဲ့ကို ကျောင်းဝန်ထမ်းများနှင့် ကျောင်းသား/ သူများ ပါဝင်သည့်အဖွဲ့ဝင်များနှင့်ဖွဲ့စည်းသည်။ ၎င်းအဖွဲ့များသည် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုနှင့်လမ်းညွှန်မှုအတိုင်း ဆောင်ရွက်သည်။ အရေးပေါ်အဖွဲ့ကို ကြိုတင်သတိပေးရေးအဖွဲ့၊ အရေးပေါ် ရွှေ့ပြောင်းရေးအဖွဲ့၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့၊ ရိက္ခာ၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တို့ဖြင့် ဖွဲ့စည်းထားသည်။ အဖွဲ့တစ်ဖွဲ့စီတွင် ဘေးအန္တရာယ်မဖြစ်ခင်၊ ဖြစ်နေစဉ်နှင့် ဖြစ်ပြီးချိန်တွင် ဆောင်ရွက်ရန်လုပ်ငန်းများကို ကောင်းစွာသတ်မှတ်ထားပြီးဖြစ်သည်။

## ၂.၃ ကျောင်းတွင်း အန္တရာယ်၊ ထိခိုက်လွယ်မှု၊ ဘေးဖြစ်နိုင်ခြေနှင့် စွမ်းဆောင်ရည်များ ဆန်းစစ်လေ့လာခြင်း

### ဤအခန်း၏ရည်ရွယ်ချက်

သင့်ကျောင်း၏ဘေးကင်းလုံခြုံမှုကိုမြှင့်တင်ရန် ဆောင်ရွက်ရခြင်းသည် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ (SDMC) ၏ ပထမအဆင့်ဖြစ်သည်။ အန္တရာယ်၊ ထိခိုက်လွယ်မှု၊ ဘေးဖြစ်နိုင်ခြေနှင့် စွမ်းဆောင်ရည်တို့ကို စာသင်ကျောင်းအဆင့်တွင် မည်သို့ဆန်းစစ်လေ့လာရမည်နှင့် ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်ရှိ အရင်းအမြစ်၊ စွမ်းဆောင်ရည်နှင့်ကျောင်းသို့ သွားရာလမ်းတလျှောက် နေ့စဉ်ကြုံတွေ့နိုင်သော သေးငယ်သည့် မတော်တဆ ဘေးဖြစ်နိုင်ခြေများအား မည်သို့ ဖော်ထုတ်ရမည်ကို သင်ယူရမည်ဖြစ်သည်။ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီက ပြုလုပ်မည့် အန္တရာယ်၊ ထိခိုက်လွယ်မှု၊ ဘေးဖြစ်နိုင်ခြေနှင့် စွမ်းဆောင်ရည်ဆိုင်ရာ ဆန်းစစ်လေ့လာမှုသည် (HVCA) သင်ခန်းစာ ၂.၄ တွင် ပါရှိသော ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို ရေးဆွဲရာတွင် အသုံးချနိုင်မည်ဖြစ်ပြီး အသုံးဝင်ပါလိမ့်မည်။ ဤလက်စွဲစာအုပ်၏ အခန်း (၄) တွင် အသေးစိတ်ဖော်ပြထားသော ဘက်စုံကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးမူဘောင် (CSS) ၏ ဒေါက်တိုင်(၁) - "ဘေးကင်းသည့် သင်ကြားရေး အဆောက်အဦးအတွက် ဖြည့်သွင်းရန် အချက်အလက်အနေဖြင့် ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်၏ လုံခြုံဘေးကင်းမှုကို စတင်ဆန်းစစ်လေ့လာရပါမည်။ "

### ကျောင်းတာဝန်ရှိသူတို့မှ ကျောင်းအဆင့်တွင် ဆောင်ရွက်ရန်လုပ်ငန်းများ

- သင်၏ စာသင်ကျောင်းနှင့် ရပ်ရွာလူထုမှ ကြုံတွေ့နိုင်သည့် အန္တရာယ်ကို ဖော်ထုတ်ပါ။ သင်၏စာရင်းနှင့် ဇယား (၁) နှင့် တိုက်စစ်ပြီး အခြားမည်သည့်အန္တရာယ်များ ရှိသည်ကို စစ်ဆေးပါ။
- အတိတ်တွင် ဖြစ်ပွားခဲ့ပြီးသော (သို့) အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်တို့၏ ထိခိုက်မှု အခြေအနေနှင့် ပမာဏများကို ဆန်းစစ်ပါ။ သင်၏တွေ့ရှိချက်များကို ဇယား (၂) တွင် ဖြည့်ပါ။
- ဖြစ်နိုင်ခြေ (အကြိမ်)နှင့် သက်ရောက်မှု (စိုးရွားမှု) ကို ဇယား (၃) ကိုအသုံးပြုပြီး အမှတ်ပေးပါ။ သင်၏ကျောင်းတွင်း ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်တွင် ဇယား (၃) ကို ထည့်သွင်းပါ။
- သင်၏ကျောင်းအတွက် ရေးဆွဲထားသော ရာသီခွင်ပြု ပြက္ခဒိန်ကို ကြည့်ပြီး မည်သည့် လရာသီသည် ဘေးအန္တရာယ် အဖြစ်ဆုံး ဖြစ်သည်ကို ကြည့်ပြီး ဇယား (၄) ကဲ့သို့ ဖြစ်ကြိမ်များသော အန္တရာယ်တို့ကိုလည်း ဖော်ထုတ်ပါ။
- ကျောင်းတွင် အန္တရာယ်ရှိနိုင်သည့် အရာဝတ္ထုများကိုလည်း ရှာဖွေဖော်ထုတ်ပါ။ သင်၏ စာရင်းနှင့် ဇယား (၅) ကို နှိုင်းယှဉ်ကြည့်ပြီး သင်ထည့်လိုသည့် အန္တရာယ်အရာဝတ္ထုများ ထပ်မံဖြည့်ပါ။ ဤလေ့ကျင့်ခန်းတွင် hazard hunt ကဲ့သို့ ပူးပေါင်းပါဝင်သည့် နည်းစနစ်ကို အသုံးပြုခြင်းအားဖြင့် ကလေးများကို ပါဝင်စေပါ။
- သင်၏ တွေ့ရှိချက်များကို ဇယား (၆) တွင် ထည့်သွင်းပြီး ကျောင်းတွင်း ဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအစဉ်တွင် ထည့်သွင်းပါ။
- တွေ့ရှိထားသည့် အန္တရာယ်ရှိ အရာဝတ္ထုများကို မြေပုံပြုလုပ်ပြီး ကျောင်းတွင် ပြသထားပါ။
- အန္တရာယ်ဆန်းစစ်လေ့လာချက်တွင် မည်သူ/ မည်သည့်နေရာများသည် အန္တရာယ်အရှိဆုံးအရာဝတ္ထုများဖြစ်ပါသလဲ။ ထိခိုက်လွယ်မှု ဆန်းစစ်လေ့လာချက်အပိုင်းတွင် ပေးထားသော နည်းစနစ်များကို အသုံးပြုပါ။
- ကျောင်းတွင်ရှိသော စွမ်းဆောင်ရည်များက ဘာလဲ၊ဘယ်သူတွေ၊ ဘယ်အုပ်စုတွေက အန္တရာယ်တွေကိုတုံ့ပြန်ဆောင်ရွက်နိုင်ပါသလဲ။
- ကျောင်းအတွင်းတွင် အန္တရာယ်များကို တုံ့ပြန်ဆောင်ရွက်ရန် အရင်းအမြစ်များ၊ ပစ္စည်းများက ဘာလဲ။ အရေးပေါ် ရွှေ့ပြောင်းရန် နေရာများက ဘယ်နေရာလဲ။ သင်၏ တွေ့ရှိချက်များကို ဇယား (၇) တွင် မှတ်သားပြီး ကျောင်းတွင်း အန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်တွင် ထည့်သွင်းပါ။
- ကျောင်းပတ်ဝန်းကျင်တွင် အန္တရာယ်ကိုတုံ့ပြန်ဆောင်ရွက်ရန် အရင်းအမြစ်တွေကဘာတွေလဲ။ အရေးပေါ် ရွှေ့ပြောင်းရန်ပြင်ပနေရာများက ဘယ်နေရာလဲ။ သင်၏တွေ့ရှိချက်များကို ဇယား(၈)တွင် မှတ်သားပြီး ကျောင်းတွင်းအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်တွင် ထည့်သွင်းပါ။ မြေပုံတွင် ထည့်သွင်းလျှင် ပိုသင့်တော်ပါသည်။
- ကျောင်း၏ အဆောက်အအုံဆိုင်ရာ အန္တရာယ်ကင်းရှင်းရေးအပိုင်းကို အပိုင်း (က) ၏ ခေါင်းစဉ် (၆)ခုဖြင့် ဖော်ပြထားမှုကို အသုံးပြုပြီး ဆန်းစစ်ပါ။
- အဆောက်အအုံမဟုတ်သည့် အရာဝတ္ထုများကို ဖော်ထုတ်ပြီး ကျောင်း၏ မလုံခြုံသည့်အခြေအနေတို့ကို ဖြစ်လာနိုင်သည့် ဆောင်ရွက်ရန်တို့ကို အသုံးပြုပြီး ဆန်းစစ်ပါ။ အဆောက်အအုံမဟုတ်သည့် အရာဝတ္ထုများဆိုင်ရာ အန္တရာယ်ကင်းရှင်းရေးကို အသေးစိတ် စုံစမ်းစစ်ဆေးမှုကို ဤအခန်း(၄) အောက်တွင် ဖော်ပြထားသည်။ ၎င်းတွေ့ရှိချက်များကို ကျောင်းတွင်းအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်တွင် ထည့်သွင်းပါ။

## အန္တရာယ်၊ ထိခိုက်လွယ်မှု၊ စွမ်းဆောင်ရည်ဆန်းစစ်လေ့လာမှု (HVCA)နှင့် ကျောင်းဘေးကင်းလုံခြုံမှုဆိုသည်မှာ အဘယ်နည်း၊ ဘာကြောင့်အရေးကြီးပါသလဲ

ဒေသတွင်ဖြစ်ပွားလေ့ရှိသည့် ဘေးဖြစ်နိုင်ခြေ၊ ကျောင်း၏ မည်သည့်အစိတ်အပိုင်းက ထိခိုက်လွယ်မှုရှိသည်၊ ကျောင်းတွင် ဖြစ်နိုင်သည့် အလားအလာရှိ ဘေးအန္တရာယ်နှင့် ၎င်းဘေးကျရောက်လာပါက ကျောင်းနှင့် ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီကတုံ့ပြန်ဆောင်ရွက်ရန် မည်သို့အကောင်းဆုံး ပြင်ဆင်ထားသင့်သည်ကို ဖော်ထုတ်ရန်အတွက် အန္တရာယ် ထိခိုက်လွယ်မှု၊ ဘေးဖြစ်နိုင်ခြေနှင့် စွမ်းဆောင်ရည်၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်၏ လုံခြုံဘေးကင်းမှုကို ဆန်းစစ်ခြင်းက အရေးကြီးသော အချက်အလက်ဖြစ်သည်။

ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီစဉ်ကို ပြင်ဆင်ရာတွင် အန္တရာယ်၊ ထိခိုက်လွယ်မှု၊ ဘေးဖြစ်နိုင်ခြေနှင့် စွမ်းဆောင်ရည်၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်၏ ဘေးကင်းလုံခြုံမှုကို ဆန်းစစ်ခြင်းက အခြေခံဖြစ်သည်။ ကျောင်းလုံခြုံမှုဆန်းစစ်ခြင်းသည် ကျောင်းပရဝုဏ်အတွင်းမှ အဆောက်အအုံပိုင်းနှင့် အဆောက်အအုံမဟုတ်သည့် အပိုင်းများ ဖွဲ့စည်းပုံ၊ ဆောင်ရွက်ပုံနှင့်အတွင်းရှိ ပစ္စည်းကိရိယာများကို စူးစမ်းရှာဖွေခြင်းဖြစ်သည်။ ထိုဆန်းစစ်ခြင်းတွင် ကျောင်းတည်နေရာနှင့် ပတ်ဝန်းကျင်ကိုလေ့လာသုံးသပ်ချက်များလည်းပါဝင်သည်။ ကျောင်းအသစ်ဖြစ်ပါက ရပ်ရွာတွင်းရှိနေရာနှင့် ပိုမိုဘေးကင်းသည့်နေရာ (၂) ခုတို့အနက်(၁) ခုကို ရွေးချယ်ရမည်။ နေရာချပြီးသား ကျောင်းဖြစ်ပါက ကျောင်းရွှေ့ရန်စကားပြောကောင်းပြောရမည်ဖြစ်သော်လည်း အများအားဖြင့် ဘေးဖြစ်လာပါက ထိခိုက်မှုကိုလျှော့ချရန် ဆောင်ရွက်ရမည့်ကိစ္စများ (သို့) ပြင်ဆင်မှု အစီစဉ်တွင်ပါဝင်သည့် အထူးပြင်ဆင်မှု ဆောင်ရွက်ချက်များအကြောင်း ဆွေးနွေးရမည်ဖြစ်သည်။

## အန္တရာယ်၊ ထိခိုက်လွယ်မှု၊ စွမ်းဆောင်ရည်ဆန်းစစ်လေ့လာမှုအတွက် လမ်းညွှန်ချက် (HVCA)

## အန္တရာယ်ဆန်းစစ်ခြင်း

ဘေးဆိုသည်မှာ အန္တရာယ်နှင့် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ခြေရှိသည့် ဘူမိဗေဒနှင့်ဆိုင်သောအန္တရာယ် ကမ္ဘာ့လေထုနှင့်ဆိုင်သောအန္တရာယ်၊ မိုးလေဝသနှင့်ဆိုင်သောအန္တရာယ်များ(သို့)သဘာဝဖြစ်စဉ်များကြောင့်ဖြစ်ပေါ်လာသည့် အန္တရာယ်များ(ဥပမာ-ငလျင်၊ မြေပြိုခြင်း၊ ရေကြီးခြင်း (သို့) မိုးခေါင်ခြင်း) ဖြစ်သည်။ အကြမ်းဖျဉ်းအားဖြင့် ဘေးသည် သဘာဝအလျောက် (သို့) လူတို့၏ ဖန်တီးမှု/လျစ်လျူရှုမှုကြောင့် ဖြစ်ပေါ်လာရသည်။ (Please refer copy of hazard profile of Myanmar (2009)။ ဇယား ၁ တွင် ဖော်ပြထားသကဲ့သို့ ဘေးအမျိုးအစား (၄) ရပ်ရှိသည်။

ဇယား ၁ - သဘာဝနှင့် လူဖန်တီးသော ဘေးများ

| ရေနှင့် မိုးလေဝသ ကြောင့်ဖြစ်သော ဘေး | ဘူမိအရင်းခံ ဘေး | လူတို့ ဖန်တီးသောဘေး | ဇီဝအခြေခံ ဘေး |
|---|---|---|---|
| • ရေကြီးခြင်း<br>• မိုးသီးကြွေခြင်း/ မိုးသီးမုန်တိုင်း<br>• Cloudbursts | • မြေပြိုခြင်း<br>• မြေငလျင် | • သစ်တောနှင့်တောစခန်း မီး<br>• အဆောက်အဦး ပြိုခြင်း | • ကပ်ဘေး<br>• ပိုးမွှား ကျရောက်ခြင်း<br>• ကျွဲနွားဘာယဘေး |
| • မိုးကြိုးပစ်ခြင်း<br>• အပူလှိုင်း<br>• အအေးလှိုင်း<br>• ရေခဲ/နှင်းပြိုခြင်း<br>• မိုးခေါင်ခြင်း | | • ဗုံးပေါက်ကွဲခြင်း<br>• ပွဲလမ်းသဘင်နှင့် ပတ်သက်သော ဘေး<br>• ဓာတ်လိုက်ခြင်းနှင့် လျှပ်စစ်မီးမှ တဆင့် မီးလောင်ကျွမ်းခြင်း<br>• လေကြောင်းနှင့် ကုန်းလမ်း မတော်တဆမှုများ | • အစာအဆိပ်သင့်ခြင်း |

အန္တရာယ် ဆန်းစစ်လေ့လာမှုသည် ကျောင်းနှင့် ၎င်းပတ်ဝန်းကျင်အား ခြိမ်းခြောက်မှုများကို ဖော်ထုတ်ရန်နှင့် အကြိမ်၊သတိပြုရမည့် လက္ခဏာနှင့် အချက်ပြမှုများ၊ ဖြစ်ပွားမှုအရှိန်၊ မည်သည့်ရာသီတွင်ဖြစ်ပွားသည်၊ ပြင်းအား၊ ပြင်းထန်မှု စသည်တို့ပါရှိသည့် သဘာဝ၊ လက္ခဏာများကိုနားလည်စေရန် ပံ့ပိုးပေးသည်။ စာသင်ကျောင်းနှင့် ရပ်ရွာမှလွန်ခဲ့သော နှစ် (၅၀) အတွင်း ရင်ဆိုင်ခဲ့ရသော (သဘာဝ နှင့် လူ့ပရောဂ) ကြောင့်ဖြစ်သည့် အန္တရာယ်အားလုံးကိုသမိုင်းကြောင်း၊ ဘေးအန္တရာယ်လမ်းကြောင်းဆန်းစစ်မှု၊ ရာသီခွင်ပြ ပြက္ခဒိန် စသည့်လက်စွဲစာအုပ်တို့ဖြင့် စာရင်းပြုစုပါ။ ဇယား ၂ တွင်ဖော်ပြထားသကဲ့သို့ ရေးသားပြုစုပါ။

ဇယား ၂ - ဘေးဖြစ်နိုင်ခြေ၊ ၎င်း၏ ပမာဏ/အတိုင်းအတာ၊ ၎င်းတို့ကြောင့် ပျက်စီးမှုများ

| ဘေးအမျိုးအစား | အချိန် - လ/ ခုနှစ် | သက်ရောက်မှု အဆင့် | အတိတ်က အတွေ့အကြုံနှင့် သက်ရောက်မှု |
|---|---|---|---|
| ငလျင် | ၂၀၁၁ | ဥပမာ<br>H | • ကျောင်းဆောင်၏ အခန်း (၃) တစ်စိတ်တစ်ပိုင်း ` ပျက်စီး။ |
| ဆိုင်ကလုန်း | ၂၀၀၇ | For example:<br>H | • အိမ် (၅)လုံး လုံးဝပျက်စီး၊ ၁၃ လုံး ၅၀ ရာခိုင်နှုန်းထက်မနည်း ထိခိုက်။<br>• သင်ကြားရေးပစ္စည်းများအပါအဝင် ကျောင်းလမ်းနှင့် ဆက်သွယ်နေသော အဓိကလမ်းများ အားလုံးနည်းပါး ပျက်စီး။ |
| ရေကြီးခြင်း | ၂၀၁၁ | For example:<br>H | • လမ်း၊ စာသင်ကျောင်း၊အိမ်နှင့် ကျောင်းသားများ၏ သင်ကြားရေးပစ္စည်းများ ပျက်စီး။<br>• ကျောင်းသားများ ကျောင်းပျက်၊ အစားအစာ ပြတ်လပ်။ |
| မီး | | | |
| ဆူနာမီ/ ရေငလျင် | | | |

- ♦ ဘေးတစ်ခုချင်းအလိုက် အနာဂတ်တွင်ဖြစ်နိုင်ခြေကို ဆွေးနွေးပါ။ အစိုးရတာဝန်ရှိသူများ၏ သတင်းအချက်အလက်ကို သုံးပါ။ အချို့ဘေးများမှာ ရာသက်ပန်၊ အချို့မှာ ရာသီပေါ်၊ အချို့မှာ တိုးတက်ဖြစ်ပေါ်၊ အချို့မှာအဖြစ်နည်းသော်လည်း ရှောင်လွှဲမရ စသော သဘာဝများရှိသည်။
- ♦ ကျရောက်နိုင်မှု အလားအလာကို ၁ မှ ၅ စကေးသုံးပြီး အဆင့်သတ်မှတ်ပါ။ (ရိုးရှင်းသောညွှန်းကိန်းများအပေါ် အခြေခံလျက်)
- ♦ စကေး ၁ မှ ၅ သုံးပြီး ဘေးအလိုက် သက်ရောက်မှုပြင်းအားကို သတ်မှတ်ပါ။ အောက်ပါသက်ရောက်မှုစာရင်းကို သုံးပြီး ဆုံးဖြတ်ပါ -

  - o လူ - အသေပျောက်၊ ထိခိုက်ဒဏ်ရာ၊ ကိုယ်လက်ချို့ယွင်းမှု
  - o ရုပ်ပိုင်း - အဆောက်အဦး၊ ပစ္စည်းနှင့် .. များ ထိခိုက်ပျက်စီးမှု အရေအတွက်နှင့် အတိုင်းအတာ
  - o ယဉ်ကျေးမှု - social assets နှင့် ယဉ်ကျေးမှုအမွေနှစ်များ ပျက်စီးမှု
  - o စီးပွားရေး - ပြုပြင်အစားထိုးမှု ကုန်ကျစရိတ်၊ ပညာရေးဆိုင်ရာ သက်မွေးဝမ်းကျောင်းလုပ်ငန်း ဆုံးရှုံးမှုများ
  - o သဘာဝပတ်ဝန်းကျင် - သဘာဝရင်းမြစ်များ၊ ကုန်း/ရေနေ သက်ရှိများ အရည်အသွေးလျော့ကျခြင်း
  - o စိတ်ပိုင်းဆိုင်ရာ - ပညာဆက်လက်သင်ကြားနိုင်မှု၊ မျှော်လင့်ချက်နှင့် အိပ်မက်များ ပျောက်ဆုံးခြင်း

ဇယား ၃ - အန္တရာယ် အမျိုးအစား၊ ကျရောက်နိုင်သည့် အလားအလာနှင့် ပြင်းအား

| စဉ် | အမျိုးအစား | ဘေးဖြစ်ပွားမှုအလားအလာ | | | | | သက်ရောက်မှုပြင်းအား | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | 1 | 2 | 3 | 4 | 5 | 1 | 2 | 3 | 4 | 5 |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |

## ရာသီခွင်ပြ ပြက္ခဒိန်

မိုးလေဝသ၊ ရာသီဥတုတို့နှင့် ဆက်စပ်နေသောသဘာဝဘေးများကို ၁ နှစ်အတွင်း ဖြစ်ပွားလေ့ရှိသော လအလိုက် လေ့လာနိုင်သည်။ ကာလအလိုက်ဖြစ်ပွားသော သဘာဝဖြစ်ရပ်/ဘေးများ၏ ရာသီအလိုက်ကွာခြားမှုကို လေ့လာနိုင်သော အခြားနည်းတစ်ရပ်မှာ ရာသီခွင်ပြပြက္ခဒိန်ဖြစ်သည်။ အောက်ပါဇယားမှာ ဘေးအမျိုးမျိုးနှင့် ဖြစ်ပွားချိန်များ ပါဝင်သော ရာသီခွင်ပြ ပြက္ခဒိန် နမူနာဖြစ်သည်။သင့်ကျောင်းကိုထိခိုက်စေသောဘေးများအတွက် ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲပါ။



ကျောင်း၏ ရာသီခွင်ပြဇယားနမူနာပုံစံ

ဇယား ၄ - ရာသီခွင်ပြ ပြက္ခဒိန်

| လအလိုက်ဖြစ်ပွားတတ်သောဘေး | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ဆိုးရွားသည့် မိုးလေဝသ | အအေး လှိုင်း | | | | အပူ လှိုင်း | | | | | | | အအေး လှိုင်း |
| မိုးရာသီ | | | | | ဂဿန် | | | | | | | |
| ရေကြီး တတ်သည့် ကာလ | | | | | | | | | | | | |
| အပူပိုင်း မုန်တိုင်း | | | | | | | | | | | | |
| မိုးခေါင်ကာလ | | | | | | | | | | | | |
| လေဆင် နှာမောင်း | | | | | | | | | | | | |

## စာသင်ကျောင်း ပတ်ဝန်းကျင်ရှိ ဘေးဖြစ်စေသည့် အရာများ

ဘေးဖြစ်နိုင်ခြေသည် အန္တရာယ်ဖြစ်စေနိုင်သည့် အရာများ၊ ၎င်းတို့နှင့် ကျောင်းပတ်ဝန်းကျင်၊ ကျောင်း အနီးအဝေးနှင့်လည်း ဆက်စပ်နေသည်။ အကွာအဝေး နီးလေ အန္တရာယ်ကြီးလေဖြစ်သည်။ ဇယား (၅)သည်အန္တရာယ်ရှိသောအရာများကိုဖော်ပြထားသည်။

ဇယား ၅ - စာသင်ကျောင်းတွင်း/အနီးတွင်ရှိသော ဘေးဖြစ်စေသည့်အရာများ

| |
|---|
| • လျှပ်စစ်ထရန်စဖော်မာ၊ ဗို့အားမြင့် လျှပ်စစ်ဓာတ်ကြိုး၊ သစ်သားဓာတ်တိုင် |
| • လက်ရန်းမပါသော လှေကား၊ စာသင်ကျောင်းမြေပေါ်ရှိ မြောင်းရိုးများ၊ အဖုံးအကာမဲ့ ရေတွင်း/ရေကန်များ |
| • ကျောင်းနှင့်နီးသော အသွားအလာများသည့် လမ်းများ |
| • သစ်ပင်အိုများ |
| • အသုံးမပြုသော၊ ထိခိုက်ပျက်စီးနေသည့် ကျောင်းဆောင်ဟောင်းများ |
| • ကျောင်းနှင့် နီးသည့် ကျောက်ပုံများ၊ မြစ်ချောင်းအင်းအိုင်များ၊ ကမ်းစောက်များ |
| • ကျောင်းပတ်ဝန်းကျင်ရှိ လျှိုမြောင်များ |
| • ကျောင်းအနီးအပါးရှိ ဘေးဖြစ်စေနိုင်သည့် စက်ရုံအလုပ်ရုံများ |

အောက်ပါဇယား ၆ ကို အန္တရာယ်ဖြစ်စေသည့် အရာအမျိုးမျိုး၏ သတင်းအချက်အလက်ကို စုဆောင်းရန်အသုံးပြုနိုင်ပြီး ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအစဉ်တွင်လည်း ထည့်သွင်းသင့်သည်။

ဇယား ၆ - အန္တရာယ်ဖြစ်စေသောအရာများ၊ ကျောင်းနှင့် ၎င်းတို့အကြား နီးကပ်မှု

| ဘေးအမျိုးအစား | ကျောင်းနှင့် အလွန်နီး (၀.၅ မိုင်အောက်) | ကျောင်းနှင့် နီး (၀.၅-၁ မိုင် အကွာအဝေး) | ကျောင်းနှင့်ဝေး (၁မိုင်ကျော်) | အန္တရာယ် |
|---|---|---|---|---|
| အန္တရာယ်ရှိ စက်ရုံ | | | | |
| အသွားအလာများသည့် လမ်းများ | | | | |
| အထပ်မြင့် အဆောက်အဦး | | | | |
| ရေနံဆီကဲ့သို့ မီးလောင်စေနိုင်သည့် ပစ္စည်းများအရောင်းဆိုင် | | | | |
| အဖုံးပွင့်/ပိတ်ဆို့/ညစ်ပတ်နေသည့် မြောင်းများ | | | | |
| ဓာတ်ဆီပိုက်များ | | | | |
| .................... | | | | |
| အဖုံးအကာမဲ့ ရေတွင်းများ | | | | |
| စမ်းချောင်းနှင့် မြောင်းရိုးများ | | | | |
| ဓာတ်အားပေးလိုင်းများ | | | | |
| အခြား | | | | |

## ထိခိုက်လွယ်မှုနှင့် လေ့လာဆန်းစစ်မှု

### ထိခိုက်လွယ်မှု ဆန်းစစ်ခြင်း

'အန္တရာယ်ကျရောက်နိုင်သည့်အရာများ'(လူ၊ ကျောင်းနှင့် အဆောင်များ)၏ ဘေးအလိုက်အားနည်းထိခိုက်လွယ်မှုကို မှန်းဆခြင်းနှင့်အန္တရာယ်ကျရောက်စေသည့် ဇစ်မြစ်၊ ရင်းခံများကို ခွဲခြမ်းစိစစ်ခြင်းတို့ဖြစ်သည်။ ဘေးကျရောက်စဉ်တွင် ကျောင်းနှင့်လူထု၏ ခန့်ခွဲနိုင်မှုကို ထိခိုက်လွယ်မှုက အားနည်းစေသည်။ ရုပ်ပိုင်းဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ စီးပွားရေး၊နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် အဖွဲ့အစည်းစသည့် အကြောင်းအချက်များက ထိခိုက်လွယ်မှုအတိုင်းအတာကို သတ်မှတ်သည်။

ထိခိုက်လွယ်မှုသည် ဘေးကြောင့် ဆုံးရှုံးမှု၊ ထိခိုက်မှုအလားအလာနှင့် ဆက်စပ်နေပြီး ဘေးခန့်မှန်းတွက်ဆခြင်း၊ ၎င်း၏ သက်ရောက်မှုကို တုံ့ပြန်ခြင်း၊ ခန့်ခွဲခြင်းတို့နှင့်လည်း သက်ဆိုင်သည်။ ထိခိုက်လွယ်မှုသည် ဘေးအန္တရာယ်ဖြစ်သည့်အချိန်အတွင်းတွင် ကျောင်းနှင့်ရပ်ရွာလူထုအား ပို၍အားယုတ်စေသည်။ ထိခိုက်လွယ်မှုဆန်းစစ်လေ့လာမှုအတွက်အသုံးဝင်သော လက်စွဲစာအုပ်များမှာ - (၁)ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်တွင် ဖြစ်ပေါ်တတ်သော ဘေးနှင့် ဘေးကြောင့်ဖြစ်လာသည့် ထိခိုက်လွယ်မှုကို ဖော်ထုတ်ရန် ထိခိုက်လွယ်မှုပြမြေပုံ (၂) ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်ရှိ ထိခိုက်လွယ်မှုကို လျော့ချပေးနိုင်သည့် အဖွဲ့အစည်းများကို သတ်မှတ်ရန် Venn (၃) နှစ်တစ်နှစ်အတွင်း ထိခိုက်လွယ်မှု အမျိုးမျိုးကို စူးစမ်းရန် ရာသီခွင်ပြ ပြက္ခဒိန် (၄) ထိခိုက်လွယ်မှုများကြား ဆက်စပ်မှုကို လေ့လာဆန်းစစ်ရန် Problem tree နှင့် အဆင့်ခွဲခြင်း။

ထိခိုက်လွယ်မှု လျော့ချခြင်းအတွက် စိတ်ပါဝင်စားမှုရှိသူများ၏ ပူးတွဲလုပ်ဆောင်မှု လိုအပ်သည်ဖြစ်ရာ ယခင်ကကြိုးပမ်းအားထုတ်မှုများကို ခွဲခြမ်းစိတ်ဖြာမှု မရှိမဖြစ် လိုအပ်သည်။ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ရပ်တည် အရေးဆိုခြင်းနှင့် လှုံ့ဆော်မှုများ၊ စနစ်အဆင့်မြှင့်ခြင်းနှင့် ဖွဲ့စည်းပုံဖြင့် လျော့ချခြင်း စီမံချက်များပါဝင်နိုင်သည်။ ကျောင်းတွင်းကျောင်းပြင်ရှိ ရနိုင်သမျှ အဆောက်အဦရင်းမြစ်များသည် တုံ့ပြန်ဆောင်ရွက်ရာတွင် အသုံးဝင်မည်ဖြစ်သည့်အတွက် စုဆောင်းစာရင်းပြုထားရမည်။ ကျောင်းတွင်းတွင် ခိုလှုံရေးဧရိယာနှင့် အမိုးအကာ၊ ဘေးဒုက္ခရင်ဆိုင်ရာတွင် အသုံးဝင်သည့် ပစ္စည်းပစ္စယများ၊ လေ့ကျင့်ထားသည့် လူများ၊ သတိပေးပစ္စည်းများ စသည်တို့ပါဝင်ပြီး ကျောင်းပြင်ပတွင် မီးသတ်စခန်း၊ ဆေးရုံ၊ ရဲစခန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် အိမ်၊ ကျေးရွာအုပ်စုရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးရုံး စသည်တို့ပါဝင်သည်။ ကျောင်းအနီးတွင်ရှိသော ရင်းမြစ်များသာမက ကျောင်းနှင့်ဝေးသော နေရာများမှလည်း ပါဝင်သည်။ ရရှိနိုင်သည့် အရင်းအမြစ်များကို ကျောင်းကို သက်ရောက်နိုင်မည့် အန္တရာယ်နှင့် ထိခိုက်လွယ်မှုပေါ်မူတည်ပြီး ဇယား (၇) နှင့် (၈) တွင်ရှိ ပုံစံကို အသုံးပြုပြီး ပြုစုထားသင့်သည်။ ဇယား (၂) ခုစလုံးကို ဘေးအန္တရာယ်စီမံခန့်ခွဲမှုတွင် အသုံးပြုသင့်သည်။

(ဇယား - ၇)  စာသင်ကျောင်းတွင် ရနိုင်သည့် ရင်းမြစ်များ

(အကွက်တွင်း အမှန် √ ခြစ်ပါ)

| လုံခြုံရေးပစ္စည်းနှင့် နည်းစနစ်များ | ရှိ | မရှိ |
|---|---|---|
| ရှေးဦးသူနာပြုစုရေး ပစ္စည်း | | |
| မီးသတ်ဆေးဘူး | | |
| သဲအိတ်အပါအဝင် မီးဘေးလုံခြုံရေးပစ္စည်းများ | | |
| သယ်ယူနိုင်သည့် လှေကား | | |
| ကိရိယာတန်ဆာပလာ (ဂေါ်ပြား၊ ဆွ၊ တူရွင်း၊ သံဖြတ်လွှ စသည်) | | |
| တယ်လီဖုန်း | | |
| တာပေါ်လင် | | |

| လုံခြုံရေးပစ္စည်းနှင့် နည်းစနစ်များ | ရှိ | မရှိ |
|---|---|---|
| ရေဒီယို | | |
| မော်တော်ဆိုင်ကယ်စီး ကာကွယ်ရေးဦးထုပ် | | |
| ကြိုး | | |
| သက်ကယ်အင်္ကျီ | | |
| ထမ်းစင် | | |
| လက်ကိုင်စပီကာ | | |
| လက်နှိပ်ဓာတ်မီး/ ဘက်ထရီ | | |
| HVCA အန္တရာယ်၊ ထိခိုက်လွယ်မှု၊ စွမ်းဆောင်ရည်၊ အရင်းအမြစ်ပြမြေပုံများ | | |
| ကျောင်းခိုလှုံရာပြမြေပုံနှင့် အစီစဉ် | | |
| Task force | | |
| ဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ ကျောင်းကော်မတီ | | |
| အရေးပေါ်ဆက်သွယ်ရန် လိပ်စာ အပြည့်စုံ | | |
| သောက်ရေအရင်းမြစ်များ (သွယ်ယူထားသည့်ရေ၊ တုံကင်၊ မိုးရေလှောင်ကန်) | | |
| မီးလွှာ (ကျား/ မ သီးသန့် အိမ်သာ) | | |
| ........ | | |

ဇယား ၈ - ကျောင်းပတ်ဝန်းကျင်ရှိ တုံ့ပြန်ဆောင်ရွက်ရေး အကူအညီရနိုင်သည့် နေရာများ

| အဆောက်အဦး | ကျောင်းနှင့် အကွာအဝေး | ဆက်သွယ်ရန် ပုဂ္ဂိုလ် | ဆက်သွယ်ရန် ဖုန်းနံပါတ် | အသေးစိတ် |
|---|---|---|---|---|
| ရဲစခန်း | ၁ ကီလိုမီတာ | | | |
| မီးသတ်စခန်း | | | | |
| ဆေးရုံ | | | | ကုတင် (၁၀)လုံး |
| အငှားကားဂိတ် | | | | |
| ဆေးအရောင်းဆိုင် | | | | |
| မသန်စွမ်းဂေဟာ | | | | |
| ကြက်ခြေနီ ရုံးခွဲ | | | | |
| ကျေးရွာဖွံ့ဖြိုးရေးကော်မတီ | | | | |

## ကျောင်းတွင်း လုံခြုံမှု ဆန်းစစ်လေ့လာချက် (ဆောင်ရွက်ရန်လမ်းညွှန်)

ကျောင်းမှ ကြုံတွေ့ရသော အန္တရာယ်များကိုသိရှိပြီး ဦးစားပေးလာသည့်အခါတွင် ၎င်းအန္တရာယ်တစ်ခုချင်းစီဖြင့် ဆက်နွယ်နေသော အဆောက်အအုံဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေနှင့် အဆောက်အအုံမဟုတ်သည့် အန္တရာယ်ဖြစ်နိုင်ခြေများအပြင် ထိခိုက်မှုကို လျှော့ချရန်နှင့် ပြန်လည်ထူထောင်ရေးတို့အတွက်ကိုလည်း ဆန်းစစ်လေ့လာမှု ပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။

အဆောက်အအုံ၏ တည်နေရာ၊ ပုံသဏ္ဍာန်နှင့် တည်ဆောက်ထားမှုသည် မီးဘေး၊ ငလျင်၊ ရေလွှမ်းမိုးမှု၊ နှင်း (သို့) လေပြင်းတိုက်ခတ်ခြင်း၊ အပူချိန်လွန်ကဲခြင်း၊ မီးတောင်ပေါက်ခြင်း(သို့) ဗုံးအန္တရာယ် စသည့်အခြေအနေတို့တွင် ထိခိုက်လွယ်မှုသည် မြင့်တက်ခြင်း (သို့) နိမ့်ဆင်းခြင်း ဖြစ်နိုင်သည်။ သင်သည် ၄င်းအန္တရာယ်များကိုဦးစားပေးရွေးချယ်သည်ဖြစ်လျှင် အဆောက်အအုံအန္တရာယ်ကင်းရှင်းစေရန်အတွက် အသင့်တော်ဆုံးမှာ စာသင်ကျောင်းဆောက်လုပ်စဉ်နှင့် ဆောက်လုပ်ရန် နေရာရွေးချယ်ကတည်းကပင် ၄င်းကိစ္စကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ သို့မဟုတ်ပါက သင်သည် မြို့နယ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တာဝန်ရှိသူများအား သင်တွေ့ရှိထားသော အန္တရာယ်များအကြောင်းကို သတင်းပေးထားရန်လိုအပ်နိုင်ပြီးကျောင်းကို ပြန်လည်မွမ်းမံခြင်း (သို့) ပိုမိုခိုင်ခံ့မှုရှိစေရန် ပြင်ဆင်ဆောက်လုပ်ခြင်းတို့အတွက် တောင်းဆိုပါ။
ဤမေးခွန်းများကို အခန်း(၄)တွင်ပြန်လည်ပါဝင်လာမည်ဖြစ်ရာ အောက်တွင်ဖော်ပြထားသော ပြဿနာများကိုလေ့လာခြင်းသည်လည်း အကျိုးရှိပါသည်။

## အဆောက်အအုံ အန္တရာယ်ကင်းရှင်းရေး ဆန်းစစ်လေ့လာချက်

အခန်း ၄ တွင်ပါဝင်သော ကျောင်းအဆောက်အအုံ ဘေးကင်းလုံခြုံရေး ဆောင်ရွက်ရန်စာရင်းတွင် အောက်ပါတို့ကို ထည့်သွင်းထားသည်။

| | |
|---|---|
| • တည်နေရာနှင့် မြေအမျိုးအစား<br>• ပစ္စည်းများ သယ်ယူပို့ဆောင်ရေးစနစ်<br>• အဆောက်အအုံအမြင့် | • ပုံသဏ္ဍာန်ဒီဇိုင်း<br>• ဆောက်လုပ်ထားမှု အသေးစိတ်အချက်အလက်များ<br>• ရေကြောင့်ပျက်စီးမှု |

ထပ်မံစုံစမ်းစစ်ဆေးရန် လိုအပ်နိုင်သည့် အဆောက်အအုံ အန္တရာယ်ကင်းရှင်းမှုဆိုင်ရာ စိုးရိမ်စရာများကိုဖော်ထုတ်ပါ။ ယင်းအခြေအနေများရှိနေခဲ့လျှင် ကျွမ်းကျင်အင်ဂျင်နီယာနှင့် အရည်အချင်းရှိ ဗိသုကာပညာရှင်တို့၏ အကူအညီဖြင့် သင်သည် ဆန်းစစ်ဆေးလေ့လာမှုပြုလုပ်ရန် လိုအပ်မည်။ အင်ဂျင်နီယာ၏ စုံစမ်းမှုအဖြေအရ အဆောက်အအုံ ထိခိုက်ပျက်စီးနိုင်မှုလျော့ချစေရန်အတွက် ဗျူဟာတစ်ခုကို ရေးဆွဲပြုစုရမည်ဖြစ်သည်။ ၄င်းဗျူဟာတွင် လက်ရှိ အဆောက်အအုံပြန်လည် ပြင်ဆင်ခြင်း (သို့) အနာဂတ်တွင် ဆောက်လုပ်မည့် ပုံစံကို ရေးဆွဲခြင်းတို့ ပါဝင်မည်ဖြစ်သည်။

## အဆောက်အအုံမဟုတ်သည့် အန္တရာယ်ကင်းရှင်းမှု ဆန်းစစ်ခြင်း

သင်သည် မီးဘေး၊ ငလျင်၊ ရေလွှမ်းမိုးမှုနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ကို ဦးစားပေးသတ်မှတ်ထားလျှင် သင့်အနေဖြင့် အဆောက်အအုံနှင့် ဆက်နွယ်နေသည့် အဆောက်အအုံမဟုတ်သည့် ဘေးဖြစ်နိုင်ခြေတို့ကို ဆန်းစစ်ရန် လိုအပ်လိမ့်မည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် စာသင်ခန်းများ၊ ရုံးခန်းများ၊ အခြားစုပေါင်း အသုံးပြုနေရာများကို ပိုမို အန္တရာယ်ကင်းစေလိမ့်မည်ဖြစ်သည်။ သုံးသပ်လေ့လာသည့်အဖွဲ့တွင် အခန်း/နေရာအသုံးပြုသူများနှင့် ပစ္စည်းများထိန်းသိမ်းရေးဝန်ထမ်းများလည်း ပါဝင်သင့်သည်။

မီးဘေးကာကွယ်ရေးနှင့် လုံခြုံမှုအစီအစဉ်များသည် သင်၏ ကျောင်းပုံသဏ္ဍာန် ရေးဆွဲမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထို့အပြင် ပုံမှန်ထိန်းသိမ်းဆောင်ရွက်ခြင်းနှင့် စမ်းသပ်ခြင်းတို့ ပြုလုပ်ရန်လည်း လိုအပ်မည်။ ၄င်းတို့ကို အခန်း (၂.၈) တွင် ရှင်းလင်းထားသည်။
လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး - လျှပ်စစ်ဓါယာရှော့ ဖြစ်နိုင်သော မီးကြိုးဟောင်းများကို ဂရုစိုက်ရမည်။

ဆိုင်ကလုန်း/လေပြင်းတိုက်ခတ်ခြင်းဆိုင်ရာ အန္တရာယ်ကင်းရှင်းရေးအတွက် ပြင်ဆင်ရာတွင် လေတိုက်သည့်အခါတွင်ပြုတ်ထွက်နိုင်သော၊ လွင့်စင်သွားနိုင်သော (သို့) ကျိုးပဲ့နိုင်သော အရာဝတ္ထုများကို စဉ်းစားပါ။ ၄င်းတို့တွင် အပင်မြင့်များ၊ လျှပ်စစ်မီးကြိုးများ၊ ရေတိုင်ကီများနှင့် အခြားသော အဆောက်အအုံများ ပါဝင်သည်။ ကျောင်းအဆောက်အအုံဆီသို့ ကျရောက်နိုင်သော၊ လွင့်စင်လာနိုင်သော ပစ္စည်းများပါဝင်သည်။ ဆောင်ရွက်နိုင်သည်များ မည်သူဆောင်ရွက်သင့်သည်နှင့် မည်သည့်အချိန်တွင်အပြီးဆောင်ရွက်ရမည်စသည်တို့ကိုမှတ်သားပါ။အဆောက်အအုံအတွင်းရှိလွင့်စင်နိုင်သော၊တစ်စုံတစ်ဦးပေါ်သို့ပြုတ်ကျလာနိုင်သော ကိရိယာများ (သို့) အရာဝတ္ထုများကိုလည်း ထိုနည်းတူစွာ စစ်ဆေးကြည့်ရှုပါ။ ပြတင်းပေါက်မှန်များကို စစ်ပါ။ မှန်ကွဲစများ လွင့်ပြီး စာသင်ခန်းအတွင်းသို့ မဝင်ရောက်စေရန် ကာကွယ်နိုင်မည့် နည်းလမ်းများကို စဉ်းစားပါ။

မြေငလျင် အန္တရာယ်ကင်းရှင်းရေးအတွက် အဆောက်အအုံတိုင်း၏အခန်းတိုင်းနှင့် အဆောက်အအုံပြင်ပရှိနေရာများကို စစ်ဆေးပါ။ လျောကျနိုင်သော၊ ပြုတ်ကျနိုင်သော၊ လွင့်စင်နိုင်သောအရာဝတ္ထုများကို စဉ်းစားပါ။ အထူးသဖြင့် ဂင်ပေါက်၊ ထွက်ပေါက်များကို ပိတ်ဆို့သွားနိုင်သော ပစ္စည်းများကို စစ်ဆေးပါ။ ဆောက်ရွက်ရန် လုပ်ငန်းများကို အခန်း (၂.၈)တွင်ကြည့်ပါ။

ရေလွှမ်းမိုးမှုနှင့် ကြမ်းခင်းအနိမ့်ပိုင်းတွင် ရေမြင့်တက်ခြင်းတို့မှ ကာကွယ်ခြင်း။ ရေတက်လာသည့် အခါတွင် လွတ်ကင်းနိုင်သည့် ဒုတိယထပ် (သို့) အထပ်မြင့်၊ စင်မြင့် (သို့) ရေစိုခံပုံးများ စသည်တို့ရှိပါသလား။ ၎င်းတို့ထဲတွင် ကျောင်းပိုင်တန်ဘိုးရှိပစ္စည်းများနှင့် ရိက္ခာများ ထည့်သွင်းသိုလှောင်ထားနိုင်ပါသလား။

## ၂.၄ ကျောင်းတွင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး အစီအမံရေးဆွဲခြင်းနှင့် မိတ်ဆက်ခြင်း

### ဤအခန်း၏ရည်ရွယ်ချက်

မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဥပဒေ (၂၀၁၃) တွင် အဆင့်တိုင်းရှိတာဝန်ရှိသူတို့မှ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို ရေးဆွဲပြုစုရန်လိုအပ်ကြောင်း ဖော်ပြထားသည်။ အပိုဒ် (၁၃) (၁၊ က) တွင် ဤဥပဒေအောက်တွင်ဆောင်ရွက်ရန်တာဝန်ရှိသောဌာနများ၊ အဖွဲ့အစည်းများသည် ဘေးအန္တရာယ်မဖြစ်ပွားမီအချိန်တွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်များ၊ ကြိုတင်ပြင်ဆင်ရေးနှင့် ကာကွယ်ရေးဆောင်ရွက်မှုအစီအစဉ်များနှင့်အညီ ဆောင်ရွက်ရန်တာဝန်ရှိကြသည်။ အပိုဒ် ၁၅ (ခ) တွင် ယင်းကြိုတင်ပြင်မှုများတွင် ကြိုတင်သတိပေးရေးစနစ်များ၊ ရှာဖွေကယ်ဆယ်ရေးသင်တန်းများနှင့် လေ့ကျင့်ခြင်းတို့ ပါဝင်သည်။

ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အဓိကလုပ်ငန်းမှာ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်ပင်ဖြစ်သည်။ အခန်း(၂.၁)တွင်ရှင်းလင်းဖော်ပြထားသည့်အတိုင်းကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်(SDMP)၏ရည်ရွယ်ချက်မှာ လိုအပ်သောဘေးအန္တရာယ်အတွက် အသင့်ပြင်ဆင်ထားခြင်းနှင့် ဘေးလွတ်ရာသို့ရွှေ့ပြောင်းခြင်း အစီအစဉ်များကို ခွဲခြားသတ်မှတ်ရန်၊ အရေးပေါ် အခြေအနေတစ်ခုတွင် ဆောင်ရွက်ရမည်များကို စီစဉ်ဆောင်ရွက်ရန်နှင့် ကျောင်းနှင့်၎င်း၏ ပတ်ဝန်းကျင်တွင် လေ့လာသိရှိပြီးသော အန္တရာယ်များ၊ ထိခိုက်လွယ်မှုများ၊ ဆုံးရှုံးနိုင်ခြေများနှင့် စွမ်းဆောင်ရည်များအပေါ် အခြေပြု ကာတုံ့ပြန်နိုင်မည့် စွမ်းဆောင်ရည်နှင့် ဆုံးရှုံးနိုင်ခြေလျှော့ချခြင်းများကို ဆထက်တိုးလုပ်ဆောင်နိုင်မည့် ရေရှည်အစီအမံများ ရေးဆွဲရန်ဖြစ်ပါသည်။

ဤအခန်း (၂) တွင်သင်တို့ရေးဆွဲဖန်တီးအကောင်အထည်ဖော်မည့် ကျောင်းတွင်းဘေးအန္တရာယ်ကို အသင့်ပြင်ဆင်ထားရေး အစီအမံသည် (ကဏ္ဍခွဲ၂.၃ပါ စူးစမ်းဖော်ထုတ်ခဲ့သည့် ဆုံးရှုံးနိုင်ခြေများကိုအခြေပြု၍) အစီအစဉ်ရေးဆွဲသည့်ဖြစ်စဉ်၊ အမှန်တကယ် အကာအကွယ်ပေးခြင်းနှင့် ရင်ဆိုင်တုံ့ပြန်နိုင်မည့်စွမ်းဆောင်ရည်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အောက်ပါအချက်များဖြစ်နိုင်ရန် ပုံဖော်ထားသည့် မူဂါဒများနှင့် လုပ်ထုံးလုပ်နည်းများပါဝင်ပါသည်။

- ကျောင်းသားများနှင့်ဝန်ထမ်းများကို ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများမှ ကာကွယ်ပေးရန်
- ကလေးသူငယ်အားလုံးအတွက် ပညာဆက်လက်သင်ကြားနိုင်ရေးကို သေချာစေရန်
- ဘေးကင်းလုံခြုံစေခြင်း ယဉ်ကျေးမှု (အလေ့အထ) ကို ပျိုးထောင်ထိန်းသိမ်းပေးရန်

ဤအခန်းမှ လမ်းညွှန်ချက်များကို အသုံးပြုပြီး ရေးဆွဲပြင်ဆင်ထားသည့် ဘေးအန္တရာယ် စီမံခန့်ခွဲအစီအစဉ်တွင် အောက်ပါ အခန်း (၄)ခန်း ပါရှိမည်ဖြစ်သည်။

၁။ ကျောင်းတွင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး အစီအမံ ရေးဆွဲခြင်းနှင့် မိတ်ဆက်ခြင်း(အခန်း ၂.၄)
၂။ ကျောင်းဘေးအန္တရာယ်နှင့် အရေးပေါ်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှု (အခန်း ၂.၅)
၃။ ကျောင်းပညာ ဆက်လက်သင်ကြားနိုင်ရေး (အခန်း ၂.၇)
၄။ ကျောင်းဘေးအန္တရာယ် ထိခိုက်မှုလျှော့ချခြင်း (အခန်း ၂.၈)

ဤအခန်း၏ရည်ရွယ်ချက်သည်အခန်း ၁ နိဒါန်းအားဖွံ့ဖြိုးစေရန်အတွက် လမ်းညွှန်မှုများပေးရန်နှင့် ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲပြင်ဆင်ရန်အတွက် စတင်ရန်ဖြစ်သည်။

### ကျောင်းတွင်းအဆင့်၌ ကျောင်းတာဝန်ရှိသူတို့မှ ဆောင်ရွက်ရန်လုပ်ငန်းများ

- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်၏ သဘောတရားနှင့် ၄င်း၏ အဓိကအပိုင်းများ နားလည်ထားရန်။
- ကျောင်း၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးကျင်းပပြီး ကျောင်းဘေးအန္တရာယ် အရေးပေါ် ပြင်ဆင်တုံ့ပြန်ရေး အစီအစဉ် SDEPR Plan ကို မည်သို့ ရေးဆွဲရမည်ကို ဆုံးဖြတ်ပါ။
- SDMP ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် အကြံပြုဖော်ပြချက်များကို ဆွေးနွေးပါ၊ မည်သည့်အခန်းကို ပေါင်းထည့်မည် သို့မဟုတ် ပယ်ထုတ်မည်၊ အဆိုပါသတ်မှတ်အခန်းများကို မည်သူကတာဝန်ယူ ရေးသားမည်ကို သတ်မှတ် သဘောတူပါ။
- အခန်း (၁)ဖော်ပြချက်များကို ဆွေးနွေးပြီး ညှိနှိုင်းဆောင်ရွက်ရန် လုပ်ငန်းတာဝန်များကို ခွဲဝေထားပါ။
- ကျောင်းအဆောက်အအုံများ၊ ပစ္စည်းများနှင့် ကျောင်းနှင့် ပတ်ဝန်းကျင်မြေပုံများစာရင်းကို ပြုစုပါ။

## ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် လက်တွေ့ကျသောစာအုပ်

ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်သည်ရှင်းလင်းပြီးလွယ်လင့်တကူနားလည်နိုင်ရမည်။ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်တစ်ခုစီသည်"လက်တွေကျင့်သုံးနေသောစာအုပ်" ဖြစ်သင့်သည်။ စဉ်ဆက်မပြတ်ဆောင်ရွက်ပြီး အဆုံးမရှိသည့်စာအုပ်ဖြစ်ပြီး အစဉ်အမြဲနောက်ဆုံးအခြေအနေဖြစ်စေရန် အချိန်ပိုင်းအလိုက်ပြင်ဆင်ရေးဆွဲရမည်။ လက်တွေ့ကျသည့် အစီအစဉ်များသည် လုပ်ငန်းစဉ်ကို ဦးစားပေးသည်။ ပူးပေါင်းဆောင်ရွက်ရမည့်အပိုင်းသည် ကိရိယာနှင့် စနစ်များသည် နေရာတကျရှိနေစေရန် ငွေကြေးရင်းနှီးမြှုပ်နှံမှုဆန်းစစ်ချက် အစီအစဉ်ဖြစ်သည်။ ထို့အပြင် ထိန်းသိမ်းမှု၊ ပံ့ပိုးမှု၊ သင်တန်း၊ စမ်းသပ်မှုနှင့်အစီအစဉ်ကိုဖြည့်စွက်ခြင်းတို့ပါဝင်သည်။ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်၊ အထူးသဖြင့် ၄င်း၏ရင်းနှီးမြှုပ်နှံမှုနှင့် ထပ်တလဲလဲကုန်ကျစရိတ်များကို ကျောင်းတိုးတက်ရေးအစီအစဉ်ဖြင့် ချိတ်ဆက်ထားသင့်သည်။

## ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ မိတ်ဆက်အစည်းအဝေးများကို ကျင်းပခြင်းဖြင့် ကျောင်း၏ ဘေးကင်းလုံခြုံရေး အစီအစဉ်များကို အစပြုခြင်း

"ဘေးကင်းလုံခြုံသောကျောင်း" ဖြစ်စေရန် ပထမခြေလှမ်းအဖြစ် ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် မိတ်ဆက်အစည်းအဝေးကို အဓိကပါဝင်ပတ်သက်သူများမှ ကျောင်းဘေးကင်းလုံခြုံမှုနှင့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအမံအတွက် လိုအပ်ချက်များကိုနားလည်စေရန် စုစည်းကျင်းပသင့်ပါသည်။ ထိုသူတို့တွင် ကျောင်းအုပ်ကြီး၊ ဆရာများ၊ အတန်းကြီးများမှ ရွေးချယ်ထားသော ကျောင်းသားများ၊ ဒေသခံအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကြက်ခြေနီများ၊ ဘုန်းတော်ကြီးများ၊ ရပ်ရွာတွင်းမှ သက်ကြီးရွယ်အိုများ၊ ဒေသခံအရန်မီးသတ်နှင့် ဒေသခံမြို့နယ် ပညာရေးဌာနမှ တာဝန်ရှိသူများပါဝင်သည်။ ဆရာမများ၏ကိုယ်စားလှယ်များနှင့် ကျောင်းသူများကိုလည်း အစည်းအဝေးတက်ရောက်ရန် အားပေးသင့်ပါသည်။

အစည်းအဝေးတွင် အောက်ပါကိစ္စရပ်များကို ဆွေးနွေးနိုင်ပါသည်။

- ကျောင်းတွင်းနှင့် ကျောင်းဝန်းကျင်တွင် မည်သည့်အန္တရာယ်များ ဖြစ်ပွားနိုင်ပါသနည်း။
- မည်သည့်ဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများ ဖြစ်ပွားနိုင်ပါသနည်း။
- ကျောင်းအပေါ်တွင် ဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေတို့ကြောင့် သက်ရောက်နိုင်ခြေများ။
- ဘေးအန္တရာယ်ကြောင့် သက်ရောက်မှုများကို ရှောင်ရှားရန် ဆောင်ရွက်ရမည့် အဆင့်များ။
- ဘေးအန္တရာယ်အတွက်အသင့်ပြင်ထားခြင်းနှင့် ဘေးလွတ်ရာသို့ရွှေ့ပြောင်းခြင်းအစီအမံများ၏အကျိုးကျေးဇူးများ။
- လိုအပ်သောရင်းမြစ်များ။
- ကျောင်းတွင်း ဘေးအန္တရာယ်အတွက် အသင့်ပြင်ဆင်ထားခြင်း အစီအမံများကို အထောက်အကူပြုနိုင်ရာသည့် တစ်ဦးချင်းပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ။
- အမျိုးမျိုးသော ဘေးအန္တရာယ်များအတွက် ဆောင်ရန်ရှောင်ရန်များနှင့် စပ်လျဉ်း၍ အသိပညာပေးခြင်း။

မြို့နယ်ပညာရေးမှူး၊ မြို့နယ်ကြက်ခြေနီအသင်းမှအရာရှိ၊ လေ့ကျင့်သင်ကြားမှုရရှိထားသော ကျောင်းအုပ်ကြီး သို့မဟုတ် ဆရာ သို့မဟုတ် ဒေသခံအစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးဦးက အဆိုပါအစည်းအဝေးကို ဦးဆောင်ဆွေးနွေးသင့်ပါသည်။

## ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် ပြင်ဆင်ချိန်နှင့် အကောင်အထည်ဖော်ဆောင်ချိန်တွင် အဓိက စဉ်းစားရန်အချက်များ

- အစီအမံများကိုအများပူးပေါင်းပါဝင်နိုင်သည့်နည်းလမ်းကိုသုံး၍ ရေးဆွဲပါ။ ကျောင်းပြင်ပကလေးများ၊ မသန်စွမ်းကလေးသူငယ်များနှင့် မိန်းကလေးများ၏ ကိစ္စရပ်များနှင့် လိုအပ်ချက်များကို ကျန်ရစ်ခဲ့ခြင်းမရှိစေရန် ထည့်သွင်းဆောင်ရွက်ပါ။
- ဘေးအန္တရာယ်များ၊ ထိခိုက်လွယ်မှုများ၊ စွမ်းဆောင်ရည်များနှင့် အရင်းအမြစ်များကို အသေးစိတ်စစ်ဆေး သုံးသပ်ချက်များပေါ်အခြေခံ၍ လုပ်ငန်းစဉ်များ ရေးဆွဲပါ။
- လုပ်ငန်းစဉ်များကို ပညာရေးနှင့် ပါဝင်ပတ်သက်နေသူများအား အသိပေးပါ။ သို့မှသာ ၎င်းတို့အနေဖြင့် အဆိုပါလုပ်ငန်းစဉ်များအပေါ် အကျွမ်းတဝင်ရှိပြီး ၎င်းတို့ မည်သည့်နေရာတွင် ပါဝင်ရမည်ကို သိရှိနိုင်ပေမည်။ သို့မှသာလုပ်ငန်းစဉ်များလည်း ထိရောက်စွာ အလုပ်ဖြစ်နိုင်ပါမည်။
- ပညာရေးတွင် ပါဝင်ပတ်သက်နေကြသူများကြားတွင် အရင်းအမြစ်များဖော်ထုတ်ဖန်တီးခြင်းနှင့် စီမံခန့်ခွဲမှုကိုအထောက်အကူပြုသည့်ပတ်ဝန်းကျင်တစ်ခုဖန်တီးနိုင်ရန်အလို့ငှာ ကာလအပိုင်းအခြားအလိုက် ကျောင်း၏ဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီအမံများနှင့် ပတ်သက်သည့် အစည်းအဝေးများကို ရုပ်/သံ အကူအညီများအသုံးပြုကာ ဆောင်ရွက်ကျင်းပပါ။
- စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်မည့် ရှေ့ဆက်လုပ်ငန်းများကိုစုစည်းကာ ၎င်းလုပ်ငန်းစဉ်ကို လက်တွေ့အသုံးချနိုင်စေရန်အတွက် အရည်အသွေးမြင့်မားအောင် ဆောင်ရွက်ပါ။
- ကျောင်း၏ဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီအမံများ ရေရှည်တည်တံ့စေရန်အတွက် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း အစီအမံ၊ အရေးပေါ်အခြေအနေကို ရင်ဆိုင်တုံ့ပြန်ခြင်း၊ ရှေးဦးပြုစုခြင်း၊ မီးဘေးအန္တရာယ် ကင်းရှင်းရန် ဆောင်ရွက်ခြင်း နှင့် ရှာဖွေကယ်ဆယ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန်ဆရာများကို လေ့ကျင့်သင်ကြားပေးပါ။
- အစီအမံကိုစမ်းသပ်လုပ်ဆောင်မှုအနေဖြင့် အစမ်းလေ့ကျင့်ခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ပါ။

## ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် သင်ခန်းစာ (၁) ၏ ခေါင်းစဉ်

### သင်ခန်းစာ ၁။ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်အား သုံးသပ်ကြည့်ရှုခြင်းနှင့် မိတ်ဆက်ခြင်း

၁။ ကျောင်းအားမိတ်ဆက်ခြင်းနှင့် ၎င်း၏တည်နေရာ
၂။ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်၏ ရည်ရွယ်ချက်များ
၃။ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်နှင့် ၎င်း၏ သင်ခန်းစာအကြောင်းအရာများ
၄။ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတို့ ဆက်သွယ်ရန်အချက်အလက်အပြည့်အစုံပါရှိသော အခန်းကဏ္ဍများ၊ တာဝန်များနှင့် အဖွဲ့ဝင်များ
၅။ မိဘဆရာအသင်းနှင့် ကျောင်းကော်မတီများ၏ ဖော်ပြချက်အကျဉ်းနှင့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် ချိတ်ဆက်ခြင်း
၆။ ကျောင်းအဆောက်အအုံများနှင့် ကျောင်းပိုင်ပစ္စည်းများစာရင်း (အသေးစိတ်ကိုနောက်ဆက်တွဲတွင်ကြည့်ပါ)
၇။ ကျောင်းမြေပုံများနှင့် ပတ်ဝန်းကျင်များ၊ အရေးပေါ် ရွှေ့ပြောင်းရန်လမ်းကြောင်းများနှင့် စုဝေးရန်နေရာများ
၈။ ကျောင်းအရေးပေါ်ပြင်ဆင်ရေးအစီအစဉ်အပါအဝင် အချိန်ပိုင်းအလိုက် ဆွေးနွေးပေးခြင်းအစီအစဉ်များ
၉။ အစီအစဉ်ကို ပြန်လည်သုံးသပ်ခြင်းနှင့် နောက်ဆုံးအခြေအနေပြုလုပ်ခြင်း

## ကျောင်းနှင့် ပတ်ဝန်းကျင်မြေပုံ

ကျောင်းမြေပုံသည် အစီအမံ၏ မရှိမဖြစ် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဆရာများနှင့် အခြားကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ (SDMC)အဖွဲ့ဝင်များအသီးသီး တာဝန်ခွဲဝေယူပြီး ကျောင်းနှင့်၎င်း၏ ပတ်ဝန်းကျင်ကို အသေးစိတ်စူးစမ်းလေ့လာမှုများပြုလုပ်ဆောင်ရွက်ကာ အဆိုပါမြေပုံကို ရေးဆွဲသင့်ပါသည်။ မြေပုံတွင်အောက်ပါတို့ကို ထည့်သွင်းဖော်ပြထားရမည်။



ကျောင်း၏ အန္တရာယ်နှင့် အရင်းအမြစ်ပြမြေပုံ

- အခြေခံအဆောက်အဦးအားလုံး (ဥပမာ - အဆောက်အအုံများ၊ စာသင်ခန်းများ၊ ဂန်ထမ်းများ နားနေခန်း၊ စာကြည့်တိုက်၊ အိမ်သာများ၊ ဓာတ်ခွဲခန်းများ၊ အရေးပေါ် သုံးပစ္စည်းများ (ပြန်ကြားဆက်သွယ်ရေးစနစ်၊ မီးသတ်ဆေးဘူး၊ မီးချိတ်မီးကပ်၊ သဲအိတ်၊ ရှေးဦးပြုစုရန်ကိရိယာများ စသဖြင့်)ကိုထားရှိရန်သတ်မှတ်ထားသောနေရာများ
- အရေးပေါ်အခြေအနေတစ်ခုတွင်အသုံးပြုမည်ဟုသတ်မှတ်ထားပြီး အနှောင့်အယှက်အတားအဆီးကင်းဝေးသော ဘေးလွတ်ရာသို့ ခိုလှုံရာ လမ်းကြောင်း၊ ကျောင်းသားများ ဘေးလွတ်ရာသို့ ခိုလှုံနိုင်မည့် ကျောင်းတွင်း သို့မဟုတ် ကျောင်းပရဝုဏ် ပြင်ပရှိ သတ်မှတ်ထားသော ဘေးကင်းရာနေရာ (စုရပ်)

ဒုတိယမြေပုံတွင် ကျောင်းပတ်ဝန်းကျင် သို့မဟုတ် ကျောင်းတည်ရှိရာအဝန်းအဝိုင်းအကြောင်းထည့်သွင်းရေးဆွဲသင့်ပြီး မိဘများ၊ ရပ်ရွာခေါင်းဆောင်များနှင့် ပူးပေါင်းရေးဆွဲသင့်ပါသည်။ အဆိုပါမြေပုံတွင် အောက်ပါအချက်များ ပါဝင်သင့်ပါသည်။

- ပထဝီဒေသဆိုင်ရာ သွင်ပြင်လက္ခဏာများ (ရေကန်များ၊ မြစ်များ၊ မြေနိမ့် /မြင့်အခြေအနေ၊ တောင်ကုန်းများ၊ ကမ်းခြေ စသဖြင့်)
- သယ်ယူပို့ဆောင်ရေး (လမ်းများ၊ တံတားများ၊ လေ့များ၊ ရထားလမ်းများစသဖြင့်) ဘေးကင်းရာနေရာ သို့မဟုတ် ခိုလှုံရာသို့ ရွှေ့ပြောင်းမည့်လမ်းကြောင်းများ
- အနီးဆုံးရရှိနိုင်သောရင်းမြစ်များ (အများသုံးဖုန်း၊ ရဲစခန်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ တိုက်နယ်ဆေးရုံ၊သဘော်ဆိပ်၊ ကြက်ခြေနီ၊ ဘုရား/ပုထိုး/ဘုရားကျောင်း/ဗလီ စသည်)

ကျောင်းမြေပုံများကို ကျောင်းသား/သူများအားမျှဝေပြီး ကျောင်းတွင်းရှိကြော်ငြာသင်ပုန်းအပါအဝင် နေရာအမျိုးမျိုးတွင်ပြသထားသင့်ပါသည်။

## ကျောင်း၏ ဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအမံများကို ရှင်းလင်းတင်ပြခြင်း

ကျောင်း၏ ဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအမံများ (SDMP) ကို ဆရာများ၊ ကျောင်းသားများနှင့် အကူအညီပေးနေသော ဝန်ထမ်းများအားလုံးကို ရှင်းလင်းတင်ပြခြင်းမှာ အရေးကြီးပါသည်။ ကျောင်း၏ ဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအမံများ SDMP ကိုကျောင်းစုဝေးပွဲတွင် ဖတ်ကြားရှင်းလင်းနိုင်ပါသည်။အတန်းတစ်တန်းစီတွင်လည်း ဖတ်ကြားဆွေးနွေးနိုင်ပါသည်။ ကျောင်း၏ ဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအမံများ SDMP ၏ မိတ္တူတစ်စုံကို ကျောင်းကြော်ငြာသင်ပုန်းတွင် ကပ်ထားသင့်ပါသည်။ ရှင်းလင်းတင်ပြခြင်းကို ဒေသတွင်း အခြေအနေများပေါ် မူတည်၍ အခြားနည်းလမ်းများဖြင့်လည်း ဆောင်ရွက်နိုင်ပါသည်။ ကျောင်း၏ ဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအမံများ SDMP နှင့် ရင်းနှီးကျွမ်းဝင်စေရန် ဆောင်ရွက်ခြင်းကို စာသင်နှစ်တစ်နှစ်အစတွင် အနည်းဆုံးတစ်ကြိမ် ဆောင်ရွက်သင့်ပါသည်။ သို့မှသာ ကျောင်းသားသစ်များအနေဖြင့် ဘေးလွတ်ရာသို့ပြောင်းရွှေ့ခြင်းလုပ်ငန်းစဉ်များနှင့် အခြား ကျောင်း၏ဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအမံများ SDMP ၏အခြားအချက်အလက်များကို သိရှိသွားမည် ဖြစ်ပါသည်။

## ပြန်လည်ရှုမြင်သုံးသပ်ကာ ကာလ၊ ဒေသ၊ အချိန် ဆီလျော်အောင် ပြန်လည်ပြင်ဆင်ခြင်း

ကျောင်း၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအမံများ(SDMP) ကို ကာလအပိုင်းအခြားအလိုက် ပြန်လည်ရှုမြင်သုံးသပ်ကာခေတ်နှင့် ဆီလျော်အောင်ပြင်ဆင်သင့်ပါသည်။ ၎င်း၏ အသုံးဝင်မှုကိုသေချာစေရန်အတွက် အစီအမံကို ပြန်လည်ရှုမြင် သုံးသပ်ကာ ပြန်လည်အဆင့်မြှင့်ပြင်ဆင်ရန် တစ်နှစ်လျှင်တစ်ကြိမ် (ဥပမာ - ဇွန် သို့မဟုတ် ဇူလိုင်) အချိန်သတ်မှတ်ထားသင့်ပါသည်။ အစီအမံနှင့် ၎င်း၏ထိရောက်မှုကို သုံးသပ်ရန်နည်းလမ်းတစ်ခုမှာ အစီအမံ၏ ကဏ္ဍအမျိုးမျိုးကို ကာလအလိုက်လေ့ကျင့်ရန် ဖြစ်ပြီး ဇာတ်တိုက်လေ့ကျင့်ခန်းများ၊ အထူးသဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းများလည်း ပါဝင်နိုင်ပါသည်။ ၎င်းက ကဏ္ဍခွဲ ၂.၅ ၏ လေ့ကျင့်ခန်းများနှင့် တင်ပြချက်များမှ တုံ့ပြန်ချက်များကို လွှမ်းခြုံထားပြီး အစီအမံ၏လုပ်ဆောင်ချက်သည် ၎င်းနှင့်ပတ်သက်သည့် တိုးတက်မှုအခြေခံများနှင့် အဆင့်မြှင့်တင်ရန်များလည်း ဖြစ်ပါသည်။ အဆင့်မြှင့်တင်ကာပြင်ဆင်ထားပြီးသောအစီအမံကို ဆွေးနွေးပွဲများမှတဆင့် ကျောင်းအသိုက်အဝန်းကြားတွင် ထပ်မံရှင်းလင်းတင်ပြကာ ကြော်ငြာသင်ပုန်းတွင်လည်း ကပ်ထားသင့်ပါသည်။ အမှန်စင်စစ် အဆင့်မြှင့်တင်ကာ ပြင်ဆင်ထားပြီးသော အစီအမံကိုလည်း နောက်နောင်လေ့ကျင့်မည့် လေ့ကျင့်ခန်းများ၊ သဏ္ဍာန်တူလေ့ကျင့်မှုများတွင် စမ်းသပ်သင့်ပါသည်။ အစီအမံကို အဆင့်မြှင့်တင်ပြင်ဆင်ရမည့် တာဝန်များသည် ကျောင်းသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ (SDMC) ပေါ်တွင် အဓိကတင်ရှိပါသည်။

အောက်ပါမေးခွန်းများက အစီအမံ၏အရည်အသွေးကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရာတွင် သေချာစေရန်အတွက် အကူအညီပေးပါသည်။

၁. ကျောင်းတွင်း ကျောင်းသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီကို တည်ထောင်ပြီးပါပြီလား။ အဖွဲ့ဝင်များအဖြစ် အကူအညီ ပေးနိုင်မည့် ကျောင်းသားများနှင့် မိဘများကို ပါဝင်ထည့်သွင်းရန် စဉ်းစားထားပါသလား။
၂. ဖွဲ့စည်းထားသည့် ကော်မတီဝင်များအား အကြောင်းကြား အသိပေးထားပြီး ၎င်းတို့၏ တာဝန်နှင့် ဝတ္တရားများကို သတ်မှတ်ထားပြီးပါပြီလား။
၃. ကျောင်းတွင်း ကော်မတီအဖွဲ့ဝင်များနှင့် အကူအညီပေးနိုင်မည့် ပုဂ္ဂိုလ်များ အမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်များ အပြည့်အစုံနှင့် ပြုစုထားပါသလား။

၄. ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အဖွဲ့ဝင်များနှင့် TaskForce အဖွဲ့ ငယ်များ (ကြိုတင်သတိပေး၊ ရှာဖွေကယ်ဆယ်ရေး ၊ ရှေးဦးပြုစုခြင်း ) အဖွဲ့ဝင်များအတွက် ၎င်းတို့နှင့် သက်ဆိုင်သော သင်တန်းများ လေ့ကျင့်သင်ကြားပေးထားပြီး ဖြစ်ပါသလား။

၅. ကျောင်းအနေဖြင့် မြို့နယ်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များနှင့် SDMC အကြားတွင် အဆက်အသွယ်ရှိအောင်စဉ်းစားလုပ်ဆောင်ထားပြီး ၎င်းအဖွဲ့များ အပြန်အလှန်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ရှာဖွေထားပါသလား။

၆. ကျောင်းအနေဖြင့် SDMP စာရွက်စာတမ်းများကို ရေးဆွဲဖြန့်ဝေပြီး ကော်မတီနှင့် လုပ်ငန်းအဖွဲ့များက ၎င်းကိုသုံးသပ်ချက်များအား ထည့်သွင်းထားပြီး ဖြစ်ပါသလား။

၇. ပုံမှန်အစည်းအဝေးများ၊ ဇာတ်တိုက်လေ့ကျင့်ခန်းများနှင့် အခြားအသိပညာပေးခြင်းနှင့် သင်တန်းပေးခြင်းလုပ်ငန်းများကို စီစဉ်ထားရှိပါသလား။

### ကျောင်း၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအမံတွင် ထိခိုက်လွယ်သောသူများနှင့် အဖွဲ့များပါဝင်မှုကို သေချာပါစေ - လုပ်ဆောင်ရမည့် နည်းလမ်းများ ( သင်ခန်းစာ ၁ ၏ အပိုင်း ၁၀)

အစီအမံတွင် အားလုံးနှင့်သက်ဆိုင်သော ပုံစံဒီဇိုင်းဆိုင်ရာစည်းမျဉ်းများနှင့် မြှင့်တင်ထားသော သုံးစွဲမှုများကို သေချာလုပ်ဆောင်ပြီး မသန်စွမ်းသောကလေးများ ပါဝင်စေခြင်းအပါအဝင် ၎င်းတို့၏ လိုအပ်ချက်များကို အထူးတလည် ဂရုပြုပါ။ မိန်းကလေးများအတွက် သူတို့၏ ဘေးကင်းလုံခြုံမှုကို အထူးတလည် ဂရုပြုပါ။ အစီအမံတွင် အဆိုပါကလေးသူငယ်များ၏ အရေအတွက်နှင့် ၎င်းတို့၏ အထူးတလည် လိုအပ်ချက်များကို ထည့်သွင်းဖော်ပြထားပါ။ ဤအရာနှင့်ပတ်သက်၍ ကဏ္ဍခွဲ (၅.၁)နှင့် (၅.၂) တွင် ဖော်ပြထားပါသည်။

## ၂.၅ ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအမံများမှ အရေးပေါ်အခြေအနေကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ် ရေးဆွဲခြင်း

ဤအခန်း၏ရည်ရွယ်ချက်သည် ယခင်အခန်း (၂.၃) တွင်ပြုစုရေးသားခဲ့သော အန္တရာယ်၊ ထိခိုက်လွယ်မှု၊ စွမ်းဆောင်ရည်ဆန်းစစ်အကဲဖြတ်ခြင်းကို အသုံးပြုရန်အတွက် ပံ့ပိုးကူညီရန်ဖြစ်သည်။ ၎င်းသည် ကျောင်းဘေးအန္တရာယ်၊ အရေးပေါ်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုကို အရေးပေါ်အခြေအနေနှင့် ဘေးအန္တရာယ်တစ်ခုဖြစ်သည့် အချိန်အတွင်းတွင် ကျောင်း၏ စွမ်းဆောင်ရည် တိုးတက်စေရန်အတွက် ဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေရန်အတွက် အခန်းတစ်ခန်းကို ပြုစုရေးသားရန်ဖြစ် သည်။

ဘေးအန္တရာယ်များဖြစ်ပွားချိန် (သို့) မကြာခဏဖြစ်လေ့ရှိသည့် အရေးပေါ်အခြေအနေများတွင် ကလေးများနှင့်ဝန်ထမ်းများတွင်ဘေးဖြစ်နိုင်ခြေရှိကြပြီး ကာကွယ်ပေးရန်လိုအပ်နိုင်ပြီး ရွှေ့ပြောင်းရန်လည်းလိုအပ်နိုင်သည်။ ဤအခန်းတွင် သင်ပြုစုရေးသားပြီး အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျောင်းဘေးအန္တရာယ်ပြင်ဆင်မှုသင်ခန်းစာတွင် အစီအစဉ်၏လုပ်ငန်းစဉ် (အခန်း ၂.၃ တွင်ပါဝင်ခဲ့သော ဘေးဖြစ်နိုင်ခြေဆန်းစစ်ချက် )၊ ရုပ်ပိုင်းဆိုင်ရာကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှု၊ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု၊ ကျောင်းသား/သူများနှင့် ဝန်ထမ်းများကို ရုပ်ပိုင်းဆိုင်ရာထိခိုက်အနာတရ မဖြစ်စေရန်အတွက် ကာကွယ်ပေးရန် မူဝါဒများနှင့် လုပ်ငန်းစဉ်များ ပါဝင်သည်။ ဤ SDM ၏ SDEPR အခန်း အစီအစဉ်သည် အဓိကပါဝင်ပတ်သက်သူများ အခန်းကဏ္ဍနှင့် တာဝန်များ၊ ညှိနှိုင်းဆွေးနွေးခြင်း၊ အရေးပေါ်အခြေအနေတွင် ထိန်းချုပ်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက်မှုတို့ ပါဝင်သည်။

ကျောင်းတာဝန်ရှိသူတို့မှ ကျောင်းဘေးအန္တရာယ် အရေးပေါ်ပြင်ဆင်တုံ့ပြန်ရေး အစီအစဉ်
SDEPR Plan ကို ရေးဆွဲခြင်း

- ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်တွင် ပါဝင်သော အခန်း ၄ ခန်းပေါ် မူတည်၍ ကျောင်းတွင်းဘေးအန္တရာယ် လျှော့ချရေး၊ အရေးပေါ်အခြေအနေကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ခြင်းအစီအစဉ်များ ရေးဆွဲဖော်ထုတ်ရန်။
- ကျောင်း၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးကျင်းပပြီး ကျောင်းဘေးအန္တရာယ် အရေးပေါ်ပြင်ဆင် တုံ့ပြန်ရေး အစီအစဉ် (SDEPR Plan) ကို မည်သို့ ရေးဆွဲရမည်ကို ဆုံးဖြတ်ပါ။
- SDMP မှ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် အကြံပြုဖော်ပြချက်များကိုဆွေးနွေးပါ၊ မည်သည့်အခန်း ကိုပေါင်းထည့်မည် သို့မဟုတ် ပယ်ထုတ်မည်၊ အဆိုပါ သတ်မှတ်အခန်းများကို မည်သူကတာဝန်ယူ ရေးသား မည်ကို သတ်မှတ် သဘောတူပါ။
- အခန်း (၁)ဖော်ပြချက်များကိုဆွေးနွေးပြီး ညှိနှိုင်းဆောင်ရွက်ရန် လုပ်ငန်းတာဝန်များကို ခွဲဝေထားပါ။
- ကျောင်းအဆောက်အအုံများ၊ ပစ္စည်းများ၊ ကျောင်းနှင့် ပတ်ဝန်းကျင်မြေပုံများ စာရင်းကို ပြုစုပါ။
- ဤအခန်းတွင်ပါဝင်သော လမ်းညွှန်ချက်ကိုအခြေခံ၍ လိုအပ်သည့်အထောက်အပံ့နှင့် လူပုဂ္ဂိုလ် အဖွဲ့အစည်း များကို စာရင်းပြုစုပါ။
- ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပေးမှုအတွက် အဆောက်အဦးနှင့် သက်ဆိုင်သော အန္တရာယ် ရင်ဆိုင်ရမှုနှင့် အဆောက်အဦးနှင့် မသက်ဆိုင်သော အန္တရာယ်ရင်ဆိုင်ရမှုများကို စာရင်းပြုစုထားပါ။ လမ်းညွှန်ချက် ၄.၂ ကို ကြည့်ပါ။
- ဖြစ်နိုင်ခြေရှိသော အန္တရာယ်များအတွက် သတင်းအချက်အလက် ရရှိနိုင်မည့် အရင်းအမြစ်ကို ဖော်ထုတ်ပြီး ကြိုတင်သတိပေးရေးအဖွဲ့မှ သတိပေးနိုင်ရန်အစီအစဉ်များ ရေးဆွဲထားရန်။
- ဇယား ၉ တွင်ပါဝင်သော ဆက်သွယ်ရမည့်သူများ စာရင်းများကို အခြေခံပြီး အရေးပေါ်အခြေအနေတွင် ဆက် သွယ်ရန်အတွက် မှတ်သားထားရန်။
- အခန်း ၂.၅ တွင် ပေးထားသော လမ်းညွှန်ချက်အတိုင်း ဘေးကင်းရာသွားလမ်းကြောင်းနှင့် ခိုလှုံရာနေရာများ ကို ဖော်ထုတ်ထားရန်။
- အခန်း ၂.၆ တွင် လမ်းညွှန်ထားသည့်အတိုင်း အရေးပေါ်အခြေအနေတွင် ပညာဆက်လက် သင်ကြားနိုင်ရန် အစီအစဉ်များ ချမှတ်ထားရန်။
- အရေးပေါ်အခြေအနေတွင် ပညာဆက်လက်သင်ကြားနိုင်ရန်အတွက် စာသင်ကျောင်းပြင်ပနေရာများဖြစ်သော စာသင်ကျောင်းအနီးရှိ အခြားစာသင်ကျောင်းများ၊ ပညာရေးမှုးရုံးများနှင့် အခြားသင့်တော်သော နေရာများ စီစဉ်ထားရန်။
- ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီနှင့် အဖွဲ့ငယ်ကလေးများကို သတင်းအချက်အလက်များဖြန့်ဝေ ပေးခြင်း၊ မိတ်ဆက်အစည်းအဝေးကျင်းပခြင်းနှင့် သင်တန်းများ ပံ့ပိုးပေးနိုင်ရန်အတွက် အစီအစဉ်များရေးဆွဲ ထားရန်။
- လုပ်ငန်းအစီအစဉ်များကို ပြန်လည်သုံးသပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်းနှင့် တာဝန်ယူ လုပ်ဆောင်မည့်သူများအား သတ်သတ်မှတ်မှတ် တာဝန်ခွဲဝေပေးရန်။
- ကျောင်းစုဝေးကွင်းကို ဖော်ထုတ်ထားရန်။
- အစီအစဉ်တစ်ခုလုံးကို ပြုစုပြီးပါက ကျောင်းတွင်းဘေးအန္တရာယ် လျှော့ချရေးကော်မတီမှ ပြန်လည်သုံးသပ် ခြင်းနှင့် အတည်ပြုရန်ဖြစ်ပါသည်။ အခန်း ၅ ကို အခြေခံပြီး အားလုံးပါဝင်သော အစီအစဉ်ဖြစ်ရန် ရေးဆွဲသင့် ပါသည်။

ဘေးအန္တရာယ် ကျရောက်ချိန်တွင် အရေးပေါ်ကြိုတင်ပြင်ဆင်မှု၊ တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ်များ ဆောင်ရွက်ရန် အစီအမံများ

- အရေးပေါ်အခြေအနေဖြစ်လျှင်ဖြစ်ခြင်း ကျောင်းသားများနှင့် ဝန်ထမ်းများကို ကြိုတင်သတိပေးရေးအဖွဲ့မှ သတင်းပေးရမည်။
- အရေးပေါ်အခြေအနေကိုထိန်းချုပ်ရန် ပထမအဆင့်ကို စတင်သင့်သည်။ ဥပမာ - မီးလောင်လျှင်မီးသတ်ဆေးဘူး (သို့) အခြားရှိသည့် ပစ္စည်းများအသုံးပြုပါ။
- တပြိုင်နက်သတိပေးမှုကိုလေ့လာသုံးသပ်မှုအဖွဲ့မှဆန်းစစ်သင့်သည်။ ရွှေ့ပြောင်းခြင်းကိုရွှေ့ပြောင်းဆောင်ရွက်ရေးအဖွဲ့မှ ဦးဆောင်သင့်သည်။
- ရွှေ့ပြောင်းဆောင်ရွက်ရေးအဖွဲ့သည် လူဦးရေစစ်သင့်ပြီး လေ့ကျင့်သင်ကြားထားသည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့မှ ပျောက်ဆုံးနေသော လူများကို ရှာဖွေသင့်သည်။
- ရှေးဦးပြုစုရေးအဖွဲ့သည် ထိခိုက်ဒဏ်ရာရသူများကို လေ့ကျင့်သင်ကြားထားသော ရှေးဦးပြုစုခြင်းနည်းဖြင့် ချက်ချင်းပြုစု ကုသပေးရမည်ဖြစ်သည်။
- ရှေးဦးပြုစုသည့် အစီအစဉ်ပြီးသည့်အခါတွင် ထိခိုက်ဒဏ်ရသူများကို လိုအပ်ပါက နီးစပ်ရာဆေးရုံဆေးခန်းသို့ အမြန်ဆုံး ပို့ဆောင်ရမည်။
- မီးသတ်ဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ချက်ချင်းအကြောင်းကြားသင့်သည်။
- အခြေအနေကို ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် အဖွဲ့ဝင်အားလုံးမှ တည်ငြိမ်စွာကိုင်တွယ်သင့်သည်။ ကျောင်းသား/သူများကို သူတို့၏ ဆရာ/မများမှ တည်ငြိမ်မှုရှိစေရန် ထိန်းကျောင်းသင့်သည်။
- ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသည် ဘေးအန္တရာယ်ဖြစ်နေသည့် နေရာတွင်းသို့ဝင်ရောက်ပြေးသွားသူများကို တားမြစ်ရမည်။
- အရေးအပေါ်အခြေအနေ ပြီးဆုံးသည့်အခါတွင် သင်ယူရရှိသည့် သင်ခန်းစာနှင့် အနာဂတ် တိုးတက်ရေးဆောင်ရွက်မှုများကို ကျောင်းလူထုနှင့်အတူ ဆွေးနွေးသင့်သည်။

## ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် အရေးပေါ်အခြေအနေပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှု (SDEPR) သင်ခန်းစာ ဆက်လက်ရန်။

သင်ခန်းစာ ၂ ။ ကျောင်းဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေ ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း

၁။ ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်ရေးအထူးအဖွဲ့များ၏ အခန်းကဏ္ဍများ၊ တာဝန်များနှင့်အဖွဲ့ဝင်များ။
၂။ အရေးပေါ်နှင့် ပံ့ပိုးမှုအဖွဲ့များ၏ တယ်လီဖုန်းနံပါတ်များနှင့် ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ။ ကျေးရွာလူကြီး၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ အရံမီးသတ်ဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ NGO များ၊ ဆရာဝန်များ၊ ဆေးရုံများ စသည်တို့ပါဝင်သည်။
၃။ ကျောင်းသား/သူများကို အန္တရာယ်ရှိသော အရာဝတ္ထုများနှင့် ကျန်းမာရေးအတွက် ဘေးဖြစ်နိုင်ခြေများမှ ရုပ်ပိုင်းဆိုင်ရာကာကွယ်ခြင်း။
၄။ အသက်ကယ်ရန်နှင့် အရေးအပေါ်အခြေအနေအတွက် လိုအပ်သောကိရိယာများ။
၅။ အရေးပေါ်အခြေအနေ သတိပေးစနစ်။
၆။ ကျောင်းအရေးပေါ်ရွှေ့ပြောင်းရန် အစီအစဉ်နှင့် မြေပုံ၊ လုပ်ငန်းစဉ်အဆင့်များ၊ လမ်းကြောင်း၊ စုဝေးရန်နေရာများနှင့် မိသားစုများပြန်လည်ပေါင်းစည်းရန် ဘေးကင်းလုံခြုံသည့်နေရာများ။
၇။ မိဘများနှင့် အုပ်ထိန်းသူများကို သတင်းပေးရန် အဆင့်များ။
၈။ အရေးပေါ် သယ်ယူပို့ဆောင်ရေးအတွက် ပံ့ပိုးမှု။
၉။ အရေးကြီးသည့် ကျောင်းမှတ်တမ်းများ ထိန်းသိမ်းခြင်း။

၁၀။ အစီအစဉ်ကို အစမ်းလေ့ကျင့်ခြင်းနှင့် အချိန်ပိုင်းအလိုက် ဇာတ်တိုက်လေ့ကျင့်ခန်းများ (အခန်း ၂.၆)။
၁၁။ အထူးအဖွဲ့ငယ်များကို သင်တန်းပေးခြင်း။

နောက်ဆက်တွဲများတွင် ......

- စာသင်ကျောင်း၏ အန္တရာယ်၊ ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည် ဆန်းစစ်လေ့လာချက် (အခန်း ၂.၃ ၏ ရလဒ်များ ပါဝင်သည်)
- ကျောင်းပိုင်ပစ္စည်းစာရင်း အသေးစိတ်
- အန္တရာယ်အမျိုးမျိုးအတွက် ဆောင်ရန်၊ ရှောင်ရန်များ

## အကြံပြုထားသော ဥက္ကဌ၏ အခန်းကဏ္ဍနှင့် တာဝန်များနှင့် အဓိကအထူးအဖွဲ့ငယ်များ ဖွဲ့စည်းခြင်း ( သင်ခန်းစာ ၂ ၏ အပိုင်း ၁)

### ကြိုတင်သတိပေးရေး၊ ကြိုတင်လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့




ကြိုတင်သတိပေးအဖွဲ့၏ ဆောင်ရွက်ချက်

- ကျောင်းတွင်းဆက်သွယ်ရေးအစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ရန်။
- ကြိုတင်သတင်းပေးရေးအဖွဲ့နှင့်အတူ ကြိုတင်ရွေးချယ်ထားသော သတိပေးအမှတ်အသားများကိုအသုံးပြုရမည်။ ယင်းအမှတ်အသားများကို ကျောင်းတွင် လူထုနှင့် အသိပေးထားပြီး ပြင်ဆင်သည့်အချိန်များနှင့်ရွှေ့ပြောင်းဆောင်ရွက်ရေးအဆင့်များကို အကြံပြုပေးရမည်ဖြစ်သည်။
- ဆက်သွယ်ရေးနှင့် သတိပေးရေး သတင်းအချက်အလက်များအားလုံး သိမ်းဆည်းထားရမည်။
- ဘေးအန္တရာယ်များနှင့် သက်ဆိုင်သည့် ဆက်သွယ်ရေးအားလုံးကို သင့်လျော်သလို ဆောင်ရွက်ပါ။
- ရေလွှမ်းမိုးမှု၊ မြေပြိုမှု၊ မီးဘေး၊ မိုးကြိုး၊ လေထန်ခြင်းစသည့် အချိန်များတွင် အန္တရာယ်ကင်းအောင် မည်သို့နေထိုင်ရမည်ကို အချိန်နှင့်အမျှ မျှဝေထားရမည်။
- တရားဝင်သတင်းထုတ်ပြန်ချက်မဟုတ်သည့် ကောလဟာလသတင်းများကို သတိပြုရမည်။
- အထူးတာဝန်အဖွဲ့များ၏ အဖွဲ့ဝင်များစာရင်းကို အမြဲစိစစ်ပြုစုရမည်။
- ကျောင်းတွင် ကြိုတင်သတိပေးရေးစနစ်၊ ကျောင်းဆက်သွယ်ရေးအစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများအတွက်ပြင်ဆင်ပါ။
- ကြိုတင်သတိပေးရေးအဖွဲ့ဝင်များနှင့် ကြိုတင်သတိပေးစနစ် အချက်ပြသင်္ကေတများနှင့် ၎င်းတို့၏ လုပ်ဆောင်မှုများကို မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များအား အသိပေးထားပါ။
- မြို့နယ်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများ ဖြစ်လာနိုင်သည့်ခြောက်လှန့်မှုများအတွက် ပုံမှန်နောက်ဆုံးသတင်းများရယူပြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာန၏ အကြံပြုချက်များ ရယူပါ။

- ဖြစ်လာနိုင်သည့် အန္တရာယ်များကို သုံးသပ်လေ့လာပြီး ၎င်းတို့၏အခြေအနေများကို စောင့်ကြည့်ပြီး SDMCမှပြင်ပ အကူအညီရနိုင်သောအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်းပင်နိုင်ရန်အတွက် သတင်းပို့ပါ။
- ကြိုတင် သတ်မှတ်ထားသော အချက်ပေးသံများဖြင့် ကျောင်းသား/သူများအား ကြိုတင်ပြင်ဆင်ချိန်နှင့် အရေးပေါ် ရွှေ့ပြောင်းသည့် အချိန်များအတွက် အသိပေးထားပါ။
- အရေးကြီး ပုဂ္ဂိုလ်များ၊ နေရာများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်များကို ပြင်ဆင်ထားပါ။ (ဆေးရုံ၊ မီးသတ်၊ ရဲဌာန)
- မီးသတ်ဌာန၊ ရဲဌာန၊ ကျန်းမာရေး တာဝန်ခံများ၊ ပညာရေးဌာနနှင့် အခြားဌာနများကို အရေးပေါ်အခြေအနေ အတွက် စည်းရုံးထားပါ။
- အရေးပေါ်သုံး ကိရိယာများ အသုံးပြုပုံကို မျှဝေထားပါ ။ ( ဥပမာ - မီးသတ်ဆေးဘူး )၊ လျှပ်စစ်မီး ပင်မခလုတ်၊ အရေးပေါ်သုံးကိရိယာတို့ ထားသည့်နေရာ။
- ရေကြီးမှု၊ မြေပြိုမှု၊ မီးဘေး၊ မိုးကြိုးနှင့် လျှပ်စီး စသည့်အချိန်များတွင် မည်သို့ဆောင်ရွက်ရမည်ကို မကြာမခဏ ပြန်လည်မျှဝေပြောဆိုပါ။
- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်၏ အရေးပေါ်ရွှေ့ပြောင်းရန်အစီအစဉ်ကို ပြုစုရေးသားခြင်း၊ မကြာခဏ ပြန်သုံးသပ်ခြင်းနှင့် နောက်ဆုံးအခြေအနေဖြစ်အောင် ဆောင်ရွက်ပြီး ရွှေ့ပြောင်းမည့်လမ်းကြောင်းနှင့် အန္တရာယ် ကင်းရှင်းစွာ စုဝေးမည့်နေရာများကို ရပ်ရွာအား အသိပေးထားပါ။
- အရေးပေါ်ရွှေ့ပြောင်းရန်မြေပုံများကိုပြင်ဆင်ပြီး အန္တရာယ်ကင်းရှင်းစွာစုဝေးမည့်နေရာများကိုကျောင်းသား/သူများ စုဝေးနိုင်စေရန် ပြင်ဆင်ထားပါ။
- ဆရာ/မများ၊ ကျောင်းသား/သူများကို အရေးပေါ်အခြေအနေတွင် ရွှေ့ပြောင်းရာလမ်းကြောင်းမှတဆင့် ဦးဆောင် ခေါ်လာပြီး ရွှေ့ပြောင်းလာသူများ၏ အမည်စာရင်းများကိုပြုစုထားပါ။ ပျောက်ဆုံးနေသူများ၏ အမည်စာရင်းကို ရှာဖွေကယ်ဆယ်ရေးအဖွဲ့ထံသို့ စာရင်းပေးပါ။
- အရေးပေါ်ရွှေ့ပြောင်းရန်နေရာများ လိုအပ်လာပါက အဆင်သင့်ဖြစ်နေစေရန် စီမံထားပါ။
- ကျောင်းပစ္စည်းများကို ကာကွယ်နိုင်ရန်အတွက် ပြင်ပဂိတ်တံခါးများနှင့် တံခါးများကို ပိတ်ထားပါ။
- လေ့ကျင့်ခန်း/သဏ္ဍာတူလေ့ကျင်ခန်းများကို ခလေ့ထုံးစံများနှင့်အညီ ဆောင်ရွက်ပါ။(အနည်းဆုံးတစ်နှစ်တစ်ကြိမ်)

## ရှေးဦးပြုစုခြင်းအဖွဲ့



ရှေးဦးပြုစုခြင်းအဖွဲ့၏ ဆောင်ရွက်ချက်

- ကျောင်းတွင်းအရေးပေါ်ရွှေ့ပြောင်းရန်နေရာတွင် လိုအပ်သည့်ဆေးဝါးများပါဝင်သည့် ရှေးဦးပြုစုခြင်းဆေးသေတ္တာ နှင့် ဆေးပစ္စည်းများ ထားရှိပါ။ အရေးပေါ်အခြေအနေတွင် အသုံးပြုနိုင်ရန် ရှေးဦးပြုစုခြင်းအတွက် သတ်မှတ်ထား သော နေရာကိုလည်း ရွှေ့ပြောင်းဆောင်ရွက်ရေးအဖွဲ့အား အသိပေးထားပါ။
- ရှေးဦးပြုစုခြင်းနှင့် ဆေးဝါးကိုယ်တိုင်ပြုစုစောင့်ရှောက်ရေးသင်တန်းများအတွက် ပဏာမကျန်းမာရေးဌာန၊ မြို့နယ် ကျန်းမာရေးဌာန၊ ကြက်ခြေနီနှင့် အခြား ကျန်းမာရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။
- အရေးပေါ်အခြေအနေတွင် ရှေးဦးပြုစုခြင်း ဆေးခန်းနေရာများကို ထားရှိရန် ရွှေ့ပြောင်းဆောင်ရွက်ရေးအဖွဲ့နှင့် အတူ ဆောင်ရွက်ပါ။

- ရှေးဦးပြုစုခြင်းနှင့် ကျန်းမာရေးဝန်ဆောင်မှုများနှင့် ဆေးဝါးများရရှိမှုအား ထိန်းချုပ်သည့်အပိုင်းအတွက် ညွှန်ကြားချက်ပေးပါ။
- အရေးပေါ် ရွှေ့ပြောင်းခိုလှုံရာနေရာတွင် အန္တရာယ်ကင်းသည့် သိုလှောင်မှုနှင့် အစားအစာကိုင်တွယ်ရန် အတွက် သေချာ စီစဉ်ပါ။
- အရေးပေါ် ရွှေ့ပြောင်းခိုလှုံရာနေရာတွင် လုံလောက်သော မိလ္လာစနစ်နှင့် တကိုယ်ရေ သန့်ရှင်းမှုရှိစေရန် စီစဉ်ပါ။
- ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၊ ဆရာ/မများအား ထိခိုက်ဒဏ်ရာရသူများနှင့်သူတို့၏အခြေအနေတို့အား သတင်းပေးပါ။
- အထူးကျန်းမာရေးဝန်ဆောင်မှုများလိုအပ်လာသည့်အခါတွင် ကျောင်း/ရပ်ရွာလူထုနှင့်အနီးဆုံးပမာဏ ကျန်းမာရေးစောင့်ရှောက်မှုဌာနနှင့် အခြားကျန်းမာရေးဝန်ဆောင်မှုများ ရနိုင်မည့်နေရာများကို ရွေးချယ်ထားပါ။
- ဒေသဆေးရုံမှ တာဝန်ရှိသူအသီးသီးအား အခြေအနေနှင့် အသေအပျောက်စာရင်း/ဒဏ်ရာရသူစာရင်းကိုအသိပေးပြီး ဒဏ်ရာရသူများကို ဆေးရုံသို့ အမြန်ဆုံးပို့နိုင်ရန် စီစဉ်ပါ။
- မွမ်းမံသင်တန်းများနှင့် ရှေးဦးပြုစုခြင်း အစမ်းလေ့ကျင့်ခန်းများကို ပုံမှန်ပြုလုပ်နိုင်ရန် စီစဉ်ပါ။

## ရှာဖွေကယ်ဆယ်ရေးအဖွဲ့




ရှာဖွေကယ်ဆယ်ရေးအဖွဲ့၏ ဆောင်ရွက်ချက်

- ကယ်ဆယ်ရေးဝန်ဆောင်မှုပေးသည့်အဖွဲ့ ဖွဲ့ပြီး လေ့ကျင့်ပေးခြင်းအားဖြင့် သူတို့သည် ရှေးဦးပြုစုခြင်းနှင့် အသက်ကယ်နည်းစနစ်များတွင် ကျွမ်းကျင်မှုရှိလာမည်ဖြစ်ပြီး ပညာရေးမှူးရုံး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မီးသတ်ဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးတို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။
- သင်တန်းစီစဉ်ရန်အတွက် လိုအပ်သည့် ငွေကြေးလျာထားချက်များကို တောင်းဆိုပါ။
- အသေအပျောက်များသည့် အခြေအနေတွင် ရှာဖွေခြင်း၊ ကယ်ဆယ်ခြင်းနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များကို ကျောင်းတွင်ဆောင်ရွက်ပြီး အရေးပေါ်ရွှေ့ပြောင်းရန် ယာဉ်အကူအညီများအတွက် ညှိနှိုင်းထားပါ။
(ဥပမာ - လူနာတင်ယာဉ်)
- ကယ်ဆယ်ရေးဝန်ဆောင်မှုပေးမည့်အဖွဲ့များသည် ရှေးဦးပြုစုခြင်းနှင့် အသက်ကယ် နည်းစနစ်များကိုတတ်မြောက်ထားရမည်။
- ကျောင်း၏ ဂိတ်တံခါး၊ ထွက်ပေါက်များဖော်ပြထားသည့် မြေပုံ၊ ထိခိုက်လွယ်သည့်နေရာများ၊ ကျောင်းသား/သူများ ဆရာ/မများစာရင်း၊ သော့များ၊ လူနာထမ်းစင်များ၊ ကြိုး၊ လှေခါးများကို ကြိုတင်ပြုစုထားရမည်။
- ပြင်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို အခြေအနေဆိုးရွားပါက ခေါ်ယူနိုင်ရန် စုစည်းထားပါ။
- အရေးပေါ်ရွှေ့ပြောင်းဆောင်ရွက်ရေးအဖွဲ့မှ ပျောက်ဆုံးနေသည့် လူများစာရင်းကို ရယူပါ။
- ဒဏ်ရာရသူများကို ရှေးဦးပြုစုခြင်း ဆေးခန်းသို့ ပို့ဆောင်ပြီး လိုအပ်သည့် ဆေးဝါးထောက်ပံ့မှုများ ရယူပါ။
- ဒဏ်ရာရသူများကို  ရှေးဦးပြုစုနည်းဖြင့် ကူညီပါ။
- အဆောက်အအုံရှိ အခန်းအားလုံးကို စစ်ဆေးပြီး ဒဏ်ရာရသူများကို ရှေးဦးသူနာပြုအဖွဲ့သို့ သတင်းပို့ပါ။
- အစမ်းလေ့ကျင့်ခန်းများ စီစဉ်ပါ။ အသိပညာပေးခြင်း၊ ဆွေးနွေးညှိနှိုင်းပေးခြင်းတို့ကို မကြာခဏ ပြုလုပ်ပေးခြင်းဖြင့် သူတို့၏ ကျွမ်းကျင်မှုများကို မှတ်မိစေမည်ဖြစ်ပါသည်။

## အဓိကအဖွဲ့အစည်းများနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအတွက် ဆက်သွယ်ခြင်း (သင်ခန်းစာ ၂ ၏ အပိုင်း၂)

ဤသင်ခန်းစာတွင် အဓိက ဆက်သွယ်ရန်စာရင်းများ ပါဝင်သင့်သည်။ အထူးသဖြင့် တုံ့ပြန်ဆောင်ရွက်သည့် လုပ်ငန်းများ လုပ်သည့် အဖွဲ့အစည်းများနှင့် ပါဝင်ပတ်သက်သူများအားလုံးသည် အဆင့်သင့်ရှိနေရမည်။ သို့မှသာ လိုအပ်သည့် အချိန်တွင် စုစည်းနိုင်မည်ဖြစ်သည်။ (ဇယား ၉ မှ ပုံစံကို ကြည့်ပါ)

ဇယား - ၉ အရေးပေါ်ကာလတွင် ဆက်သွယ်ဆောင်ရွက်ရန် အဖွဲ့အစည်းများ စာရင်း

| အရေးကြီးသည့် ပါဝင်သူများ | ဆက်သွယ်ရမည့်သူ၏ အမည်/လိပ်စာ | ဖုန်း | ကျောင်းမှ အကွာအဝေး | တယ်လီဖုန်းနံပါတ် |
|---|---|---|---|---|
| မြို့နယ်အရေးပေါ်ကယ်ဆယ်ရေးဌာန | | | | |
| ဒေသတွင်း ဆေးရုံ /ဆေးပေးခန်း / ဆေးဆိုင် | | | | |
| အနီးဆုံးဆေးဆိုင် | | | | |
| မီးသတ်ဌာန | | | | |
| ရဲဌာန | | | | |
| ကြက်ခြေနီ | | | | |
| VDMC နှင့် VTDMC ဥက္ကဌများ | | | | |
| ကျောင်းအုပ် | | | | |
| ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ | | | | |
| မိဘ/ဆရာအသင်း | | | | |
| မြို့နယ်ပညာရေးမှူးရုံး | | | | |
| မြို့နယ်နှင့် ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး ကော်မတီ | | | | |
| အခြား | | | | |
| ....... | | | | |

ဆက်သွယ်ရန်စာရင်းကို အထူးတပ်ဖွဲ့တစ်ခုချင်းစီအတွက်ထိန်းသိမ်းသင့်ပြီး အမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်( အိမ်ဖုန်း၊လက်ကိုင်ဖုန်း) များပါဝင်သင့်သည်။ ဘေးအန္တရာယ်ဖြစ်နေသည့်အချိန်တွင်ပင် အသုံးပြုနိုင်သောဌာနအတွင်း ဆက်သွယ်ရေးစနစ် တီထွင်နိုင်ရန် ကြိုးပမ်းသင့်သည်။ သို့မှသာ အဖွဲ့အစည်းများသည် အရေးပေါ်အခြေအနေ၏ နောက်ဆုံးအခြေအနေကို သိရှိနိုင်မည်ဖြစ်သည်။ အဓိက တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့အစည်းများ၏ ဆက်သွယ်ရန်စာရင်းကို သတင်းအချက်အလက်ဘုတ်များ၊ စာသင်ခန်းများနှင့် အခြားလိုအပ်သော နေရာများတွင် အရေးပေါ်အခြေအနေအတွက် ပြသထားမည်ဖြစ်သည်။

## ရုပ်ပိုင်းဆိုင်ရာ ကာကွယ်ခြင်း (သင်ခန်းစာ ၂ အပိုင်း ၃)

ကျောင်းအဆောက်အအုံများ၊ မြေပြင်များနှင့်အခြားပစ္စည်းများကို အညစ်အကြေးနှင့် ရေညှိများမှကာကွယ်နိုင်ရန် ထိန်းသိမ်းသင့်သည်။ အဆောက်အအုံများ ပျက်ဆီးလျှင် ပြင်ဆင်သင့်သည်။ အဆောက်အအုံများကို လျှောင်ပြတ်ရွှေ့ကြောများ၊ လေ (သို့) ရေလွှမ်းမိုးခြင်း စံချိန်စံနှုန်းများနှင့် ကိုက်ညီအောင် ပုံစံရေးဆွဲသင့်ပြီး ကျွမ်းကျင်အင်ဂျင်နီယာမှ စစ်ဆေးသင့်သည်။ အဆောက်အအုံ စံချိန်စံနှုန်းများနှင့် မကိုက်ညီလျှင် ပြန်လည်ပြင်ဆင်ခြင်း (သို့) ဖြည့်စွက်တည်ဆောက်ခြင်းတို့ ပြုလုပ်သင့်သည်။ အန္တရာယ်တစ်ခုအတွက် အောက်ပါ ရုပ်ပိုင်းဆိုင်ရာ ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ရန် အကြံပြုပါသည်။

မြေငလျင်ဒဏ်ကျရောက်နိုင်သည့်နေရာများတွင်၊ ငလျင် ဖြစ်ပွားနိုင်သော ဧရိယာများတွင် - မြင့်မားလေးလံသော ပရိဘောဂများ၊ အသုံးများပစ္စည်းကိရိယာများ၊ ကြီးမားသောလျှပ်စစ်ပစ္စည်းများ၊ အလင်းရောင်ပေးရန်အရာများနှင့် ဆရာများ သို့မဟုတ် ကျောင်းသားများကို ထိခိုက်အနာတရဖြစ်စေသော အခြားကိရိယာများကို နံရံ သို့မဟုတ် ညီညာသော မျက်နှာပြင်တွင် ချည်နှောင်ထားသင့်ပါသည်။ ဗီရိုများ၊ လုံခြုံစွာထားရှိရမည့် တီဗီများ၊ ကွန်ပျူတာများနှင့် အခြားလျှပ်စစ်ပစ္စည်းများကို တံခါးချက်တပ်ဆင်ထားပါ။ ကျောင်းတွင်းရှိသူများကို ဒဏ်ရာအနာတရမဖြစ်စေရန်နှင့် ပြန်လည်အစားထိုးလျှင် အကုန်အကျများမည့် ရုပ်ပုံကားချပ်များကို အသေတပ်ဆင်ထားသောချိတ်များတွင် ချိတ်ဆွဲထားပါ။ ကျောင်း၏ လက်ဆင့်ကမ်းလာသည့် တန်ဖိုးရှိအရာများနှင့် အနာဂတ်မျိုးဆက်တွင် မတွေ့ရှိနိုင်တော့သော ယဉ်ကျေးမှုတန်ဖိုးရှိ ပစ္စည်းများကို လုံခြုံဘေးကင်းအောင်ထားသိုပါ။

မုန်တိုင်းနှင့်ဆိုင်ကလုန်း ဖြစ်ပွားနိုင်သောဒေသများတွင် မှန်ကွဲခြင်းမှကာကွယ်ရန်အတွက် ပြတင်းပေါက်များကို သစ်သားဆလိုက်များ သို့မဟုတ် အလားတူပြတင်းပေါက်အကာအကွယ် (ကြီးမားလေးလံသောလိုက်ကာ၊ ပြတင်းပေါက်အကာ)များ တပ်ဆင်ထားပါ။

ရေကြီးပြီး အရာဝတ္ထု ကြီးကြီးမားမားများ မျောပါတတ်လေ့ရှိသော ဒေသများတွင် အဆောက်အဦး၏ အမြင့်ဆုံးအထပ်တွင် ပေါလောပေါ်နိုင်သောကိရိယာ သို့မဟုတ် အသက်ကယ်အင်္ကျီဆောင်ထားပါ။ တူးမြောင်းများတူးဖော်ထားပြီး သဲအိတ်များကိုလုပ်ထားပါ သို့မဟုတ် ဂယ်ယူထားပါ။

မီးဘေးအန္တရာယ်နှင့်ဆက်စပ်နေသော အဆောက်အဦးအားလုံးအတွက် မီးဘေးအန္တရာယ်ဖြစ်စေနိုင်သောပစ္စည်းများကို ကျောင်းပတ်ဝန်းကျင်မှ ဖယ်ရှားထားသင့်သည်။ မီးသတ်ဆေးဘူးများကို တပ်ဆင်ထားပြီး တစ်နှစ်တစ်ကြိမ်ပြန်လည်စစ်ဆေးထိန်းသိမ်းသင့်ကာ ၎င်းတို့ကို သုံးစွဲတတ်စေရန် အနည်းဆုံးဝန်ထမ်းနှစ်ဦးကို လေ့ကျင့်သင်ကြားပေးထားသင့်သည်။

## ရင်ဆိုင်တုံ့ပြန်ရာတွင် ကျောင်း၌ ရှိထားသင့်သော အရာများ

- မီးသတ်ကိရိယာများ။
- သဲအိတ်များ။
- ပြန်ကြားဆက်သွယ်ရေးအတွက် မိုဘိုင်းဖုန်းအပါအဝင် တယ်လီဖုန်းရရှိနိုင်မှု။
- စောလျင်စွာ အသိပေးမှုများ ရနိုင်ရန်အတွက် ရေဒီယို။
- သတိပေးခြင်းလုပ်နိုင်ရန် ကျောင်းခေါင်းလောင်း။
- ဘေးလွတ်ရာသို့ရွှေ့ပြောင်းရာတွင် အသုံးပြုနိုင်ရန်အတွက် ကျောင်းပရဝုဏ်(သို့) အနီးတပိုက်ရှိမြေကွက်လပ်။
- ဘေးကင်းစေရန် ခိုလှုံစရာအဖြစ် အသုံးပြုနိုင်သော အနီးတပိုက်ရှိ ဘုရားစေတီ။
- ၂ ထပ်ကျောင်းဖြစ်ပါက၊ အပေါ်ထပ်ကို မုန်တိုင်းဒီရေ သို့မဟုတ် ရေကြီးမှုမှကာကွယ်ခိုလှုံရန်နေရာအဖြစ်အသုံးပြုနိုင်မည်။
- ပစ္စည်းအစုံအလင်ပါရှိသော ရှေးဦးပြုစုခြင်းဆေးသေတ္တာ၊ ပုံမှန်စစ်ဆေးပြီးဖြစ်ရမည်။ လက်ဆွဲမီးအိမ်၏ဓာတ်ခဲများအားရှိရမည်ဖြစ်ပြီး သက်တမ်းကုန်ဆုံးရက်ကို စစ်ဆေးပါ။ သက်တမ်းကုန်ဆုံးနေသည့် အရာများကို အစားထိုးပါ။
- ကြိုး၊ အသက်ကယ် အင်္ကျီ၊ အသက်ကယ်ဘောကွင်း စသည့် ရှာဖွေကယ်ဆယ်ရေး ကရိယာများ။
- ရှာဖွေသတ်မှတ် စာရင်းပြုစုထားသော ရပ်ရွာအတွင်းနှင့် အနီးဝန်းကျင်ရှိ လှေနှင့် အခြားယာဉ်များ။

## အရေးပေါ်သုံး အထောက်အပံ့များနှင့် ကိရိယာများပါဝင်သော သယ်ဆောင်ရလွယ်သည့် သေတ္တာငယ်များ

အရေးပေါ်အခြေအနေတွင် အလွယ်တကူ ရွှေ့ပြောင်း သယ်ယူနိုင်သော အောက်ပါ သေတ္တာ အမျိုးအစားသုံးခုကို ရရှိအောင်ဆောင်ရွက်ထားနိုင်ရန် အကြံပြုလိုပါသည်။ ၎င်းတို့မှာ အုပ်ချုပ်ရေးရုံးသုံး ဘေးကင်းရေး အထောက်အကူပြု သေတ္တာ၊ ကျောင်းသုံး အရေးပေါ် အထောက်အပံ့ပုံးနှင့် ယာယီစာသင်ခန်းတွင်သုံးရန် အထောက်အပံ့ပုံးတို့ဖြစ်ပါသည်။ တစ်ခုစီတွင် ပါဝင်သည့် အရာများကို အောက်တွင် ဖော်ပြထားပါသည်။

အုပ်ချုပ်ရေးရုံးသုံး ဘေးကင်းရေး အထောက်အကူပြု သေတ္တာ၊ Administration Office Evacuation 'Go-Box'

ဇယား- ၁၀ အရေးပေါ်သုံး အထောက်အပံ့ပစ္စည်းများနှင့် ကိရိယာများ

| ရှင်းလင်းဖော်ပြချက် | အသင့်ရှိပြီး | ပျောက်နေ | လက်မှတ်/ ရက်စွဲ |
|---|---|---|---|
| ကျောင်းတွင်းဘေးအန္တရာယ်နှင့် အရေးပေါ် အစီအစဉ်ဆိုင်ရာဖိုင် | | | |
| ကျောင်းသားများ အရေးပေါ်ဆက်သွယ်ရန် လိပ်စာကတ်များ | | | |
| ရှေးဦးပြုစုခြင်း ကိရိယာများ | | | |
| သော့များ | | | |
| လက်ကိုင် အသံချဲ့စက် | | | |
| ရေဒီယိုနှင့် ဓာတ်ခဲအပိုများ | | | |
| လက်ဆွဲမီးအိမ်နှင့် အပိုဘက်ထရီများ | | | |
| ဘောပင်နှင့် ဆော့ပင်များ | | | |
| မှတ်စုအပိုင်းငယ်များ | | | |
| Stapler၊ staples နှင့် စက္ကူညှပ် ကလစ်များ | | | |
| Masking တိတ်ခွေများ | | | |
| အခင်းစ | | | |
| စောင် | | | |
| ကျောင်းသားများအတွက် ဆေးဝါးများ | | | |

မှီငြမ်း- INEE လက်စွဲစာအုပ်2012

ဇယား- ၁၁ ကျောင်းသုံး အရေးပေါ် အထောက်အပံ့ပုံး School Emergency Supplies Bin

| ရှင်းလင်းဖော်ပြချက် | အသင့်ရှိပြီး | ပျောက်နေ | လက်မှတ်/ ရက်စွဲ |
|---|---|---|---|
| ရေ (အလှည့်ကျ ဖြည့်ထားရန်) | | | |
| ဖျာများ သို့မဟုတ် စောင်များ (ကျောင်းသားများမှ ဖြည့်တင်းထားရန်) | | | |
| အရေးပေါ်သုံးစွဲရန် ရေဒီယို | | | |
| အရေးပေါ် အခြေအနေသုံး လည်ဆွဲကြိုးများ (နှင့် အပေါ်ဂတ်) | | | |
| ဆပ်ပြာ | | | |
| ဂေါ်ပြား | | | |
| တာရှည်ခံ အစားအစာ (အလှည့်ကျ ဖြည့်ထားရန်) | | | |
| ကြိုး | | | |

မှီငြမ်း- INEE လက်စွဲစာအုပ်2012

ဇယား - ၁၂ Classroom Shelter-in-Place Bucket (အတန်းတစ်တန်းစီအတွက်)

| ရှင်းလင်းဖော်ပြချက် | အသင့်ရှိပြီး | ပျောက်နေ | လက်မှတ်/ ရက်စွဲ |
|---|---|---|---|
| အတန်း တာဝန်ကျ လူစာရင်း | | | |
| စာရွက်ချော တစ်ရွက် | | | |
| အမှတ်အသားပြုရန်ဖောင်တိန် (Marker) | | | |
| ပလက်စတစ်အိတ်များ | | | |
| ဘောလ်ပင်များ | | | |
| မှတ်စုစာအုပ် | | | |
| ကျောင်းသား/သူများ လုပ်ငန်းဆောင်ရွက်ရန် ပုံပိုးပစ္စည်းများ | | | |

မှီငြမ်း- INEE လက်စွဲစာအုပ်2012

## ကျောင်းသား တစ်ကိုယ်ရည်သုံးအိတ်

ကျောင်းသားများအနေဖြင့် စာသင်ခန်းမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရပါက ၎င်းတို့နှင့် တပါတည်းယူဆောင်သွားနိုင်သည့် တစ်ကိုယ်ရည်သုံးအိတ်များ ဆောင်ထားရန် အကြံပြုလိုပါသည်။ ၎င်းအိတ်ကို အတန်းထဲတွင် ထားရှိပြီး တစ်လတစ်ကြိမ် လိုအပ်သည်များကို စစ်ဆေး ဖြည့်တင်းရပါမည်။ စစ်ဆေးမှုကို ကျောင်းသားနှင့် ဆရာများ ပူးပေါင်းကာအနည်းဆုံး တစ်လ တစ်ကြိမ် လုပ်ဆောင်ရပါမည်။

ဇယား - ၁၃ ကျောင်းသားသုံး တစ်ကိုယ်ရည်အိတ်

| ရှင်းလင်းဖော်ပြချက် | အသင့်ရှိပြီး | ပျောက်နေ | လက်မှတ်/ ရက်စွဲ |
|---|---|---|---|
| သောက်ရေ လီတာဂက်ပါ ရေပုလင်း | | | |
| ခွန်အားဖြစ်စေသော/အစာခံအဟာရမုန့် | | | |
| ခရာ(ဂီစီ) နှင့် လက်ဆွဲမီးအိမ် အသေးစား | | | |
| မိသားစုဓာတ်ပုံနှင့် (သို့မဟုတ်) မိသားစု အမည်ပါ မှတ်စု | | | |

မှီငြမ်း- INEE လက်စွဲစာအုပ်2012

(ကျောင်းသားတစ်ဦးချင်းစီအတွက် ဖြစ်နိုင်လျှင် မိဘများက လုပ်ဆောင်ပေးပြီး အလုံပိတ် သို့မဟုတ် ချည်နှောင်ထားသော ပလပ်စတစ်အိတ်ထဲတွင် သိမ်းဆည်းပေးရမည်)

**ကြိုတင်သတိပေးစနစ်**သည်ဖြစ်လာမည့်အန္တရာယ်များအတွက် ကြိုတင်သိနိုင်ပြီး သက်ရောက်မှုများကို လျော့နည်းစေရန် အတွက်ပြင်ဆင်နိုင်သည်။ ကြိုတင်သတိပေးစနစ်အတွက်လိုအပ်သောပစ္စည်းကိရိယာများမှာ သင်ပုန်း၊ စပီကာ၊ ခေါင်းလောင်း၊ ဥသြ၊ မိုဘိုင်းဖုန်း၊ ရေဒီယို၊ တီဗီစသည်တို့ဖြစ်ပြီး ၎င်းတို့ကို ရပ်ရွာအတွင်း ရရှိသုံးစွဲနိုင်ပါသည်။ ကျောင်းတစ်ကျောင်းစီသည် ၎င်းတို့အတွက် သတ်သတ်မှတ်မှတ်ဖြစ်ပြီး သင့်လျော်သောသတိပေးကိရိယာများကို ၎င်းတို့ကိုယ်တိုင် ရွေးချယ်နိုင်ပါသည်။ ထို့နောက်ဤစနစ်ကို ကျောင်းသားများနှင့် အခြားပါဝင်ပတ်သက်နေသူအားလုံး နားလည်သဘောပေါက်စေရန် မိတ်ဆက် ရှင်းလင်းထားပါ။ ကြိုတင်သတိပေးခြင်းနှင့် သတင်းဖြန့်ဝေရေးအသင်းသည် တီဗီ၊ ရေဒီယို၊ နေ့စဉ်သတင်းစာ စသည့် မီဒီယာ တို့မှ ရေကြီးခြင်း၊ မုန်တိုင်း၊ မိုးရေချိန်နှင့် အခြားအရေးကြီး သတင်းအချက်အလက်များကို ရယူပြီး ဆက်လက်အရေးယူ ဆောင်ရွက်ရာတွင် အရေးပါသောကဏ္ဍမှ ပါဝင်ပါသည်။ ထို့နောက် အဆိုပါသတင်းအချက်အလက်များကို စာသင်ခန်းတစ် ခုစီတွင် နိုင်ငံတော်သီချင်းဆိုပြီးနောက် လိုက်လံဖြန့်ဝေပါ။ ကြော်ငြာသင်ပုန်းတွင်ကပ်ထားပါ။


## ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းအစီအစဉ်နှင့် မြေပုံ (သင်ခန်းစာ ၂ ၏ အပိုင်း ၆)

**ကျောင်းတွင်းအရေးပေါ်** ဘေးလွတ်ရာရွှေ့ပြောင်းခြင်းဆိုသည်မှာ ဘေးအန္တရာယ်တစ်ခု ဖြစ်ပွားနိုင်ခြင်း သို့မဟုတ် အမှန် တကယ်ဖြစ်ပွားရာမှ ကျောင်းအသိုက်အဝန်းကို ချက်ချင်းလျှင်လျှင်မြန်မြန် ရွှေ့ပြောင်းခြင်းကိုဆိုလိုပါသည်။ ဘေးလွတ်ရာ သို့ရွှေ့ပြောင်းခြင်းအစီအစဉ်တွင် လိုအပ်ချက်များနှင့် ရည်ရွယ်ချက်များမှာ - ကျောင်းနှင့်ပတ်သက်သူအားလုံးတို့အတွက် ဘေးအကင်းဆုံးနှင့် အထိရောက်ဆုံးဘေးလွတ်ရာသို့ ရွှေ့ပြောင်းချိန်ကို သေချာစေရန်၊ အရေးပေါ်အခြေအနေတွင်ကျောင်း နှင့်ပတ်သက်သူများကို အစီအစဉ်တကျ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းကို စီစဉ်လုပ်ဆောင်နိုင်ရန်၊ ကျောင်းမှနေ၍ သတ် မှတ်ထားသော ဘေးကင်းလုံခြုံရာနေရာသို့ ဘေးကင်းချောမွေ့စွာရွှေ့ပြောင်းနိုင်ရန်အတွက် ဘေးကင်းပြီး လက်တွေ့သွား ရောက်နိုင်သော မြေပုံရေးဆွဲထားရန်၊ အရေးပေါ်အခြေအနေတွင် ရှန်းရင်းဆန်ခတ်ဖြစ်ပွားမှုမှ ကာကွယ်ရန်၊ အရွယ်ရောက် သူများနှင့်မသန်စွမ်းသူများအတွက် တန်းတူသုံးစွဲနိုင်သော ဘေးကင်းရာသို့ရွှေ့ပြောင်းရေးအစီအမံနှင့် ကိရိယာများကို ဒီဇိုင်း ရေးဆွဲထားရန်နှင့် အထောက်အကူ ပိုမိုလိုအပ်သည့် ကလေးငယ်များကို ရှာဖွေစာရင်းပြုစုပြင်ဆင်ထားရန်တို့ ဖြစ်ကြသည်။

ကျောင်းတိုင်းသည် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန်သင့်လျော်သော လမ်းကြောင်းများနှင့် ဘေးကင်းသောထွက်ပေါက်ကို ရှာဖွေဖော်ထုတ်ရမည်။ အရေးပေါ် ရွှေ့ပြောင်းမှုများလုပ်ဆောင်ရန်အတွက် ကျောင်းအသိုက်အဝန်းမှဖြစ်ပြီး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေး လုပ်ငန်းအဖွဲ့ဝင်တစ်ဦးဦးအား အဓိကတာဝန်ရှိသူအဖြစ် သတ်မှတ်တာဝန်ပေးရမည်။ ထို့အပြင် ကျောင်းတွင်း သို့မဟုတ် နီးစပ်ရာပြင်ပနေရာတစ်ခုခုအား စုရပ်အဖြစ်သတ်မှတ်ထားရမည်။ အဆိုပါနေရာသည် ရေလွှမ်းမိုးမှုမှ ကင်းလွတ် ရန်အတွက် ကုန်းမြင့်ဖြစ်ရမည်။ အစီအမံတွင်ဘေးလွတ်ရာသို့ရွှေ့ပြောင်းသောအခါ၌ လိုက်နာလုပ်ဆောင်ရမည့် လုပ်ငန်းစဉ် များကိုဖော်ပြသည့် ရှင်းလင်းပြတ်သားသော ရွှေ့ပြောင်းမှုလမ်းညွှန်ချက်များကို ရေးဆွဲထားရမည်။ ဘေးလွတ်ရာသို့ ရွှေ့ ပြောင်းခြင်းတွင် လက်တွေ့အသုံးဝင်သောနည်းနာမှာ ထွက်ပေါက်နှင့် အနီးဆုံးအတန်းကို ဦးဆုံးရွှေ့ပြောင်းမည်ဖြစ်ပြီး ထွက်ပေါက်မှ အကွာအဝေးအလိုက် အဆင့်ဆင့်ရွှေ့ပြောင်းမည်ဖြစ်သည်။ ကျောင်းနေကလေးများနှင့် ၎င်းတို့၏အုပ်ထိန်းသူ များအား ထိုလမ်းကြောင်းများ၊ ထွက်ပေါက်များနှင့် စုရပ်များကိုကြိုတင်အသိပေးထားရမည်ဖြစ်ပြီး ဇာတ်တိုက်လေ့ကျင့်ခန်း များကို ကာလအလိုက် လုပ်ဆောင်လေ့ကျင့်ထားရမည်ဖြစ်သည်။ သို့မှသာ အရေးပေါ်အခြေအနေ အမှန်တကယ်ဖြစ်ပွား လာပါက ရှုပ်ထွေးမှုမရှိဘဲ အားလုံး ဘေးကင်းလုံခြုံနိုင်မည်ဖြစ်ပါသည်။ ဖြစ်နိုင်လျှင်၊ လိုအပ်လျှင် ဖြန့်ဝေပေးနိုင်စေရန်အတွက် အရေးပေါ် အထောက်အပံ့များကို သတ်မှတ်ထားသည့် ဘေးကင်းသောနေရာတွင် သိုလှောင်သိမ်းဆည်းထားသင့်သည်။

ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းပြမြေပုံတစ်ခုတွင် ရွှေ့ပြောင်းရမည့်လမ်းကြောင်းများကို ဖော်ပြထားရမည်ဖြစ်ပြီး ၎င်းတို့တွင် ကျောင်းရှိအခန်းတိုင်းမှ ဘေးအကင်းဆုံးနှင့် အတိုဆုံး ထွက်ပေါက်လမ်းကြောင်း၊ အရေးပေါ်ထွက်ပေါက်များနှင့် စုရပ်များ၊ ၎င်းတို့ဆီသို့သွားရာ လမ်းကြောင်းများကို မြားဖြင့် သင်္ကေတပြု ရေးဆွဲထားသင့်သည်။ ဘေးကင်းသော ရွှေ့ပြောင်းရာ လမ်းကြောင်းကိုမြားဖြင့်ညွှန်ပြရေးဆွဲရမည်ဖြစ်ပြီး ဖြစ်နိုင်လျှင်အနီရောင်ကို အသုံးပြုပါ။ အနီးဆုံးအခိုင်အမာအဆောက်အဦး များနှင့်တကွ ကျောင်းသို့သွားရောက်နိုင်သော အခြားလမ်းကြောင်းများကိုလည်း မြေပုံတွင် ထည့်သွင်းရေးဆွဲသင့်ပါသည်။ ဘေးကင်းစွာရွှေ့ပြောင်းနိုင်ရန်နှင့် ကျောင်းသား၊ ဆရာနှင့် မိဘများအကြား ရှုပ်ထွေးမှုများ မဖြစ်ပွားနိုင်စေရန် ဤမြေပုံကို ကြော်ငြာသင်ပုန်း၊ စာသင်ခန်းတိုင်းနှင့် ကော်ရစ်ဒါများတွင်ကပ်ထားရမည်။

(ပုံ-၂)။ စာသင်ခန်းဝင်ပေါက်တွင် ကပ်ထားသော ကျောင်း၏ ဘေးကင်းရာသို့ ရွှေ့ပြောင်းခြင်းမြေပုံ




ကျောင်း၏ ဘေးကင်းရာလမ်းကြောင်းပြမြေပုံ

## အရေးပေါ်အခြေအနေတစ်ရပ်တွင် မိဘနှင့်အုပ်ထိန်းသူများအား သတင်းပေးပို့ခြင်း (သင်ခန်းစာ ၂ ၏ အပိုင်း ၇)

စာသင်ကျောင်းများသည် အရေးပေါ်အခြေအနေတွင်ဆက်သွယ်နိုင်ရန်အလို့ငှာ ကျောင်းစာသင်နှစ်တစ်နှစ်အစတွင် မိဘနှင့်အုပ်ထိန်းသူများအား ဆက်သွယ်ရမည့်လိပ်စာနှင့် ဖုန်းနံပါတ်များကဲ့သို့သော အရေးကြီးအချက်အလက်များပါဝင်သည့် ကျောင်းသားများနှင့်ပတ်သက်သည်များကို လုပ်ဆောင်ထားရန်လိုအပ်ပါသည်။ အမှန်တကယ်အရေးပေါ်အခြေအနေတွင် ဘေးလွတ်ရာတွင်စုရုံးပြီးနောက် ကျောင်းသားများ၏ဘေးကင်းလုံခြုံမှုကို ဆန်းစစ်ရန်၊ မိဘ/အုပ်ထိန်းသူများ၏ ဆက်သွယ်ရမည့်လိပ်စာများကို ဆန်းစစ်ရန်နှင့် လိုအပ်ပါက ၎င်းတို့အား ဆက်သွယ်နိုင်ရန်အတွက် အဆိုပါစာရင်းများကို အသုံးပြုရပါမည်။

## ဘေးအန္တရာယ်ကို တုံ့ပြန်ရင်ဆိုင်ရန်အတွက် ကျောင်းနှင့် အခြားအရန်သတ်မှတ်ထားသောနေရာတွင် လုပ်ငန်းများဆောင်ရွက်ရန် နေရာသတ်မှတ်ခြင်း

ကော်မတီသည် ပုံမှန်အချိန်များတွင် စည်းဝေးရန်နှင့် အရေးပေါ်အခြေအနေတွင် ၎င်းတို့၏ သက်ဆိုင်ရာ လုပ်ငန်းများအလိုက် တာဝန်ယူဆောင်ရွက်ရန်အတွက် ကျောင်းဧရိယာအတွင်း၌ နေရာတစ်ခုကို ရွေးချယ် သတ်မှတ်ထားရပါမည်။ ၎င်းနေရာကို ဘေးအန္တရာယ်ကို ရင်ဆိုင်တုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဗဟိုဌာန(Disaster Operations Center – DOC) အဖြစ်သတ်မှတ်ထားပြီး အစီအမံတွင် ၎င်း၏တည်နေရာကို ဖော်ပြထားရပါမည်။ ထို့ပြင် DOC အတွက်အရန်နေရာတစ်ခုသတ်မှတ်ထားပြီး အဆိုပါနေရာတွင် အရန်ထားသော မှတ်တမ်းမှတ်ရာများကို သိမ်းဆည်းပါမည်။ အခြားတည်နေရာများမှာ အနားဝန်းကျင်ရှိ ကျောင်းများနှင့် မြို့နယ်ပညာရေးမှူးရုံးတို့လည်း ဖြစ်နိုင်ပါသည်။

## ကော်မတီနှင့် လုပ်ငန်းအဖွဲ့များကို လေ့ကျင့်သင်ကြားပေးခြင်း

SDMC လုပ်ငန်းအဖွဲ့များကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းခြင်း၊ ရှေးဦးပြုစုခြင်း၊ လုံခြုံရေး၊ ကြိုတင်သတိပေးခြင်းနှင့် ရှာဖွေကယ်ဆယ်ခြင်း ကဲ့သို့သော လုပ်ငန်းတာဝန်များအလိုက် လေ့ကျင့်သင်ကြား ပေးထားသင့်ပါသည်။ ၎င်းတို့အနေဖြင့် လေ့ကျင့်သင်ကြားပြီးသော စွမ်းဆောင်ရည်များကို ထိန်းသိမ်းထားနိုင်ရန်အတွက် ပုံမှန် တွေ့ဆုံ လေ့ကျင့်နေသင့်ပါသည်။ SDMP သက်ဝင်လှုပ်ရှားနေစေရန်အတွက် ဇာတ်တိုက်လေ့ကျင့်မှုများကို မဖြစ်မနေ လုပ်ဆောင်ရပါမည်။ လုပ်ငန်းအဖွဲ့ဝင်များ ပြောင်းရွှေ့နုတ်ထွက်ခြင်းများ ဖြစ်ပွားနိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားထားရန် လိုအပ်ပါသေးသည်။ လုပ်ငန်းအဖွဲ့ဝင်များကို ကာလအပိုင်းအခြားအလိုက် လေ့ကျင့်သင်ကြားပေးရန် အစီအစဉ်များ ချမှတ်ထားသင့်ပါသည်။

အစီအမံတွင် လေ့ကျင့်သင်ကြားပေးမှုများကို ကြိုတင်ထည့်သွင်းထားသင့်ပြီး လိုအပ်သောရင်းမြစ်များ (ဥပမာ-လိုအပ်သော ပစ္စည်းများနှင့် သင်တန်းနည်းပြ) ကို ဖော်ထုတ် သတ်မှတ်ထားသင့်ပါသည်။ လေ့ကျင့်သင်ကြားပေးရာတွင် အကူအညီပေးနိုင်သော အဖွဲ့များမှာ - မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ဟသ်္ာတရှိ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုသင်တန်းဌာန၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၊ ကြက်ခြေနီ၊ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချရေး ပူးပေါင်းလုပ်ငန်းအဖွဲ့၊ စွမ်းရည်ရှေ့ဆောင်အဖွဲ့ (CBI) အပါအဝင် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ ဖြစ်ပါသည်။

## ကျောင်းဘေးအန္တရာယ်အတွက် ဆောင်ရွက်ရန်စာရင်း

ချမှတ်ထားသော အစီအမံပေါ်တွင် ကျောင်း၏ အသင့်ပြင်ဆင်ထားမှုနှင့် ပြည့်စုံမှုကို သေချာစေရန်အတွက် လုပ်ငန်းများကို စစ်ဆေးမှု၊ အစီအစဉ် ချမှတ်ထားမှုနှင့် အကောင်အထည်ဖော်ဆောင်မှုများကို စစ်ဆေးလုပ်ဆောင်ရန် စစ်ဆေးမှုပုံစံ စာရွက်များ အသုံးပြုသင့်ပါသည်။

၁။ ဆက်လက်ဆောင်ရွက်နေသောကျောင်း၏ သဘာဝဘေး စီမံခန့်ခွဲမှုဖြစ်စဉ်တွင် လက်ရှိကော်မတီမှ လမ်းညွှန်သွားရန် ဖြစ်ပါသည်။

- ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုတွင် ကျောင်း၏ ခေါင်းဆောင်ပိုင်းမှ အထောက်အကူအပြည့်ပေးသွားရန် ဖြစ်ပါသည်။
- ကြိုတင်ကာကွယ်ခြင်း၊ ဘေးလွတ်ရာ ရွှေ့ပြောင်းခြင်း၊ တုံ့ပြန်ရင်ဆိုင်ခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အစီအစဉ်များကို ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ ဦးဆောင်ပြီး ဆောင်ရွက်ရပါမည်။
- ကျောင်း၏ ဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေတွင် လုပ်ဆောင်ရန် အစီအမံများကို အနည်းဆုံး နှစ်စဉ် ပြန်လည်သုံးသပ် ဖြည့်စွက်သင့်သည်။

၂။ ဘေးအန္တရာယ်မကျရောက်မီ ဘေးကင်းရာသို့ရွှေ့ပြောင်းခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန် စစ်ဆေးသုံးသပ်ပြီး အစီအမံချမှတ်ခြင်း

- အန္တရာယ်များ၊ ထိခိုက်လွယ်မှုများ၊ ဆုံးရှုံးနိုင်ခြေများ၊စွမ်းဆောင်ရည်များနှင့် ရင်းမြစ်များကို သေချာစစ်ဆေးပြီးစူးစမ်းလေ့လာထားသည်။
- ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းကို စစ်ဆေးသတ်မှတ်ထားပြီး လက်တွေ့လုပ်ဆောင်ရန် ဦးစားပေးအဆင့်သတ်မှတ်ထားသည်။
- အဆောက်အဦးအတွင်း ဘေးလွတ်လာသို့ ရွှေ့ပြောင်းနိုင်ရန် လမ်းကြောင်းများနှင့် စုရပ်တို့ကို သတ်မှတ်ထားပြီး ဖြစ်သည်။
- ဘေးလွတ်ရာသို့ ပို့ဆောင်ပေးခြင်းနှင့် မိသားစုများ ပြန်လည်ပေါင်းဆုံနိုင်ရန် ဘေးကင်းရာနေရာများကို လိုအပ်သလို သတ်မှတ်ထားပြီးဖြစ်သည်။
- ထပ်ပြန်တလဲလဲ ဖြစ်ပွားသော အန္တရာယ်များနှင့် သက်ရောက်မှုကြီးမားသော ဘေးအန္တရာယ်များအတွက် ပညာဆက်လက်သင်ကြားခွင့်ရရန် စနစ်တကျပြင်ဆင်ပြီးဖြစ်ပါသည်။ (အခြားသတ်မှတ်ထားသော နေရာများ အပါအဝင် လိုအပ်လာပါက အကူအညီတောင်းရန်)

၃။ ကျောင်းသားများ၊ ဂန်ထမ်းများနှင့် ပစ္စည်းကိရိယာများကိုရုပ်ပိုင်းဆိုင်ရာအရ ကာကွယ်မှုအစီအမံများဆောင်ရွက်ရမည်။ ကျောင်းအဆောက်အဦးများနှင့် မြေကွက်လပ်များကို ထိန်းသိမ်းပြင်ဆင်ပြီး ဘေးအန္တရာယ်ကို ရင်ဆိုင်နိုင်ရန်အတွက် ပြုပြင်ရမည်။ ( ဥပမာ - အစိုပြန်ခြင်း၊ ခြ၊ မှို )

- မီးဘေးအန္တရာယ် ကာကွယ်တားဆီးခြင်း အစီအမံများကို ထိန်းသိမ်းဆောင်ရွက်ပြီး ပုံမှန် စစ်ဆေးရမည်။
- အဆောက်အဦးအတွင်း ကျောင်းသားများနှင့် ဂန်ထမ်းများ အန္တရာယ် (အထူးသဖြင့် ငလျင်၊ ရာသီဥတု ဆိုးရွား ပြင်းထန်ခြင်း) မဖြစ်စေရန်အတွက် အဆောက်အဦးအတွင်းမှ ပစ္စည်းများ၊ ပရိဘောဂ၊ အခြားကိရိယာများနှင့် သက်ဆိုင်သော ဘေးကင်းလုံခြုံရေး အစီအမံများကို ဆောင်ရွက်ရမည်။
- (ရေကြီးခြင်း၊ မုန်တိုင်း စသည့်) လေနှင့် ရေတို့ကြောင့် ပျက်စီးမှုမှ ပစ္စည်းကိရိယာများကို ကာကွယ်ရန် နည်းလမ်းများကို ရေးဆွဲထားရမည်။
- လာရောက်နိုင်သော လမ်းကြောင်းများ၊ ခိုလှုံနိုင်သော နေရာများအပါအဂင် ကျောင်း၏အခြေခံအဆောက်အဦးနှင့် ဘေးကင်းရာနေရာများကို လိုအပ်သလို ရှာဖွေဖော်ထုတ်ပြီး ဘေးကင်းစေရန် ပြုပြင်ထိန်းသိမ်းရမည်။
- ပြစ်မှုကျူးလွန်ခြင်း၊ ပစ္စည်းများကို ဖျက်ဆီးခြင်း၊ နိုင့်ထက်စီးနင်း ပြုလုပ်ခြင်းတို့ကို ကာကွယ်ရန် နည်းလမ်းများ ရေးဆွဲ ထိန်းသိမ်းထားရမည်ဖြစ်ပြီး ကျောင်းသားများနှင့် ဂန်ထမ်းများအနေဖြင့် ကျောင်ပရပုဂ္ဂ်အတွင်းဘေးကင်း လုံခြုံမှုရှိကြောင်း ခံစားစေရမည်။
- သန့်ရှင်းသော သောက်သုံးရေ၊ ဘေးကင်းသော အစားအစာ၊ မိုးခေါင်ခြင်းနှင့် ဘေးအန္တရာယ်ဖြစ်စေသော အရာ ဝတ္ထုများမှ အကာအကွယ်ပေးခြင်းဆိုင်ရာ အစီအမံများ ထားရှိရမည်။ (ဥပမာ - မိုးရေကို သိုလှောင်ထားခြင်း၊ ကျောင်းဥယျာဉ်စိုက်ပျိုးခြင်း၊ အမှိုက်သရိုက်အညစ်အကြေးများကို စီမံခန့်ခွဲခြင်း၊ မြေဆီလွှာပြုန်းတီးမှုကိုကာကွယ် ခြင်း။

၄။ ကျောင်းတာဂန်ရှိသူများတွင် ဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေကို ရင်ဆိုင်တုံ့ပြန်ရန် စွမ်းပကား ရှိခြင်းနှင့် ကျောင်းတွင် အရေးပေါ်အခြေအနေအတွက် အစီအမံများပြင်ဆင်ထားရှိခြင်း

- ကျောင်းတာဂန်ရှိသူများသည် အရေးပေါ်အခြေအနေကို စီမံခန့်ခွဲရန်အတွက် စံသတ်မှတ်ထားသော စီမံခန့်ခွဲမှုစနစ် တစ်ခုခုကို သုံးစွဲကာ ဘေးအန္တရာယ်ကို ရင်ဆိုင်တုံ့ပြန်ရန် အသင့်ဖြစ်နေရမည်။ (ဥပမာ - incident command systems).
- ကျောင်းတာဂန်ရှိသူများသည် အောက်ပါ ဘေးအန္တရာယ်ကို ရင်ဆိုင်တုံ့ပြန်ရာတွင် လိုအပ်သည့်စွမ်းဆောင်ရည် အတွက် သင်တန်း အစရှိသည်တို့ကို တက်ရောက်လေ့ကျင့်ထားရမည်။
- အဆောက်အဦးနှင့် သတ်မှတ်ဧရိယာမှ ဘေးကင်းရာသို့ရွှေ့ပြောင်းခြင်း၊ ရှေးဦးပြုစုခြင်း၊ အသေးစား ရှာဖွေကယ် ဆယ်ခြင်း၊ ကျောင်းသားများကို ကြီးကြပ်ခြင်း၊ ဘေးကင်းသည့် အဆောက်အဦး၊ အာဟာရနှင့် သန့်ရှင်းရေး။
- ကျောင်းတွင် ရှေးဦးပြုစုခြင်းအတွက် လိုအပ်သည်များကို ထိန်းသိမ်းထားရှိရမည်။
- ကျောင်းတွင် မီးသတ်ကိရိယာများကို ထိန်းသိမ်းထားရှိရမည်။
- ကျောင်းတွင် ကျောင်းသားများနှင့် ဂန်ထမ်းများအား ထောက်ပံ့ရန် အနည်းဆုံး ၇၂ နာရီစာ အရေးပေါ်သုံး ရေ၊ အာဟာရနှင့် အကာအကွယ်ဆိုင်ရာ ပစ္စည်းများကို ထိန်းသိမ်းထားရှိရမည်။

၅။ ကျောင်းများတွင် ဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများအတွက် မူဂါဒနှင့် လုပ်ဆောင်ရမည့် နည်းနာများ ရှိနေ ရမည့်အပြင် လေ့ကျင့်ထားပြီးသားလည်း ဖြစ်ရမည်။

- သိထားပြီးသော ဘေးအန္တရာယ်အားလုံးအတွက် သက်ဆိုင်ရာမူဂါဒများနှင့် စံသတ်မှတ်ထားသော လုပ်ဆောင် ရမည့် နည်းနာများ (SOP) ကို လိုက်နာကျင့်သုံးရမည်။
- SOP တွင် အဆောက်အဦးအတွင်းမှ ဘေးကင်းစွာထွက်ခွာခြင်းနှင့် စုဂေးခြင်း၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ ဘေးလွတ်ရာတွင် ခိုလှုံနေထိုင်ခြင်း၊ ဘေးကင်းလုံခြုံစွာ နေထိုင်ခြင်းနှင့် မိသားစုများ ပြန်လည်ပေါင်းစည်းခြင်း လုပ်ငန်းစဉ်များ။

- ကျောင်းများတွင် ဘေးကင်းသောစုရပ်သတ်မှတ်ထားရှိပြီး လူတိုင်းကအဆောက်အဦးမှထွက်ခွာပြီးလျှင်မည်သည့်နေရာသို့ သွားရမည်ကို သိရှိပြီးဖြစ်ရမည်။
- ကျောင်းတာဝန်ခံများသည် ကျောင်းသား/သူများမှ ကြိုတင်ပြင်ဆင်ထားသော မိဘ/အုပ်ထိန်းသူတို့၏ အရေးပေါ်ဆက်သွယ်ရန် နံပါတ်များကိုသုံးပြီး ဘေးကင်းလုံခြုံစွာ ပြန်လည်ပေါင်းစည်းနိုင်ရန် လေ့ကျင့်ထားသည်။
- ဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ပြောင်းရွှေ့ခြင်း၊ အသင့်ပြင်ဆင်ထားခြင်း စွမ်းရည်နှင့် အစီအမံများကို လေ့ကျင့်ရန်နှင့် ကျွမ်းကျင်မှုများကို မြှင့်တင်ရန် ကျောင်းတွင်းဇာတ်တိုက်လေ့ကျင့်ခန်းများကို အနည်းဆုံး တစ်နှစ် နှစ်ကြိမ်လေ့ကျင့်ရမည်။ ၎င်းတို့မှ တစ်ခုသည် ရင်ဆိုင်တုံ့ပြန်ခြင်းနှင့် အသင့်ပြင်ထားခြင်းကို လေ့ကျင့်ရန်အတွက် ဂတ်စုံပြည့်လေ့ကျင့်မှု ဖြစ်ရမည်။

ကိုးကား။ Seeds of Safety, Save the Children, 2013

## ၂.၆ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအမံများတွင်ပါဝင်သော လုပ်ငန်းစဉ်များအား ဇာတ်တိုက်လေ့ကျင့်ခြင်း

### ဤအခန်း၏ရည်ရွယ်ချက်

ဤအခန်း၏ ရည်ရွယ်ချက်မှာ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို လေ့ကျင့်အကောင်အထည်ဖော်ဆောင်ရန်အတွက် အချိန်ပိုင်းအလိုက် အစီအစဉ်ဆောင်ရွက်မှုကို လမ်းညွှန်ပေးနိုင်ရန်ဖြစ်သည်။ အထူးသဖြင့် ပြန်လည်သုံးသပ်ရန်နှင့် အစီအစဉ်များကိုနောက်ဆုံးအခြေအနေနှင့် ကိုက်ညီစေရန်အတွက် လေ့လာသင်ယူခဲ့ရသည်များကို ပုံမှန်လေ့ကျင့်ခန်းများ၊ ဇာတ်တိုက်လေ့ကျင့်ခန်းများနှင့် ၎င်း၏ SDEPR အခန်းတွင် အသုံးပြုရန်ဖြစ်သည်။



ကျောင်းတွင်းဇာတ်တိုက်လေ့ကျင့်ခန်းပြုလုပ်ခြင်း

### ကျောင်းအဆင့်တွင် ကျောင်းတာဝန်ရှိသူတို့မှ ဆောင်ရွက်ရန်လုပ်ငန်းများ

- လေ့ကျင့်ခန်းနှင့်သင်၏ကျောင်း DEPR အစီအစဉ်၊ လေ့ကျင့်ခန်း၏အရေးကြီးပုံကိုနားလည်ပြီး လိုအပ်ချက်များနှင့် ရည်ရွယ်ချက်များပေါ် မူတည်ပြီး လေ့ကျင့်ခန်းကို ဆောင်ရွက်ပါ။
- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုတွင် ပါဝင်သည့်အဖွဲ့ဝင်များ၊ ပါဝင်ပတ်သက်သူများအား အစီအစဉ်နှင့် သူတို့၏အခန်းကဏ္ဍများနှင့် ကျွမ်းဝင်နေစေရန် အသိပညာပေး ဆွေးနွေးပွဲပြုလုပ်ပါ။
- အန္တရာယ်တစ်ခုကိုပုံဖော်ပြီး လေ့ကျင့်ခန်းတစ်ခုစီစဉ်ပါ။ အရေးပေါ်အခြေအနေတွင် ကျောင်းအပေါ်အကျိုးသက်ရောက်မှုများပါဝင်သည့် ဇာတ်လမ်းပြုလုပ်ပါ။
- လေ့ကျင့်ခန်းများ၏ ရည်ရွယ်ချက်များမှ အစမ်းလေ့ကျင့်ရန် ရည်ရွယ်ချက်တစ်ခု ရွေးချယ်ပါ။ ၄င်းရည်ရွယ်ချက်နှင့် တုံ့ပြန်ဆောင်ရွက်ရန် အစီအစဉ်များပေါ် မူတည်ပြီး လေ့ကျင့်ခန်းကို ဆောင်ရွက်ပါ။
- သင်လေ့ကျင့်ရန် ရွေးချယ်ထားသောအစီအစဉ်သည် အရေးပေါ် ရွှေ့ပြောင်းခြင်းဖြစ်ပါက သင်၏ကျောင်းအတွက် သတ်မှတ်ထားသည့် အရေးပေါ် ရွှေ့ပြောင်းရန်မြေပုံနှင့် လုပ်ငန်းစဉ်များကိုရေးဆွဲရန် ရွှေ့ပြောင်းခြင်း အပိုင်းတွင် ပါဝင်သည့် အဆင့်များကို လိုက်နာဆောင်ရွက်ပါ။ မြေပုံကို ကျောင်း၏ ကြော်ငြာဘုတ်တွင် ကပ်ထားပါ။
- စီစဉ်ထားသည့် နာရီ၊ နေ့/ရက်တွင် အသံ၊ သတိပေးစနစ်များအတိုင်း ကလေးများသည် ဦးခေါင်းငုံ့၊ ကာကွယ်၊ ကိုင်တွယ်ထားရန်အတွက် လေ့ကျင့်ရန်သေချာပါစေ။ သတိပေးအသံပြီးသွားသည့်အခါတွင် အစီအစဉ်အတိုင်း သူတို့ စတင်ရွှေ့ပြောင်းရန် သေချာပါစေ။ စုဝေးရာနေရာတွင် လူဦးရေစစ်ပါ။ စုဝေးရောက်ရှိလာသည့် ကလေးများနှင့် ဝန်ထမ်းများအား စကားပြောပါ။ ပြီးနောက် ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် လိုအပ်ချက်များကို တိုးတက်စေရန် တွေ့ဆုံပါ။
- ရွှေ့ပြောင်းရာတွင် ထိခိုက်လွယ်သူကလေးများ၏ လိုအပ်ချက်များကို အထူးဂရုပြုပါ။
- ဆောင်ရွက်ရန်စာရင်းကို ဆရာ/မများ၊ ကျောင်းသား/သူများနှင့် ရပ်ရွာလူထုမှ အရေးပေါ် ရွှေ့ပြောင်းရန်နှင့် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရာတွင် အစီအစဉ်အတိုင်းဆောင်ရွက်နိုင်စေရန် အသုံးပြုရမည်။
  အစီအစဉ်ကို လေ့ကျင့်ခန်းတစ်ခုပြီးတိုင်းတွင် အနည်းဆုံးတစ်နှစ်တစ်ကြိမ် ပြန်လည်သုံးသပ်နေရမည်။

## ဇာတ်တိုက်လေ့ကျင့်ခန်းဆိုတာဘာလဲ။ ဘာကြောင့်အရေးကြီးတာလဲ။

အခန်း (၂.၄) တွင် ရှင်းပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံ၏သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဥပဒေ (၂၀၁၃) တွင်အဆင့်တိုင်းရှိ တာဝန်ရှိသူတို့မှ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို ရေးဆွဲပြုစုရန်လိုအပ်ကြောင်း ဖော်ပြထားသည်။ အပိုဒ် ၁၅(ခ) တွင် ယင်းကြိုတင်ပြင်ဆင်မှုများတွင် ကြိုတင်သတိပေးရေးစနစ်များ၊ ရှာဖွေကယ်ဆယ်ရေးသင်တန်းများနှင့် လေ့ကျင့်ခြင်းတို့ပါဝင်သည်။

လေ့ကျင့်ခန်းများသည် အရေးပေါ်အခြေအနေ (သို့) ဘေးအန္တရာယ်တို့၏ အမှန်တကယ်အခြေအနေကို ပုံဖော်ပေးသော အစီအစဉ်များဖြစ်ပြီး အဖွဲ့အစည်းသည် ၄င်း၏ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်ကို စမ်းသပ် သုံးသပ်နိုင်မည်ဖြစ်သည်။ ကျောင်းများတွင် အစမ်းလေ့ကျင့်ခန်းများ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များမှာ -

(က) ဝန်ထမ်းများ၊ ဆရာ/မများ၊ ကျောင်းသား/သူများကို အရေးပေါ်အခြေအနေတွင် တုံ့ပြန်ဆောင်ရွက်နိုင်စေရန် ပညာပေးပြီး လေ့ကျင့်ပေးထားရန်။

(ခ) ဝန်ထမ်းများ၊ ဆရာ/မများနှင့် ကျောင်းသား/သူများကိုသတ္တိနှင့် ယုံကြည်မှု တည်ဆောက်ပေးရန်။

(ဂ) အလျင်အမြန်ဖြစ်တတ်သော၊ ကြိုတင်သတိပေးချိန်မရရှိနိုင်သော ငလျင်နှင့် မီးဘေးကဲ့သို့သော အရေးပေါ်အခြေအနေများအတွက် ကာကွယ်ရေးလုပ်ငန်းများနှင့် ရွှေ့ပြောင်းရေးအစီအစဉ်များကို လေ့ကျင့်ထားရန်။

(ဃ) သင်တန်းတွင် သင်ယူခဲ့သည့် အသက်ကယ်ခြင်းနှင့် ကယ်ဆယ်ရေးနည်းလမ်းများကို ကျောင်းဝန်ထမ်းများ၊ဆရာ/မများ၊ အတန်းကြီး ကျောင်းသား/သူများသည် အရေးအပေါ်အခြေအနေတွင် အသက်ကယ်တင်နိုင်ရန်အတွက်အသုံးပြုရန်။

(င) ကျောင်းဘေး အန္တရာယ်အရေးပေါ်နှင့် တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်ကို လက်တွေ့အသုံးကျစေရန်၄င်း၏အကျိုးသက်ရောက်မှု အခြေအနေကို စမ်းသပ်ရန်နှင့် တိုးတက်စေရန်။

(စ) ပါဝင်သူအားလုံး၏အခန်းကဏ္ဍနှင့် တာဝန်များကိုပိုမိုရှင်းလင်းစေရန်နှင့် ပိုမိုနားလည်လာစေရန်အတွက်ဆောင်ရွက်ရန်။

## အစီအစဉ်ကို ကျွန်ုပ်တို့ ဘယ်လိုလေ့ကျင့်မလဲ။ လေ့ကျင့်ရန်အတွက် မတူညီသည့် နည်းလမ်းများက ဘာလဲ။

အစီအစဉ်ကို အစမ်းလေ့ကျင့်ရန်အတွက် မတူညီသည့်နည်းလမ်း (၅) ခု ရှိပါသည်။ ၎င်းတို့မှာ အသိပေးဆွေးနွေးခြင်း၊ စားပွဲတင်ဆွေးနွေးခြင်း၊ စမ်းသပ်လေ့ကျင့်ခြင်း၊ လုပ်ငန်းပိုင်းနှင့် အပြည့်အဝလေ့ကျင့်ခြင်းတို့ဖြစ်သည်။ လေ့ကျင့်နည်းတစ်ခုဆီတွင် မတူညီသည့်ရည်ရွယ်ချက်၊ စီစဉ်ခြင်းနှင့် ဆောင်ရွက်ရာတွင် မတူညီသည့် အရင်းအမြစ်များ လိုအပ်မှုပေါ် မူတည်ပြီး လိုအပ်ချက် မတူညီခြင်းတို့ရှိသည်။

အသိပေးဆွေးနွေးခြင်း (သို့) လမ်းလျှောက်လေ့လာခြင်း၊ လေ့ကျင့်ခန်းသည် ပုံမှန်အားဖြင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကဲ့သို့ ကျင်းပသည်။ ၎င်းသည် လူတို့အား အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရာတွင် ပါဝင်မည့် အခန်းကဏ္ဍမှ ဆောင်ရွက်စေခြင်း(သို့) လုပ်ငန်းစဉ်ကိုသရုပ်ပြရာတွင် ပါဝင်စေနိုင်သည်။ အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုတွင် ပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍကို ရင်းနှီးကျွမ်းဝင်နေစေရန် ဆောင်ရွက်သည့် လေ့ကျင့်ခန်းဖြစ်သည်။ ပြင်ဆင်ဆောင်ရွက်ရေး အစီအစဉ်ကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြေခံကျကျဖြစ်ရန် ပံ့ပိုးပေးသည်။

စားပွဲတင်ဆွေးနွေးပွဲတွင် တက်ရောက်ပါဝင်သူများသည် တုံ့ပြန်ဆောင်ရွက်ရန်အတွက် သူတို့ဆောင်ရွက်ရမည့် ဆွေးနွေးရန်လိုအပ်သည့်ခေါင်းစဉ်များ၏အခြေအနေကို တင်ဆက်ကြသည်။ လေ့ကျင့်ခန်းကိုဦးဆောင်ပေးသူမှ လေ့ကျင့်မည့်ဇာတ်လမ်းပုံစံကို လေ့ကျင့်ခန်းမစခင် ကြိုတင်မိတ်ဆက်ပေးထားသည်။ ဇာတ်လမ်းတွင် ကြုံတွေ့လာနိုင်မည့်အခက်အခဲများကိုလည်း ကြိုတင်အသိပေးထားသည်။ ၎င်းလေ့ကျင့်ခန်းသည် အချိန်အခက်အခဲမရှိစေဘဲပြဿနာဖြေရှင်းခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းအပိုင်းများကို ညှိနှိုင်းဆောင်ရွက်ရန်အတွက် အသုံးပြုသည်။ ထိုလေ့ကျင့်ခန်းတွင် တပ်ဖြန့်ခြင်း၊ ကိရိယာများ၊ အရင်းအမြစ်များကို အမှန်တကယ် အသုံးမပြုပါ။

အစမ်းလေ့ကျင့်ခန်းတွင် ဝန်ထမ်းများသည် အသုံးအဆောင်ပစ္စည်းအားစမ်းသပ်ခြင်း (သို့) သတ်မှတ်ထားသည့် အစီအစဉ်တစ်ခု(သို့)လုပ်ငန်းတစ်ခုကိုဆောင်ရွက်ရသည်။ ဤအကြောင်းအရာတွင်ပါဝင်သော အစမ်းလေ့ကျင့်ခန်းသည် အဖွဲ့အစည်းတစ်ခု၊ ကျောင်းတစ်ကျောင်းပေါ်မူတည်ပြီး ဆောင်ရွက်ရပြီး ၎င်းသည် လုပ်ငန်းစဉ်များကို စမ်းသပ်ရန် အတွက်ဖြစ်သည်။ ၎င်းတွင် ကြိုတင်သတိပေးစနစ်များ၏ အသံစမ်းသပ်ခြင်း၊ အန္တရာယ်ကင်းစွာရွှေ့ပြောင်းခြင်းကို အစီအစဉ်တကျဆောင်ရွက်ခြင်းနှင့် ရေးဦးပြုစုခြင်း စသည်တို့ပါဝင်နိုင်သည်။ လေ့ကျင့်ခန်းတွင် အချိန်အပိုင်းအခြား သတ်မှတ်ထားခြင်း ရှိသည်။ ဆောင်ရွက်မှုများကို သီးခြားပြန်လည် သုံးသပ်သည်။ အစမ်းလေ့ကျင့်ခန်းသည် အပြည့်အဝလေ့ကျင့်ခန်းတစ်ခု၏ အစိတ်အပိုင်း တစ်ခုဖြစ်သည်။ လေ့ကျင့်ခန်း၏ ရည်ရွယ်ချက်သည် အောက်ပါအချက်များထဲမှ တစ်ခု (သို့) နှစ်ခု ဖြစ်နိုင်သည်။

(က) လူတိုင်းမှ အရေးပေါ်ရွှေ့ပြောင်းခြင်း အစီအစဉ်များကို ဖတ်ထားပြီးကြောင်း သေချာစေရန်၊
(ခ) အန္တရာယ်တစ်ခုအတွက် လူတို့ မည့်သို့ တုံ့ပြန်ဆောင်ရွက်ကြောင်း စမ်းသပ်ရန်၊
(ဂ) မီးသတ်ပစ္စည်းများကို ရှာဖွေအသုံးပြုရန်အတွက် လူတို့၏ အရည်အသွေးကို စစ်ဆေးရန်၊
(ဃ) ကျောင်းဝင်းအတွင်းရှိ လူအားလုံး သတိပေးအသံကို ကြားနိုင်ရန်၊
(င) ဝန်ထမ်း၊ ဆရာ/မများနှင့် ကျောင်းသား/သူများမှ ထွက်ပေါက်များကို သိရှိခြင်း ရှိ/မရှိ ကြည့်ရှုရန်၊
(စ) ဝန်ထမ်း၊ ဆရာ/ဆရာမများသည် (အရေးပေါ်အခြေအနေတွင် ) မည်သည့်အဆင့်များဖြင့် သူတို့ အခန်းကဏ္ဍကို ဆောင်ရွက်ရမည်ကို သိရှိစေရန်၊
(ဆ) လူအားလုံး အဆောက်အအုံတွင်းမှ အပြင်သို့ရောက်ရှိရန် အချိန်မည်မျှကြာမြင့်ကြောင်း သိရှိစေရန်တို့ဖြစ်သည်။

လုပ်ငန်းပိုင်း လေ့ကျင့်ခန်းသည် ကျောင်းအတွင်းကဲ့သို့ လုပ်ငန်းဆောင်ရွက်သည့် ဂန်းကျင်တွင်ဆောင်ရွက်ရပြီး ပါဝင်သူတို့မှ သူတို့၏ အခန်းကဏ္ဍကို အမှန်တကယ် ဆောင်ရွက်ရသည်။ ပုံမှန်အားဖြင့် ရှုပ်ထွေးသည့် လုပ်ငန်းများကို ပုံစံတူပြုလုပ်ထားလေ့ရှိပြီး တုံ့ပြန်ဆောင်ရွက်ရာတွင် အမျိုးမျိုးသော လုပ်ငန်းများ ပါဝင်ရန်လိုအပ်သည်။ ၄င်းတို့တွင် အထက်တွင်ဖော်ပြထားသော လုပ်ငန်းပိုင်း ၃ ခု ပါဝင်နိုင်သည်။ ကြိုတင်သတိပေးခြင်း၊ ရွှေ့ပြောင်းခြင်းနှင့် ရှေးဦးပြုစုခြင်း စသည်တို့အပြင် ကယ်ဆယ်ရေးနှင့် မီးသတ်ဂန်ဆောင်မှု၊ ဒေသသုံး လူနာတင်ယာဉ်အသုံးပြုခြင်းတို့လည်း ပါဝင်နိုင်သည်။ ၄င်းသည်အပြည့်အဝ လေ့ကျင့်ရန်အတွက် တကယ့်နယ်ပယ်မှ လူများသာ ကျန်ရှိနေသည်။

အပြည့်အဝဆောင်ရွက်သည့် လေ့ကျင့်ခန်းသည် (ကွင်းဆင်းလေ့ကျင့်ခန်းဟုလည်းခေါ်သည်) လူတို့အား တပ်ဖြန့်ခြင်း နှင့် အရင်းအမြစ်များကို အသုံးပြုခြင်းတို့ပါဝင်ပြီး ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်ရာတွင် အမှန်တကယ်ဖြစ်နိုင်သည့်နေရာများမှ တုံ့ပြန်ဆောင်ရွက်မှုအတိုင်း လေ့ကျင့်ခြင်းဖြစ်သည်။ အပြည့်အဝဆောင်ရွက်သည့်လေ့ကျင့်ခန်းသည် အခြားလေ့ကျင့်ခန်းပုံများထက် အရင်ဆောင်ရွက်ရမည်ဖြစ်ပြီး လေ့ကျင့်ခန်း အစီအစဉ်အဆင့်အဆင့်၏ အမြင့်ဆုံးအပိုင်းဖြစ်သည်။

လုပ်ငန်းပိုင်းနှင့် အပြည့်အဝ လေ့ကျင့်ခန်းအတွက် ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသည့် အစမ်းလေ့ကျင့်ခန်းများအတွက် ရည်ရွယ်ချက်များကို မကြာခဏ စမ်းသပ်ရမည်ဖြစ်သည်။

## ပုံမှန်ဆောင်ရွက်ရန် ဇာတ်တိုက်လေ့ကျင့်ခြင်း လမ်းညွှန်

မိနစ်အနည်းငယ်သာ ကြာမြင့်နိုင်သည့် ဇာတ်တိုက်လေ့ကျင့်ခန်းများ ဆောင်ရွက်ရန်အတွက် ပြင်ဆင်ရန်အိမ်စာအများအပြားပေးရန် လိုအပ်သည်။ ၄င်းသည် အစီအစဉ်အတိုင်း အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များကို လေ့ကျင့်ရန်အတွက်ပူးပေါင်းပါဝင်သည့် နည်းလမ်းဖြစ်သည်။ ၄င်းတွင် အရေးပေါ်အခြေအနေတွင် ကျောင်းအဆောက်အအုံမှ အရေးပေါ်ရွှေ့ပြောင်းခြင်းတို့လည်း ပါဝင်သည်။

မီးနှင့်ပတ်သက်သည့် ဇာတ်တိုက်လေ့ကျင့်ခန်းများအတွက် မီးသတိပေးအသံကို အသုံးပြုပြီး အမှန်တကယ် မီးလောင်သကဲ့သို့ အဆောက်အအုံအတွင်းမှရွှေ့ပြောင်းရမည်ဖြစ်သည်။ ၄င်းအစီအစဉ်ကိုအစီအစဉ်တကျပြုလုပ်ရမည်ဖြစ်ပြီးအတန်းပိုင်ဆရာ/မများ၊ ကျောင်းအရေးပေါ်ရွှေ့ပြောင်းရေးတပ်ဖွဲ့တို့မှာ အစီအစဉ်တွင်ပါဝင်သော လုပ်ငန်းစဉ်အတိုင်း ကြီးကြပ်မှုဖြင့်ဆောင်ရွက်ရမည်ဖြစ်သည်။ အများအားဖြင့် လေ့ကျင့်သည့်အချိန်ကြာမြင့်မှုကို သင့်တော်သည့်အချိန်အတွင်းတွင် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းတာကြသည်။

ဇာတ်တိုက်လေ့ကျင့်ခန်းပြုလုပ်ရာတွင် အဓိကထည့်သွင်းစဉ်းစားရမည့် လုပ်ထုံးလုပ်နည်းများမှာ

- ကျောင်းသား/သူ အားလုံး အတန်းထဲမှ လူစစ်ပြီးသည့်အခါတွင် ထွက်သွားရန် သေချာစေရန်။
- စာသင်ခန်းထဲတွင် အားလုံးတန်းစီရမည်ဖြစ်ပြီး အပြင်ဘက် အန္တရာယ်ကင်းသည့်စုဝေးရာနေရာတွင် လူစုရမည်ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်မှ မပြေးရ၊ နောက်ပြန်မလှည့်ရ၊ မအော်ရ။ ၄င်းသည် ထိန့်လန့်စေခြင်း၊ ရုတ်ရုတ်သဲသဲဖြစ်စေခြင်းတို့ မဖြစ်စေရန် အရေးကြီးသည်။
- အတန်းအပြင်ကို မိမိကိုယ်တိုင် မထွက်နိုင်သည့် ထိခိုက်ဒဏ်ရာရသည့် ကျောင်းသား/သူများရှိလျှင် ၊ ဆရာ/မများမှ ဦးဆောင်ပြီး အခြားသူများ၏ အကူအညီကို ရယူပြီး ကျောင်းအပြင်ဘက်သို့ ထုတ်ပေးရမည်ဖြစ်သည်။
- အတန်းပိုင်ဆရာ/မများသည် အတန်းအတွင်းမှ နောက်ဆုံးထွက်ရမည့်သူများဖြစ်ပြီး ကျောင်းသား/သူများနှင့် အတူထွက်ရမည်။
- အန္တရာယ်ကင်းသည့်နေရာရောက်သည့်အခါတွင် လူဦးရေ စစ်ရမည်။ တစ်ဦးဦးပျောက်နေသည့်အခါ ကျောင်းစီမံခန့်ခွဲရေးအဖွဲ့နှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့အား အသိပေးရမည်ဖြစ်သည်။

- ကျောင်းဝင်းမှ နောက်ဆုံးထွက်ရမည့် သူများမှာ ကျောင်းအုပ်နှင့် အကြီးတန်းဝန်ထမ်းများဖြစ်သည်။ သူတို့သည် တန်ဘိုးရှိ ပစ္စည်းများကို သော့ခတ်ပြီးထွက်နိုင်သည်။
- ကျောင်းခြံဝန်း၏အပြင်သို့ ရွှေ့ပြောင်းရန်လိုအပ်ပါက ယာဉ်ထိန်းရဲတို့၏ အကူအညီကို ရယူရမည်။ အထူးသဖြင့် လမ်းဆုံများတွင် ကလေးများ အန္တရာယ်ကင်းစွာ ဖြတ်ကူးနိုင်ရန်အတွက် သူတို့၏အကူအညီကို ရယူရမည်။
- ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်တွင် ပြင်ဆင်ရန်ရှိသည်များကို ပါဝင်သူများထံမှ အကြံပြုချက်များ ရယူရမည်။

## ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတွင် ထိခိုက်လွယ်သည့် အုပ်စုများ ပါဝင်လာစေရန်အတွက် သေချာစေရန် လမ်းညွှန်ချက်

နှစ်တစ်နှစ်၏ အစပိုင်းတွင် ကျား/မ (သို့) မသန်စွမ်းမှုပေါ်မူတည်ပြီး ကလေးများ၊ ဆရာ/မများ (သို့) ဝန်ထမ်းကို သတိပြုမှတ်သားထားပါ။ အရေးပေါ် ရွှေ့ပြောင်းသည့် အချိန်နှင့် စုဝေးရာနေရာတွင် သူတို့၏ အထူးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်စီစဉ်ပါ။ လိုအပ်ပါက ကျောင်းသား/သူ တစ်ဦးအား စောင့်ရှောက်ရန် အရန်အဖြစ် တာဝန်ပေးထားရမည်။ ထိုအရန်ကျောင်းသား/သူ မရှိလျှင် ကျောင်းစောင့်နှင့် ချိတ်ဆက်ပေးထားရမည်။ သူ/သူမ ၏ နာမည်သည် ရွှေ့ပြောင်းရေးအဖွဲ့တွင် ပါဝင်နေရမည်။

## ဆရာ/မများ - မိမိကိုယ်တိုင် ပြင်ဆင်ပါ

- ကျောင်းတွင်းအရေးပေါ် ရွှေ့ပြောင်းရေးလမ်းကြောင်းမြေပုံကို သင်၏အခန်းအတွင်းတွင် ပြထားပါ။ မြေပုံပေါ်တွင် သင်၏အခန်းကို အရောင်ဖြင့် ထင်ရှားအောင် ဖော်ပြထားပါ။ မရှိလျှင် ကျောင်းရုံးခန်းမှ ယူဆောင်ပါ။
- အရေးပေါ်ယူဆောင်ရန် အိတ်/ခြင်းတောင်း စာရင်း၊ အရေးပေါ် စာအုပ်၊ ကလစ်ညှပ်စာအုပ်နှင့် ကျောင်းသား/သူများ အလွယ်တကူ အရေးပေါ်အသုံးပြုမည့် ပစ္စည်းစာရင်းများ ထားရှိထားသည်။
- ၄င်းပစ္စည်းအားလုံးသည် အဆင်သင့်နေရာတွင် ထားရှိပြီး ရွှေ့ပြောင်းရန် (သို့) ကွင်းဆင်းခရီးထွက်ရန် အတွက် အလွယ်တကူ ယူဆောင်သွားနိုင်ရမည်။
- သင်၏ အထူးတာဝန် ရှိ/မရှိ စစ်ပါ။ သင်၏အနီးရှိ အတန်းများမှ အပေါင်းအသင်းများကို သိထားပါ။ သင်၏အမည်သည် အရေးပေါ်အဖွဲ့အစည်းမှတ်တမ်းတွင် မပါရှိနေခြင်း (သို့) သင်၏အတန်းမရှိလျှင် သက်ဆိုင်ရာဌာနသို့ သတင်းပေးထားပါ။
- မီးသတ်ဆေးဘူးများထားရှိသည့်နေရာကို သိထားပါ။ ၄င်းကိုအသုံးပြုရန် အတိုကောက်စာလုံး P.A.S.S ကို သတိရပါ။ သံချောင်းကိုဆွဲထုတ်ပါ၊ မီးလောင်သည့်အောက်ခြေကို ချိန်ပါ၊ ခလုတ်ကိုနှိပ်ပြီးနောက် မီးလောင်ရာအောက်ခြေကို ပေ့ရမ်းပြီး မီးသတ်ပါ။
- သင်၏မိသားစု ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်၊ သင်၏အစီအစဉ်နှင့် သင့်ကလေးတို့၏အစီအစဉ်ကို နေအိမ်တွင်ပြုလုပ်ထားရန် အထူးအကြံပြုပါသည်။ သင်၏ အိမ်နှင့်အလုပ်တွင် လိုအပ်သည့်အချိန်ထက် ပိုပြီးနေရလျှင် အဆင်သင့်ဖြစ်နေရန် သင်ကိုယ်တိုင်ပြင်ဆင်ထားပါ။ ကျောင်းအုပ် (သို့) တာဝန်ရှိသူမှ လိုအပ်သကဲ့သို့ ဝန်ထမ်းများကို အလုပ်ဆင်းခိုင်းမည်ဖြစ်သည်။
- အမှန်တကယ်ဖြစ်သည့် ဘေးအန္တရာယ် (သို့) ဇာတ်တိုက်လေ့ကျင့်ခန်းအတွက် စုဝေးရန်နေရာတွင် ကျောင်းသား/သူများ တိတ်ဆိတ်စွာပြုလုပ်နိုင်မည့် အစီအစဉ်ကို ပြုလုပ်ပါ။
- ကျောင်းဆင်းချိန် (သို့) ကျောင်းမတက်ခင်အချိန်လေးတွင် ဘေးအန္တရာယ်ဖြစ်ပါက ကျောင်းသို့လာရောက်ပြီး ကျောင်းသား/သူများကို ကူညီပံ့ပိုးပေးရန် ပြင်ဆင်ထားပါ။

## ဆရာ/မများ- သင်၏ ကျောင်းသား/သူများအတွက် ပြင်ဆင်ပါ။

- ဆရာ/ဆရာမများအနေဖြင့် မိမိတို့၏ ကျောင်းသား/သူများကို လေ့ကျင့်ခန်းများကိုဂရုတစိုက်ဆောင်ရွက်ရန်တိုက်တွန်းပါ။
- အဆောက်အအုံအတွင်းမှ ရွှေ့ပြောင်းသည့် ဇာတ်တိုက်လေ့ကျင့်ခန်းကို သင်၏အတန်းနှင့် အတူ အနီးရှိ အတန်းများနှင့် အတူလေ့ကျင့်ပါ။ သင်၏ကျောင်းသား/သူများသည် ရွှေ့ပြောင်းသည့်အခါ လိုက်နာရမည့်စည်းမျဉ်း (၄)ခု ကို သိပါစေ။ စကားမပြောရ၊ မတွန်းရ၊ မပြေးရ၊ နောက်ပြန်မလှည့်ရ။ ကျောင်းသား/သူများသည် သူတို့အခန်းပြင် ရောက်နေချိန် (မုန့်စားဆင်းချိန် (သို့) နေ့လည်စာ (သို့) တစ်နေရာရောက်နေချိန်) ငလျင်လှုပ်သည့် အချိန်တွင် အနီးဆုံးထွက်ပေါက်မှ ထွက်ရမည်ဖြစ်ပြီး အတန်းထဲသို့ ပြန်မဝင်ရပါ။ သူတို့ အခန်းနှစ်ခုကြားနေရာတွင် ရောက်နေခဲ့လျှင် အရေးပေါ် စုဝေးရာနေရာတွင် သွားရောက်စုဝေးရမည်ဖြစ်သည်။
- အရေးပေါ် ရွှေ့ပြောင်းရန် လမ်းကြောင်းကို သုံးသပ်စစ်ဆေးပါ။ ထိုလမ်းကြောင်းတွင် ဦးဆောင်ခေါ်ဆောင်မည့်သူ (၄) ဦးကို ရွေးချယ်ပြီး ဘေးကင်းမှု ရှိ/မရှိကို ဂရုတစိုက်စစ်ဆေးပေးထားရမည်။
- အထပ်မြင့် / ဒုတိယထပ်ရှိ အတန်းများ (သို့) အပြင်ဘက်သို့ထွက်ရန် တိုက်ရိုက်ထွက်ပေါက်မရှိသောအတန်းများ အတွက် ငလျင်ဘေးဖြစ်လာပါက ဦးခေါင်းငုံ့၊ အကာအကွယ်ယူ၊ ကိုင်ထားပါ စသည့်လေ့ကျင့်မှုကို ပြုလုပ်စေပါ။ ကျောင်းသူ/သားများကို ၄၅ မိနစ်ခန့် လေ့ကျင့်စေပါ။ ကျောင်းသားအားလုံး အကြိမ်အရေအတွက်ကို အတူတကွ ရေတွက်မှုများလည်း ပြုလုပ်နိုင်ပါသည်။ သိပ္ပံဓာတ်ခွဲခန်းများမှ ဆရာ/မများသည်ကျောင်းသား/သူများကို မီးသတ်နည်း၊ အန္တရာယ်ပေးနိုင်သည့်ပစ္စည်းများ ခွဲခြားထားပုံတို့ကို သရုပ်ပြနိုင်သည်။
- ကျောင်းသား/သူများမှ ဘေးအန္တရာယ်နှင့် အရေးပေါ် အခြေအနေတွင် ကျောင်းသား/သူများအား ကျောင်းဆင်းနိုင်စေရန် အစီအစဉ်ကို သိရှိစေရန် သေချာပါစေ။ အရေးပေါ် အခြေအနေတွင် ကျောင်းသား/သူများကို လာရောက်ကြိုမည့်သူများသည် အရေးပေါ် ဆက်သွယ်ရန်ကတ်ပြားတွင် ပေးထားသော မိဘ၊ အုပ်ထိန်းသူ (သို့) အခြားလူကြီးများသာ လာရောက်ကြိုခွင့်ရှိသည်။ ကြိုရမည့် ဂိတ်၊ ပြန်လည်ပေါင်းစည်းရန်ဂိတ်များ အကြောင်းကိုလည်း ရှင်းပြထားရမည်။

## ဆရာ/မများနှင့် ကျောင်းသား/သူများ။ သင်၏မိဘများအတွက် ပြင်ဆင်ပေးပါ။

- ဆရာ/မများသည် လေ့ကျင့်ရန်ကြေငြာချက်ကို မိဘများထံပေးစာပို့ပြီး သူတို့၏ ကျောင်းသား/သူများကို အိမ်ပြန်ခေါ်ခိုင်းရမည်ဖြစ်သည်။
- သူတို့၏ အရေးပေါ် ဆက်သွယ်ရန်ကတ်ပြားမှ ဆက်သွယ်ရမည့်သူများသည် မှန်ကန်နေစေရန် ပြင်ဆင်ထားရမည်။ ပြန်လည်တွေ့ဆုံပေးရန် အစီအစဉ်များသည် အရေးကြီးကြောင်းကိုလည်း အသိပေးပြောကြားထားရမည်။
- မိဘများအား သူတို့ကလေးများသည် ကျောင်းတွင် အန္တရာယ်ကင်းကြောင်းကို သေချာပြောပြထားရမည်။

မူရင်း။ ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ (Save the Children)

## ၂.၇ အရေးပေါ်အခြေအနေတွင် ပညာဆက်လက်သင်ကြားနိုင်ရေးနှင့် စိတ်ပိုင်းဆိုင်ရာ အားပေး ကူညီမှုအတွက်စီစဉ်ခြင်း

### ဤအခန်း၏ရည်ရွယ်ချက်

ဤအခန်း၏ရည်ရွယ်ချက်သည် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်၏ သင်ခန်းစာ (၃)မှာ ဘေးအန္တရာယ်နှင့်အရေးပေါ်အခြေအနေတွင် ကျောင်းသား/သူများ၏ပညာသင်ကြားရေးကို မထိခိုက်စေရန် ပြင်ဆင်ဆောင်ရွက်ရမည့် အစီအစဉ်များအပေါ်တွင် လမ်းညွှန်မှုပေးရန်နှင့် ကျောင်းပုရဝဏ်နှင့် ကျောင်းအနီးပတ်ဝန်းကျင်တွင် ပညာဆက်လက်သင်ကြားနိုင်ရေး နည်းလမ်းများ ပံ့ပိုးပေးရန်ဖြစ်သည်။ ထို့အပြင် ဘေးအန္တရာယ် ဖြစ်နေသည့်ကာလတွင် ကလေးများအတွက် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ပေးမှု အစီအစဉ်များအတွက် ကူညီရန်ဖြစ်သည်။ အမှန်တကယ် ဘေးဖြစ်နေချိန်တွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ဤရှုထောင့်အားဖြင့် လုပ်ဆောင်နိုင်မည်ဖြစ်သည်။





အာဆီယံကျောင်းများဘေးကင်းလုံခြုံရေးဆိုင်ရာ သင်တန်း

### ကျောင်းတာဝန်ရှိသူတို့မှ ဆောင်ရွက်ရန်လုပ်ငန်းများ

- ပညာသင်ကြားမှုရပ်တန့်သွားခြင်း၏ ဆိုးကျိုးများကိုသိရှိပြီး စဉ်ဆက်မပြတ်ပညာသင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်။
- ယာယီသင်ကြားရန် နေရာများအတွက် ဖြစ်နိုင်သည့်နေရာများ သတ်မှတ်ပြီး ညှိနှိုင်းဆွေးနွေး သဘောတူညီမှုရယူထားသည်များ မှတ်တမ်းထားရှိရန်။
- ကလေးများနှင့် လူငယ်များအတွက် ကျောင်းပြင်ပ ပညာရေးစနစ်များ စီစဉ်ထားရှိရန်။
- ကလေးများအတွက် အဆင်ပြေစေနိုင်သည့် အတန်းအချိန်ဇယားများနှင့် သင်ခန်းစာများကို ကြိုတင်ညှိနှိုင်းထားရန်။
- အရှေ့တောင်အာရှ (ASEAN) ဒေသတွင်းနိုင်ငံများ၏ ဆန်းသစ်သောနည်းစနစ်များကို လေ့လာ၍ မြန်မာ့ဓလေ့၊ လက်ရှိ မြန်မာနိုင်ငံအနေအထားနှင့် ဆောင်ရွက်နိုင်သည့် အရန်သင်ကြားရေးနည်းစနစ်သစ်များ ( alternative delivery methods) ကို စီစဉ်ထားရန်။
- ကျောင်းတွင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးအစီအစဉ်၌ ထည့်သွင်းရန်အတွက်အထက်တွင် ဖော်ပြခဲ့သောပုံစံကို အသုံးပြုပြီး စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရေးကဏ္ဍတစ်ရပ် ရေးဆွဲရန်။
- ထိခိုက်လွယ်သောကလေးများ၏ အထူးလိုအပ်ချက်များကို သိရှိပြီး ဖြည့်ဆည်းပေးရန်။
- ကလေးသူငယ်များအတွက် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့အစီအစဉ်များ ထားရှိရန်။
- အကယ်၍ ကျောင်းကို အရေးပေါ်ဒုက္ခသည် စခန်းအဖြစ် အသုံးပြုရမည်ဆိုပါက ပြန်အပ်နိုင်မည့် နေ့စွဲတစ်ခု သတ်မှတ်ထားရှိရန်။

ပုံစံ : SDMP ၏ သင်ခန်းစာ (၃) မှ စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရေးအစီအစဉ်

| |
|---|
| ၁။ ကျောင်းချိန်/ကျောင်းတက်ရက်များကို ပြောင်းလဲသတ်မှတ်ခြင်း<br>အကယ်၍ ကျောင်းပိတ်ထားရမည့်ကာလသည် ကျောင်းချိန်တစ်နှစ်လျှင် _____ ရက်ထိရှိပါက ကျောင်းချိန်များကိုဤသို့ပြောင်းလဲသတ်မှတ်မည်။ (၂၄နာရီမှ ၁၂၀နာရီ၊ ၃ရက် (သို့) ၅ရက်အထိ ဖြစ်ပွားခဲ့သော ဖြစ်စဉ်နှစ်ခုကို ဆန်းစစ်ပါ) |
| ဆောင်ရွက်ရန် |
| ၂။ ကျောင်းအား အခြားနေရာတစ်ခုတွင် ဖွင့်လှစ်ခြင်း<br>အကယ်၍ ကျောင်းပိတ်ထားရမည့်ကာလသည် ကျောင်းချိန်တစ်နှစ်လျှင် _____ ရက်ထိရှိပါကကျောင်း၏အတန်းများကို အခြားနေရာတစ်ခုတွင် ပြောင်းရွှေ့ဖွင့်လှစ်မည်။ (အထက်ဖြစ်စဉ်နှစ်ခုကို ဆန်းစစ်ပါ) |
| ဆောင်ရွက်ရန် |
| ၃။ ညွှန်ကြားချက်များထုတ်ပြန်ရန်နည်းလမ်း<br>ကျောင်းစာကိုရှေ့ဆက်ဘယ်လိုသင်ကြားမလဲ။ သင်ယူမှုအရှိန်မြှင့်ခြင်းအသုံးပြုမည်လား။ ကျောင်းသား/သူအချင်းချင်း လမ်းညွှန်ချက်များ လက်ဆင့်ကမ်းစေမည်လား။ |
| ဆောင်ရွက်ရန် |
| ၄။ အရေးတကြီးလိုအပ်မှုများ SURGE CAPACITY<br>အကယ်၍ ဝန်ထမ်းအများစု တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက/အကူအညီလိုအပ်ပါက သင်ကြားရေးနှင့် စီမံခန့်ခွဲရေး တာဝန်များကို မည်သူကပံ့ပိုးပေးနိုင်သလဲ။ |
| ဆောင်ရွက်ရန် |
| ၅။ ကျောင်းသန့်ရှင်းရေးအစီအစဉ် (ဥပမာ - ရေလွှမ်းမိုးမှုကြုံတွေ့ရစဉ်) |
| ဆောင်ရွက်ရန် |
| ၆။ ကျောင်းကို အချိန်အတိုင်းအတာတစ်ခုအထိသာ ယာယီဒုက္ခသည်စခန်းအဖြစ် အသုံးပြုရေးအစီအစဉ် |
| ကျောင်းကို ယာယီဒုက္ခသည်စခန်းအဖြစ် လိုအပ်လာနိုင်ပါသလား။<br>[ ] လို [ ] မလို [ ] လိုအပ်လာဖွယ်ရှိ<br>ဘယ်လောက်ကြာအောင်လိုအပ်နိုင်မလဲ။ |
| ကျွန်ုပ်တို့အတွက် ဤကျောင်းအပြင် အခြားတစ်နေရာရှိသေးသလား။ မည်သည့်နေရာလဲ။ |
| ကျောင်းအတွက်ထောက်ပံ့မှု ဘာတွေလိုအပ်မလဲ။ မည်သည့်နေရာက ရနိုင်မလဲ။<br>ကျောင်းအဆောက်အဦးများ၊ ပစ္စည်းများကို ဘယ်လိုကာကွယ်မလဲ။<br>ဤကျောင်းကိုအသုံးပြုခြင်းအတွက် ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများရှိပါသလား။ ၎င်းစည်းကမ်းများကို ဘယ်လိုတန်ဖိုးထား လိုက်နာနိုင်မလဲ။ |

| |
|---|
| ၇။ ယာယီသင်ကြားရေးဌာန<br>အကယ်၍ ကျောင်းအဆောက်အဦးကို အချိန်ကြာမြင့်စွာအသုံးပြုနိုင်ခြင်းမရှိပါက ယာယီသင်ကြားရေးဌာနတစ်ခု ဖွင့်လှစ်ဖို့ မည်သည့်အရာများ လိုအပ်မလဲ။ |
| ဆောင်ရွက်ရန် |
| ၈။ ယာယီသင်ကြားရေးဌာနတွင် ပါဝင်မှုရှိစေခြင်း<br>မိန်းကလေးများ၊ မသန်စွမ်းကလေးများအပါအဝင် ထိခိုက်လွယ်သူ အုပ်စုတို့၏ အထူးလိုအပ်ချက်များကို ဂရုတစိုက် ဆောင်ရွက်ပါ။ သင်ကြားရေးဌာနသို့ ရောက်ရှိနိုင်မှု၊ သယ်ယူပို့ဆောင်ရေးအတွက် အထောက်အပံ့များ၊ အိမ်မှစာသင်ကျောင်းသို့ သွားရာတွင် ပံ့ပိုးမှု |
| ဆောင်ရွက်ရန် |
| ၉။ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု<br>ကျွန်ုပ်တို့၏ ကျောင်းသား/သူများတွင် ဘယ်လိုစိတ်ထိခိုက်မှုလက္ခဏာများ တွေ့ရပါသလဲ။ နှစ်သိမ့်စကားပြောရန် ဘယ်လိုစီစဉ်မလဲ။ ဆရာ/မ များ အနေဖြင့် ဘယ်လိုသိသင့်တာတွေ သိထားသင့်ပါသလဲ။ ပံ့ပိုးမှုထပ်မံလိုအပ်သည့် ကျောင်းသား/သူများကို ဘယ်ကို လွှဲပေးမလဲ။ |
| ဆောင်ရွက်ရန် |

မှီငြမ်း : ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲခြင်း၊ Save the Children

## အရေးပေါ်အခြေအနေများအတွင်း စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုက ဘာကြောင့် အရေးကြီးသလဲ။



ကစားနည်းအားဖြင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီပေးခြင်း

အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ် ကျရောက်သည့်ကာလများ အပါအဝင်မည်သည့်အချိန်တွင်မဆိုလူတိုင်း အတွက် ပညာရေးထောက်ပံ့ပေးနိုင်ခြင်းနှင့် သင်ကြားနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းသည် ကျောင်း၏တာဝန် ဖြစ်သည်။ ရေကြီးခြင်း၊ မီးလောင်ခြင်းကဲ့သို့သော သဘာဝဘေးများနှင့် ရင်ဆိုင်နေရချိန်၊ အခြားသော လုံခြုံရေးကိုထိပါးနိုင်သည့်အန္တရာယ်များ ကြုံတွေ့နေရချိန်တို့အပြင် ကျောင်းကို အရေးပေါ် ခိုလှုံရာနေရာအဖြစ် အသုံးပြုနေရသည့်အခြေအနေ၌ပင်လျှင် ကျောင်းနေအရွယ်ကလေးများ စဉ်ဆက်မပြတ်ပညာသင်ကြားနိုင်ရေးအတွက် သင့်တော်သောနည်းပညာပံ့ပိုးမှု အစီအမံများ၊ ယာယီသင်ကြားရေးအစီအစဉ်များကို ကျောင်းတွင်းသဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးတုံ့ပြန်ရေး အစီအစဉ်တွင် ကြိုတင်ထည့်သွင်းထားရန် လိုအပ်ပါသည်။

ဘေးအန္တရာယ်ဖြစ်ပွားပြီး ကာလအလွန် ပညာပြန်လည်သင်ကြားစေမှုသည် ယာယီစခန်းများ၌ ခဏတာ အချိန်လေးပင်ဖြစ်စေကာမူ ကလေးငယ်များနှင့် သူတို့၏မိဘများအတွက် ဘေးကြောင့်ဖြစ်ပေါ်လာသော စိတ်ဓာတ်ပိုင်းဆိုင်ရာ ထိခိုက်မှုအား လျော့နည်းသက်သာစေနိုင်သည်။ ယခင်ကရှိခဲ့သော ဘဝအာမခံချက်များ သဘာဝဘေးကြောင့် ပျောက်ပျက်သွားရသည့်တိုင် သူတို့အား လူ့ဘောင်အဖွဲ့အစည်းအတွင်း ပုံမှန်လူများကဲ့သို့ ရှင်သန်နေထိုင်နိုင်စေရန် အထောက်အကူဖြစ်စေသည်။ အရည်အသွေးပြည့်မီသော ပညာဆည်းပူးခွင့်ဆိုသည့် ကလေးတစ်ယောက်ရသင့်သည့်အခွင့်အရေးကို ဖြည့်ဆည်းပေးသည့်အနေဖြင့် သဘာဝဘေးကြောင့် ပျောက်ဆုံးခဲ့ရသောပုံမှန်အတန်းချိန်များကို စဉ်ဆက်မပြတ်ပညာသင်ကြားနိုင်ရေး အစီအစဉ်များက အစားထိုး ပေးနိုင်ပါသည်။

ဘေးအန္တရာယ်နောက်ဆက်တွဲ ကျောင်းနေအရွယ်ကလေးများ ကြုံတွေ့နိုင်သော လူမှုရေးပြဿနာများ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများနှင့် ကျောင်းပညာရေးထိခိုက်မှုများကို သိရှိဖော်ထုတ်ရန်လိုအပ်ပြီး သင့်တော်သောဖေးမမှုများ ပံ့ပိုးပေးရန်လိုအပ်ပါသည်။

## ယာယီ ပညာသင်ကြားရေးစခန်းများကို မည်ကဲ့သို့စီစဉ်ဆောင်ရွက်မလဲ။

ယာယီပညာသင်ကြားရေးစခန်းသည် ရပ်ရွာရှိ ဘုန်းကြီးကျောင်း၊ ဘုရား (သို့) တဲထိုးခြင်း (သို့) စာသင်ခန်းအဖြစ်အသုံးပြုနိုင်သော အခြားယာယီနေရာများ ဖြစ်နိုင်သည်။ ကျောင်းအဆောက်အအုံထိခိုက်ပျက်စီးမှုများပြားသော်လည်း ကျယ်ဝန်းသည့် ကျောင်းခြံဝင်းရှိပါက အဆင်ပြေလျှင် ကျောင်းဝန်းအတွင်း၌ပင် ယာယီသင်ကြားရေးစခန်းများ ဆောက်လုပ်သင့်သည်။ ယာယီပညာသင်ကြားရေးစခန်းတစ်ခုရှိသင့်သည့် အင်္ဂါရပ်များမှာ (၁)အဆောက်အဦးခိုင်ခံ့မှုရှိရန်၊ ဘေးဥပါဒ်အန္တရာယ်ဖြစ်စေသောပစ္စည်းများနှင့် ကင်းဝေးရန်၊ လုံခြုံမှုရှိရန် (၂) ကျောင်းသား/သူများ၏ နေအိမ်များ၏ အနီးအနားတွင်ရှိရန် (၃) မသန်စွမ်းကလေးများ အလွယ်တကူလာရောက်ကျောင်းတက်နိုင်ရန် (၄) အစားအစာနှင့် ကျောင်းပစ္စည်းများ ထားသိုသိမ်းဆည်းရာ လုံလောက်သောနေရာရှိရန် (၅) ရေ၊ အိမ်သာနှင့်အညစ်အကြေးစွန့်ပစ်ရာနေရာများ စနစ်တကျထားရှိရန် (၆) ယာယီစခန်းအတွက် ကုန်ကျစရိတ်များသည် ကျောင်း/ပညာရေးဌာနဘတ်ဂျတ် (သို့) လူထုထည့်ဝင်နိုင်သည့် ငွေကြေးပမာဏအတွင်းဖြစ်ရန်နှင့် စဉ်ဆက်မပြတ်ပညာသင်ကြားနိုင်ရေးကိုဦးတည်၍ ဖြစ်နိုင်သည့်နည်းလမ်းများရှာဖွေဖော်ထုတ်ပြီး ရံပုံငွေကို ထိရောက်စွာသုံးစွဲရန်တို့ ဖြစ်သည်။

တခါတရံတွင် ကျောင်းကို အရေးပေါ်ခိုလှုံရာ အဆောက်အဦးအဖြစ် ဖွင့်လှစ်ထားရှိရပြီး ကျောင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိသည့်အခြေအနေမျိုး ကြုံတွေ့ရတတ်သည်။ ၎င်းအချိန်၌ ကျောင်းစီမံခန့်ခွဲမှုကော်မတီနှင့် အရေးပေါ်ဒုက္ခသည်စခန်း စီမံခန့်ခွဲမှုကော်မတီနှစ်ခု ပူးပေါင်းပြီး ကျောင်းသား/သူများအား စာဆက်လက် သင်ကြားပေးနိုင်ရန် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ရမည်ကို အဖြေရှာရမည်။ အောက်တွင် ဖော်ပြထားသည့် ကဏ္ဍများအတွက်ပါ နှစ်ဦးနှစ်ဖက် သဘောတူညီမှုရယူထားရမည်။ ပညာရေး အဆောက်အဦးများကို ယာယီခိုလှုံရာအဆောက်အဦးအဖြစ်အသုံးပြုမှုကို နောက်ဆုံးရွေးချယ်စရာမရှိသည့် အခြေအနေနှင့် အခြားသင့်တော်သည့် နေရာမရှိမှသာ ပညာရေးအဆောက်အဦးများ၊ ကျောင်းများ၌ ဖွင့်လှစ်ရန်ဖြစ်သည်။ ယာယီခိုလှုံရာအဆောက်အဦးအဖြစ် အသုံးပြုလိုလျှင် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့အတွင်း အားလုံးသိရှိပြီးသဘောတူညီချက်များ ရယူထားရမည်။ ဤအကြောင်းအရာကို သင်ခန်းစာ ၂.၉ တွင်အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းသည် ပညာရေးအနှောက်အယှက်နှင့် အရေးပေါ်ကာလတွင် လူများ စာသင်ကျောင်းတွင်နေထိုင်ခြင်းကို လျော့နည်းစေနိုင်မည်ဖြစ်သည်။

ပညာသင်ကြားရေးပြန်လည်စတင်စဉ် လက်ရှိအခြေအနေပေါ် မူတည်၍ ကလေးများ အဆင်ပြေစွာ သင်ယူလိုက်နာနိုင်သည့် အောက်ပါအစီအစဉ်များထားရှိရန်လိုအပ်သည်။

- လိုအပ်ချက်ပေါ် မူတည်၍ အတန်းအချိန်ဇယားများပြောင်းလဲခြင်း။
- အခြားနည်းလမ်းများ ဥပမာ - ကိုယ်တိုင်လေ့လာသည့်စနစ်၊ အဝေးသင်စနစ်၊ အင်တာနက်မှသင်ယူလေ့လာသည့်စနစ်၊ accelerated or catch up learning တို့ဖြင့် သင်ကြားစေခြင်း။
- ငယ်ရွယ်သည့်ကလေးမိဘများအတွက် ကလေးပြုစုစောင့်ရှောက်ပေးခြင်း။
- အနီးအနားပတ်ဝန်းကျင်ရှိ ပုံမှန်ဖွင့်လှစ်နေသောကျောင်းများသို့ လက်လှမ်းမီစေခြင်း

ကျောင်းကို အရေးပေါ်ခိုလှုံရာအဆောက်အဦးအဖြစ် ဖွင့်လှစ်ထားပါက လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းများမှာ-

- ကျောင်းအတန်းချိန်နှင့် စာသင်ချိန်များတွင် ကျောင်းသား/သူများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရန်အတွက် ဘေးအန္တရာယ်ကြောင့် ခိုလှုံရာနေရာသို့လာရောက်ခိုလှုံသူများအား နေရာကို သတ်သတ်မှတ်မှတ်ခွဲခြားသတ်မှတ်ထားခြင်း။
- ကျောင်းအဆောက်အဦး၊ ကျောက်သင်ပုန်းနှင့်ပရိဘောဂများ၊ စာသင်အထောက်အကူပြုပစ္စည်းများ၊ ရေနှင့်အညစ်အကြေးစွန့်စနစ်များ မပျက်စီးစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း။
- ကျောင်းသား/သူများအတွက် လေ့ကျင့်ခန်းစာအုပ်များ သိမ်းဆည်းရန်နေရာ စီစဉ်ပေးခြင်း။
- အိမ်သာ၊ အညစ်အကြေးစွန့်စနစ်နှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးအစီအစဉ်များ ဆောင်ရွက်ခြင်း။
- ဘေးအန္တရာယ်ကြောင့် စာသင်ကျောင်းသို့ ယာယီလာရောက်ခိုလှုံရသောသူ၊ မိဘများ၊ ရပ်ရွာလူထုခေါင်းဆောင်များကို ကျောင်းပညာသင်ကြားရေးအစီအစဉ်များတွင် ပါဝင်စေခြင်း။

## ဖြစ်ရပ်မှန်အလေ့အကျင့်ကောင်း ဥပမာများ

အောက်တွင်ဖော်ပြထားသောဖြစ်စဉ်များမှာ ဖိလစ်ပိုင်နိုင်ငံ၌ မုန်တိုင်းဖြစ်ပွားစဉ်နှင့် ရေလွှမ်းမိုးမှုဖြစ်ပွားသည့် သဘာဝဘေး ကာလအလွန်၌ စဉ်ဆက်မပြတ်ပညာဆက်လက်သင်ကြားနိုင်ရေးအတွက်ဆောင်ရွက်သည့် ဥပမာနှစ်ခုဖြစ်သည်။

### ဖြစ်စဉ် ၁ - ဖိလစ်ပိုင်နိုင်ငံ Binitayan မူလတန်းကျောင်း၏ စဉ်ဆက်မပြတ်ပညာသင်ကြားနိုင်ရေးနည်းဗျူဟာ

၂၀၀၆ခုနှစ်၊ တိုင်ဖွန်းမုန်တိုင်း Reming တိုက်ခတ်ပြီးချိန်တွင် ဖိလစ်ပိုင်နိုင်ငံမှ မူလတန်းကျောင်းတစ်ကျောင်းသည် မုန်တိုင်းဒဏ်ခံပြည်သူလူထုအတွက် ပြန်လည်ထူထောင်ရေးစင်တာတစ်ခုအဖြစ် ထမ်းဆောင်ခဲ့သည်။ ကျောင်းကို ယာယီစခန်းအဖြစ် တစ်လသာအသုံးပြုမည်ဟု စီစဉ်ထားခဲ့သော်လည်း လက်တွေ့တွင် လပေါင်းများစွာကြာသည့် တိုင်အောင် အသုံးပြုခဲ့ကြသည်။ ကလေးများ၏ကျောင်းချိန် လုံးဝထိခိုက်မှုမဖြစ်ရအောင် တတ်နိုင်သည့်အချိန်မှစ၍ အတန်းများ ပြန်လည်ဖွင့်လှစ်သင်ကြားရန် ဆရာများကဆုံးဖြတ်ခဲ့ကြသည်။ စာသင်ကြားရန်အတွက် နေ့ဘက် ကျောင်းချိန်များ၌ လေဘေးသင့်ပြည်သူများကို စာသင်ခန်းပြင်ပရှိ ယာယီတဲများသို့ထွက်၍ နေထိုင်စေခဲ့သည်။ ၂၀၀၆ခုနှစ်၊ နိုဝင်ဘာလမှစ၍ ဒုက္ခသည်အားလုံးကို အခြားယာယီစခန်းများသို့ ပြောင်းရွှေ့ပြီးသည့် နောက်နှစ် ဖေဖော်ဝါရီလတိုင်အောင် နေ့စဉ်နေ့တိုင်း ထိုသို့ပြုလုပ်ခဲ့ကြရသည်။ ထိုကာလများအတွင်း ကလေးများကိုဘာသာရပ် ကြီးလေးခုသာ အာရုံစူးစိုက်၍သင်ကြားပေးခဲ့သည် - အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံနှင့် ဖိလစ်ပိုင်စာ (သို့) Makabayan နှင့် character education တို့ဖြစ်သည်။ နေ့လည်စာစားချိန်မတိုင်ခင် တစ်ရက်စာသင်ခန်းစာ ပြီးစီးနိုင်ရန်အတွက် ဘာသာရပ်တစ်ခုချင်း၏ စာသင်ချိန်ကိုလည်း လျှော့ချခဲ့ရသည်။
အခက်အခဲများကြားမှ နေ့ခင်းပိုင်းအချိန်များတွင် အနီးရှိ Bañadero မူလတန်းကျောင်းမှ ကလေးများကို သင်ကြား ပြသပေးခဲ့ကြသည်။ နောက်ပိုင်း၌ အချို့အရေးပေါ်အတန်းများကိုအခြားကျောင်းများသို့ ပြောင်းရွှေ့ပေးခြင်းဖြင့် လေဘေးသင့်သူများ၏ နေရေးထိုင်ရေး အဆင်ပြေစေသည့်အပြင် ကျောင်းပရဝုဏ်အတွင်း လူဦးရေထူထပ်သည့် ပြဿနာကိုလည်း လျှော့နည်းစေသည်။
ဆိုးရွားသည့်သဘာဝဘေးကာလအတွင်း ဆရာများ၊ ကျောင်းဝန်ထမ်းများနှင့် ဒုက္ခသည်စခန်းတာဝန်ခံများ၊ ဒုက္ခ သည်များ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့်သာ စာသင်ခန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ ကျန်းမာ ရေးဦးစီးဌာန၏ စိတ်ပိုင်းဆိုင်ရာ ဖေးမမှုအစီအမံများနှင့် ဒေသအစိုးရ၏အကူအညီများကြောင့် ဆရာများနှင့် ကျောင်း သားများက သဘာဝဘေးလွန်ကာလကို ကောင်းစွာကျော်ဖြတ်နိုင်ခဲ့ကြသည်။ တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်စဉ် သူတို့ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပုံဆွဲဖော်ပြစေခြင်းဖြင့် ကလေးများ၏ ကြောက်စိတ်ကို လျှော့နည်းစေပြီး အတွေ့အကြုံဆိုးများကြောင့်ဖြစ်သော စိတ်ဒဏ်ရာကိုလည်း သက်သာစေခဲ့သည်။ ထို့အတွက် ကလေးများ၏ ပုံဆွဲ လေ့ကျင့်ခန်းများ၌ကူညီပေးနိုင်ရန် ဆရာအားလုံးကို သင်တန်းပေးခဲ့သည်။

### ဖြစ်စဉ် ၂ - ရေလွှမ်းမိုးမှုဖြစ်စဉ်အပြီး ဖိလစ်ပိုင်နိုင်ငံ J. Marquez မူလတန်းကျောင်း၏ Flexi-Curriculum (အလိုက်သင့်-သင်ရိုး) Project

ဖိလစ်ပိုင်နိုင်ငံ Cotabato မြို့၌တည်ရှိသော J. Marquez မူလတန်းကျောင်း၏ Flexi-Curriculum (အလိုက်သင့် သင်ရိုး) Project သည် ကျောင်းတွင်း ဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ၎င်းသည် ကြီးမားသည့်ရေလွှမ်းမိုးမှုဒဏ်ကို အပြင်းအထန်ခံစားခဲ့ရချိန်၌ ရေးဆွဲခဲ့သော Project BAKWET (Bigay Alalaysa Karunungang Wagi at Edukasyon para sa Taong Nangangailangan)၏ အစိတ်အပိုင်း တစ်ခုလည်း ဖြစ်သည်။ ရေလွှမ်းမိုးမှုကြောင့် ကျောင်းစာသင်ခန်းများကို အကန့်အသတ်မရှိ ရပ်နားထားရချိန်၌ အတန်းပညာများကို မည်ကဲ့သို့သော အခြေအနေ၌ဖြစ်စေ ပြန်လည်သင်ကြားနိုင်စေရေးအတွက် ရည်ရွယ်ပြီး ကျောင်းအုပ်နှင့် ကျောင်း ဝန်ထမ်းများက ရေးဆွဲခဲ့သည့် အစီအစဉ်တစ်ခုဖြစ်သည်။

Flexi-Curriculum Program အလိုက်သင့် သင်ရိုးပို့ချပေးခြင်းသည် အရေးပေါ်အခြေအနေ ဖြစ်ပွားသော်လည်း ဆက်လက်၍ စာသင်ကြားလိုသည့် ကျောင်းသား/သူများအတွက် ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ပထမအဆင့်အနေဖြင့် အကူအညီပေးနိုင်သည့် ကျောင်းဝန်ထမ်းများ ရှာဖွေစုစည်းခဲ့ပြီး စီစဉ်ရမည့်လုပ်ငန်းများအတွက် ကြီးကြပ်ရေးကော်မတီတစ်ခုဖွဲ့စည်းခဲ့သည်။ ထို့နောက် ရေဒီယိုမှကြေညာခြင်းနှင့် အိမ်တိုင်ရာရောက်တွေ့ဆုံခြင်းကဲ့သို့သော လှုပ်ရှားမှုများပြုလုပ်၍ ကျောင်းသား/သူများအား စုဆောင်းခဲ့ကြသည်။ ရရှိသည်နှင့်တပြိုင်နက် အစီအစဉ်ကိုစတင်ခဲ့ပြီး Cotabato မြို့ဈေးကြီး (Mega Market/ Shopping Mall) တွင် အချိန်အနည်းငယ်အတွင်း စာသင်ကြားမှုများအား စတင်နိုင်ခဲ့သည်။

အစီအစဉ်၌ပါရှိသည့် အခြားသောကာကွယ်ရေး အစီအမံများမှာ DRRM ဆွေးနွေးပွဲများကို ပုံမှန်ကျင်းပခြင်း၊ ဘေးအန္တရာယ်အတွက် လေ့ကျင့်မှုများပြုလုပ်ခြင်းနှင့် စာသင်ခန်းများတွင် သတင်းအချက်အလက် ဝေမျှခြင်းတို့ဖြစ်သည်။ ကျောင်းတွင်း DRRM စီမံချက်သည် အရေးပေါ်အခြေအနေဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးအချိန်၌ ကျောင်းသား/သူများအတွက် လုံခြုံမှုရှိစေသည့်အပြင် ကယ်ဆယ်ရေးစခန်းများ၌ ခိုလှုံနေရသူပင်ဖြစ်စေ ပညာဆက်လက်သင်ကြားခွင့်ရရှိစေပါသည်။ ဤသင်ရိုးညွှန်းတမ်း၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုမှာ သဘာဝဘေးနှင့် လူသားကြောင့်ဖြစ်ပေါ်လာသောဘေးနှစ်ခုလုံးအတွက် ကြိုတင်ပြင်ဆင်ထားခြင်းဖြစ်သည်။ ကွဲကွာနေသော မိသားစုဝင်များကိုလည်း  စိတ်ဖိစီးမှုများ သက်သာစေရန် ကူညီထောက်ပံ့ပေးသည်။

"အခက်အခဲပေါင်းများစွာနဲ့ အဆင်မပြေတာတွေရှိခဲ့လည်း အရေးပေါ်စာသင်ခန်းများရှိရာ Mega Market ကို ကလေးတွေလာနိုင်ခဲ့ကြတယ်လို့ ကျွန်မထင်ပါတယ်။ ကျွန်မတို့ကလည်း သူတို့လေးတွေ ကိုယ်ရောစိတ်ပါလုံခြုံစေဖို့ အကောင်းဆုံးကာကွယ်ဆောင်ရွက်ပေးခဲ့ပါတယ်။ မြေလျောင်နဲ့ မီးလောင်မှုဘေးတွေအတွက် အရင်ကလေ့ကျင့်ခဲ့ဖူးတဲ့ လေ့ကျင့်ခန်းများတွေကို  ကျွန်မ တောက်လျှောက် သတိပေးခဲ့ပါသေးတယ်။ အကယ်၍များ အရေးပေါ် ဘေးအန္တရာယ်ထပ်ကြုံလာခဲ့ရင် ဘာလုပ်ရမလဲဆိုပြီးတော့ပေါ့။"

"ကျွန်မတို့ကိုယ်တိုင်က ဘေးအန္တရာယ်ခံစားနေရသူဆိုပေမယ့် တပည့်လေးတွေရဲ့အကျိုးအတွက် အားအင်တွေစုစည်းပြီး စိတ်တည်ငြိမ်အောင်ဖန်တီးလို့ အကောင်းမြင်စိတ်တွေ မွေးမြူရပါတယ်။ အရေးကြီးတဲ့တာဝန်တွေ ထမ်းဆောင်ဖို့ ကျွန်မတို့အိမ်တွေကို ပစ်ထားခဲ့ရတယ်။ ရေကြီးနေတုန်းမှာ Mega Market မှာဖွင့်လှစ်ထားတဲ့ flexi-curriculumအတန်းတွေကို လည်ပတ်စေဖို့အတွက် တစ်လခန့်အချိန်ပေးခဲ့ရပြီး ကျွန်မတို့မိသားစုတွေကို လျစ်လျူရှုထားခဲ့ရတာလည်း ပေးဆပ်မှုတစ်ခုပါပဲ။ အားလုံးရဲ့အကျိုးအတွက် ဆောင်ရွက်နေတယ်ဆိုတာ ကျွန်မတို့အားလုံးသိပါတယ်။ အဲဒါကြောင့် တစ်ယောက်ကိုတစ်ယောက် ကူညီဖေးမပြီးပြန်လည်ထူထောင်နိုင်ဖို့အတွက် ပူးပေါင်းလုပ်ဆောင်ဖို့က အရေးကြီးဆုံးလို့ ကျွန်မပြောလိုပါတယ်။"

ဆရာမ Merlina, J. Marquez မူလတန်းကျောင်း၊ ဖိလစ်ပိုင်

ဖြစ်စဉ် (၃)   - ၂၀၀၈ ခုနှစ် ဆိုင်ကလုန်း နာဂစ်၊ ၂၀၁၀ ခုနှစ် ဆိုင်ကလုန်း ဂီရိ၊ ၂၀၁၅ မြန်မာတစ်ပြည်လုံးနီးပါးရေကြီးခြင်းနှင့် မြေပြိုခြင်း ဖြစ်နေစဉ်ကလည်း စာသင်ကျောင်းပျက်စီးခြင်းနှင့် စာသင်ကျောင်းများကို ကယ်ဆယ်ရေးစခန်းအဖြစ်အသုံးပြုခြင်း၊ ဘုန်းကြီးကျောင်းတွင်ယာယီပညာသင်ကြားပေးခြင်းများ ရှိခဲ့ပါသည်။ ၎င်းမြန်မာနိုင်ငံမှဖြစ်စဉ်များကို အကျယ်တဝင့် ဆွေးနွေးပြီး အတွေ့အကြုံများ ဖလှယ်ပေးရန်။

## ပညာသင်ကြားနေသည့် စိတ်ဖိစီးမှုခံစားနေရသောကလေးသူငယ်များအတွက် စိတ်ပိုင်းဆိုင်ရာအထောက်အပံ့ ဘယ်လိုပေးမလဲ။



ကစားနည်းဖြင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီပေးခြင်း

နိဒါန်းပိုင်းတွင် ဖော်ပြခဲ့သကဲ့သို့ ဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသော ကျောင်းနေအရွယ်ကလေးများသည် နောက်ဆက်တွဲလူမှုရေးနှင့် စိတ်ဖိစီးမှုပြဿနာများ ဖြစ်ပေါ်ခံစားရနိုင်သဖြင့် သင့်တော်သောစိတ်ပိုင်းဆိုင်ရာ အထောက်အပံ့များ ရရှိရန်လိုအပ်သည်။ ကလေးများ၏ စိတ်ဖိစီးမှုလက္ခဏာများကို အချိန်မီသတိပြုမိနိုင်ရန်သာမက စိတ်ပိုင်းဆိုင်ရာဖေးမမှုနှင့် လိုအပ်ပါက အခြားအထောက်အပံ့ပေးနိုင်သည့်နေရာများသို့ လွှဲပြောင်းပေးနိုင်သည့် အစီအစဉ်များထားရှိရန်လိုသည်။ ထိုကလေးများအတွက် အာရုံစူးစိုက်မှု ပြန်လည်ကောင်းမွန်လာစေရန် မှန်းဆရလွယ်ကူသော သင်ကြားရေးနည်းစနစ်များ (predictable structure) (positive disciplinary methnods) ကိုအသုံးပြု၍ အချိန်တိုတိုနှင့် ထိထိရောက်ရောက် သင်ကြားပေးနိုင်ရမည်။ ၎င်းသင်ကြားရေးနည်းစနစ်များနှင့်သင်ခန်းစာများကကလေးများအတွက်မိမိကိုယ်ကိုယုံကြည်မှုမြှင့်တင်ပေးနိုင်ပြီး အနာဂတ်မျှော်လင့်ချက်များ ရှင်သန်လာစေနိုင်ပါသည်။

### လမ်းညွှန်ချက် : ရှင်းလင်းပြောကြားခြင်းအတွက် စကားစုလမ်းညွှန် (Tool : Conversational Guide for Debriefing)

### အဖွင့်

ယခုဖြစ်ခဲ့တဲ့ဘေးအန္တရာယ်ဖြစ်စဉ်က ကျွန်တော်တို့အားလုံးကို တုန်လှုပ်သွားစေခဲ့ပါတယ်။ အဲဒီတော့ အချိန်အနည်းငယ်ယူပြီး ဘာတွေဖြစ်ပျက်ခဲ့လဲ၊ ဒါကိုဘယ်လိုကျော်လွှားကြမလဲပြောကြရအောင်။ အဲဒီအတွက် ကျွန်တော်မေးခွန်းအနည်းငယ် မေးချင်ပါတယ်။ အားလုံးကိုပါဝင် ဖြေဆိုပေးဖို့လည်း ဖိတ်ခေါ်ပါတယ်။ တစ်ဦးဖြေကြားနေစဉ် တစ်ဦးက ကြားဖြတ်ပြောခြင်း၊ ငြင်းခုံခြင်းနဲ့ ဝင်ပြီးဆုံးဖြတ်ခြင်းတို့ မပြုလုပ်ကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။

### ရည်ရွယ်ပြီး မေးသည့်မေးခွန်းများ (Objective Questions)

သင့်ကိုယ်သင် ဗွီဒီယိုကင်မရာတစ်ခုလိုသဘောထားပြီး ဖြစ်စဉ်အစကနေ သင်မြင်ခဲ့တဲ့၊ ကြားသိခဲ့တဲ့အချက်တွေ၊ ပုံရိပ်တွေကို မှတ်တမ်းတင်ထားတယ်လို့ မြင်ယောင်ကြည့်လိုက်ပါ။

- ဘယ်လိုအဖြစ်အပျက်၊ ဘယ်လိုစကားလုံး၊ ဘယ်လိုအသံ၊ ဘယ်လိုမြင်ကွင်းတွေကို သင့်ရဲ့ကင်မရာက ဖမ်းယူရိုက်ကူးမိခဲ့သလဲ။
- ဘေးအန္တရာယ်တစ်ခု ဖြစ်နေခဲ့ပြီဆိုတာကို သင်ဘယ်အချိန်ကစပြီး သတိပြုမိခဲ့သလဲ။

ပထမဆုံးဖြစ်စဉ်ကစလို့ နောက်ပိုင်းအဖြစ်အပျက်တွေအထိ အားလုံးကိုပုံဖော်ကြည့်ရအောင်။ ဒါမှ ဖြစ်စဉ်ကြီးတစ်ခုလုံးကို ကျွန်တော်တို့ မြင်လာမှာပါ။ လူတိုင်းလူတိုင်းက သူ့ရဲ့အတွေ့အကြုံတွေကို ပြန်ပြီးဝေမျှနိုင်ဖို့ အခွင့်အရေးပေးကြပါ။

## အပြုအမူကို ထင်ဟပ်စေသောမေးခွန်းများ (Reflective Questions)

- သင့်ရဲ့ပထမဆုံး တုံ့ပြန်မှုကဘာလဲ။ သင်ပထမဆုံး ဘာလုပ်ခဲ့သလဲ။
- ဒီဖြစ်ပျက်မှုမှာ ဘယ်အရာက သင့်ကို ထိတ်လန့်တုန်လှုပ်သွားစေခဲ့သလဲ။
- ဘယ်လိုပုံရိပ် ဒါမှမဟုတ် အရင်အတွေ့အကြုံတွေကို သင်ပြန်လည်အမှတ်ရလာခဲ့သလဲ။
- သင်တစ်ခုခုလုပ်လိုက်ကြောင်း (တုံ့ပြန်လိုက်ကြောင်း) သင့်ကိုယ်သင် ဘယ်လိုသတိထားမိခဲ့သလဲ။

## သုံးသပ်သည့်မေးခွန်းများ (Interpretative Questions)

- ယခုဖြစ်စဉ်ဟာ သင့်အပေါ် ဘယ်လိုသက်ရောက်မှုရှိခဲ့သလဲ။ ယခင်နဲ့ ယခု သင်ဘာတွေပြောင်းလဲသွားလဲ။
- သည်ဖြစ်စဉ်ကြောင့်ကျွန်တော်တို့တွေမှာ လူမှုအဖွဲ့အစည်းတစ်ရပ်အနေနဲ့ ဘာတွေပြောင်းလဲသွားခဲ့သလဲ။
- ကျွန်တော်တို့ ကမ္ဘာလောကအပေါ် မြင်တဲ့အမြင် ဘယ်လိုပြောင်းသွားလဲ။
- ဒီအဖြစ်အပျက်ဖြစ်ပေါ်လာဖို့ ဘယ်လိုအချက်တွေက ပါဝင်ပတ်သက်နေခဲ့သလဲ။
- ဒီဖြစ်စဉ်ကြီးတစ်ခုလုံးဖြစ်လာစေတဲ့ နောက်ကွယ်က အဓိကအကြောင်းအချက်တွေက ဘာတွေလဲ။
- ဒါကြောင့် ကျွန်တော်တို့ ဘာသင်ခန်းစာရခဲ့သလဲ။

## ဆုံးဖြတ်သည့်မေးခွန်းများ (Decisional Questions)

- အချိန်တိုအတွင်း ဒီအခြေအနေကိုကျော်လွှားနိုင်ဖို့ ကျွန်တော်တို့ဘာလုပ်ရမလဲ။
- ဒီဖြစ်စဉ်ရဲ့နောက်ကွယ်က အကြောင်းအရာတွေကိုဖြေရှင်းဖို့နဲ့ ဒီလိုအဖြစ်အပျက်မျိုး နောက်တစ်ကြိမ်ဖြစ်ပွားခြင်းကို ကာကွယ်ဖို့ ကျွန်တော်တို့လုပ်နိုင်တာ ဘာရှိသလဲ။
- ခံစားရသူအချင်းချင်း တစ်ဦးနဲ့တစ်ဦး ဘယ်လိုကူညီကြမလဲ။

## အပိတ်

ကျွန်တော်တို့ ဒီဖြစ်စဉ်နဲ့ပတ်သက်လို့ ဆက်လက်လုပ်ဆောင်သွားပါမယ်။ အကယ်၍ သင်အကူအညီလိုအပ်ရင် ကျွန်တော်တို့ကို ဆက်သွယ်ပါ။

## အကြံပြုချက်

အချို့မေးခွန်းများသည် အဖြေရရှိရန်ခက်ခဲပါသည်။ အဖြေမရခဲ့လျှင်လည်းမစိုးရိမ်ပါနှင့်။ မေးခွန်းများ၏ အဓိကရည်ရွယ်ချက်မှာ ပါဝင်ဖြေဆိုသည့်သူများ တဖြည်းဖြည်း အခြေအနေအမှန်ကို သုံးသပ်နိုင်ရန်ဖြစ်သည်။ မေးခွန်းများကိုပုံနှိပ်၍ လူအများသို့ ပေးဝေခြင်းသည်လည်း ဤအချက်အတွက် အထောက်အကူဖြစ်စေသည်။

*ဤစကားစုသည် Jo Nelson ၏ "The Art of Focused Conversation for Schools" စာစုကို မှီငြမ်းထားသော SEAMEO Toolkit မှ ကောက်နုတ်ထားပါသည်။*

## ၂.၈ ကျောင်းဘေးအန္တရာယ်ထိခိုက်နိုင်ခြေလျှော့ချရေး အစီအစဉ်ပြုစုခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

### ဤအခန်း၏ရည်ရွယ်ချက်

ဤအခန်း၏ ရည်ရွယ်ချက်သည် သင့်အား အခန်း(၂.၃) တွင်ပြုစုထားသော အန္တရာယ်၊ ထိခိုက်လွယ်မှု၊ ဘေးဖြစ်နိုင်ခြေနှင့် စွမ်းဆောင်ရည် ဆန်းစစ်လေ့လာချက်များ အသုံးပြုရာတွင် ပံ့ပိုးကူညီရန်ဖြစ်သည်။ ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီအစဉ်၏ သင်ခန်းစာ(၄) ခုမြောက်မှ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး သင်ခန်းစာကိုပြုစုရေးသားရာတွင် အထောက်အပံ့ဖြစ်မည်ဖြစ်ပြီး ယင်းလုပ်ငန်းများသည် အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါတွင် အသက်များကို ကယ်ဆယ်နိုင်ပြီး ကျောင်းသား/သူထု တစ်ခုလုံးသာမက ၎င်း၏အသုံးအဆောင်များနှင့် ပစ္စည်းများကို ပိုမိုလုံခြုံစေခြင်းအားဖြင့် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချနိုင်မည်ဖြစ်သည်။



ကျောင်းတွင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှု အစီအစဉ်ရေးဆွဲခြင်း

### ကျောင်းအဆင့် ကျောင်းတာဝန်ရှိသူတို့မှ ဆောင်ရွက်ရန်လုပ်ငန်းများ

- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်၏ အယူအဆနှင့် သင်ခန်းစာ ၂.၄ တွင် ရှင်းလင်း ဖော်ပြထားသော အပိုင်း ၂ ခုတွင် ကျောင်းတွင်းဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး အစီအစဉ်ကို ပြုစုမည်ဖြစ်သည်။
- ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ကို အစည်းဝေးပြုလုပ်ရန်စီစဉ်ပြီးကျောင်းတွင်းဘေးအန္တရာယ် ထိခိုက်မှုလျော့ချရေးအစီအစဉ် မည်သို့ ပြုစုမည်ကို ဆုံးဖြတ်ပါ။
- အကြံပြုပုံစံများနှင့် နမူနာများကိုဆွေးနွေးပါ။ အခြားကျောင်းတွင်း ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးအစီအစဉ်များကိုစုစည်းပါ။ ဖြည့်သွင်းရမည့် အပိုင်းများ၊ ဆက်လက်ရေးသားပြုစုရမည့်အပိုင်းများကိုသဘောတူညီမှုရယူပါ။
- ကျောင်းတွင်း ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး ဆောင်ရွက်မှုများစီစဉ်ခြင်းသည် ပညာရေးဝန်ကြီးဌာနမှ ဘေး အန္တရာယ်စီမံခန့်ခွဲမှု ဥပဒေ ၂၀၁၃ ၏ ပြဌာန်းချက်အရ ဝန်ကြီးဌာနများမှ ဆောင်ရွက်ရန်ဖြစ်သည်။
- HVRCA အောက်တွင်ရှိသော ဘေးဖြစ်နိုင်ခြေဖော်ထုတ်ခြင်းကိုအသုံးပြုပြီး ကျောင်းနှင့် ကျောင်း၏ ပတ်ဝန်းကျင် အကျိုးအတွက် ဖြေရှင်းချက်များကို ရှာဖွေပါ။
- ဘေးဖြစ်နိုင်ခြေ လျော့ချခြင်းအစီအစဉ်များကို အဆောက်အဦးပိုင်းနှင့် သက်ဆိုင်သောလုံခြုံမှု ၊ အဆောက်အဦး ပိုင်းနှင့်မသက်ဆိုင်သော လုံခြုံမှု၊ ဒေသတွင်းရှိ အဆောက်အဦးများ၏အကျိုးသက်ရောက်မှု၊ ပတ်ဝန်းကျင် လုံခြုံ စိတ်ချရမှု စသည့် အပိုင်းလေးပိုင်းအောက်တွင် စီစဉ်ဆောင်ရွက်ပါ။
- အကျိုးအရှိနိုင်ဆုံးကို ဖော်ထုတ်ပါ။ ကုန်ကျစရိတ်၊ မြန်မြန်ဆောင်ရွက်နိုင်မှု စသည်တို့ကို ထည့်တွက်ပါ။
- လုပ်ငန်းပြီးစီးမှုအတွက် အဓိကတာဝန်ရှိသူကို ရွေးချယ်သတ်မှတ်ပြီး နောက်ဆုံး အကောင်အထည်ဖော်ဆောင် ရွက်မည့် ရက်ကို သတ်မှတ်ပါ။
- စီစဉ်ထားသည့် လုပ်ငန်းများကို သတ်မှတ်ပုံစံများတွင် မှတ်တမ်းပြုစုပါ။
- ကျောင်းနေလူထုနှင့် ကျောင်းသား/သူများအား အသိပညာတိုး မြှင့်ခြင်းအစီအစဉ်ကို နှစ်စဉ် ပြုလုပ်ရန်စီစဉ်ပါ။
- အစီအစဉ်တစ်ခုလုံး ရေးဆွဲပြီးသည့်အခါတွင် ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီက ပုံစံကြမ်းကို ကြည့်ရှုရန်၊ သုံးသပ်ရန်နှင့် အတည်ပြုရန် အစည်းအဝေးပြုလုပ်ပါ။
- ကုန်ကျစရိတ်ရှိသော လုပ်ငန်းများ (သို့) ဆောင်ရွက်ရန် အချိန်လိုအပ်သော လုပ်ငန်းများအတွက် ကျောင်းဖွံ့ဖြိုး တိုးတက်ရေးအစီအစဉ်တွင် အဆိုပြုလွှာများ ပြုလုပ်ပါ။
- အရင်းအနှီးငွေကြေး လိုအပ်သော အရာများကို လာမည့်နှစ်အတွက် ကျောင်းဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွင် ထည့်သွင်းထားပါ။
- အဆိုပြုတင်သွင်းထားသောငွေကြေးများအပါအဝင် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးအစီအစဉ်တိုးတက်မှုကို အနည်းဆုံး တစ်နှစ် (၄) ကြိမ် ကျောင်းအုပ်မှသုံးသပ်ပါ။ မိဘ/ဆရာအသင်းမှ (၆) လတစ်ကြိမ်လည်းကောင်း၊ ကျောင်းအကျိုးဆောင်မှ တစ်နှစ်တစ်ကြိမ်လည်းကောင်း သုံးသပ်ပါ။

## ကျောင်းတွင်းဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး အစီအစဉ်ဆိုတာဘာလဲ။ ဘာကြောင့်အရေးကြီးတာလဲ။

ကျောင်းနေလူထု၏ စွမ်းဆောင်ရည်သည် အန္တရာယ်တစ်ခု၏ သက်ရောက်မှုကို တုံ့ပြန်ဖြေရှင်းရန် မညီမျှသည့်အခါတွင် သာမန် အန္တရာယ်တစ်ခုကပင်လျှင် ဘေးအန္တရာယ်ကြီးတစ်ခု ဖြစ်သွားနိုင်သည်။ ဘေးအန္တရာယ်ထိခိုက်မှု လျော့ချရေးသည် အန္တရာယ်ကြောင့်ဖြစ်နိုင်သည့် ဘေးဖြစ်နိုင်ခြေများကို ဖော်ထုတ်ခြင်းနှင့် ဆန်းစစ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ရန် ဖြစ်သည်။ ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးသည် ကျောင်းနေလူထု၏ထိခိုက်လွယ်မှုနှင့် ဘေးဖြစ်နိုင်ခြေတို့ကို လျော့နည်းစေရန် ဖြစ်သည်။ ရှောင်ရန် (ကာကွယ်ရန်) သို့မဟုတ် ကန့်သတ်ရန် သဘာဝဘေးအန္တရာယ်၏သက်ရောက်မှုတို့ကို(လျော့နည်းစေရန်နှင့် ပြင်ဆင်ရန်) တို့အပြင် ရေရှည်တည်တံ့စေမည့် ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးပေးရန်တို့လည်း ပါဝင်ပါသည်။

၂၀၁၃ ခုနှစ် မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဥပဒေတွင် ဘေးအန္တရာယ်ထိခိုက်မှု လျှော့ချရေးကို သဘာဝဘေး အန္တရာယ်ထိခိုက်မှုလျှော့ချရေး၊ ပြင်ဆင်ရေးနှင့် ဖြစ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ (သို့) သဘာဝဘေးအန္တရာယ် ထိခိုက်မှုလျှော့ချရေးနှင့် ဘေးအန္တရာယ် ဖြစ်နေစဉ်အတွင်းကို ကာကွယ်ရန်အတွက် ရေတို၊ ရေရှည် ဆောင်ရွက်မှုများအဖြစ် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ မကြာသေးခင်ကအတည်ပြုခဲ့သော ၂၀၁၅သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုစည်းမျဉ်းများတွင်ဘေးအန္တရာယ် ထိခိုက်မှုလျှော့ချရေးလုပ်ငန်းအစီအစဉ်များကို အခြေခံစည်းမျဉ်းများအဖြစ် သတ်မှတ်သင့်ပြီး ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချ ရေးဆောင်ရွက်မှုများကို အမျိုးသားအဆင့်ဖွံ့ဖြိုးရေးအစီအစဉ်၊ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၊ ရေရှည်ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် ထည့်သွင်းထားသင့်ကြောင်း တိုက်တွန်းထား ပါသည်။(စည်းမျဉ်း ၂၂)ထို့အပြင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်တို့သည် ဘေးအန္တရာယ်ထိခိုက်မှု လျှော့ချခြင်းကို အခန်းကဏ္ဍနှင့် ဒေသတွင်းအစီအစဉ်များတွင် ဦးစားပေးဆောင်ရွက်ရမည့် အစီအစဉ်များအဖြစ် ကာလရှည်/ ကာလတို စီမံချက်များဖြင့် ပြင်ဆင်ပြီး အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီထံသို့ တင်သွင်းရမည်ဖြစ်သည်။ (စည်းမျဉ်း ၂၃)။ ၎င်းစီမံချက်များ လျှောက်ထားခြင်းတွင် (က) ကဏ္ဍအသီးအသီးနှင့် ဒေသတွင်းဖွံ့ဖြိုးရေး အစီအစဉ်များတွင် ရာသီဥတုပြောင်းလဲခြင်းနှင့် ဆက်နွယ်သည့် အန္တရာယ်များနှင့် ဘေးဖြစ်နိုင်ခြေများ (ခ) ဆောင်ရွက်ရမည့် ဘေးအန္တရာယ် ထိခိုက်မှုလျှော့ချရေး လုပ်ငန်းများ (ဂ) အချိန်၊ လုပ်ငန်းဆောင်ရွက်ရေး အစီအစဉ်၊ လိုအပ်သည့် ငွေကြေးလျာထားချက် နှင့် ထွက်ပေါ်လာမည့်ရလဒ်များ စသည်တို့ပါဝင်ရမည်။ ဝန်ကြီးဌာနတစ်ခုစီသည် ၎င်း၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် ကို ပြင်ဆင်ရန်နှင့် အမျိုးသားအဆင့်ကော်မတီသို့ လုပ်ငန်းဆောင်ရွက်မှုကော်မတီ မှတဆင့် တင်ဆက်ရမည်ဖြစ်သည်။ (စည်းမျဉ်း၁၃(ခ))ကာကွယ်ခြင်း၊ ထိခိုက်မှုလျှော့နည်းသက်သာစေခြင်း၊ လျှော့နည်းစေခြင်း၊ ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချခြင်း အတွက် အသိပညာပေးခြင်း စည်းရုံးလှုံ့ဆော်မှုတို့သည် ကျောင်းတွင်း ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး အစီအစဉ်၏ အဓိကအပိုင်းတစ်ခုဖြစ်သည်။ ယင်းအစီအစဉ်ကို ဤသင်ခန်းစာ ၂.၃ ကို အသုံးပြုပြီး အန္တရာယ်များ၊ ထိခိုက်လွယ်မှုများနှင့် စွမ်းဆောင်ရည်များကို ဘက်စုံစစ်တမ်းကောက်ယူမှု ရလဒ်ပေါ် အခြေခံပြီး ပြုစုထားပါသည်။

ဤသင်ခန်းစာတွင် သင်ပြုစုပြီး အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျောင်းတွင်းဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး အစီအစဉ်တွင် အစီအစဉ်ပြုစုခြင်း ( သင်ခန်းစာ ၂.၃ တွင် ဆန်းစစ်ထားသည်ကို အခြေခံထားသည်) အသုံးအဆောင်ပစ္စည်း များနှင့် ခြံဝင်းလုံခြုံရေး၊ အဆောက်အအုံပိုင်းမဟုတ်သည့်အရာဝတ္ထုနှင့် ပတ်ဝန်းကျင်အန္တရာယ်ကင်းရှင်းရေး၊ စနစ်ကျသည့် ကျောင်းနေလူထု အသိပညာတိုးတက်ရေးတို့ပါဝင်သည်။ မူဝါဒများနှင့် လုပ်ငန်းစဉ်များ ရေးဆွဲခြင်းတို့ကို -

- ကျောင်းသား/သူများနှင့် ဝန်ထမ်းများသည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုမရှိစေရန်အတွက် သေချာစေရန်။
- ကျောင်းနေလူထုတို့၏ အန္တရာယ်ကင်းရှင်းစေရန် အလေ့အကျင့်ကို မှတ်မိသည်အထိ ပညာပေးရန်။
- ကျောင်းအဆောက်အအုံနှင့် ပစ္စည်းများကို ကြံ့ခိုင်မှုရှိစေရန် ဆောင်ရွက်ရန်တို့ ပါဝင်စေရန် ပြုစုထားသည်။

### ပုံစံ-၂ လက်စွဲစာအုပ် ။ ရိုးရှင်းသည့် ဘေးဖြစ်နိုင်ခြေလျှော့ချရေး အစီအစဉ်အတွက် သတင်းအချက်အလက်ပုံစံ

| ဘေးဖြစ်နိုင်ခြေ | ဘေးဖြစ်နိုင်ခြေရှိသည့်နေရာ | သက်ရောက်ခံလူများ/အုပ်စု | ဘေးဖြစ်နိုင်ခြေလျှော့ချရန်အတွက် ပြင်ဆင်ရန် လုပ်ငန်းများ | တာဝန်ရှိသူ/ ဆောင်ရွက်မည့်သူ | လိုအပ်သည့် အရင်းအမြစ် | ရလဒ်များ | အခြေအနေ |
|---|---|---|---|---|---|---|---|
| | | | | | | | |
| | | | | | | | |

### ပုံစံ-၃ အောက်ပါပုံစံသည် နီပေါနိုင်ငံ၏ နမူနာပုံစံ ဖြစ်သည်

| ပြဿနာ အမျိုးအစား | ပြဿနာ ဖော်ပြချက် | ဆောင်ရွက်ရန် | ဆောင်ရွက်မည့် အချိန် | လိုအပ်သည့် အရင်းအမြစ် | တာဝန်ရှိသူ |
|---|---|---|---|---|---|
| ရေဘေးသင့်နိုင်သည့် နေရာ | ကျောင်း၏ အနောက်ဘက်ရှိ မိုးရာသီတွင် ရေလွှမ်းမိုးသည့် မြေနိမ့်အပိုင်းများ | | | | |
| မြေမျက်နှာသွင်ပြင် | ကျောင်းအဆောက်အအုံများသည် တောင်စောင်းတွင် တည်ရှိသည် | | | | |
| အခြား( ဖော်ပြရန်) | | | | | |

အောက်ပါနမူနာသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်မှ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအစီအစဉ်ဖြစ်သည်။

### ပုံစံ- ၄ ကျောင်းအတွင်း အဆောက်အအုံပိုင်း ပြဿနာများ

| အဆောက်အအုံပိုင်း တည်နေရာ ပြဿနာများ | ပြဿနာ ဖော်ပြချက် | ပြဿနာ ဖြေရှင်းရန် လုပ်ငန်းများ | ဆောင်ရွက်ရမည့် နေ့ရက် | တာဝန်ရှိသူ |
|---|---|---|---|---|
| ကျောင်း၏ နံရံနှင့် ကြမ်းခင်း များ ပျက်စီးခြင်း | အခြေခံအုတ်မြစ် မခိုင်ခံ့ခြင်း | ရပ်ရွာမှ မဆောင်ရွက်နိုင်ပါ | | |
| ကျောင်းပင်မ မဏ္ဍိုင်များ ပျက်စီးခြင်း | မခိုင်ခံ့သည့် သစ်များ အသုံးပြုထားခြင်း | ရပ်ရွာမှ မဆောင်ရွက်နိုင်ပါ | | |

ပုံစံ- ၅ အထက်ပါ ဆွေးနွေးမှုများပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများ

| ပြဿနာ၏ နေရာ | ပြဿနာဖော်ပြချက် | ဘယ်လိုဆောင်ရွက်မလဲ | နောက်ဆုံးအခြေအနေ/ အချက်အလက် |
|---|---|---|---|
| ကျောင်းနံရံများ၊ ကြမ်းခင်းများ၊ တိုင်များ ပျက်စီးခြင်း | အခြေခံအုတ်မြစ် မခိုင်ခံ့ခြင်း မခိုင်ခံ့သည့် သစ်များ အသုံးပြုထားခြင်း | ပညာရှင်မှ ပြင်ဆင်ရန် လိုအပ်သည်။ ကျောင်းအုပ်မှ မြို့နယ်ပညာရေးမှူးထံသို့ တင်ပြရန် လိုအပ်သည်။ | ၂၀၁၅ ခုနှစ်၊ ဇွန်လ |
| | | | |

ပုံစံ- ၆ ကျောင်းအတွင်းတွင် အဆောက်အဦးနှင့်မသက်ဆိုင်သော ပြဿနာများ

| အဆောက်အဦးနှင့် မသက်ဆိုင်သော ပြဿနာ နေရာများ | ပြဿနာ ဖော်ပြချက် | ပြဿနာ လျှော့ချရန် လုပ်ငန်းများ | ဆောင်ရွက်ရန် နေ့ရက် | တာဝန်ရှိသူ |
|---|---|---|---|---|
| ပြတင်းပေါက်မှန်များ ကွဲနေခြင်း၊ ပတ်တာများ မရှိခြင်း ၊ စားပွဲခုံများ ပျက်စီးနေခြင်း | လေထန်ခြင်း၊ ကလေးများ ခုံပေါ် တက်ကစားခြင်း၊ ဘောလုံးကန်ခြင်း | ပြတင်းပေါက်မှန်များ အစားထိုး တပ်ဆင်ခြင်း၊ စားပွဲခုံများ ပြန်လည်ပြုလုပ်ပြီး ပတ္တာများ ပြန်တပ်ခြင်း | ဖေဖော်ဝါရီလ အကုန် | မိဘ/ဆရာ အသင်း |
| ရေအရင်းအမြစ် ပျက်စီးခြင်း | ရေတိုင်ကီများ ကွဲအက်ခြင်း | ရေတိုင်ကီ ပြန်လည်ဖာထေးရန် | ၂၀၁၆ ခုနှစ် ၊ မတ်လကုန် | မိဘ/ဆရာ အသင်း |

ပုံစံ- ၇ အထက်ပါ ဆွေးနွေးမှုကို ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများ

| ပြဿနာ၏နေရာ | ပြဿနာဖော်ပြချက် | ဘယ်လိုဆောင်ရွက်မလဲ | အခြေအနေ |
|---|---|---|---|
| ပြတင်းပေါက်မှန်များ ကွဲနေခြင်း၊ ပတ်တာများ မရှိခြင်း၊ စားပွဲခုံများ ပျက်စီးနေခြင်း | လေထန်ခြင်း၊ ကလေးများ ခုံပေါ် တက်ကစားခြင်း၊ ဘောလုံးကန်ခြင်း | ပြတင်းပေါက်မှန်များ အစားထိုး တပ်ဆင်ခြင်း၊ စားပွဲခုံများ ပြန်လည်ပြုလုပ်ပြီး ပတ္တာများ ပြန်တပ်ခြင်း ( စားပွဲခုံပေါ် ကစားခြင်း နှင့် ဘောလုံးကန်ခြင်းကို တားမြစ်ရန်) | ဖေဖော်ဝါရီလ |

ပုံစံ - ၈  အသေးစား လျှော့ချရေး လုပ်ငန်းများ

| လုပ်ငန်းအစီအစဉ် | ရက်စွဲ | တာဝန်ရှိသူ | လိုအပ်သည့် အရင်းအမြစ် နှင့် အသုံးစရိတ် | ဆောင်ရွက်မည့် အစီအစဉ် | အကူအညီပေး နိုင်မည့် သူ/အဖွဲ့ အစည်း | ဦးစားပေးမှု |
|---|---|---|---|---|---|---|
| ကျောင်းဆောင် သစ် တည်ဆောက်ရန် | လျှောက် ထားဆဲ | မိဘ/ဆရာအသင်း | ကျပ် သန်း ၂၀ | အဆောက်အအုံ အသစ် တည်ဆောက်ခြင်း | NGO ၊ အစိုးရ ပုဂ္ဂလိက အလှူရှင်များ | ၁ |
| ခြံစည်းရိုး | ၂၀၁၅ခုနှစ်၊ မေလ | ရပ်ရွာခေါင်းဆောင်၊ ကျောင်းအုပ်၊ ကျောင်းဘေး အန္တရာယ် စီမံ ခန့်ခွဲရေး ကော်မတီ | ၅ သိန်း၊ သံတိုင် ကျောက်တုံးများ | ကျောင်းနောက်ဖေး ခြံစည်းရိုးကာခြင်း | ရပ်ရွာ | ၂ |
| ကျောင်းဆောင် ၂ ပြင်ဆင်ခြင်း | ၂၀၁၅ခုနှစ်၊ မတ်လ | မိဘ/ဆရာအသင်း၊ ရပ်ရွာခေါင်းဆောင် များ၊ ကျောင်းဘေး အန္တရာယ် စီမံ ခန့်ခွဲရေး ကော်မတီ | ၁၅ သိန်း၊ ဘိလပ်မြေ၊ တိုင်၊ အုတ် | ပြန်လည်တည် ဆောက်ခြင်း | NGO နှင့် ရပ်ရွာလူထု | ၃ |



အသေးစားဘေးလျှော့ပါးသက်သာစေရေး (မပြင်မီပုံ)



အသေးစားဘေးလျှော့ပါးသက်သာစေရေး (ပြင်ပြီးပုံ)

## ဘေးဖြစ်နိုင်ခြေကို ကျွန်ုပ်တို့ ဘယ်လိုလျှော့ချမလဲ

ထိခိုက်လွယ်မှုနှင့် ဘေးဖြစ်နိုင်ခြေလျှော့ချရန်အတွက် သင်၏  ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအစီအစဉ်တွင် အပိုင်း (၄) ပိုင်းကို ထည့်သွင်း စဉ်းစားသင့်သည်။

- **အဆောက်အဦးနှင့်သက်ဆိုင်သောအရာများ ဘေးကင်းလုံခြုံရေး** - ဆိုလိုသည်မှာ ကျောင်းအဆောက်အဦးများ နှင့် ကျောင်းပတ်ဝန်းကျင်တစ်ခုလုံး ဘေးကင်းလုံခြုံမှုရှိစေရန်။
- **အဆောက်အဦးနှင့် မသက်ဆိုင်သောအရာများ ဘေးကင်းလုံခြုံရေး** - ဆိုလိုသည်မှာ ကျောင်းအဆောက်အဦး အတွင်းရှိ ပရိဘောဂများ၊ ကိရိယာများ၊ ခေါင်းမိုး၊ ပြတင်းပေါက်များ၊ လှေကား၊ အပူ/အအေးပေးစနစ်များ၊ ရေတိုင်ကီများ၊ ပိုက်များ၊ ထွက်ပေါက်များ စသည်တို့မှ ဖြစ်နိုင်သည့် အန္တရာယ်တို့ ပါဝင်သည်။
- **ဒေသတွင်း အဆောက်အအုံများ** - ၎င်းတွင် ရေ၊ လျှပ်စစ်၊ ဓာတ်ငွေ့၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး စသည့်အသုံးပြုစနစ်များ ပါဝင်သည်။
- **ပတ်ဝန်းကျင် ဘေးကင်းလုံခြုံရေး** - ၎င်းတွင် အပူချိန်၊ ရေလွှမ်းမိုးခြင်း၊ အန္တရာယ်ရှိ ပစ္စည်းများ လွင့်စင်လာခြင်း နှင့် ရာသီဥတုပြောင်းလဲခြင်းတို့၏ ဆိုးကျိုးသက်ရောက်မှုတို့ပါဝင်သည်။

အောက်တွင်ဖော်ပြထားသော ဆောင်ရန်/ရှောင်ရန်များသည် ၄င်းကာကွယ်ရေးဆောင်ရွက်မှုများကို ရွေးချယ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

## ၁။ အဆောက်အဦးနှင့်သက်ဆိုင်သောအရာများဘေးကင်းလုံခြုံရေးနှင့် အဆောက်အဦးပြုပြင်ထိန်းသိမ်းရန် ကုန်ကျစရိတ်

အဆောက်အဦးနှင့်သက်ဆိုင်သောအရာများ ဘေးကင်းလုံခြုံရေး ဆောင်ရွက်မှုများသည် ဤလက်စွဲစာအုပ်ဖြင့် ဖော်ပြရန် လုံလောက်မှု မရှိသော်လည်း ကျောင်းအုပ်မှ ဆောင်ရွက်နိုင်သည်များကို သင်ခန်းစာ ၄ တွင်ဖော်ပြထားပါသည်။ သို့ရာတွင် ကျောင်းအဆောက်အအုံ ထိန်းသိမ်းခြင်းသည် အဆောက်အအုံပိုင်းနှင့် အဆောက်အအုံမဟုတ်သည့် အပိုင်းတို့ အန္တရာယ်ကင်းရှင်းစေရေးအတွက် အလွန်အရေးကြီးသည့်အပိုင်းတစ်ခုဖြစ်သည်။ အပျက်အစီးများတွေ့လျှင် ချက်ချင်းပြင်ဆင်သင့်ပြီး အဆောက်အအုံအန္တရာယ်ကင်းရှင်းရေးကို အလွဲသုံးစားမပြုလုပ်ရပါ။ ယင်းသို့ဆောင်ရွက်ရန်တာဝန်ကို ကျောင်းစီမံခန့်ခွဲရေးနှင့် ပစ္စည်းထိန်းသိမ်းရေး တာဝန်ခံများအား အပ်နှင်းထားသင့်သည်။

### သေချာစေရန်

- ကျောက်တိုင်များ၊ ယက်မတို့ကို ဖျက်ခြင်း၊ အပေါက်များလုပ်ခြင်းတို့ မပြုလုပ်ရ။
- သံမဏိများကို လေ၊ စိုစွတ်မှု မရှိစေရ။
- သံများ၊ သံမဏိများကို အင်္ဂတေဖြင့် ဖြည့်ပါ။
- သစ်ဆွေးများ၊ အင်္ဂတေ အပေါက်များ၊ အုတ်အပဲ့များနှင့် အင်္ဂတေအပျက်များကို ပြင်ပါ။
- ရေတလျှောက်၊ ရေဆင်းစနစ်များတွင် အမှိုက်များ မရှိစေရန်ရှင်းပါ။
- ရေများ၊ စိုစွတ်မှုများ အဆောက်အအုံတွင် မရှိစေရန်ထားပါ။
- ခေါင်းမိုးသွပ်များကို ခိုင်ခံ့အောင် တပ်ဆင်ပါ။
- မှန်အကွဲများကို ပြင်ဆင်တပ်ဆင်ပါ။

## ၂။ အဆောက်အဦးနှင့် မသက်ဆိုင်သောအရာများ ဘေးကင်းလုံခြုံရေး


အဆောက်အဦးနှင့်မသက်ဆိုင်သော ဘေးကင်းလုံခြုံရေးသည်ဆိုသည်မှာ အဆောက်အအုံ၏ အလေးချိန်နှင့် မဆိုင်သည့် ဆောင်ရွက်ရန် အပိုင်းများဖြစ်ပြီး အသုံးပြုသူ၏ တာဝန်ယူမှုအပေါ်တွင်သာ မူတည်သည်။ ဤအခန်းတွင် အဆောက်အဦးနှင့်မသက်ဆိုင်သောဘေးကင်းလုံခြုံရေးအတွက် အခြေခံအချက်များအပြင် မီးဘေးကာကွယ်ရေးအတွက် မီးသတ်ကိရိယာများနှင့် အသင့်ရရှိနိုင်သည့် မီးသတ်ဆေးဗူးတို့ပါဝင်သည်။

### အောက်ပါတို့ကို စစ်ဆေးပါ

- စာသင်ခန်း တံခါးများ၊ လူနေများသော အခန်းတံခါးများ၊ အပြင်ဘက်တံခါးများကို အပြင်သို့ ဖွင့်ရန်။
- ထွက်ပေါက်လမ်းများ ရှင်းလင်းနေရန်။
- အဆောက်အအုံမဟုတ်သည့် အရာဝတ္ထုများအား လေတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်းတို့ ခံနိုင်စေရန် အဆောက်အအုံတွင် ခိုင်ခံ့စွာ တပ်ဆင်ထားရန်။
- မီးသတ်ကိရိယာများကို  သင့်လျော်သည့်နေရာတွင်ထားရှိပြီး အသုံးပြုနိုင်ရန် အမြဲထိန်းသိမ်းထားရမည်။
- မီးလောင်လွယ်သော၊ ပေါက်ကွဲလွယ်သော ပစ္စည်းများကို ထိန်းသိမ်းခြင်း၊ သီးခြားထားခြင်း၊ လျှော့ချထားခြင်း၊ အပူလောင်နိုင်သည့် အရာများနှင့် ခွဲထားရန်။
- လျှပ်စစ်စနစ်များကို အမြဲထိန်းသိမ်းပြီး လိုအပ်သည့်ထက် ပိုမသုံးရန်။
- စာသင်ခန်းများကို ဖြစ်နိုင်လျှင် ထွက်ပေါက် (၂) ခုထားရှိပါ။ (တခါတရံတွင် ဒုတိယအပေါက်သည် ပြတင်းတံခါး ဖြစ်နိုင်သည်)

သင်၏စာသင်ကျောင်းသည် ငလျင်နှင့် မုန်တိုင်းဘေး ကြုံတွေ့သည့်အခါ

- လေးလံသည့် အရာဝတ္ထုများကို ဦးခေါင်းအောက် နိမ့်သောအမြင့်နေရာသို့ ရွှေ့ပြောင်းပါ။
- မြင့်ပြီး လေးလံသော ပရိဘောဂများကို နံရံ၊ ကြမ်းခင်း၊ မျက်နှာကျက်များနှင့် ချည်နှောင်ထားပါ။ (ဥပမာ - သံကျင်တွယ်များအသုံးပြုပြီး နံရံတွင်တပ်ဆင်ခြင်း (သို့) ကြိုးများဖြင့် မျက်နှာကျက်မှာ ချည်ထားခြင်းနှင့် သင့်တော်သလို စားပွဲခုံများဖြင့် ချည်နှောင်ထားခြင်း)
- တံခါးချက်ပါသည့် ဗီဒို တံခါးများ၊ အံဆွဲများကို တုန်ခါသည့်အခါတွင် ပွင့်မထွက်လာစေရန် ပိတ်ထားပါ။
- အပူ/အအေးပေးစနစ်များကို အဆောက်အအုံအပြင် (သို့) အတွင်းတွင် ခေတ္တ ထားပါ။
- ဓာတ်ငွေ့အရည်ပူးများ၊ မီးသတ်ဆေးပူးများနှင့် အခြားဓာတ်ငွေ့ပူးများကို နံရံတွင် ချည်နှောင်ထားပါ။
- ချွန်ထက်သည့်အရာများအဖြစ် ကွဲထွက်လာနိုင်သောမှန်များကို ကာကွယ်ထားပါ (ဥပမာ - ပရိဘောဂများပြင်ဆင်ထားရှိခြင်း၊ ပြတင်းပေါက်အကာများအသုံးပြုခြင်း၊ လိုက်ကာများ အသုံးပြုခြင်း သို့မဟုတ် ခိုင်ခံ့သည်မှန်များ တပ်ဆင်ခြင်း)
- လေ့လာပြီး အရေးကြီးသည့် လျှပ်စစ်ပစ္စည်းများကို စားပွဲပေါ် (သို့) ကြမ်းပေါ်တွင် ကြိုးများ၊ ကလစ်များ၊ ကွင်းများ၊ ကပ်ခွာများဖြင့်  တပ်ဆင်ထားပါ။
- အလင်းပေးအသုံးအဆောင်များကို မျက်နှာကျက်တွင် သေချာတပ်ထားပါ။
- ဓာတ်ပုံ/ပန်းချီကားများကို သေချာချိတ်ထားပါ။
- အန္တရာယ်ပေးနိုင်သော (အဆိပ်၊ မီးလောင်လွယ်သော) အရာဝတ္ထုများကို လျှော့ချခြင်း၊ ခွဲထုတ်ထားခြင်းတို့ပြုလုပ်ပါ။



အဆောက်အအုံမဟုတ်သောပစ္စည်းများမှ ဘေးကင်းစေခြင်း

ရေဘေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ပါ

- ရုံးခန်းနှင့် စာသင်ခန်းများကို မြေမျက်နှာနှင့်  မြင့်သောနေရာတွင် သတ်မှတ်ထားပါ။
- စင်မြင့်များကို မိုးရာသီတွင် ရိက္ခာများ၊ ကိရိယာများ သိုလှောင်ရန် အမြင့်တွင်ထားပြီး ရေတက်လာနိုင်သည့်နေရာနှင့် လွတ်ကင်းသည့်နေရာများတွင် အရေးကြီးပစ္စည်းများ ထားရှိပါ။ သိုလှောင်ရန်ပစ္စည်းများကို ရေလုံသည့်ပုံးများ ထားရှိပါ။
- အန္တရာယ်ပေးနိုင်သော (အဆိပ်၊ မီးလောင်လွယ်သော) အရာဝတ္ထုများကိုရေတက်သည့်နေရာနှင့်လွတ်ကင်းသည့်နေရာတွင်ထားရှိပါ။
- ကျောင်းအဆောက်အအုံသည် မြစ်ကမ်းပါး (သို့) ရေလွှမ်းမိုးနိုင်သည့် နေရာတွင်တည်ရှိလျှင် ရေလွှမ်းမိုးခြင်းကို ကာကွယ်ရန် ပြင်ဆင်ထားပါ။ တည်ဆောက်ပါ။ ကျောင်းအား ရေလွှမ်းမိုးနိုင်သည့်နေရာတွင်  မြေသား (သို့) အင်္ဂတေဖြင့် တည်ဆောက်ထားသည့် ရေနုတ်မြောင်း၊ ရေလမ်းခွဲ၊ မြေသားရေကာတာတို့ တည်ဆောက်ထားပါ။

- ရေကြီးခြင်း၊ ရေစီးသန်သည့် ရေတို့သည် ကျောင်းနေရာကိုထိခိုက်နိုင်ခြင်း၊ မြေပြိုခြင်းတို့ဖြစ်နိုင်သည်။သစ်ပင်စိုက်ခြင်းသည် မြေသားကို ထိန်းသိမ်းပြီး မြေပြိုခြင်းကို လျော့နည်းစေနိုင်သည်။
- ကျောင်းသည် ရေလွှမ်းမိုးသည့် အဆင့်ထက် အမြင့်တွင်တည်ဆောက်ထားသော်လည်း ဂင်ပေါက်လမ်းကြောင်းများသည် ရေမြုပ်နိုင်လျှင် ကလေးများသည် ကျောင်းမတက်နိုင်ခြင်း (သို့) အရေးပေါ်အခြေအနေတွင် ထွက်နိုင်မည် မဟုတ်ပေ။ ကျောင်းသား/သူများသည် ဘေးအန္တရာယ်တစုံတခုကျရောက်ပါက ကျောင်းအတွင်းတွင် မပိတ်မိနေစေရန်အတွက် အရေးပေါ်ထွက်ရန် ရွှေ့ပြောင်းရန် လမ်းကြောင်းအမြင့် တည်ဆောက်ရန်လိုအပ်သည်။ ၎င်းလမ်းကြောင်းကို မြေသားများ တူးဖော်ပြီး တည်ဆောက်နိုင်သည်။

## ၃။ ဒေသတွင်းအဆောက်အအုံများ ဘေးကင်းလုံခြုံရေးနှင့် လမ်းပမ်းဆက်သွယ်ရေးဆိုင်ရာ ဘေးကင်းလုံခြုံရေး

ဒေသတွင်း အဆောက်အအုံများမှ ရေ၊ လျှပ်စစ်၊ ဓာတ်ငွေ့၊ အပူ/အအေး စနစ်များ၊ ဆက်သွယ်ရေးစနစ်၊ လမ်းပမ်းဆက်သွယ်ရေးတို့ပါဝင်သည်။ ၎င်းတို့သည် သာမန်အားဖြင့် စနစ်ကြီးတစ်ခု၏ အစိတ်အပိုင်းဖြစ်ပြီး အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းတို့မှပြုပြင်မွမ်းမံသည်။ယင်းအဖွဲ့အစည်းများနှင့်ဂရုတစိုက်ပုံစံဒီဇိုင်းပြုလုပ်ခြင်းနှင့်ပြဿနာဖြေရှင်းခြင်း၊ကြိုတင်ပြင်ဆင်ခြင်းအားဖြင့် ကျောင်းသား/သူများနှင့် ပညာရေးဆိုင်ရာသင်ထောက်ကူ ပစ္စည်းများကိုကာကွယ်နိုင်ပြီး ယင်းစနစ်များသည် ဘေးဒဏ်ခံနိုင်စွမ်း ရှိလာစေမည်ဖြစ်သည်။
ကြုံတွေ့ရသည့် ဘေးအန္တရာယ်ပေါ်မူတည်ပြီး ဖြေရှင်းနည်း အမျိုးမျိုးကို စဉ်းစားနိုင်သည်။

- ထွက်ပေါက်များကို ပိတ်သွားစေနိုင်သည့် အပေါ်မှတပ်ဆင်ထားသော ဂါယာကြိုးများနှင့် အပေါက်များကိုပြန်လည်နေရာချထားပါ။
- အလိုအလျောက် သဘာဂဓာတ်ငွေ့ပိတ်စေမည့် ခလုတ်ကိုတပ်ဆင်ပါ။
- ပိုက်လိုင်းများကို ဖြုတ်/တပ် လွယ်သည့် အဆက်များ တပ်ဆင်ပါ။
- မြေအောက်ပိုက်လိုင်းများ၊ အပေါက်များနှင့် အမိုးပေါ်မှသွားထားသောအန္တရာယ်ဖြစ်စေမည့်အရာများကိုစဉ်းစားပါ။
- ရေဒီယိုသတ္တိကြွပစ္စည်းများ၊ သံချောင်းများကို ကျန်းမာရေးအန္တရာယ်မဖြစ်စေသည့် အရာများဖြင့် အစားထိုးပါ။

သယ်ယူပို့ဆောင်ရေး အန္တရာယ်ကင်းရှင်းရေးတွင် လမ်းကူးခြင်း၊ ခြေလျင်ဖြတ်ကူးခြင်းတို့အပြင် ကျောင်းပို့/ကြိုကားများ (သို့) အငှားယာဉ်များ၊ မီနီဘတ်စ်ကားများ ပါဝင်သည်။ နှစ်စဉ်နှစ်တိုင်း ကမ္ဘာတစ်ဝှမ်းတွင် သယ်ယူပို့ဆောင်ရေးယာဉ် မတော်တဆမှုများသည် ကျောင်းသား/သူများ သေဆုံးခြင်း၊ ဒဏ်ရာရရှိခြင်းတို့ဖြစ်စေသည့် အဓိကအကြောင်းအရင်းတစ်ခုဖြစ်သည်။ မြင်ကွင်းရှင်းလင်းခြင်း၊ အမှတ်အသားများထားရှိခြင်း၊ ရပ်သင်္ကေတ၊ မီးပွိုင့်များ၊ လူကူးမျဉ်းကြား အမှတ်အသား၊ ယာဉ်အသွားအလာများသည့်နေရာများတွင် ယာဉ်ထိန်းရဲများထားရှိခြင်းသည် အန္တရာယ်ကင်းရှင်းစေရေးအတွက် အရေးပါသည့်အချက်များဖြစ်သည်။ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မောင်းစစ်ဆေးရေးနှင့် သင်တန်း၊ တပ်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ယာဉ်ထိုင်ခုံခါးပတ်ဂတ်ခြင်း၊ ဂရုပြုမောင်းနှင်ခြင်းတို့သည် ကျောင်းသား/သူများ၊ ကျောင်းအသွား/အလာတွင် အန္တရာယ်ကင်းစေရန်အတွက် အရေးကြီးသည့် အချက်များ ဖြစ်သည်။ ကျောင်း ကြို/ပို့တွင် ယာဉ်စည်းကမ်းများ၊ လူကြီး ကြီးကြပ်သူများသည်လည်း အရေးကြီးသည့် အချက်များဖြစ်သည်။

ကျောင်းအန္တရာယ်ကင်းရှင်းရေးနှင့် ရေလွှမ်းမိုးမှုကို ရှောင်ရန်တို့တွင် အန္တရာယ်များအားဒေသတွင်း သုတေသနနှင့် မှတ်တမ်းပြုစုခြင်း၊ လမ်းထိန်းသိမ်းခြင်းအတွက် တောင်းဆိုခြင်း၊ ရေးဆင်းစနစ်၊ မြေအောက်မြောင်းနှင့် တံတားများ ပါဝင်သည်။ ၎င်းတွင် အခမဲ့လှေဖြင့်သယ်ယူပို့ဆောင်ခြင်း (သို့) ရေမြုပ်နေသည့်ရေအတွင်းတွင်ပင် လှေဖြင့်သယ်ယူပို့ဆောင်ခြင်းတို့ပါဝင်နိုင်သည်။

၄။ ပတ်ဝန်းကျင် အန္တရာယ်ကင်းရှင်းရေး

သင်၏ လုံခြုံစိတ်ချရမှုကို တိုးမြှင့်စေရန်အတွက် သင်ရင်ဆိုင်နေရသောအခြေအနေအားလုံးကို စဉ်းစားပြီး ကျောင်းပတ်ဝန်းကျင်တွင်ရှိနေသော လုံခြုံစိတ်ချရမှုဆိုင်ရာ ပြဿနာများကို ဖော်ထုတ်ထားရန်။

ဇယား- ၁၄ ပတ်ဝန်းကျင်အခြေအနေနှင့် ဖြေရှင်းရန်နည်းလမ်းများရှာဖွေခြင်း

| အခြေအနေ | ဖြေရှင်းရန် နည်းလမ်းများ ရှာဖွေခြင်း |
|---|---|
| ကျောင်းစာသင်နှစ်အတွင်း ရာသီဥတု လွန်ကဲမှု | ကျောင်းပုံစံ၊ အခြားတည်နေရာ၊ အခြားပို့ဆောင်ရေး နည်းလမ်းများ |
| မြေပြိုခြင်း | သစ်ပင်များ စိုက်ပျိုးခြင်း၊ ကုန်းလျှော မြေညှိခြင်း၊ နံရံများ ထိန်းသိမ်းခြင်း၊ အရေးပေါ် ရွှေ့ပြောင်းရန် လမ်းကြောင်းများ |
| တောမီးလောင်ခြင်း | မီးတားခြင်း |
| ဆူနာမီ | ဘေးကင်းရာရွှေ့ပြောင်းရန်လမ်းကြောင်း ၊ လှေကားထစ်များ ၊ လှေခါးများ |
| မိုးခေါင်ခြင်း/ သီးနှံ မလုံလောက်ခြင်း | မိုးရေသိုလှောင်ခြင်း၊ ကျောင်းဥယျာဉ်များ၊ သစ်ပင်စိုက်ခြင်း၊ အစားအစာသိုလှောင်ခြင်း |
| အညစ်အကြေးစီမံခန့်ခွဲခြင်း | အသုံးပြုပစ္စည်း ပြန်လည်အသုံးပြုခြင်း |
| ရေ နှင့် စွမ်းအင် ပြတ်လပ်မှု နှင့် ကုန်ကျစရိတ် | ရေ နှင့် စွမ်းအင် သိုလှောင်ခြင်း |
| အန္တရာယ်ရှိ ပစ္စည်းများ ထုတ်လုပ်ခြင်း (သို့) သိုလှောင်ခြင်း | ရပ်ရွာလူထုများကို သိမှုဆိုင်ရာ အခွင့်အရေးပေးခြင်း၊ ဘေးကင်းလုံခြုံရေးအတွက် ပုံမှန်သုံးသပ်ပေးခြင်း၊ လေ့လာခရီးစဉ်နှင့် မတူသောအယူအဆများကို ဆွေးနွေးခြင်း |
| လေထု ညစ်ညမ်းခြင်း | ကျောင်းသို့ လမ်းလျှောက်ခြင်းနှင့် စက်ဘီးစီးသွားခြင်း |

## ၂.၉ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် အစီအစဉ်ကို ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့နယ် အဆင့်နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

### ဤအခန်း၏ရည်ရွယ်ချက်

ဤသင်ခန်းစာ၏ရည်ရွယ်ချက်သည်ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအား ၎င်းတို့၏အဖွဲ့အစည်းနှင့်ကျောင်းတွင်း ဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များကို ကျေးရွာ၊ ကျေးရွာအုပ်စုနှင့် မြို့နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ထံသို့ မည်သို့ ချိတ်ဆက်ဆောင်ရွက်ရမည်ကိုသိရှိလာပြီး အတူတကွလေ့ကျင့်ခြင်း၊ အရင်းအမြစ်များ မျှဝေသုံးစွဲခြင်းအားဖြင့် ပိုမိုကောင်းမွန်သော ချိတ်ဆက်မှုစနစ်များရရှိလာမည်ဖြစ်သည်။ ဤအစီအစဉ်သည် ကျောင်းတွင်းဘေးအန္တရာယ်နှင့် အရေးပေါ်ကြိုတင်ပြင်ဆင်မှုအတွက် အရေးပါသောအကြောင်းအရာတစ်ခုဖြစ်ပါသည်။

ဤသင်ခန်းစာသည် ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်၊ ကျေးရွာအုပ်စု ပညာရေးရုံးများ၊ ကော်မတီများနှင့် ပိုမိုနီးကပ်စွာ ချိတ်ဆက်ပေးသည့်အပြင် ညွှန်ကြားချက်၊ လမ်းညွှန်ချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် အရင်းအမြစ်များကိုလည်း ပံ့ပိုးပေးသည်။ ထို့အပြင် ကျောင်းတွင်း ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီမှလည်း ကျေးရွာ ကျေးရွာအုပ်စု၊ မြို့နယ်ပညာရေးမှူးရုံးများကို ကူညီခြင်း၊ အချက်အလက်များ ပံ့ပိုးပေးခြင်း၊ အရင်းအမြစ်များ တောင်းခံခြင်းနှင့် အတွေ့အကြုံကောင်းများကို ရယူရမည်။

ဤသင်ခန်းစာသည် မြို့နယ်ပညာရေးအရာရှိများ၊ အထူးသဖြင့် မြို့နယ်ပညာရေးမှူးအတွက်ကိုလည်း ရည်ရွယ်ပြီး မြို့နယ်တိုင်း၏ ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်များနှင့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းခြင်းအားဖြင့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကို မြှင့်တင်ရန်အတွက် မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် ပြုစုရာတွင် လမ်းညွှန်မှုများ ပေးရန်ဖြစ်သည်။

### ကျောင်းတာဝန်ရှိသူတို့မှ ကျောင်းအဆင့်တွင်ဆောင်ရွက်ရန်လုပ်ငန်းများ

- တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့်တွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့အစည်း၏ အခန်းကဏ္ဍများကို ရင်းနှီးကျွမ်းဝင်နေစေရန်။
- သင်၏ကျေးရွာ၊ ကျေးရွာအုပ်စုနှင့် မြို့နယ်တွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ရှိ/မရှိ ပြန်လည်စစ်ဆေးပြီး မိမိကိုယ်တိုင် သိကျွမ်းအောင် ပြုလုပ်ပါ။ ဥက္ကဌသည် မည်သူဖြစ်သည်နှင့် အဖွဲ့ဝင်များ မည်သူဖြစ်သည်ကို ရှာဖွေပါ။ ၎င်းအဖွဲ့ဝင်များကို ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ကိုယ်စားဖြင့် အဆက်အသွယ်ပြု လုပ်ပါ။
- မြို့နယ်ပညာရေးမှူးသည် မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်ဟုတ်/မဟုတ်ကြည့်ပါ။ သို့မဟုတ် သူသည် ကော်မတီခွဲတစ်ခုခု၏ အဖွဲ့ဝင် (သို့) ဥက္ကဌ ဟုတ်/မဟုတ် စစ်ဆေးပါ။ ကျေးရွာဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီ၏ အဖွဲ့ဝင်များသည် မည်သူပါဝင်သည်ကို သိရှိအောင်လုပ်ပါ။ သူတို့နှင့် အဆက်အသွယ်ပြု လုပ်ထားပါ။ ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတွင် ကျောင်းကော်မတီများ ထည့်သွင်းထားခြင်းမရှိပါက ကျောင်းကိုယ်စားပြုကော်မတီအဖွဲ့ဝင်အဖြစ် ထည့်ပေးရန် တောင်းဆိုပါ။
- ကျေးရွာအုပ်စုနှင့် ကျေးရွာဖွံ့ဖြိုးမှု ပံ့ပိုးကူညီမှုကော်မတီ၏ အဆက်အသွယ်များကို ရှာပါ။ သင်နှင့် သက်ဆိုင်သော ကျေးရွာ (သို့) အနီးကျေးရွာမှ အဖွဲ့ဝင်တို့ဖြင့် စာသင်ကျောင်းဘေးကင်းလုံခြုံမှုကို အကောင်းဆုံး မည်သို့ ဆောင်ရွက်နိုင်ရန်နှင့် မြို့နယ်စီမံကိန်း၏ တစိတ်တပိုင်းဖြစ်သည့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်များအကြောင်း ဆွေးနွေးရန် အဆင်သင့်ရှိနေပါ။

- သင်၏ကျောင်းနှင့် ၎င်း၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို ကျေးရွာ၊ ကျေးရွာအုပ်စုနှင့် မြို့နယ်အဆင့်တွင် ထည့်သွင်းပါ။ ကျောင်းစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့်ရပ်ရွာအဖွဲ့ဝင်များနှင့် အစိုးရနှင့် အခြားပါဝင်သူများ၏အခန်းကဏ္ဍများကို ဆွေးနွေးပါ။
- စာသင်ကျောင်းသည် ကြိုတင်သတိပေးရေးစနစ်ကို ပထမဦးဆုံးရရှိသူဖြစ်ရမည်ဖြစ်ပြီး အစောပိုင်းကပင်လည်း သတိပေးမှု ရရှိရမည်။
- အချိန်ဇယား၊ ကျောင်း/ကျေးရွာအုပ်စု ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအတွက် သင်တန်းများနှင့် ကိုက်ညီစေရန်ပြုလုပ်ပါ။ အနည်းဆုံး တစ်ဖွဲ့နှင့် တစ်ဖွဲ့ အစည်းအဝေးတက်ရောက်ရန် ဖိတ်ခေါ်ပါ။
- ပညာရေးမှူးနှင့် တွေ့ဆုံပြီး သူ၏ ဦးစားပေးဆောင်ရွက်ရန်နှင့် အစီအစဉ်များကို နားလည်ပါ။ ကျွန်ုပ်တို့၏ အစီအစဉ်များကိုလည်း မျှဝေပါ။
- စာသင်ကျောင်းများကို ယာယီခိုလှုံရန်နေရာအဖြစ် အသုံးပြုခြင်းကို ကန့်သတ်ပါ။ ယင်းသတ်မှတ်ချက်များကိုသင့်တော်သည့် ကျေးရွာအုပ်စု၊ ကျေးရွာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်များနှင့် စာသင်ကျောင်းများတွင် ထည့်သွင်းပါ။
- သင်၏ကျေးရွာ၊ ကျေးရွာအုပ်စု ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်များကိုသိရှိထားပါ။ ၎င်း၏ဖွဲ့စည်းပုံအကြောင်းအရာနှင့် ဆောင်ရွက်ရန် လုပ်ငန်းများကို သိကျွမ်းပါ။

## နိုင်ငံအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် မြို့နယ်အဆင့် ပညာရေးကဏ္ဍတာဝန်ရှိသူတို့မှ ဆောင်ရွက်ရန်လုပ်ငန်းများ

- ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးနှင့် ပြည့်စုံသည့် ကျောင်းဘေးကင်းလုံခြုံရေးကိုကျယ်ပြန့်စွာဆောင်ရွက်နိုင်စေရန်အတွက် နိုင်ငံအဆင့်ဦးစားပေးဆောင်ရွက်သည့်အစီအစဉ်ကို တည်ဆောက်ပါ။
- စာသင်ကျောင်းဘေးကင်းလုံခြုံရေးကို မြှင့်တင်ရန်အတွက် ဤလက်စွဲစာအုပ်ကိုစတင်အသုံးပြုပြီး နည်းကိရိယာကို အသုံးပြုရာတွင် ပံ့ပိုးကူညီပေးရန် ဖြစ်သည်။
- ဤနည်းကိရိယာကို မြှင့်တင်ရန်နှင့် ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းပြီး အစီအစဉ်ရေးဆွဲနိုင်ရန် မြို့နယ်စီမံရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာနတို့နှင့် အချိတ်အဆက်ရှိရမည်။
- ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် အစီအစဉ်ရှိပြီးဖြစ်သော စာသင်ကျောင်းများတွင် လုပ်ငန်းဆောင်ရွက်မှုများကို ဤနည်းလမ်းအသွယ်သွယ်လက်စွဲစာအုပ်၏ လမ်းညွှန်ချက်များဖြင့် စံသတ်မှတ်ပြီး သင်၏အစီအစဉ်ကို တိုးမြှင့်ပါ။
- စာသင်ကျောင်းများကို ယာယီခိုလှုံရာအဆောက်အအုံအဖြစ်အသုံးပြုခြင်းကို ကန့်သတ်ရန်အတွက် တိကျသည့်သတ်မှတ်ချက်များထားရှိပါ။ ယင်းသတ်မှတ်ချက်များသည် သက်ဆိုင်ရာကျေးရွာအုပ်စုများ၊ ကျေးရွာတို့၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်များအပြင် စာသင်ကျောင်းများတွင် ထည့်ဝင်ပါရှိနေစေရန် သေချာပါစေ။
- ပြည့်စုံသည့်စာသင်ကျောင်းဘေးကင်းလုံခြုံမှုကို တိုးမြှင့်ဆောင်ရွက်နိုင်စေရန် မူဝါဒဆိုင်ရာကော်မတီကိုဖွဲ့စည်းရန်အတွက် ကျေးရွာအုပ်စုအဆင့်တွင် ပံ့ပိုးကူညီပါ။
- မြို့နယ်မှ စာသင်ကျောင်းတိုင်းကို ကျောင်းဘေးကင်းလုံခြုံစေရန်အတွက် အစီအစဉ်များကို လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် မြို့နယ်အဆင့်တွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ် ပြုစုရေးသားပါ။

- စာသင်ကျောင်းဘေးအန္တရာယ်ထိခိုက်မှု လျှော့ချရေးအစီအစဉ်များအားလုံးကို ထည့်သွင်းအသုံးပြုပြီး မြို့နယ်အဆင့် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအစီအစဉ်ကို ပြုစုပြီး မြို့နယ်အစီအစဉ်တွင် အရင်းအမြစ်စုဆောင်းရှာဖွေရန်အတွက် အသုံးပြုပါ။
- ထို့အပြင် စာသင်ကျောင်းအားလုံး၏ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအကြောင်းအရာများကိုစာသင်ကျောင်းတိုးတက်ရေးအစီအစဉ်တွင် ပေါင်းထည့်ပြီး မြို့နယ်အဆင့် ပညာရေးဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်တွင်လည်း မြို့နယ်ပညာရေးကဏ္ဍ တိုးတက်ရေးအစီအစဉ်မှ အသုံးပြုနိုင်ရန် ပေါင်းထည့်ပါ။

## မြို့နယ်ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီတို့၏ အခန်းကဏ္ဍနှင့် တာဝန်များက ဘာလဲ

မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဥပဒေ ၂၀၁၃ အပိုဒ် ၇ (က) တွင် ဝန်ကြီးချုပ်မှ ဦးဆောင်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနများကို ဖွဲ့စည်းရန် လိုအပ်ကြောင်း အပိုဒ် ၈ (က) တွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရတို့သည် " ကိုယ်တိုင်အုပ်ချုပ်သော တိုင်း/ဖုံ ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ထိရောက်သည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနများကို ဖွဲ့စည်းရမည်ဟု ပါရှိသည်။

### မြို့နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အခန်းကဏ္ဍနှင့် တာဝန်များ

- သတင်းအချက်အလက်များကို ပြုစုရန်၊ ဖြန့်ဝေရန်နှင့် အသိပညာပေးပွဲများ ကျင်းပရန်။
- ပြည်သူလူထုများထံ ကြိုတင်သတိပေးမှုစနစ်များ၊ ပုံမှန်သတင်းပေးခြင်းနှင့် နောက်ဆုံးရသတင်းများကိုအချိန်နှင့်တပြေးညီထုတ်ပြန်ရန်။
- ကယ်ဆယ်ရေးပစ္စည်းများ အဆင့်သင့်အသုံးပြုနိုင်ရန် ထိန်းသိမ်းခြင်း၊ ပြုပြင်ရန်။
- ဘေးအန္တရာယ်နှင့် ပတ်သက်သည့် အချက်အလက်များနှင့် သတင်းများကို စုစည်းပြီး တင်ပြရန်။
- ဘေးအန္တရာယ်ကြုံတွေ့ရပါက ယာယီ ခိုလှုံရာဆီသို့ ရွှေ့ပြောင်းသောလူထုများအား စီမံကြီးကြပ်ပေးရန်။
- တိရစ္ဆာန်များကို ဘေးကင်းရာသို့ ရွှေ့ပြောင်းရာတွင် အကူအညီပေးရန်။
- ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရန်အတွက် ဆေးဝါးအကူအဖွဲ့နှင့် ကယ်ဆယ်ရေးအဖွဲ့များ အစောဆုံး ရောက်ရှိရမည်။
- ထိခိုက်သည့်ဒေသများတွင် ဥပဒေ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။
- သေဆုံးသူအလောင်းများကို စနစ်တကျ သဂြိုဟ်ရန်။
- ထိခိုက်ပျက်ဆီးမှုနှင့် ဆုံးရှုံးမှုများကို ဓာတ်ပုံများနှင့်တကွ မှတ်တမ်းတင်ထားရန်။
- အခြေအနေကို အထက်တာဝန်ရှိသူထံသို့ အမြန်ဆုံးနှင့် ချက်ချင်း အကြောင်းကြားရန်။
- ပြန်လည်တည်ထောင်ခြင်းနှင့် တည်ဆောက်ခြင်း ဆောင်ရွက်ရန်။



ဘေးအန္တရာယ်ကို ကြိုတင်ပြင်ဆင်ရန် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ရမည့်နည်းလမ်းအား ကစားနည်းဖြင့်သင်ယူခြင်း

ထိုကဲ့သို့ ကော်မတီများကို ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့်တွင်လည်း ဖွဲ့စည်းခဲ့သည်။ ၂၀၁၂ ခုနှစ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးဥပဒေ ထုတ်ပြန်ခဲ့စဉ်ကပင် ရွေးချယ်ခံရသော ရပ်ကွက်/ကျေးရွာအုပ်စု စီမံခန့်ခွဲရေးမှူး နေရာကိုထားရှိပြီး ဥပဒေ၏ အခန်း (၇)တွင် တာဝန်နှင့် လုပ်ငန်းဆောင်ရွက်ရန်များကို ဖော်ပြထားသည်။ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် တာဝန်များတွင် မီးအန္တရာယ်ကာကွယ်ခြင်းနှင့် မီးငြိမ်းသတ်ခြင်း (အခန်း ၁၃) ၊ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မီး၊ ရေ၊ လေ၊ မြေငလျင် စသည့် သဘာဝဘေးများအတွက် ကြိုတင်ပြင်ဆင်ထားခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဘေးအန္တရာယ်ဖြစ်ခဲ့လျှင် ဆောင်ရွက်ရန် စီစဉ်ထားခြင်း၊ ဘေးဒုက္ခများကြောင့် ဒဏ်ရာရရှိသူများ အများအပြားကြောင့် အရေးပေါ်အခြေအနေဖြစ်ခဲ့လျှင် မြို့နယ် စီမံခန့်ခွဲရေးမှူး၏ ခွင့်ပြုချက်ဖြင့် ဒေသခံပြည်သူများအတွက် အရေးကြီးပြီး အကျိုးရှိနိုင်သော အလုပ်များ ဆောင်ရွက်ခြင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အဆင့်တွင်ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ငန်းများ၊ တာဝန်များကို ဝင်ရောက်ဖြည့်ဆည်းပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

## မြို့နယ်နှင့် ကျေးရွာအုပ်စု ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများတွင် ပညာရေးတာဝန်ရှိသူတို့၏ အခန်းကဏ္ဍ

ဖွဲ့စည်းပုံအရ မြို့နယ်ပညာရေးမှူးသည် မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး အချို့နေရာများတွင်သတင်းကော်မတီခွဲ၏ဥက္ကဋ္ဌဖြစ်သည်။ ကျေးရွာအုပ်စုအဆင့်တွင် မူလတန်းဆရာသည် ကျေးရွာအုပ်စုဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ၏ အဖွဲ့ဝင်ဖြစ်သည်။ မြို့နယ်နှင့် ကျေးရွာအုပ်စုကော်မတီများမှ ပညာရေးကဏ္ဍ၏ အရာရှိများ အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းသည် ကျောင်းတွင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအား မြို့နယ်နှင့်ကျေးရွာအုပ်စု ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများနှင့် ချိတ်ဆက်ပေးနိုင်ရန် အင်းအားဖြစ်စေသည်။

## မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီတွေက ဘာလဲ

မြို့နယ်များတွင် မြို့နယ်စီမံခန့်ခွဲရေးမှူးဦးဆောင်သော စီမံကိန်းကော်မတီများရှိပြီး ပုံမှန်အားဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ အတွင်းရေးမှူး၊ အခြားခန့်အပ်ထားသော အဖွဲ့ဝင်များ ပါဝင်သည်။ မြို့နယ်များတွင် အစိုးရမြို့နယ်အရာရှိများ (စိုက်ပျိုးရေး၊ သစ်တော၊ ကျေးလက်ဖွံ့ဖြိုးရေး၊ ရဲ၊ စီမံကိန်း စသည်) တို့ပါဝင်သော မြို့နယ်ဖွံ့ဖြိုးရေးကော်မတီများလည်းရှိကြသည်။ မြို့နယ်စီမံကိန်းနှင့်ဖွံ့ဖြိုးရေးကော်မတီတို့၏အဖွဲ့ဝင်များနှင့် လုပ်ငန်းတာဝန်သတ်မှတ်ချက်များကို ရှင်းလင်းဖော်ပြရန် လိုအပ်သည်။

၂၀၁၃ ခုနှစ် နှစ်လည်ပိုင်းမှစ၍ အသစ်ပြုလုပ်ထားသည်မှာ မြို့နယ်ဖွံ့ဖြိုးရေးပံ့ပိုးမှုကော်မတီများ ဖွဲ့စည်းခြင်းဖြစ်ပြီး ၈-၁၂ ကော်မတီအဖွဲ့ဝင်တို့ဖြင့် ဖွဲ့စည်းရသည်။ အဖွဲ့ဝင်၂ ဦးသည် အရပ်ဘက်အဖွဲ့အစည်း၊ ပုဂ္ဂလိက ကဏ္ဍ၊ မြို့နယ်အလုပ်သမားနှင့် လယ်သမားတို့မှ ဖြစ်ကြသည်။ အဖွဲ့ဝင် ၃၀ ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်သည်။ မြို့နယ်ဖွံ့ဖြိုးရေး ပံ့ပိုးမှုအဖွဲ့များတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာထိန်း ၊ စာရင်းစစ်နှင့် အမှုဆောင်အဖွင့်ဝင်များ ပါဝင်ရမည်။ ဥက္ကဋ္ဌကို MaFaAhfa ကိုယ်စားလှယ်များမှ မဲပေးရွေးချယ်ရမည်ဖြစ်ပြီး ဥက္ကဋ္ဌမှ အမှုဆောင်အဖွဲ့ဝင်များကို ခန့်အပ်ရမည်။ MaFaAhfa ၏ သက်တမ်းမှာ (၂) နှစ်ဖြစ်ပြီး နှစ်စဉ်ဂုဏ်ပြုချီးမြှင့်ငွေကို မြို့နယ်ဖွံ့ဖြိုးရေး ရန်ပုံငွေပေါ် မူတည်ပြီး ဆုံးဖြတ်လျှက် ချီးမြှင့်နိုင်သည်။

ယင်းကော်မတီများသည် ဒေသတွင်းနေထိုင်သူများမှ ယာယီတာဝန်ကျနေသော မြို့နယ်အရာရှိများအား ဒေသခံကိုယ်စားလှယ်များ ပေးနိုင်ရန် သေချာစေရမည်။ မြို့နယ်ဖွံ့ဖြိုးရေး ပံ့ပိုးမှုကော်မတီများ၏ အဓိက တာဝန်များမှာ -

(က) သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မြို့နယ်အသီးအသီးတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်ရန်။
(ခ) မြို့နယ်အသီးသီးတွင် စုံညီအစည်းအဝေးများကို (၂) နှစ်တစ်ကြိမ် ကျင်းပပြုလုပ်ရန်။
(ဂ) မြို့နယ်ဖွံ့ဖြိုးရေး ရန်ပုံငွေများကို ထိန်းသိမ်းထားပြီး မြို့နယ်ဖွံ့ဖြိုးရေး စုံညီအစည်းအဝေးများတွင် ချမှတ်ခဲ့ကြသည့် ဆုံးဖြတ်ချက်များအတိုင်း ထုတ်ဝေပေးရန်။
(ဃ) တင်ဒါများခေါ်ယူပြီး ဝယ်ယူရေးတွင် မြို့နယ်အသီးအသီးရှိကျေးရွာများတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြဌာန်းထားသည့်မူများအတိုင်း စာချုပ်ချုပ်ဆိုရန်။
(င) ကျေးရွာစီမံချက်များအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပတ်သက်ပြီး အစည်းအဝေးများပြုလုပ်ပြီး လုပ်ငန်းကဏ္ဍအသီးအသီးကို ကြီးကြပ်ရန်အတွက် အဖွဲ့ငယ်များဖွဲ့စည်းရန်။
(စ) ကျေးရွာစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်စဉ်ကာလအတွင်း ကြုံတွေ့ရသည့် ပြဿနာများနှင့် လူတို့၏ မကျေနပ်ချက်များကို ဖြေရှင်းရန်။
(ဆ) မြို့နယ်အသီးသီးတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အစီရင်ခံစာ ရေးသားရန်။

မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသည် ၂၀၁၄ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ အကောင်အထည်ပေါ် လာခြင်းဖြစ်ပြီး အတိုင်အပင်ခံနှင့် အကြံပေးကဏ္ဍများပါဝင်သည်။ လိုအပ်လျှင် အရင်းအမြစ်များထပ်မံ စုဆောင်းရန် သူတို့အား တာဝန်ပေးအပ်နိုင်သည်။ မြို့နယ်တစ်ခုစီတိုင်းသည် မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ အသုံးပြုရန် ဖွံ့ဖြိုးရေး ရန်ပုံငွေ(၁၀) သိန်းလျာထားသည်။ ထို့အပြင် လွှတ်တော်ရန်ပုံငွေသည် မြို့နယ်ဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်ပြီးဖြစ်သော စီမံချက်အတွက် အသုံးပြုရမည်ဖြစ်သည်။ ကမ္ဘာ့ဘဏ်၏ ရပ်ရွာမှဦးဆောင်သော ဖွံ့ဖြိုးရေး စီမံချက်များသည် မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာများနှင့် အထူးချိတ်ဆက်ထားမှုရှိသည်။ ထို့ကြောင့် TDSC သည် နိုင်ငံသားများ၊ အရပ်ဘက်လူ့အဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့များတို့အတွက် မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းများကိုလွှမ်းမိုးရန် အရေးကြီးသည့်ကဏ္ဍမှ ကိုယ်စားပြုရပ်တည်သည်။

ထို့အပြင် ကျေးရွာအုပ်စုအဆင့်တွင် TDSC ၏ဖွဲ့စည်းပုံကဲ့သို့ပင် ကျေးရွာအုပ်စုဖွံ့ဖြိုးရေး ပံ့ပိုးမှုကော်မတီများ ရှိကြသည်။ လက်ရှိအချိန်တွင် VTDSC နှင့် TDSC ချိတ်ဆက်ထားမှု မတွေ့ရပေ။ လုပ်ငန်းတာဝန်နှစ်ရပ်စလုံးသည် မိမိဆန္ဒအလျောက်ဆောက်ရွက်ရခြင်း၊ အစည်းအဝေးကုန်ကျစရိတ်ကိုပင် မပံ့ပိုးနိုင်ခြင်းတို့ကြောင့် တွေ့ဆုံရန် အခွင့်အလမ်းနည်းပါးသည်။

ကျေးရွာဖွံ့ဖြိုးရေးပံ့ပိုးမှုအဖွဲ့များ (ကဖအဖ) တို့၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များအတွက် ဆင်တူပြီး ပိုမိုရှင်းလင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်များရှိသည်။ ၎င်းတို့မှာ ကျေးရွာအရွယ်အစားပေါ် မူတည်ပြီး ကိုယ်စားပြုအဖွဲ့ဝင် (၅) ဦး မှ (၉)ဦးဖြင့် ဖွဲ့စည်းနိုင်ပြီး (၂) ဦး (သို့) (၃) ဦးသည် အမျိုးသမီးဖြစ်ရမည်။ ကိုယ်စားပြုအဖွဲ့ဝင်များကို အရပ်ဘက်အဖွဲ့အစည်းများမှ ပြုလုပ်သော လူထုအစည်းအဝေးများတွင် မျှတစွာရွေးချယ်ရမည်။ သို့မှသာ ကျေးရွာလူထုသည် သူတို့စိတ်ကြိုက် ရွေးချယ်နိုင်မည်ဖြစ်သည်။ ဆယ်အိမ်မှူးနှင့် ကျေးရွာအုပ်စုမှ ရာအိမ်မှူး တို့ ရွေးချယ်ပြီး ကျေးရွာလူထုမှ မဲအများဆုံး ရွေးချယ်အတည်ပြုခံရသူသည် ကဖအဖ ကိုယ်စားလှယ်ဖြစ်လာမည်။

## ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများကို မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးရွာဖွံ့ဖြိုးရေး ပံ့ပိုးမှုကော်မတီများနှင့် ဘယ်လိုချိတ်ဆက်မည်နည်း

အထက်တွင် ရှင်းပြထားသည့်အတိုင်း မြို့နယ်ဖွံ့ဖြိုးရေးပံ့ပိုးမှုကော်မတီသည် နိုင်ငံသူ/သားများ၊ အရပ်ဘက်အဖွဲ့အစည်း အုပ်စုများနှင့် အစိုးရမဟုတ်သည့်အဖွဲ့များအတွက် အရေးပါသည့် ကဏ္ဍမှပါဝင်ရပ်တည်ပြီး TDC ၏လုပ်ငန်းများနှင့်ဆုံးဖြတ်ချက်များကို လွှမ်းမိုးနိုင်ရန်အတွက်ဖြစ်သည်။ ထို့အပြင် ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်တွင် ပြုစုထားသောလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရန်နှင့် ရန်ပုံငွေရှာဖွေပေးခြင်းတို့အပြင် ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှလည်း ခေါ်ယူအသုံးပြုနိုင်သည်။

၎င်းသည်မြန်မာနိုင်ငံတွင် အစိုးရဦးဆောင်သောအမျိုးသားအဆင့်နှင့် ကမ္ဘာ့ဘဏ် CDD စီမံချက်လုပ်ငန်းအဖွဲ့ခေါင်းဆောင်တို့နှင့် တိုက်ရိုက်ဆက်သွယ်ရေးကိုတည်ဆောက်ရန်အတွက် ဘေးကင်းလုံခြုံသည့် ကျောင်းတွင်းစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးအပိုင်းတွင် အလွန်အရေးကြီးသည်။ ထို့အပြင် ပူပေါင်းဆောင်ရွက်ရန် နည်းလမ်းရှာခြင်းအားဖြင့် ပညာရေးဝန်ကြီးဌာနမှဘေးကင်းလုံခြုံသည့်ကျောင်းစီမံကိန်းသည်အစိုးရဌာနများနှင့်ဆက်သွယ်ပြီးရန်ပုံငွေတောင်းခံရန်အတွက်လိုအပ်သည့် အဆိုပြုလွှာများ ပြုစုရန်အတွက် နားလည်စေနိုင်မည်ဖြစ်သည်။

ဘေးကင်းလုံခြုံသည့် ကျောင်းစီမံကိန်းနှင့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေးအပိုင်းတွင် ၎င်းအဆင့်(၃)ကိုသင့်တော်သလို ချိတ်ဆက်သည့် အကျိုးရလဒ်များကိုရှာဖွေရန်မှာ စိတ်ဝင်စားစရာကောင်းသည်။

## ပြင်ဆင်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးတွင် အရင်းအမြစ်များနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရန် ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်ကို မြို့နယ်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအစီအစဉ်တို့နှင့် ဘယ်လိုချိတ်ဆက်မလဲ

အစောပိုင်းတွင်ရှင်းပြထားသကဲ့သို့ ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများမှာ မြို့နယ်နှင့် ကျေးရွာအုပ်စု ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီများတွင် မြို့နယ်ပညာရေးမှူးနှင့် ကျောင်းဆရာ/မများပါဝင်နေခြင်းကြောင့် မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာကော်မတီများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အားသာချက်များရှိသည်။ ထိုနည်းအတိုင်းပင် ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသည် ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးပံ့ပိုးမှုကော်မတီများဖြင့် ထိရောက်စွာချိတ်ဆက်ဆောင်ရွက်မှုရှိရမည်။ အထူးသဖြင့် ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်တွင် လိုအပ်သောလုပ်ငန်းများနှင့် စီမံချက်များအတွက် အရင်းအမြစ်များရှာဖွေရန် လိုအပ်မှုရှိသည့်အခါတွင် ၎င်းဖွံ့ဖြိုးရေးပံ့ပိုးမှုကော်မတီ၏ အကူအညီကို ရယူနိုင်သည်။

လုပ်ငန်းဆောင်ရွက်မှုအဆင့်တွင်ကျေးရွာ၊ ကျေးရွာအုပ်စုနှင့် မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်များတွင် ရပ်ရွာလူထုပိုင် အရေးကြီးအဆောက်အအုံများနှင့် ထိန်းသိမ်းကာကွယ်ရန် လိုအပ်သောနေအိမ်များပါရှိသောအပိုင်း ပါဝင်ရန် အရေးကြီးသည်။ ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်များသည်  ကျေးရွာအုပ်စု ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်တွင် သီးသန့်ဖော်ပြသင့်သည်။ စာသင်ကျောင်းသည် အရေးပေါ် သတိပေးချက်ဖြင့် သတိပေးရန် အရေးကြီးသည့် အဆောက်အအုံအဖြစ် ထားရှိသင့်ပြီး လိုအပ်လာသည့်အခါ ရွှေ့ပြောင်းခိုလှုံရန် နေရာအဖြစ်ထားရှိသင့်ပါသည်။ စာသင်ကျောင်းများသည် စီမံကိန်းများ၊ လူထုပညာပေးအစီအစဉ်များ ပြုလုပ်ရာတွင် ကျောင်းအတွက်သာမက ကျေးရွာတစ်ခုလုံးအတွက် ရပ်ရွာလူထု၏ အထူးအာရုံစိုက်မှု၊ အရင်းအမြစ်များ တစ်ခုဖြစ်နိုင်သည်။ ထိုသို့ပင် အရေးပေါ် လေ့ကျင့်ခန်းများနှင့် အစမ်းလေ့ကျင့်ခြင်းတို့ ပြုလုပ်ရာတွင်လည်း အရေးကြီးသော ရင်းမြစ်နှင့်နေရာ တစ်ခုဖြစ်သည်။ စာသင်ကျောင်းနှင့် ရပ်ရွာလူထုသည် ဇာတ်တိုက်လေ့ကျင့်ခန်းများကို ပူးပေါင်းလုပ်ဆောင်သင့်သည်။ ယင်းသို့ ဖြစ်လျှင် ရပ်ရွာ၏အစီအစဉ်များကို လေ့ကျင့်သည့်အခါတွင် စာသင်ကျောင်းသည် လေ့ကျင့်ခန်းကို ဆောင်ရွက်နိုင်သော  ရပ်ရွာ၏ အရေးပါသည့် အရင်းအမြစ်နှင့် နေရာတစ်ခုဖြစ်သည်။

ထိုသို့ပင်ကျောင်းအဆင့်တွင် ကျောင်းအုပ်နှင့် ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ ကျေးရွာနှင့်ကျေးရွာအုပ်စု ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်တို့နှင့် နီးကပ်စွာချိတ်ဆက်မှုရှိနေစေရန် ထိရောက်စွာကြိုးပမ်းဆောင်ရွက်ရမည်။ ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် အစီအစဉ်တို့သည် ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသင့်သည်။ ကျောင်းအစီအစဉ်ကို လေ့ကျင့်ရန် လိုအပ်သော မည်သည့် အစီအစဉ်ကိုမဆို ကျေးရွာ ဘေးအန္တရာယ်စီမံခန့်ခွဲကော်မတီနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။ ထိုနည်းအတိုင်းပင် ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသည် ယင်းကော်မတီအဖွဲ့များတက်ရောက်သည့် မည့်သည့်သင်တန်းတွင်မဆို ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီကိုဖိတ်ခေါ်သင့်သည်။ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု (သို့) ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီကို ပြန်လည်သုံးသပ်ခြင်းသည် တစ်ဦးနှင့် တစ်ဦး ပါဝင်မှုရှိစေရန် တွန်းအားဖြစ်စေမည်ဖြစ်သည်။

## ပညာရေးကဏ္ဍသည် ၎င်း၏ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို မြို့နယ်အဆင့်နှင့် ကျေးရွာအုပ်စုအဆင့်တို့တွင် ဘယ်လိုဆောင်ရွက်နိုင်မလဲ

- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုသည် ပညာရေးဝန်ကြီးဌာနနှင့် ၎င်း၏တိုင်းဒေသကြီး/ ပြည်နယ်နှင့် အခြားသောခရိုင်နှင့် မြို့နယ်အဆင့် အမျိုးသားအဆင့်ရုံးခွဲများ၏ ဦးစားပေးဆောင်ရွက်ရန်လုပ်ငန်းဖြစ်သင့်သည်။ ယခင်အခန်းများတွင်တွေ့ခဲ့ပြီးသည့်အတိုင်း ဒေသခံကျောင်းလူထုသည် ကျေးရွာအတွင်းမှ ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ဖော်ကိုင်ဖက်များနှင့် ဘေးကင်းလုံခြုံသည့်ပတ်ဝန်းကျင်နှင့် ပညာဆက်လက်သင်ကြားနိုင်ရေးကိုထိန်းသိမ်းရန်(ကလေးများနှင့် မိဘများ ပါဝင်) ဆောင်ရွက်နိုင်သည့် လုပ်ငန်းများစွာရှိသည်။ ၎င်းအပိုင်းကို အခန်း ၂.၃ မှ ၂.၇ တွင်ဖော်ပြထားသည်။
- တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးဌာနများနှင့် မြို့နယ်ပညာရေးမှူးများမှဆောင်ရွက်နိုင်သည့်လုပ်ငန်းများမှာ-

  - ◊ နိုင်ငံ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်အဆင့်ကော်မတီများ၊ ဘက်စုံဘေးကင်းလုံခြုံသည့် စာသင်ကျောင်းဖြစ်ရန် လုပ်ဆောင်ရာတွင် အချိန်ပြည့်တာဝန်ခံများ ခန့်အပ်ခြင်း။
  - ◊ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်နှင့် ကျေးရွာအုပ်စုအဆင့်အပြင် ကျောင်းအဆင့်တွင် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် မူဝါဒများနှင့် လမ်းညွှန်မှုများ ပံ့ပိုးပေးခြင်း။ အထူးသဖြင့် ဆောင်ရွက်လျက်ရှိသော ဆန်းစစ် လေ့လာမှုများ၊ ဘေးဖြစ်နိုင်ခြေ လျှော့ချခြင်း၊ တုံ့ပြန်ဆောင်ရွက်မှု ပြင်ဆင်ခြင်းများကို ပုံမှန် ကျောင်းစီမံခန့်ခွဲမှုနှင့် တိုးတက်ရေးတွင် ထည့်သွင်းပါ။
  - ◊ ကျောင်းတိုင်းတွင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများကိုဖွဲ့စည်းခြင်း၊စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ လေ့ကျင့်ပေးခြင်း၊ အတည်ပြုပြဌာန်းခြင်းနှင့် ပံ့ပိုးကူညီမှုတို့ကို ဝန်ထမ်းများ၊ ကျောင်းသား/သူများ၊ မိဘများ၊ ရပ်ရွာပါဝင်ပတ်သက်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပါ။ ကျောင်းကော်မတီများနှင့် မြို့နယ်ကျောင်းများတွင် သင်ယူမှုများကို ဖလှယ်ပါ။
  - ◊ လုပ်ငန်းဆောင်ရွက်မှုစံချိန်စံနှုန်းများကို ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်၊အန္တရာယ်များ၊ဂပ်၊ ကာကွယ်၊ ကိုင်ထား၊ အရေးပေါ် ရွှေ့ပြောင်းခြင်း၊ ဘေးကင်းလုံခြုံသည့်နေရာသို့ ရွှေ့ပြောင်းခြင်း၊ မိသားစုပြန်လည်ပေါင်းစည်းခြင်းများတွင် လိုအပ်သလို ကျင့်သုံးပါ။
  - ◊ စာသင်ကျောင်းများကို DMH၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှထုတ်ပြန်သည့် အရေးပေါ် ကြေငြာချက်ကိုရယူနိုင်ရန် စီစဉ်ခြင်းဖြင့်ကျောင်းပြင်ဆင်ရေး အစီအစဉ်ဖြင့် လုပ်ငန်းများကို အစောဆုံး စတင်နိုင်မည်ဖြစ်သည်။
  - ◊ ပညာရေးကဏ္ဍအတွက် တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်ပြင်ဆင်ရေးအစီအစဉ်များ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဥပဒေ၏ လိုအပ်ချက်အတိုင်းပြင်ဆင်ပြီး ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ အားလုံးတွင်အနည်းဆုံးစံချိန်စံနှုန်းရရှိရမည်။

◊ ကျေးရွာအုပ်စု၊ ၎င်းအနီးဝန်းကျင်တွင် မြို့နယ်နှင့် ကျေးရွာအုပ်စုအဆင့် အစီအစဉ်များထားရှိပါ။ မြို့နယ်တစ်ခုလုံးနှင့် ၎င်းပတ်ဝန်းကျင်သည် အရေးပေါ်အခြေအနေတွင် ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ပံ့ပိုးကူညီရမည်။ ယာယီပညာသင်ကြားရေးဌာန နေရာများကို သတ်မှတ်ထားရမည်။

◊ စာသင်ကျောင်းများကို ယာယီခိုလှုံရေးစခန်း အသုံးပြုခြင်းကို ကန့်သတ်ရန် ရှင်းလင်းသည့် စံသတ်မှတ်ချက်များ ထားရှိပြီး ၎င်းစံသတ်မှတ်ချက်များသည် သင့်လျော်သည့် ကျေးရွာအုပ်စု၊ ကျေးရွာ ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်များတွင် ထည့်သွင်းပါ။

◊ မူကြိုကျောင်း၊ ကျောင်းထွက်ကလေးများ၊ မသန်စွမ်းကလေးများ (မိန်းကလေး၊ ယောကျ်ားလေးတို့) ၏လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားခြင်း။

◊ ပညာရေးကဏ္ဍနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကဏ္ဍကိုချိတ်ဆက်ပြီး အဆင့်တိုင်း၏လူမှုအဖွဲ့အစည်းတိုင်းတွင် လူထုဘေးအန္တရာယ်ကင်းရှင်းရေး ပေါ်လစီများနှင့် အစီအစဉ်များဖြင့် ချိတ်ဆက်ခြင်း ( နိုင်ငံ၊ ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာနှင့် ကျောင်းအဆင့် ) ကဏ္ဍအားလုံးနှင့် ဆက်သွယ်ရေးညှိနှိုင်းဆောင်ရွက်မှုတည်ဆောက်ခြင်း။

◊ လေ့ကျင့်ခြင်း၊သုံးသပ်ဝေဖန်ခြင်းနှင့်တုံ့ပြန်ဆောင်ရွက်ရေးပြင်ဆင်မှုများအတွက် တိုးမြှင့်ဆောင်ရွက်ခြင်းကိုသာမန်ကျောင်းလူထု၊ ရပ်ရွာနှင့် ချိတ်ဆက်ထားသော ဇာတ်တိုက်လေ့ကျင့်ခန်းများဖြင့် ဆောင်ရွက်ခြင်း။ စာသင်ကျောင်းတစ်ခုစီ၏ အခြေအနေနှင့် ကိုက်ညီစွာ လုပ်ငန်းဆောင်ရွက်မှု စံချိန်စံနှုန်းများကို ကျင့်သုံးပါ။ အစမ်းဆောင်ရွက်ရာတွင်ကိုက်ညီပြီး ဖြစ်နိုင်လျှင် ကျောင်းအားလုံးတွင် ဇာတ်တိုက်လေ့ကျင့်ခန်းများကို ပြုလုပ်ပါ။

◊ ပြည်နယ်/ တိုင်းဒေသကြီး (သို့) အနည်းဆုံး မြို့နယ်အဆင့်တွင် စာသင်ကျောင်းအားလုံး ပါဝင်သော ဇာတ်တိုက်လေ့ကျင့်ခန်းကို ပြုလုပ်ရန် စဉ်းစားပါ။

## မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးစီမံခန့်ခွဲမှုကော်မတီနှင့် ကျေးရွာအုပ်စုအဆင့်မှ ဘက်စုံဘေးကင်းလုံခြုံရေးစာသင်ကျောင်းများဖြစ်လာစေရန်အတွက် စည်းမျဉ်းကော်မတီတို့၏ အခန်းကဏ္ဍကဘာလဲ

ပညာရေးမှူးနှင့်မြို့နယ်အဆင့် ပညာရေးစီမံခန့်ခွဲမှုကော်မတီသည်မြို့နယ်အတွင်းတွင် ဘက်စုံဘေးကင်းလုံခြုံသည့်ကျောင်းများ ဖြစ်လာစေရန်အတွက် ကူညီနိုင်မည်ဖြစ်သည်။ ၎င်းတွင် စာသင်ကျောင်းတစ်ကျောင်းစီအား ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီကိုဖွဲ့စည်းရန်နှင့် ကျောင်းတိုင်းတွင် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ပြုစုရန် တစ်ကျောင်းနှင့်တစ်ကျောင်း ကူညီနိုင်မည်ဖြစ်သည်။ စာသင်ကျောင်းတစ်ကျောင်းစီတွင် ဤပညာရေးဝန်ကြီးဌာန၏ လက်စွဲစာအုပ် ရှိခြင်းသည် အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ မြို့နယ်အဆင့် အစီအစဉ်သည် မြို့နယ်အတွင်းတွင် စာသင်ကျောင်းအမျိုးမျိုးမှ CSS အစီအစဉ်များကို ပံ့ပိုးကူညီရန်နှင့် စည်းရုံးလှုံ့ဆော်နိုင်ရန်အတွက် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဝင်များကို ဖွဲ့စည်းရန် တိုက်တွန်းသင့်သည်။ မြို့နယ်အစီအစဉ်တွင် စာသင်ကျောင်းအားလုံး၏ လုပ်ငန်းဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံရန် ကြိုးပမ်းဆောင်ရွက်မှုများ ပါဝင်သင့်သည်။ သူတို့သည် စာသင်နှစ်တစ်နှစ်စီတွင် အကောင်းဆုံးကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအတွက် ဆုပေးသည့် အစီအစဉ်ကိုလည်း စဉ်းစားနိုင်သည်။

ကျေးရွာအုပ်စုအဆင့်တွင် မြို့နယ်ပညာရေးမှူးသည် စည်းမျဉ်းကော်မတီကို ကျေးရွာအုပ်စုလမ်းညွှန်မှုနှင့် ကျေးရွာအုပ်စုအောက်တွင် ဘက်စုံ ဘေးကင်းလုံခြုံရေး စာသင်ကျောင်းအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကူညီရန်အတွက် စောင့်ကြည့်လေ့လာရေးအဖွဲ့ ဖွဲ့စည်းနိုင်သည်။

## မြို့နယ်ပညာရေးတိုးတက်ရေးအစီအစဉ်သည် ကျောင်းဘေးကင်းလုံခြုံမှုတိုးတက်ရန် လိုအပ်မှုများကို ဘယ်လို ထည့်သွင်းနိုင်မလဲ


ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို ကျောင်းတိုးတက်ရေးအစီအစဉ်တွင် ထည့်သွင်းရန်နှင့် ကျောင်းဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး အစီအစဉ်တွင် ကုန်ကျစရိတ်များ (သို့) ကိရိယာ၊ အစီအစဉ်များနှင့် အခြားCSSအစီအစဉ်နှင့် သက်ဆိုင်သည့်ကုန်ကျစရိတ်များပါရှိသည့် ဘက်စုံမှတ်တမ်းအကြောင်းကိုပြောခဲ့ကြပြီးဖြစ်သည်။ မြို့နယ်ပညာရေးမှူးရုံးသည် ကျောင်းအားလုံး၏ ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး အစီအစဉ်များကို အတူပေါင်းစည်းရန်လိုအပ်ပြီး မြို့နယ်အဆင့် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး အစီအစဉ်ကိုလည်း ပြုစုရန်လိုအပ်သည်။ မြို့နယ်အဆင့် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး အစီအစဉ်ကိုမြို့နယ်အစီအစဉ်တွင် အရင်းအမြစ်စုစည်းခြင်းအတွက် အသုံးပြုသင့်သည်။ ထို့အပြင်ကျောင်းအားလုံး၏ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး ဆွေးနွေးမှုများကို မြို့နယ်အဆင့်ပညာရေး ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်တွင် ပေါင်းစည်းရန်နှင့် မြို့နယ်ပညာရေးကဏ္ဍ တိုးတက်ရေးအစီအစဉ်တွင် ထည့်သွင်းရန်အတွက် ပေးပို့သင့်သည်။

## ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီကိုမြို့နယ်၊ ကျေးရွာအုပ်စုပညာရေးရုံးများ၊ ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှု တိုးတက်ရေးကော်မတီများနှင့် အစီအစဉ်များ၊ ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးအတွက် အရင်းအမြစ်များနှင့် ရင်းနှီးမြှုပ်နှံမှုများနှင့် ဘယ်လိုချိတ်ဆက်မလဲ

ကျောင်းအုပ်များနှင့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများသည် မြို့နယ်ပညာရေးရုံး၏ အစီအစဉ်များနှင့်စီမံကိန်းများကို ဘေးကင်းလုံခြုံသည့်ကျောင်းများဖြစ်လာစေရန် တိုးမြှင့်ဆောင်ရွက်ရန်အတွက် ကောင်းစွာ နားလည်ထားရန်လိုအပ်သည်။ ယင်းပေါ်တွင် အခြေခံ၍ သူတို့သည် ကျောင်းတစ်ကျောင်းစီတွင် လုပ်ငန်းများကိုအကောင်းဆုံးမည်သို့ ပါဝင်ရမည်ကို စီစဉ်နိုင်သည်။ ထိုကဲ့သို့ပင် ကျောင်းတစ်ကျောင်းစီ၏ ကျောင်းအုပ်နှင့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဝင်များ ဖြစ်ကြသော အတန်းကြီးဆရာ/မများသည် ကျေးရွာအုပ်စုအဆင့်တွင် ဘေးကင်းလုံခြုံသည့် ကျောင်းဖြစ်စေရန်အတွက် စည်းမျဉ်းကော်မတီများတွင် ပါဝင်သင့်သည်။

# အခန်း (၃)

## CSS ဒေါက်တိုင် (၃) ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိသော ပညာရေး






ကျောင်းတွင်းဘေးအန္တရာယ်လျှော့ချခြင်းဆိုင်ရာအမြင်ဖွင့်သင်တန်း

## ၃.၁ သင်ရိုးညွှန်းတမ်းဘာသာရပ်များတွင် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကို သင်ကြားခြင်း

### ဤအခန်း၏ရည်ရွယ်ချက်

ဤသင်ခန်းစာ၏ရည်ရွယ်ချက်သည် သင်၏စာသင်ကျောင်းရှိ ဆရာ/မများမှ ကျောင်းသင်ရိုးညွှန်းတမ်းတွင် ပါရှိပြီးဖြစ်သည့် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး သင်ခန်းစာများကို မည်သို့သင်ကြားနေသည်ကို သုံးသပ်နိုင်ရန် ကျောင်းဆရာ/မများနှင့် ကျောင်းအုပ်အား အခွင့်အလမ်းပေးရန်ဖြစ်သည်။ ဤသင်ရိုးညွှန်းတမ်းသည် သင်ခန်းစာများကို သင်ကြားရာတွင်ပစ္စည်းကိရိယာများကို အသုံးပြုပုံ၏ ဆက်နွယ်မှုကိုရှင်းပြထားပြီး လက်ရှိDPRE အရင်းအမြစ်ပေါ်တွင်ထပ်မံဖြည့်ဆည်းလာရန်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရှိပြီးဖြစ်သော အခြားဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး လူထုအသိပညာပေးပစ္စည်းများကိုအထူးပြုဖော်ပြထားပြီး စာသင်ခန်းသင်ကြားမှုကိုပို၍ အားကောင်းစေရန် အသုံးပြုနိုင်မည်ဖြစ်သည်။ သင်ရိုးညွှန်းတမ်းကို ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးတွင် ပို၍တိုးချဲ့လာသည်နှင့်အမျှ ဤသင်ခန်းစာကိုလည်း ပြုပြင်မွမ်းမံရန် မျှော်လင့်ပါသည်။

### ကျောင်းအဆင့်တွင် ကျောင်းတာဝန်ရှိသူတို့မှ ဆောင်ရွက်ရန်လုပ်ငန်းများ

- သင်၏ကျောင်းတွင် ဘယ်ဘာသာရပ်များကို ဘယ်ဆရာ/မများမှ သင်ကြားနေသည်ကို သိရှိထားပါ။
- သူတို့သည် သင်ခန်းစာများကို ဘာသာရပ် ( ၄ ) ခု တွင် အလယ်တန်းများအားသင်ကြားရန် သင်တန်းများရရှိထားခြင်း ရှိ/မရှိ စစ်ပါ။ ထို့အတူအတန်း (၄)တန်းအောက်တွင် ဘဝကျွမ်းကျင်မှုဘာသာရပ်များ သင်ကြားရန်အတွက် သင်ခန်းစာအစီအစဉ်များကိုလည်းကြည့်ပါ။ မရှိလျှင် ဆရာ/မများကို ပြင်ဆင်ထားရန်တိုက်တွန်းပါ။ သူတို့၏ ဘာသာရပ်များနှင့် ဘဝကျွမ်းကျင်မှုဘာသာရပ်များအောက်ရှိ ဘေးအန္တရာယ်ထိခိုက်မှု လျှော့ချရေး သင်ခန်းစာ အစီအစဉ်များကို ယူကြည့်ပါ။
- အခြားအတွေ့အကြုံရှိ ဆရာ/မများအား သင်ခန်းစာအစီအစဉ်ကိုကြည့်စေပြီး တိုးတက်မှုရှိစေရန် အကြံပြုနိုင်းပါ။ စာမျက်နှာ ၆၈ တွင် ဖော်ပြထားသော ဖိလစ်ပိုင်နိုင်ငံ မူလတန်းကျောင်း၏ (Flexi-curriculum) အလိုက်သင့်သင်ရိုးစီမံကိန်းကို ဥပမာယူ၍ မြန်မာနိုင်ငံမှ စာသင်ကျောင်းများတွင် ပြန်လည်အသုံးချနိုင်ပါသည်။ စာမျက်နှာ ၉၆ မှာ ပေးထားသော link ကိုလည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ သင်ကြားမှုနှင့် သင်ယူမှုများသည် အပြန်အလှန်ဆွေးနွေးမှု၊ အတွေ့အကြုံပေါ်အခြေခံခြင်း၊ ပါဝင်ဆောင်ရွက်ရခြင်းတို့ ရှိစေရန်အတွက် တိုးတက်အောင်ဆောင်ရွက်ပါ။ လက်တွေ့စမ်းသပ်မှုပြုလုပ်ရန် လိုအပ်ပါက ကျောင်းပြင်ဆင်ရေး အစီအစဉ်များနှင့် ရပ်ရွာအဆင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်များ ဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်စေပါ။
- သင်ကြားမှုသည် မြန်မာနိုင်ငံရှိ ဘေးအန္တရာယ်များ၏ တကယ့်အခြေအနေပေါ်တွင် အာရုံပြုသင့်ပြီးလက်တွေ့နှင့် ဗဟုသုတ၊ ကျွမ်းကျင်မှုတန်ဘိုးများကိုလည်း သိရှိနားလည်စေသင့်သည်။
- သင်၏ကျောင်းတွင် DPRE အရင်းအမြစ်အိတ် ရှိ/မရှိ စစ်ပြီး၄င်းအိတ်နှင့် အသုံးပြုမည့်ပစ္စည်းများနှင့် ဆရာ/မများ ရင်းနှီးကျွမ်းဝင်နေစေရန် သေချာပါစေ။ အထူးသဖြင့် အပိုင်း (၄) အောက်ရှိ သင်ကြားရေးနှင့် သင်ယူမှုပစ္စည်းများနှင့် ရင်းနှီးကျွမ်းဝင်နေစေရန် စီစဉ်ပါ။
- ပညာရေးဝန်ကြီးဌာနနှင့် UNESCO လုပ်ငန်းစဉ်စာအုပ်သည် ကျောင်းသား/သူများအသုံးပြုနိုင်ရန် ရှိ/မရှိစစ်ပါ (သို့) အနည်းဆုံး ဆရာ/မများတွင် တစ်အုပ် (သို့) ကျောင်းစာကြည့်တိုက်တွင် တစ်အုပ် ရှိနေစေရန် စစ်ပါ။
- ပြန်လည် သုံးသပ်နိုင်မည့် သင်ခန်းစာအစီအစဉ်တွင် ထည့်သွင်းနိုင်မည့် အရင်းအမြစ်အိတ်မှ ပစ္စည်းများနှင့်လုပ်ငန်းအစီအစဉ်မှ လုပ်ငန်းများကို ကြည့်ပါ။
- ဤသင်ခန်းစာကို အတန်းထဲတွင်သင်ကြားနေချိန်တွင် အတွေ့အကြုံရှိဆရာတစ်ဦးနှင့် အခြားဆရာတစ်ဦးကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန်အတွက် အကြံပြုချက်များပေးရန် ရှိနေစေပါ။
- ကျောင်းသား/သူများ သင်ယူမှုကိုသုံးသပ်ရန် လက်တွေ့ကျသည့် နည်းလမ်းများကိုကြည့်ပါ။ ထို့အပြင်စာသင်ခန်း ဉာဏ်စမ်းများ၊ စာမေးပွဲများကိုလည်း သုံးသပ်ပါ။ သင်ယူမှုကောင်းများကို သတိထားပြီး ဆုချီးမြှင့်ပါ။

- ဆရာ/မ စွမ်းဆောင်ရည်တိုးတက်ရေးအတွက်သင်တန်းများ စီစဉ်ပါ။ ဘေးအန္တရာယ်ထိခိုက်မှု လျော့ချရေးနှင့် ၎င်း၏ လမ်းညွှန်ချက်များအပေါ်တွင် အထူးပြုသင်တန်းများတွက် ဆရာ/မများကိုစေလွှတ်ခြင်း၊ မွမ်းမံသင်တန်းများကျောင်းတွင် စီစဉ်ပေးခြင်းတို့ကိုလည်း ပြုလုပ်ပါ။
- ပညာရေးဝန်ကြီးဌာနမှ DPRE လုပ်ငန်းအဖွဲ့ကို သင်ရိုးညွှန်းတမ်း ရေးသားပြုစုရေး အစီအစဉ်တွင် ဆန်းသစ်သည့် သင်ကြားရေး ဥပမာများကို ပံ့ပိုးပေးခြင်းဖြင့် လက်စွဲစာအုပ်၏ နောက်ထပ်ပြန်လည်သုံးသပ်မှုအပိုင်းတွင် အလေ့အကျင့်ကောင်းများကို ထည့်သွင်းနိုင်မည်ဖြစ်သည်။

## သင်ရိုးညွှန်းတမ်းတွင် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးကို ဘာကြောင့် သင်ဖို့လိုအပ်သလဲ

၂၀၀၅ မှ ၂၀၁၅ အတွင်း ဆောင်ရွက်ရန် တစ်ကမ္ဘာလုံးမှ သဘောတူညီထားသော (HFA) ယိုဂို လုပ်ငန်းစဉ်မူဘောင်သည် ဘေးအန္တရာယ်ကို ခံနိုင်စွမ်းရှိသော နိုင်ငံများနှင့် ရပ်ရွာလူထုတို့ ဖြစ်လာစေရန် "ဗဟုသုတ၊ အဆင့်တိုင်းတွင်အန္တရာယ်ကင်းစေမည့် အလေ့အထရှိသည့် ပညာရေးဖြစ်စေရေး" တို့ဖြင့် တည်ဆောက်ရန်ဖြစ်သည်။ "အဆင့်တိုင်းတွင် သင့်တော်သည့် အပိုင်းတို့၏ ကျောင်းသင်ရိုးညွှန်းတမ်း တွင် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးအသိပညာ" များပါဝင်စေရေးသည် ဦးစားပေးဆောင်ရွက်ရန်အတွက် အဓိကညွှန်ကိန်းတစ်ခုဖြစ်သည်။ ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးအတွက် Sendai မူဘောင်အသစ်သည် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ ဗဟုသုတများကို ပညာရေးကဏ္ဍတွင် ထည့်သွင်းရန် တိုက်တွန်းထားသည်။ (အပိုင်း ၂၄)

ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးဆိုင်ရာပညာရေး ဆိုသည်မှာ ကျောင်းသား/သူများအား အန္တရာယ်တို့၏ သက်ရောက်မှု၊ သဘာဝနှင့် ဖြစ်စေသည့်အကြောင်းရင်းတို့ကို သိရှိနားလည်စေရန်ဖြစ်သည့်အပြင် အန္တရာယ်ကိုကာကွယ်ခြင်း၊ လျော့နည်းစေခြင်းတို့ ဆောင်ရွက်ရန်အတွက် စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုတို့ကို ဖြည့်ဆည်းပေးခြင်း၊ သူတို့နှင့် သူတို့၏ မိသားစုများအား ဘေးအန္တရာယ်များ ဖြစ်ပေါ်လာသည့်အခါတွင် အန္တရာယ်တို့၏ အကျိုးဆက်များကို ကောင်းစွာ ရင်ဆိုင်ဖြေရှင်းနိုင်ခြင်း စသည်တို့လည်း ပါဝင်သည်။ ဗဟုသုတအသိတို့ကို သူတို့၏ ရပ်ရွာလူထု၊ မိသားစုများ၊ သူတို့ကိုယ်တိုင် ဘေးအန္တရာယ်တို့၏ ဘေးဖြစ်နိုင်ခြေနှင့် ရင်ဆိုင်လာရသည့်အချိန်မှသာလျှင် အသုံးပြုနိုင်မည်ဖြစ်သည်။ သင်ကြားမှုစနစ်များသည် စိတ်ဝင်စားမှုရှိခြင်း၊ အပြန်အလှန်ပါဝင်ဆွေးနွေးမှုရှိခြင်း၊ အတွေ့အကြုံပေါ် အခြေခံခြင်း၊ ပါဝင်ဆောင်ရွက်မှုရှိခြင်းတို့ ဖြစ်နေရမည်။ သို့မှသာ လက်တွေ့အသုံးချနိုင်သည့် ဗဟုသုတ၊ လေ့ကျင့်မှု၊ စိန်ခေါ်မှုတို့ကို ရရှိမည်ဖြစ်သည်။

## မြန်မာနိုင်ငံ၏ သင်ရိုးညွှန်းတမ်းမှ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး အကြောင်းအရာများ

ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးနှင့် သက်ဆိုင်သည့် သင်ခန်းစာများကို ပုံမှန်အထက်တန်းနှင့် အလယ်တန်းကျောင်းသင်ရိုးညွှန်းတမ်းများတွင် အောက်ပါ အတိုင်းတွေ့ရှိရသည်။

ဇယား- ၁ ဘေးအန္တရာယ်ဆိုင်ရာ သင်ခန်းစာများ

| အတန်း နှင့် ဘာသာရပ် | ခေါင်းစဉ် | ဘေးအန္တရာယ် (အကြောင်းရင်း၊ အမျိုးအစား စသည်) | ကြိုတင်ပြင်ဆင်ခြင်း (မဖြစ်မီစီစဉ်ခြင်း၊ မြေပုံပြုလုပ်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း စသည်) | တုံ့ပြန်ဆောင်ရွက်ခြင်း (ဖြစ်နေစဉ်ကယ်ဆယ်ခြင်း၊ ပစ္စည်းဖြန့်ဝေရေး စသည်) | ဦးတည်ဆောင်ရွက်မှု (ကျောင်းများ၊ ကျောင်းသား/သူ တစ်ဦးခြင်း၊ မိသားစုများ၊ ရပ်ရွာလူထု) |
|---|---|---|---|---|---|
| ပဉ္စမတန်း အထွေထွေသိပ္ပံ | မိုးကြိုး/ လျှပ်စီး (လျှပ်စစ်စီးဝင်ခြင်း) | √ | | | ကျောင်းသား/သူများ |
| သတ္တမတန်း အထွေထွေသိပ္ပံ | မုန်တိုင်း | √ | ကြိုတင်ကာကွယ်ရေး အကြံပြုချက်များ | | ကျောင်းသား/သူများ |
| နဝမတန်း အင်္ဂလိပ် | မြေငလျင် | √ | | | ကျောင်းသား/သူများ |
| ဒသမတန်း ပထဝီ | မြေငလျင် ဆူနာမီ မီးတောင် ပေါက်ကွဲမှု | √ | | | ကျောင်းသား/သူများ |

၂၀၀၈ ခုနှစ် ဆိုင်ကလုံး နာဂစ် ဖြစ်ပြီးနောက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနသည် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့များမှ ပံ့ပိုးပြီး ကျောင်းအုပ်ဆရာ/မများ၊ ဆရာ/မများ၊ ကျောင်းသား/သူများ ပါဝင်သော လိုအပ်ချက်များ ဆန်းစစ်လေ့လာမှုကိုပြုလုပ်ခဲ့ရာ လက်တွေ့ကျသည့် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကဏ္ဍကို သင်ရိုးညွှန်းတမ်း၏ ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်၏ "ပတ်ဝန်းကျင်နှင့် သန့်ရှင်းရေး" ခေါင်းစဉ်တွင် ထည့်သွင်းသင့်ကြောင်း တွေ့ရှိခဲ့သည်။

ဇယား- ၂ ဘဂတွက်တာကျွမ်းကျင်စရာဘာသာရပ်၊ အကြောင်းအရာများနှင့် သင်ရိုးညွှန်းတမ်း သုံးသပ်လေ့လာချက်

| အတန်းနှင့် ဘာသာရပ် | ခေါင်းစဉ် | ဘေးအန္တရာယ် (အကြောင်းရင်း၊ အမျိုးအစားစသည်) | ကြိုတင်ပြင်ဆင်ခြင်း (မဖြစ်မီစီစဉ်ခြင်း၊ မြေပုံပြုလုပ်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း စသည်) | တုံ့ပြန်ဆောင်ရွက်ခြင်း (ဖြစ်နေစဉ် ကယ်ဆယ်ခြင်း၊ ပစ္စည်းဖြန့်ဝေရေး စသည်) | ပြန်လည်ထူထောင်ခြင်း (ဖြစ်ပြီးပြန်လည်တည်ဆောက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်း | ဦးတည်ဆောင်ရွက်မှု (ကျောင်းများ၊ ကျောင်းသား/သူ တစ်ဦးခြင်း၊ မိသားစုများ၊ ရပ်ရွာလူထု) |
|---|---|---|---|---|---|---|
| စတုတ္ထတန်း | အရေးပေါ်အခြေအနေတွင်သတိပြုရန် | √ | သတိပြုရန် အကြံပြုချက်များ | | | ကျောင်းသား/သူများ |
| ပဉ္စမတန်း | အရေးပေါ်အခြေအနေ ၊ ရေကြီးနေပြီ | √ | √ | √ | √ | ကျောင်းသား/သူများ မိသားစုများ |
| ဆဋ္ဌမတန်း | ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ခြင်း | √ | √ | √ | √ | ကျောင်းသား/သူများ မိသားစုများ |
| သတ္တမတန်း | မြေလျှင်၊ မြေပြိုခြင်း | √ | √ | √ | √ | ကျောင်းသား/သူများ မိသားစုများ |
| | မီးဘေးတွင် အန္တရာယ်ကင်းရှင်းရေး | √ | √ | √ | √ | ကျောင်းသား/သူများ မိသားစုများ |
| | အပျက်အဆီးမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း | √ | √ | √ | √ | ကျောင်းသား/သူများ မိသားစုများ |
| | | √ | √ | √ | √ | ကျောင်းသား/သူများ မိသားစုများ |
| | | √ | √ | √ | √ | ကျောင်းသား/သူများ မိသားစုများ |

## စာသင်ခန်းတွင် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး သင်ကြားရန် လမ်းညွှန်ချက်

ဆရာ/မများသည် စာသင်ခန်းအတွင်းတွင် သင်ကြားရေးပံ့ပိုးမှုပစ္စည်းများကို သင်ထောက်ကူပစ္စည်းများအဖြစ် အသုံးပြုနိုင်သည်။ ဖိလစ်ပိုင်နိုင်ငံနှင့် မြန်မာနိုင်ငံ၏ DPRE အရင်းအမြစ်စုစည်းမှု ဥပမာများကို ဖော်ပြပေးသွားပါမည်။ နောက်ဆက်တွဲသင်ခန်းစာများတွင် သင်ခန်းစာ (၃.၂) တွင် နေရာဒေသအလိုက် ကြုံတွေ့ရသော အန္တရာယ်အပေါ် အခြေခံပြီး ဒေသတွင်းရရှိနိုင်သည့် ပစ္စည်းအသုံးပြုပြီး သင်ကြားနိုင်ရန် အကြံဉာဏ်များကိုလည်းကောင်း၊ သင်ခန်းစာ (၃.၃)တွင် သင်ရိုးညွှန်းတမ်း ပြင်ပသင်ယူမှုနှင့် အစီအစဉ်များကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

## ဖိလစ်ပိုင်နိုင်ငံတွင် အသုံးပြုခဲ့သော သင်ယူမှုပံ့ပိုးရေး လက်စွဲစာအုပ်များ

ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး သတင်းစကားများနှင့် အယူအဆတို့ကို ဖြန့်ဝေပေးသည့် ညွှန်ကြားချက် ပစ္စည်းများကို စိတ်ဝင်စားမှုရှိအောင်ပြုစုထားသင့်ပြီး သင်ယူလေ့လာသူများအား ပါဝင်လာစေရန် ပြုစုသင့်သည်။ များစွာသောအရင်းအမြစ် ပစ္စည်းများကို နိုင်ငံအချို့မှ အဖွဲ့ဝင်များနှင့် အဖွဲ့အစည်းအမျိုးမျိုးမှ ကျောင်းဆရာ/မများ ကိုးကားအသုံးပြုနိုင်ရန်ပြုစုထားခြင်း ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ NDCC နှင့် ပညာရေးဝန်ကြီးဌာန၊ ADPC နှင့် UNDP တို့၏ MDRD စီမံချက်တွင် ဆရာ/မများအား အကြောင်းအရာ၊ နည်းလမ်းများနှင့် ဆန်းစစ်လေ့လာမှုများကို လမ်းညွှန်မှုပြုနိုင်ရန်အတွက် ဘာသာရပ်အချို့ပေါ်တွင် ဥပမာ များ ပြင်ဆင်ရေးဆွဲထားသည်။ ဥပမာတစ်ခုမှာ သိပ္ပံဘာသာရပ်နှင့် ဆဋ္ဌမတန်း (အထက်တန်းကျောင်း ပထမနှစ်)၏ Araling Panlipunan တွင် သဘာဝဘေးအန္တရာယ်များသင်ခန်းစာများတွင် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအကြောင်းအရာကို သင်ကြားရန် နည်းဗျူဟာများနှင့် နည်းလမ်းများကို ဖော်ပြပေးထားသည်။ ၄င်းတွင် ဖိလစ်ပိုင်နိုင်ငံ၌ ဖြစ်လေ့ရှိသည့် အန္တရာယ် အမျိုးအစား (၈) မျိုးပါဝင်ပြီး အမည်အားဖြင့် ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်း၊ အပူလှိုင်းဖြတ်ခြင်း၊ မီးဘေး၊ မြေပြိုခြင်း၊ ဆူနာမီ၊ ရေကြီးခြင်း၊ အပူပိုင်းမုန်တိုင်းနှင့် လေဆင်နှာမောင်း တို့ဖြစ်သည်။ သင်ခန်းစာ ဥပမာများသည် ဆရာ/မများအား အဓိကအန္တရာယ်များ၊ ဘာသာရပ်ကိစ္စနှင့်ကျောင်းသား/သူများအား အသိပေးသင့်သည့် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး အတွေးအခေါ်များ၊ စိတ်အားထက်သန်မှု အစီအစဉ်များ၊ ဆန်းစစ်ချက်များ၊ စိတ်ကူးအသုံးပြုမှုနှင့် ကျောင်းသား/သူများ ကိုယ်တိုင်သုံးသပ်ခြင်း စသည်တို့အပေါ်တွင် လမ်းညွှန်ချက်များ ပေးထားသည်။ ဤသင်ခန်းစာ အပြည့်အစုံကို http://www.rccdm.net/index.php?option=com_docman&task=doc_view&Itemid=215&gid=80 တွင် ရယူနိုင်သည်။

ဥပမာ - မီးဘေးအန္တရာယ်ကို ပိုမိုနားလည်စေရန်နှင့် သုံးသပ်မှုပြုနိုင်ရန် နည်းဗျူဟာ (၅) ခုမှာ -

## ဆောင်ရွက်မှုနည်းဗျူဟာ

### စိတ်အားထက်သန်မှု

ကျောင်းသား/သူများအား မီးဘေးအန္တရာယ်အကြောင်းအရာများကို သတင်းစာများမှ ဖြတ်ယူခိုင်းမည်။ မီးဘေးအန္တရာယ်ကို ကိုယ်တိုင်ကြုံတွေ့ဖူးသူ (သို့)အနီးကပ်ကြုံတွေ့ဖူးသော ကျောင်းသား/သူများအား အတန်းထဲတွင် ပြန်လည်ပြောဆိုခိုင်းမည်။

### မေးခွန်း

သင် မီးဘေးအန္တရာယ်သင့်သူတစ်ဦးဖြစ်လျှင် ဘယ်လိုခံစားရမလဲ။

### အစီအစဉ်

ဓာတ်ပုံများ အသုံးပြုပါ (မရှိပါက သတင်းစာဖြတ်ပိုင်းများ အသုံးပြုပြီး ဆွေးနွေးစေပါ)

### မေးခွန်းလမ်းညွှန်ချက်

၁။ မီးဘေးဘာကြောင့်ဖြစ်စေသလဲ။
၂။ မီးဘေးကြောင့်ဖြစ်သည့် ပျက်ဆီးမှုများကို ဖော်ပြပါ။
၃။ မီးဘေးသင့်ပြည်သူတို့အတွက် ဖြစ်လာနိုင်သည့်နောက်ဆက်တွဲဆိုးကျိုးနှင့် ဘဝအခြေအနေများကို ပြုစုရေးသားပါ။
၄။ မီးဘေးကာကွယ်ရန် မတူညီသည့် နည်းလမ်းအမျိုးမျိုးက ဘာတွေလဲ။

### ဆန်းစစ်လေ့လာချက်

သင်၏ဒေသတွင် မီးဘေးတုံ့ပြန်မှုကို သတိပြုမိပါသလား။ သူတို့သည် ထိုအဖြစ်အပျက်အပေါ်တွင် ဘယ်လို တုံ့ပြန်ဆောင်ရွက်ပါသလဲ။ ဖြစ်စဉ်ကို ပြောပြပါ။ သင်သည် မတွေ့ကြုံဖူးလျှင် အတွေ့အကြုံရှိသည့် အတန်းဖော်တစ်ဦး ပြောဆိုနေမှုကို နားထောင်ပါ။

မီးဘေးကြောင့် ပျက်စီးဆုံးရှုံးမှုရလဒ်ကို စဉ်းစားခြင်းဖြင့် မိသားစုများ၏ စီးပွားရေးအခြေအနေ၊ မီးဘေးသင့်ပြည်သူတို့၏ ပစ္စည်းဥစ္စာများ၊ အသက်အိုးအိမ်များကို ဘယ်လိုသက်ရောက်မှုရှိနိုင်မလဲ။

မီးဘေးကို ကာကွယ်ရန်/ထိန်းချုပ်ရန် နည်းလမ်းများရှိပါသလား။

### စိတ်ကူး

သင်သည် မီးဘေးကိုကာကွယ်ရန် စိတ်ဝင်စားမှုရှိလာပြီလား။ ရှိလျှင် ဘယ်လိုစိတ်ပါဝင်စားမှုမျိုးရှိပါသလဲ။ ကျောင်း၊ ရပ်ရွာလူထုအား သင့်စိတ်အားထက်သန်မှုကို ပြောပါ။

### ဆောင်ရွက်မှု

သင်၏နေအိမ်တွင် မီးလောင်မှုဖြစ်လျှင် သင်ကိုယ်တိုင် ဘယ်လိုကာကွယ်နိုင်မလဲ။ မီးဘေးဇာတ်တိုက်လေ့ကျင့်မှုအစီအစဉ်တွင် အားလုံးပါဝင်ဆောင်ရွက်ဖို့အတွက် သင်ဘာလုပ်နိုင်မလဲ။

### သုံးသပ်ခြင်း

အောက်ပါမေးခွန်းများကို ဖြေပါ။

၁။ မီးဘေးသဘာဝကို ရှင်းပြပါ။
၂။ မီးဘေးဖြစ်သည့် အဓိက အကြောင်းအရင်းများက ဘာလဲ။
၃။ သင်၏နေအိမ်နှင့် ကျောင်းတွင် မီးဘေးကာကွယ်နိုင်မည့် နည်းလမ်းများကို အကြံပြုပေးပါ။

### အဆုံးသတ်

သင်ယူခဲ့သည့် ဘဝကျွမ်းကျင်မှု

- မီးဘေးနှင့် ၎င်း၏အကြောင်းရင်း
- မီးဘေးကာကွယ်နည်း

## မြန်မာနိုင်ငံတွင် သင်ကြားရန်အတွက် အရင်းအမြစ်များ

DPRE အရင်းအမြစ်အိတ် (အပိုင်း၄) မှ သင်ကြားမှုနှင့် သင်ယူမှုပစ္စည်းများမှာ -

ဘေးအန္တရာယ်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှု ပညာရေးလုပ်ငန်းဆောင်ရွက်မှုအဖွဲ့ငယ် (DPREWG ပညာရေးကဏ္ဍ လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့အောက်ရှိ) ကို Save the Children နှင့် Unicef တို့မှ ပူးပေါင်း ကမကထ ပြုလုပ်သည်။ DPRE WG ကို UNESCO နှင့် Plan International တို့မှ ဒုဥက္ကဌ အဖြစ်ဆောင်ရွက်ခဲ့ပြီး အသင်းဝင်အဖွဲ့အစည်း ၂၀ ခန့် ပါရှိသည်။ ပညာရေးဝန်ကြီးဌာနသည် ဥက္ကဌ အဖြစ်ဆောင်ရွက်သည်။

DPRE WG ၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတော်အစိုးရအား မြန်မာနိုင်ငံနှင့်ကိုက်ညီမှုရှိသည့်ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးဆိုင်ရာ ပညာရေး၏ အလေ့အကျင့်ကောင်းများနှင့် အရင်းအမြစ် ပစ္စည်းများကို အကြံပြုပေးရန်လည်းကောင်း၊ ဘေးအန္တရာယ်ထိခိုက်မှု လျော့ချရေး၏ သတင်းအချက်အလက်များကို အဖွဲ့ဝင်များကြားနှင့် အခြားလုပ်ငန်းဆောင်ရွက်မှုအဖွဲ့များကြားတွင် မျှဝေပေးရန်ဖြစ်သည်။

DPRE အရင်းအမြစ်စုစည်းမှုကို ပညာရေးဝန်ကြီးဌာနနှင့် Save the Children တို့မှ (၂၀၀၉) ခုနှစ် အစပိုင်းတွင် စတင်ပြုစုခဲ့သည်။ ၎င်းတွင် ပညာရေးဝန်ကြီးဌာနမှ ပြုစုထားသော အဓိကပစ္စည်းများနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းတို့မှ ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များကို စုစည်းထားသည်။ ၎င်းကို (၂၀၀၉) ခုနှစ်မေလတွင် စာသင်ကျောင်းအားလုံးထံသို့ ပထမဦးဆုံးအကြိမ် ဖြန့်ဝေပေးခဲ့သည်။ အရင်းအမြစ်အိတ်ကို နောက်ပိုင်းတွင် UNESCO နှင့် Plan အဖွဲ့အစည်းတို့မှ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြင်ဆင်ခဲ့ပြီး (၂၀၀၉) ခုနှစ် စက်တင်ဘာလတွင် ကျောင်းအားလုံးထံသို့ ဖြန့်ဝေခဲ့သည်။ ၎င်းကို ဆရာ/မများနှင့် စီမံခန့်ခွဲမှုဝန်ထမ်းများအား သင်တန်းပေးသည့် ဆရာဖြစ်သင်တန်းအစီအစဉ်နှင့်လည်း ပူးတွဲထားသည်။ စုစည်းမှုကို Unicef နှင့် RCC တို့မှ တတိယအကြိမ်မြောက်ပြန်လည်ထုတ်ဝေခဲ့ပြီး စာသင်ကျောင်းအားလုံးကို ထပ်မံဖြန့်ဝေခဲ့သည်။ အကြောင်းအရာများတွင် ပြောင်းလဲမှု မပြုလုပ်ထားပါ။ DPRE စုစည်းမှုတွင် အောက်ပါအကြောင်းအရာတို့ ပါဝင်သည်။

- ဘေးဖြစ်နိုင်ခြေ ဆန်းစစ်မှု
- ကျောင်းတစ်ကျောင်းချင်းစီ၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်
- ဖုတ်တိုက်လေ့ကျင့်ခန်းနှင့် အလေ့အကျင့်များ
- သင်ကြားမှုနှင့် သင်ယူမှု ပစ္စည်းများ
- ပြန်လည်ထူထောင်ခြင်းနှင့် ပံ့ပိုးခြင်း




1st Edition
SC



2nd Edition
UNESCO




3rd Edition
RCC

DPRE Working Group မှ သင်တန်းသုံးအရင်းအမြစ်အိတ်များ

သင်ကြားမှုနှင့် သင်ယူမှုပစ္စည်းများကို စာသင်ခန်းအတွင်းတွင် ပုံမှန်သင်နေကျ သင်ရိုးညွှန်းတမ်းနှင့် ဘဝအတွက်တာကျွမ်း ကျင်စရာဘာသာရပ်များတွင် သင်ခန်းစာညွှန်ကြားမှုအပိုင်းကို ပံပိုးမှုပေးနိုင်ရန်အတွက် ဆရာ/မများအတွက် အထောက် အကူဖြစ်စေရန် ရည်ရွယ်ပြုစုထားခြင်းဖြစ်သည်။ ၎င်းပစ္စည်းများအသုံးပြုရန် လမ်းညွှန်ချက်ကို ခေါင်းစဉ်ခွဲများအလိုက် ဖော်ပြ ထားပါသည်။

သက်ဆိုင်သည့် အဓိကအရင်းအမြစ်မှာ "ဘေးအန္တရာယ်အတွက် အသင့်ပြင်ကြစို့" ဟူသည့် ခေါင်းစဉ်ဖြင့် ပြုစုထားသော ကျောင်းသား/သူများ ဆောင်ရွက်ရန် မြန်မာဘာသာဖြင့် ပြုစုရေးသားထားသော လက်စွဲစာအုပ်ဖြစ်သည်။ ၎င်းကို ပညာရေး ဝန်ကြီးဌာနမှ UNESCO နှင့် ပူးပေါင်းပြုစုခဲ့ပြီး ပညာရေးဝန်ကြီးဌာန၊ UNESCO နှင့် Plan တို့မှ ထုတ်ဝေခဲ့ပြီး စာသင်ခန်းအတွင်း သင်ကြားမှုနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အစီအစဉ်အများအပြား ပါဝင်သည်။

ဇယား- ၃ မြန်မာနိုင်ငံအတွင်း ရရှိနိုင်သော အရင်းအမြစ်များ

| စဉ် | ခေါင်းစဉ် | အမျိုးအစား | p |
|---|---|---|---|
| ၁ | • ဘေးအန္တရာယ်များကို သတိရှိပါ<br>• ကျွန်ုပ်တို့ကျေးရွာများကို သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ကြစို့<br>• သဘာဝဘေးအန္တရာယ်များ - ဖြစ်လျှင် ဘာလုပ်မလဲ | ပိုစတာများ<br>DPRE အသုံးပြုပုံ လက်စွဲစာအုပ် | |
| ၂ | ဆိုင်ကလုံးများအကြောင်း လေ့လာခြင်း | DPRE အသုံးပြုပုံ လက်စွဲစာအုပ် | |
| ၃ | ဘေးအန္တရာယ်များကို ကာကွယ်ရန် သင်ယူကြစို့ | DPRE အသုံးပြုပုံ လက်စွဲစာအုပ် | |
| ၄ | ဆူနာမီအတွက် လွယ်ကူသည့် မေးခွန်း ၃ ခု | ဇယားကွက်<br>DPRE အသုံးပြုပုံ လက်စွဲစာအုပ် | |
| ၅ | ဘေးဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာမှု အယူအဆနှင့် အစီအစဉ် | DPRE အသုံးပြုပုံ လက်စွဲစာအုပ်<br>(အပိုင်း ၁၊ အခန်း ၂ကိုကြည့်ပါ) | |
| ၆ | ကလေးများအတွက် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး စီမံခန့်ခွဲမှု | DPRE အသုံးပြုပုံ လက်စွဲစာအုပ်<br>(အပိုင်း၃၊ အခန်း ၁ ကိုကြည့်ပါ) | |
| ၇ | ရေဘေး လုံခြုံရေး | DPRE အသုံးပြုပုံ လက်စွဲစာအုပ်<br>(အပိုင်း ၃ ၊ အခန်း ၃ ကို ကြည့်ပါ) | |
| ၈ | • ဖတ်ရန် ကဒ်ပြား ၁ - မုန်တိုင်းများ<br>• ဖတ်ရန် ကဒ်ပြား ၂ - မြေငလျင်များ<br>• ဖတ်ရန် ကဒ်ပြား ၃ - ဆူနာမီဆိုတာဘာလဲ။ ပြင်ဆင်ကြစို့။ | ဖတ်ရန်ကဒ်ပြားများ<br>(EFA အတွင်းရေးမှူး) | |
| ၉ | ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲမှု | လက်ကမ်းစာစောင် (World Vision) | |
| ၁၀ | မီးဘေးကာကွယ်ခြင်း | လက်ကမ်းစာစောင် (World Vision) | |
| ၁၁ | ပြင်ဆင်ထားပါ | ရုပ်ပုံစာအုပ် | |
| | မှတ်ချက် - ကျောင်းတွင်ရှိသည့် "ပြင်ဆင်ထားပါ" စာအုပ်ကိုကြည့်ရန်။ | | |
| ၁၂ | အရေးပေါ် အခြေအနေ သတိပြုရန်များ | စတုတ္ထတန်း ဘဝကျွမ်းကျင်မှု - ဆရာ/မ လမ်းညွှန်ချက်စာအုပ် | |
| | မှတ်ချက် - စတုတ္ထတန်းဘဝကျွမ်းကျင်မှု - ကျောင်းတွင်ရှိသည့် ဆရာ/မ လမ်းညွှန်ချက်စာအုပ် (စာမျက်နှာ - ၆၀-၆၅) ကိုကြည့်ရန်။ | | |

၄င်းတို့အပြင် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး သတင်းစကားများပါဝင်သော လက်ကမ်းစာစောင်များကိုလည်း ပြုစုရေးသားခဲ့ပြီး ပညာရေးဝန်ကြီးဌာနမှ ကျောင်းအားလုံးထံသို့ UNESCO, Plan, UNDP, Oxfam, Seeds Asia, Care နှင့် Unicef တို့၏ ပံ့ပိုးမှုဖြင့် ဖြန့်ဝေပေးခဲ့သည်။

DPRE အရင်းအမြစ်အိတ်ကို ပြန်လည်သုံးသပ်နေသည်။ လက်ရှိ အရင်းအမြစ်အိတ် လက်စွဲစာအုပ် စမ်းသပ်အသုံးပြုသော ကျောင်းတိုင်းကို ပေးထားမည်ဖြစ်သည်။ လက်စွဲစာအုပ်နှင့် အရင်းအမြစ်အိတ် ပြန်လည်သုံးသပ်ခြင်း ပြီးဆုံးသည့်အခါတွင် နှစ်ခုစလုံးအား ကျောင်းတိုင်းကို ပေးဝေမည်ဖြစ်သည်။

## ဆရာ/မများအား စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း

ကျောင်းသား/သူများမှ ဘေးအန္တရာယ်ထိခိုက်မှု လျှော့ချရေးကို အောင်မြင်စွာ သင်ယူနိုင်သည့် အချက်မှာ ဆရာ/မများနှင့် အခြားပညာရေးဝန်ထမ်းများအား သင်ရိုးညွှန်းတမ်းတွင် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအစီအစဉ်ကို မည်သို့ထည့်သွင်း သင်ကြားရမည်ကိုသင်တန်းပေးထားခြင်းပင်ဖြစ်သည်။သင်ယူသူတို့၏ရုပ်ပိုင်း၊စိတ်ပိုင်းကိုပြင်ဆင်ပေးပြီးသင်ယူသူဦးဆောင် ပြီး ပူးပေါင်းပါဝင်သည့် နည်းလမ်းများရှိစေရန် ဆရာ/မများကို ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးနှင့် အခြားလိုအပ်သော ကျွမ်းမှုများဖြင့် ပြင်ဆင်ပေးထားသင့်သည်။ သူတို့သည် အခြေအနေနှင့် လိုအပ်ချက်ပေါ် မူတည်ပြီး ကာလအပိုင်းအလိုက် သင့်တော်သည့် သင်တန်းများကို ရရှိထားသင့်သည်။




ပညာရေးဌာနဝန်ထမ်းများအတွက် ကျောင်းတွင်း ဘေးကင်းလုံခြုံရေး သင်တန်း

အောက်ပါဆောင်ရွက်ရန် စာရင်းသည် ဆရာ/မများမှ ကျောင်းသင်ရိုးညွှန်းတမ်းတွင် ဘေးအန္တရာယ် ထိခိုက်မှု လျှော့ချရေး အပိုင်း သင်ကြားနိုင်ရန်အတွက် အသင့်ဖြစ်နေစေရန် အထောက်အပံ့ပြုမည်ဖြစ်သည်။

- ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး လက်စွဲစာအုပ် (သို့) လမ်းညွှန်သည် ဆရာ/မ များအတွက် ရှိပါသလား။
- လက်စွဲစာအုပ် (သို့) လမ်းညွှန်စာအုပ်သည် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး သင်ခန်းစာများနှင့် အပြန်အလှန် သင်ယူခြင်း အကြောင်းအရာများအပေါ် တွင် ညွှန်ကြားချက်များ ပါရှိပါသလား။
- သင်တန်းဆရာ/မများ ကျောင်းသို့ အလည်အပတ်ရောက်လာချိန်တွင် ပြန်လည်သုံးသပ်ခွင့် ဆရာ/မများအတွက် ရှိပါသလား။ ပြန်လည်မျှဝေခြင်းအပိုင်းများနှင့် သင်ခန်းစာ သင်ကြားမှု ပူးပေါင်းသုံးသပ်ခြင်းတို့ ဆောင်ရွက်နိုင်ပါ သလား။
- ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး ကျင့်သုံးသူများအတွက် ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုများ ရရှိနိုင်ပါသလား။

- ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး ဆရာလမ်းညွှန်သည် website (သို့) ဂျာနယ်များတွင် ရရှိနိုင်ပါသလား။
- ကျောင်းအုပ်ဆရာ/မများကို ဘေးအန္တရာယ်ထိခိုက်မှု လျော့ချရေး သင်ရိုးညွှန်းတမ်းကို ကျောင်းများတွင် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး တိုးတက်မှုအတွက် သင်တန်းရရှိထားပါသလား။
- ကျောင်းလုံခြုံရေး၊ အုပ်ချုပ်ရေးဝန်ထမ်းများသည် ဘေးအန္တရာယ်ထိခိုက်မှု လျော့ချရေး သင်ရိုးညွှန်းတမ်းကို သင်တန်းများပြုလုပ်ပေးခြင်းဖြင့် သိရှိနားလည်ထားပါသလား။ သို့မှသာ ကျောင်းသင်ရိုးညွှန်းတမ်းကို ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။
- ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး ဌာနတွင်းသင်တန်းများသည် ကျောင်းဆရာ/မများ၊ မီဒီယာများနှင့် သတင်းစကားများကို ဖြန့်ဝေပေးနိုင်သူများအတွက် ရှိပါသလား။
- ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး၊ သင်ကြားရေးနှင့် သင်ယူမှု ကနဦးဆရာသင်တန်းများ ရှိပါသလား။
- တက္ကသိုလ်အခြေပြု ဝန်ဆောင်မှု ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး ပညာရေး အစီအစဉ်များ ရှိပါသလား။

ရင်းမြစ် - ကျောင်းသင်ရိုးညွှန်းတမ်းမှ ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး ၊ တတိယနိုင်ငံများမှ ဖြစ်ရပ်များ ၊ UNESCO, UNICEF နှင့် SEAMEO လက်စွဲစာအုပ်

အထက်တွင်ဖော်ပြထားသော အကြောင်းအရာအများစုသည် မြန်မာနိုင်ငံတွင်မပါရှိသည့်အတွက် ၄င်းလိုအပ်ချက်ကို ဖော်ထုတ်ရန်အတွက် ပညာရေးဝန်ကြီးဌာန၊ ဆရာဖြစ်သင်တန်းဌာနများနှင့် ပို၍နီးကပ်စွာအလုပ်လုပ်ရန်လိုအပ်ကြောင်း ထောက်ပြနေသည်။ ကျောင်းသား/သူများမှ အောင်မြင်စွာ သင်ယူနိုင်ရန်အတွက် မိဘများနှင့် ရပ်ရွာလူထု ခေါင်းဆောင်များသည် သင်ယူမည့်အကြောင်းအရာများနှင့် အသုံးပြုနိုင်သည့် သင်ကြားမှုနည်းလမ်းများနှင့်နားလည်ထားပြီး လက်ခံထားရန် အရေးကြီးသည်။ ကျောင်းတွင်သင်ကြားသည့် အကြောင်းအရာများကို မိဘများနှင့် ရပ်ရွာအဖွဲ့ဝင်များကိုအသိပညာပေးရန် အစီအစဉ် ရေးဆွဲထားရန်လည်း လိုအပ်သည်။

## သင်ယူမှုရလဒ်များကို ဆန်းစစ်ခြင်း

ကျောင်းသား/သူများမှ ထိရောက်စွာသင်ကြားခြင်းနှင့် သင်ယူနိုင်ခြင်း၏ အဓိကအပိုင်းမှာ သင်ယူမှုရလဒ်များကို ပြန်လည်သုံးသပ်ရာတွင် သင့်တော်သည့် နည်းလမ်းများရှိခြင်းဖြစ်သည်။ INNE သည် "သင်ယူမှု ရလဒ်များ" အပေါ်တွင် အကြံပြုထားသည်မှာ စဉ်ဆက်မပြတ်သင်ယူလေ့လာသူများအား ဆန်းစစ်လေ့လာခြင်းဖြင့် ရည်ရွယ်ချက်များကို ပြည့်မီစေမည်ဖြစ်သည်။သင်ယူသူတို့၏ ရလဒ်များကို အသိအမှတ်ပြုခံရခြင်း၊ သင်ခန်းစာပြီးဆုံးကြောင်း အထောက်အထားများ တင်ပြနိုင်ခြင်းနှင့် ဆန်းစစ်ခြင်းနှင့် သုံးသပ်မှု နည်းလမ်းများသည် မျှတမှုရှိခြင်း၊ အသုံးပြုနိုင်ခြင်းနှင့် သင်ယူသူများအား အနှောက်အယှက်မဖြစ်စေခြင်း၊ အနာဂတ်ပညာရေးနှင့် စီးပွားရေး လိုအပ်ချက်များနှင့် ကိုက်ညီခြင်းတို့ ပါရှိသည်။

အောက်ပါတို့သည် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး သင်ယူရေး ဆန်းစစ်လေ့လာမှုတွင်အကြံပြုထားသောဆောင်ရွက်ရန်များဖြစ်သည်။

- ကျောင်းသား/သူများ၏ ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးသင်ယူမှုအတွက် ပုံစံပြုလုပ်ထားသော ဆန်းစစ်လေ့လာချက်ရှိပါသလား။ ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးကို ပုံမှန်ပြုလုပ်နေသော ဆန်းစစ်လေ့လာမှုရှိပါသလား။
- ကျောင်းသား/သူများ ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးသင်ယူရေးတွင် portfolio assessment ရှိပါသလား။ အတူဆောင်ရွက်နိုင်သည့် ဆန်းစစ်လေ့လာမှုများ ရှိပါသလား။
- ဘေးအန္တရာယ်ထိခိုက်မှု လျော့ချရေးနှင့် ဆက်နွယ်သည့် ဗဟုသုတများနှင့် သဘောထားများ တိုးမြှင့်လာစေရန် ညီမျှသည့် ဆန်းစစ်လေ့လာမှု ရှိပါသလား။
- ဆန်းစစ်လေ့လာမှုကို စိတ်ဝင်စားပါသလား ၊ ကျောင်းသား/သူများမှ ပါဝင်ဆောင်ရွက်လိုစိတ် ရှိပါသလား။
- ကျောင်းဆရာ/မ များသည် ဆန်းစစ်လေ့လာမှု၏ အဖြေများကို သင်ခန်းစာများ၊ စာသင်ကြားရေးစနစ်များတွင် ပြုပြင်ဆောင်ရွက်မှုရှိပါသလား။

## ၃.၂ သင်ရိုးညွှန်းတမ်းတွင် ဒေသနှင့်ကိုက်ညီသည့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အချက်အလက်များ ထည့်သွင်းသင်ကြားခြင်း





### ဤအခန်း၏ရည်ရွယ်ချက်

ဤအခန်း၏ ရည်ရွယ်ချက်မှာ ကျောင်းအုပ်နှင့် ဆရာ/ဆရာမများကို ဒေသနှင့် ကိုက်ညီသည့် အကြောင်းအရာများကို သင်ကြားမှုအား အားပေးမြှင့်တင်ပေးသော သင်ရိုးညွှန်းတမ်းတွင် DRR နှင့်ပတ်သက်၍ သင်ကြားပေးရာတွင် ဒေသနှင့်ကိုက်ညီသည့် အခြေအနေကို မည်သို့ စီစဉ်ဖန်တီးသင်ကြားပေးရမည်ကို လမ်းညွှန်အကြံပြုရန် ဖြစ်ပါသည်။

**ကျောင်းတာဝန်ရှိသူတို့မှ ဆောင်ရွက်ရန်လုပ်ငန်းများ**

- သင်၏ကျောင်းတွင် သင့်လျော်သည့်အကြောင်းအရာများနှင့်ဒေသနှင့်ကိုက်ညီသည့်အကြောင်းအရာများထည့်သွင်းသင်ကြားမှုကို နားလည်ထားရန်။
- ဒေသနှင့်ကိုက်ညီသည့်အကြောင်းအရာများကို သင်ရိုးညွှန်းတမ်းတွင်ထည့်သွင်းအသုံးပြုရန်နှင့်ဘေးအန္တရာယ် ထိခိုက်မှုလျော့ချရေးပညာရေးတွင် မည်သို့အသုံးချမည်ကို နားလည်ထားရန်။
- ဒေသနှင့် ကိုက်ညီသည့် အကြောင်းအရာ သင်ရိုးညွှန်းတမ်းကို ယဉ်ကျေးမှုအရ လည်းကောင်း၊ ပထဝီအနေအထားအရလည်းကောင်း အမျိုးမျိုးကွဲလွဲသည့် အင်ဒိုနီးရှားနိုင်ငံကဲ့သို့ နိုင်ငံတွင်ပင် တန်ဖိုးထားခြင်း။
- အန္တရာယ်များ၏ ကွဲလွဲမှုများ၊ ၎င်းတို့၏ ပြင်းအားနှင့် မတူညီသည့် ဒေသများတွင် မြန်မာနိုင်ငံ မြို့နယ်များတွင် အန္တရာယ်သက်ရောက်မှု မတူညီခြင်းကို သိရှိနားလည်ခြင်း။
- ဒေသအန္တရာယ်၊ ထိခိုက်လွယ်မှုနှင့် ဘေးဖြစ်နိုင်ခြေအချက်အလက်များနှင့် ဒေသတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှု စီစဉ်မှုများနှင့် ကြိုတင်သတိပေးရေးစနစ်များကို ကျောင်းသား/သူများအား ဝေမျှပေးရန်။
- ကျောင်းသားလေ့ကျင့်ခန်းစာအုပ်မှ လေ့ကျင့်ခန်းများကို အဖွဲ့လိုက်သင်ယူမှုအတွက် အသုံးပြုပါ။ ပတ်ဝန်းကျင်တွင်ရှိသော ဒေသအန္တရာယ်များ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပံ့ပိုးမှုများ။
- ဘေးအန္တရာယ်များ၏ ဒေသန္တရဗဟုသုတများကို နားလည်ထားပြီး သင့်ဒေသအတွင်းမှဉပမာများကိုရှာဖွေဖော်ထုတ်ပါ။ လေ့ကျင့်ခန်းတွင် ကျောင်းသား/သူများ ပါဝင်ပါစေ။

## အဘယ်ကြောင့် မြန်မာနိုင်ငံ၏ သင်ရိုးညွှန်းတမ်းတွင် ဒေသနှင့်ကိုက်ညီသည့်အကြောင်းအရာများပါဝင်သင့်ကြောင်း တိုက်တွန်းရပါသနည်း

မြန်မာနိုင်ငံ၏ ပညာရေး ဥပဒေနှင့် မူဝါဒများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း မိမိတို့ဒေသအတွက် လိုအပ်သည့် သင်ရိုးညွှန်းတမ်းကို လွတ်လပ်စွာရေးဆွဲခွင့်ပေးရန်လိုအပ်ကြောင်း အသိအမှတ်ပြုထားပါသည်။ ၎င်းက သင်ရိုးညွှန်းတမ်း ဟူသည် လက်တွေ့ဘဝနှင့် ချိတ်ဆက်နိုင်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးစုတစ်စု၏ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ထုံးတမ်းဓလေ့များနှင့် သမိုင်းဆိုင်ရာအမွေအနှစ်များကို မြှင့်တင်နိုင်စွမ်းလည်း ရှိရပေမည်။ ဒေသိယဘာသာစကား၊ မိခင်ဘာသာစကားနှင့် တိုင်းရင်းသားဘာသာစကားများဆိုင်ရာ လမ်းညွှန်ချက်များနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားခြင်းတို့ကိုလည်း အသိအမှတ် ပြုထားပါသည်။
ဤလုပ်နည်းလုပ်ဟန်၏ တန်ဖိုးကို လေ့လာစစ်ဆေးမှုအရ "ဒေသနှင့်ကိုက်ညီသည့် အချက်အလက်များ ပါဝင်သောသင်ရိုး (Local Content Curriculum - LCC) သို့မဟုတ် မူလတန်းနှင့် အလယ်တန်း ကျောင်းများအတွက် ကျောင်းအခြေပြုသင်ရိုးတွင် ကျောင်းများအတွက် လွတ်လပ်ပြီး ပြောင်းလွယ်ပြင်လွယ်သောသင်ရိုးကို ထည့်သွင်း ပြဌာန်းနိုင်ပြီး LCC အောက်တွင် ကျောင်းများသည် ၎င်းတို့၏ ဘေးအန္တရာယ်ဆိုင်ရာအခြေအနေ၊ လိုအပ်ချက်နှင့် ဆုံးရှုံးနိုင်ခြေတို့အပေါ် မူတည်၍ သင်ရိုးကို လိုအပ်သလို ပြင်ဆင်ပြောင်းလဲနိုင်ရန် ခွင့်ပြုထားသည်" ဟူသော အချက်ကို အသိအမှတ်ပြုရပါမည်။

## မြန်မာနိုင်ငံရှိပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်များတွင် မတူညီသည့်အန္တရာယ်များ၊ ထိခိုက်လွယ်မှုများနှင့် ကြုံတွေ့မှုများသည် အဘယ်နည်း

တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်များတွင် ဘေးအန္တရာယ်ဖြစ်ပွားနိုင်မှုမှာ သိသာသော ပြောင်းလဲမှုတစ်ရပ်ဖြစ်လာနေပြီး သင်၏ ကျောင်းအနေဖြင့်လည်း မည်သည့်ဘေးအန္တရာယ်များ ကျရောက်နိုင်သည်ကို သိရှိနားလည်ရန် အရေးကြီးပါသည်။ ကျရောက်နိုင်သောဘေးအန္တရာယ်များအားနှိုင်းယှဉ်မှုညွှန်းကိန်းကို UNICEF က ၂၀၁၄ ခုနှစ်တွင် ရေးဆွဲထားသောအောက်ပါ ဘေးအန္တရာယ်အမျိုးမျိုး ကျရောက်နိုင်ခြေပုံတွင် လေ့လာနိုင်ပါသည်။

ဇယား- ၄ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဘေးအန္တရာယ်အမျိုးမျိုး ကျရောက်နိုင်ခြေ အဆင့်များ

| အဆင့် | တိုင်းဒေသကြီး/ပြည်နယ် | ဘေးအန္တရာယ်အဆင့် | ဘေးအန္တရာယ် ကျရောက်နှုန်း |
|---|---|---|---|
| ၁ | ရခိုင် | အမြင့်ဆုံး | 8.28 |
| ၂ | ဧရာဝတီ | အမြင့်ဆုံး | 7.01 |
| ၃ | စစ်ကိုင်း | မြင့် | 6.81 |
| ၄ | ရန်ကုန် | မြင့် | 6.19 |
| ၅ | မန္တလေး | မြင့် | 5.46 |
| ၆ | မကွေး | အလယ်အလတ် | 5.43 |
| ၇ | ပဲခူး | အလယ်အလတ် | 5.35 |
| ၈ | ကရင် | နိမ့် | 4.86 |
| ၉ | ကချင် | နိမ့် | 4.56 |
| ၁၀ | ချင်း | နိမ့် | 4.53 |
| ၁၁ | ရှမ်း | နိမ့် | 4.21 |
| ၁၂ | မွန် | နိမ့် | 4.14 |
| ၁၃ | တနင်္သာရီ | နိမ့် | 4.08 |
| ၁၄ | ကယား | နိမ့် | 4.07 |

Source : UNICEF Child Centred Assessment (2015)

တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုစီအတွက် ဤဘေးအန္တရာယ်အဆင့်နှင့် စံနှုန်းသတ်မှတ်ချက်သည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့အား ဆိုင်ကလုန်းမုန်တိုင်း၊ ဒီရေ၊ ရေကြီးမှုနှင့် ဆူနာမီ အန္တရာယ်တို့ကို အလွန်အမင်း ရင်ဆိုင်ရဖွယ်ရှိကြောင်း သေချာစေပါသည်။ စစ်ကိုင်း၊ ရန်ကုန်နှင့် မန္တလေးတို့သည် မြန်မာနိုင်ငံ၏ လူဦးရေ အထူထပ်ဆုံး ဒေသကြီးများဖြစ်ပြီး မန္တလေးနှင့် စစ်ကိုင်းတို့အနေဖြင့် ငလျင်နှင့် မိုးခေါင်ရေရှားဘေး၊ ရန်ကုန်အနေဖြင့် အပူပိုင်း မုန်တိုင်းဘေးတို့ကြောင့် ၎င်းတို့အား ဘေးအန္တရာယ်ကျရောက်နိုင်မှု မြင့်မားသော ဒေသများအဖြစ် သတ်မှတ်ထားခြင်း ဖြစ်ပါသည်။ မကွေး(မိုးခေါင်ရေရှားဘေး)နှင့်ပဲခူး(ရေဘေး)တို့အား အလယ်အလတ်အဆင့်ဘေးအန္တရာယ်ကျရောက်နိုင်သော ဒေသများအဖြစ်သတ်မှတ်ထားပြီးကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများအားရခိုင်နှင့်ဧရာဝတီတို့ကဲ့သို့ ဘေးအန္တရာယ်ကျရောက်နိုင်မှုလွန်စွာမြင့်မားခြင်းမရှိသောကြောင့် ဘေးအန္တရာယ်ကျရောက်နိုင်စွမ်းကို နှိုင်းယှဉ်ဖွယ်ရာအဆင့်ဟု သတ်မှတ်ပါသည်။

UNICEF အနေဖြင့် ကလေးသူငယ်ဗဟိုပြု ဘေးအန္တရာယ်အဆင့်သတ်မှတ်ချက်ကို ဒေသတွင်းအဆင့် လမ်းညွှန်ချက်များအရတွက်ချက်ခဲ့ပြီး အခြားကလေးသူငယ်အခြေပြုဆုံးရှုံးနိုင်ခြေစစ်တမ်းတစ်ခုကို ဘေးအန္တရာယ်များ၊ ရာသီဥတုပြောင်းလဲမှု၊ ကလေးသူငယ်ဆိုင်ရာ ထိခိုက်လွယ်မှု၊ ဘေးအန္တရာယ်နှင့် ထိတွေ့မှုနှင့် စွမ်းဆောင်ရည်စသော အချက်များ ပေါင်းရုံးကာ တွက်ချက်ခဲ့ပါသည်။ နှိုင်းယှဉ်ရသောအဆင့်နှင့် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## မြန်မာနိုင်ငံရှိဒေသတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုစနစ်၊ ဘေးအန္တရာယ်ပြင်ဆင်ခြင်း၊ ဘေးအန္တရာယ်ထိခိုက်မှု လျော့ချရေးဆိုင်ရာဒေသနှင့် ကိုက်ညီသည့် သင်ရိုးညွှန်းတမ်းများမှာ အဘယ်နည်း

ဒေသနှင့် သင့်လျော်သည့် သင်ရိုးဟူသည် ဒေသတွင်းကျရောက်သော ဘေးအန္တရာယ်များနှင့် ဆက်စပ်သည့် အသင့်ပြင်ဆင်ထားမှုနည်းလမ်းများ ပါရှိရပါမည်။ ဥပမာအားဖြင့် ဆိုင်ကလုန်းနှင့် မုန်တိုင်းဒီရေများကို အသင့်ပြင်ထားခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းကို ကမ်းရိုးတန်းဒေသအားလုံးရှိ မြို့နယ်များတွင် သင်ကြားရမည်ဖြစ်ပြီး ၎င်းမှာ အဆိုပါဒေသရှိ ကျောင်းများ၊ ရပ်ရွာအသိုက်အဝန်းများ၏ ဘေးကင်းလုံခြုံရေးနှင့်သင့်လျော်မှုရှိပါသည်။ ကုန်းတွင်းပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် မုန်တိုင်းဆိုင်ရာသင်ခန်းစာများကို သင်ကြားလျှင် သက်ဆိုင်ရာ အသက်ကယ်မှုစွမ်းရည် ဗဟုသုတ ပေးသည်ထက် သာမန်အသိပညာလောက်သာ ရရှိနိုင်ပါမည်။

သို့ဖြစ်၍ ဘေးအန္တရာယ်များကို စောလျင်စွာ သတိပေးခြင်း၊ အရေးပေါ်ဝန်ဆောင်မှုများနှင့် အစီအစဉ်များဆိုင်ရာဒေသတွင်း အစီအမံများကို ကျောင်းသားများအား သင်ကြားပြသပေးထားရမည်ဖြစ်ပြီး ကျောင်းများ၊ ကျေးရွာများနှင့် ကျေးရွာအုပ်စုDM ကော်မတီများကိုပါ သတင်းပေးပို့ထားရပါမည်။

နီးကြားတက်ကြွသောသင်ယူမှု နည်းနာများကို ဒေသဆိုင်ရာ သင့်လျော်သော ဘေးအန္တရာယ်နှင့် ဆက်စပ်သည့် သင်ယူမှုအဖြစ် ပူးပေါင်းရန်မှာ ကျောင်းအခြေပြုလုပ်ငန်းငယ်များ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ကျောင်းသား/သူများ ဆောင်ရွက်ရန်စာအုပ်၏ပထမဆုံးလုပ်ဆောင်ရန်မှာ "မိုးရွာနေသည်၊ မိုးသည်းနေသည်" ဖြစ်ပြီး နေ့စဉ်မိုးရေချိန်ကို မိုးရေချိန်တိုင်းကိရိယာသုံး၍ မည်သို့တိုင်းတာရမည်ကို (အထူးသဖြင့် မိုးဥတု၏ အမြင့်ဆုံးအခြေအနေတွင်) ကျောင်းသားများနှင့် ဆရာများအား လမ်းညွှန်ချက်ပေးထားခြင်းဖြစ်ပါသည်။ လမ်းညွှန်ချက်အရ ရလဒ်များကို အတန်းထဲတွင် ဂရပ်ဆွဲ၍ ပြသထားရန် ဖြစ်ပါသည်။ အဆိုပါ ဇယားများကို သိမ်းဆည်းထားပြီး နှစ်စဉ်မိုးရေချိန်များကို နှိုင်းယှဉ်ကြည့်ရှုခြင်းကလည်း ကောင်းသော အမူအကျင့်တစ်ရပ်ပင် ဖြစ်ပါသည်။ အလားတူ လေ့ကျင့်ခန်း ၄ ပါ "သင့်ဆုံးရှုံးနိုင်ခြေများကို မြေပုံဆွဲပါ" နှင့် လေ့ကျင့်ခန်း ၅ ပါ "ဘေးအိမ်ကို ကူညီပါ" စသည့် လေ့ကျင့်ခန်းများက အရေးပေါ်အခြေအနေတစ်ရပ်တွင် နေ့စဉ်ကြုံတွေ့ရနိုင်သော ခြိမ်းခြောက်မှုများနှင့် ရရှိနိုင်သောအကူအညီရင်းမြစ်များကို စုစည်း၊ ပေါင်းရုံးကာ ပြန်လည်ခင်းကျင်းသုံးစွဲနိုင်စေရန် ကျောင်းသားများကိုကူညီပေးပါသည်။ ဤလေ့ကျင့်ခန်းများက ဒေသဆိုင်ရာဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအမံများကို စာသင်ခန်းအတွင်းသင်ကြားရာတွင် ကောင်းမွန်သော ဖြည့်ဆည်းမှုများဖြစ်ပါသည်။

## ၃.၃ ဘေးအန္တရာယ်ပြင်ဆင်မှု/ ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး အပယူအဆနှင့် ကျွမ်းကျင်မှုများကို တွဲဖက်သင်ရိုးဝင် အစီအစဉ်များဖြင့် ပြုစုခြင်း

### ဤအခန်း၏ရည်ရွယ်ချက် - တွဲဖက်သင်ရိုးဂင်သင်ခန်းစာ

ဘေးအန္တရာယ်စီမံခန့်ခွဲမှုသည် နေ့စဉ်ဘဝများအတွက် အလေ့အကျင့်များပါရှိပြီး သိသာမြင်သာသည့် ဘာသာရပ်တစ်ခုဖြစ်သည်ဟု သိရှိနားလည်ပြီး ၄င်းကို အတွေ့အကြုံဖြင့် အကောင်းဆုံး သင်ယူလေ့လာကြသည်။ ဤသင်ခန်းစာ၏ ရည်ရွယ်ချက်သည် ကျောင်းဆရာ/မများအား စာသင်ခန်းတွင် အသုံးပြုနိုင်သော စာသင်ခန်းသင်ကြားရေးနှင့် တွဲဖက်သင်ရိုးဂင်သင်ခန်းစာ အစီအစဉ်များကို လက်တွေ့သင်ယူခြင်းနှင့် အစီအစဉ်များဆောင်ရွက်ခြင်းအားဖြင့် လေ့လာသော တွဲဖက်သင်ရိုးဂင်သင်ရိုး ညွှန်းတမ်းများနှင့် ကစားနည်းများကို သုံးသပ်နိုင်ရန် ဖြစ်သည်။

### ကျောင်းတာဂန်ရှိသူတို့မှ ဆောင်ရွက်ရန်လုပ်ငန်းများ

- တွဲဖက်သင်ရိုးဂင်သင်ခန်းစာအစီအစဉ်များမှ အကျိုးရှိနိုင်မည့် သင်ကြားနေသော ဘာသာရပ်များအပြင် စာသင်ခန်းအပြင် လက်တွေ့လုပ်ဆောင်ရန်များဖြင့် ထပ်မံဖြည့်စွက်ရမည့် ကျွမ်းကျင်မှုများကို ဖော်ထုတ်ရန်။
- ပုံမှန်သင်ကြားမှုအပြင် ထပ်မံဆောင်ရွက်ရသည့် လုပ်ငန်းများကြောင့် ကျောင်းသား/သူများသည်အန္တရာယ်ကင်းစေသည့် အလေ့အကျင့်များ ရရှိလာမည်ကို သိရှိရန်။
- ပေးထားသောစာရင်းမှ လုပ်ငန်းဆောင်ရွက်မှုများကို ရွေးချယ်ပါ။ ထုတ်ဝေထားသော စာများ၊ ပညာရေး ဖြည့်စွက်မှုများ၊ အနုပညာတင်ဆက်မှုများ၊ စာသင်ခန်းတွင်အသုံးပြုရန်ကစားနည်းများနှင့် ပြဇာတ်များ။
- လုပ်ငန်းဆောင်ရွက်ရန်တစ်ခုစီအတွက် ပစ္စည်းများကို ကောင်းစွာပြင်ဆင်ပါ။
- DPRE အရင်းအမြစ်အိတ်မှ ရရှိနိုင်သည့်ပစ္စည်းများကိုအသုံးပြုပါ။ အထူးသဖြင့်ဘေးဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာချက်နှင့် ကျောင်းတွင်းဘေးအန္တရာယ်ပြင်ဆင်မှုအတွက် လက်ကမ်းစာစောင်နှင့် လက်စွဲစာအုပ်ကိုသုံးပါ။
- ကျောင်းသားသုံးစာအုပ်မှ အကြောင်းအရာများကိုလည်း အသုံးပြုပြီး တူညီသည့်လေ့ကျင့်ခန်းများကို ဆန်းသစ်စွာ အသုံးပြုပါ။
- ဘေးအန္တရာယ်ပြင်ဆင်မှုအတွက် ကျောင်းပြီးချိန် ကလပ်ပြုလုပ်နိုင်ရန် စီစဉ်ပါ။ ၄င်းကလပ်ကို ပတ်ဂန်းကျင်ကလပ်နှင့် ချိတ်ဆက်နိုင်ရန်လည်း စဉ်းစားပါ။
- အချို့အစီအစဉ်များကို ကျောင်းတွင်ပြိုင်ဆိုင်နိုင်ရန် ကျင်းပပြုလုပ်ပြီး ( ပြဇာတ် (သို့) အဖွဲ့လိုက်သီချင်းဆိုခြင်း) (သို့) တစ်ဦးချင်းအလိုက်ပြိုင်ပွဲ (စာစီစာကုံး၊ ပန်းချီ၊ စကားပြော၊ ပိုစတာပြုလုပ်ခြင်း)။
- နှစ်စဉ် ရပ်ရွာပြပွဲများနှင့် ကျောင်းတွင်းတင်ဆက်မှုများတွင် စီစဉ်ပါ။
- မိဘများနှင့် ရပ်ရွာလူထုကို ကျောင်းသား/သူများ ပြုလုပ်ထားသော ပစ္စည်းများ ခင်းကျင်းပြသသည့် အစီအစဉ်တွင် ပါဂင်စေပါ။
- လူထုအသိပညာပေး အစီအစဉ်များအတွက် အန္တရာယ်၊ စွမ်းဆောင်ရည်၊ ထိခိုက်လွယ်မှုဆန်းစစ်ချက် လုပ်ငန်းစဉ်များ၊ ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်နှင့် ဇာတ်တိုက်လေ့ကျင့်ခန်းများကို ချိတ်ဆက်ဆောင်ရွက်ပါ။
- လုပ်ငန်းဆောင်ရွက်မှုများနှင့် အစီအစဉ်ကို သုံးသပ်ပြီး နောင်စာသင်နှစ်များတွင် ပြန်လည်ပြင်ဆင်ပါ။



ကျောင်းတွင်းဘေးအန္တရာယ်လျှော့ချခြင်းဆိုင်ရာအမြင်ဖွင့်ဆွေးနွေးခြင်း

## ဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် တွဲဖက်သင်ရိုးဂင် သင်ရိုးညွှန်းတမ်းက ဘာကြောင့် အရေးကြီးတာလဲ

DRR ကို သင်ကြားရာတွင် ဘဂအတွက်ဗဟုသုတများရရှိခြင်း ဗဟုသုတများပေးနိုင်သည့်သင်ကြားရေးစနစ်များ၊ ကျွမ်းကျင်မှုများအတွက် လေ့ကျင့်ခြင်း၊ စိန်ခေါ်မှုသဘောထားများနှင့် စေ့စပ်ခြင်းတန်ဘိုးများသည် ရှင်သန်ခြင်း၊ အပြန်အလှန်တုံ့ပြန်မှုရှိခြင်း၊ အတွေ့အကြုံပေါ်အခြေခံခြင်း စသည့်နည်းလမ်းများဖြင့် သင်ကြားရန်လိုအပ်သည်။ ဗဟုသုတသည် စာအုပ်များမှ လေ့လာ၍ရသည်မှန်သော်လည်း သဘောပေါက်နားလည်စေရန်နှင့် ဌာနအတွင်းဆောင်ရွက်ရန် လိုအပ်သည့်အခါတွင် တကယ့်လက်တွေ့အခြေအနေတွင် စမ်းသပ်ရန်လိုအပ်သည်။ ကျွမ်းကျင်မှုများကို ပို၍ထက်မြက်မှုရှိစေရန် လေ့ကျင့်ရန်လိုအပ်သည်။ (လူတစ်ယောက် စာအုပ်ဖတ်ပြီး ကားမောင်းတတ်သူကို ယုံကြည်မည်မဟုတ်ပါ)။ သဘောထားများနှင့် တန်ဘိုးများသည် သူတို့ကို စိန်ခေါ်လာသည့်အခါတွင်လည်းကောင်း၊ စမ်းသပ်ခံရသည့်အခါတွင်လည်းကောင်း တိုးတက်လာပြီး စကားပြောခန်းများနှင့် စကားရည်လုခြင်းများဖြင့် ပြန်လည်စမ်းသပ်သည်။

၄င်းတို့မှာ ဤသင်ခန်းစာတွင် တင်ပြထားသော အတွေ့အကြုံနှင့် အပြန်အလှန်ဆွေးနွေးမှုများပေါ်အခြေခံသည့် သင်ယူမှုနည်းလမ်းများနောက်တွင်တည်ရှိနေသည့် စဉ်းစားရန်အချက်များ ဖြစ်ပေသည်။ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး ဆိုင်ရာပညာပေးသတင်းစကားသည် ကျောင်းသား/သူများသည် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်တို့အား ထိရောက်စွာ ရင်ဆိုင်ဖြေရှင်းရန် အသင့်ဖြစ်နေရန်ဖြစ်နိုင်လျှင် သူတို့လေ့လာသင်ယူရသည့်အခြေအနေသည်လည်းစိတ်ပါဝင်စားမှုရှိနေရန် လိုအပ်သည်။ သင်ရိုးညွှန်းတမ်း၏အကြောင်းအရာများနှင့် ခေါင်းစဉ်များကို ကျောင်းသားများမှအားလုံး နားလည်သွားမည်ဟု မမှတ်ယူထားသင့်ပေ။ ၄င်းတို့သည် သင်ခန်းစာသင်ကြားမှု အစီအစဉ်ပြုစုထားခြင်းပေါ်မူတည်ပြီး သင်ယူတတ်မြောက်နိုင်မည် ဖြစ်သည်။ ကျောင်းသား/သူများသည်ထိုင်၍ သင်ခန်းစာများလေ့လာရသည့်အချိန်တွင် ဤသင်ရိုးညွှန်းတမ်းတွင် လုပ်ငန်းဆောင်ရွက်မှုများ ပါရှိသင့်သည်။ အခြားတစ်ဘက်တွင် လုပ်ဆောင်ရန်များကို ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည့် သင်ခန်းစာ အစီအစဉ်များသည် ကျောင်းသား/သူများကို သင်ခန်းစာတွင် စိတ်ပါဝင်စားစေမည်ဖြစ်ပြီး အကျိုးသက်ရောက်မှုများ ရှိစေမည်ဖြစ်သည်။ အခြားတစ်ဘက်တွင် ကျောင်းသား/သူများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန် အစီအစဉ်များပါရှိသည့် သင်ရိုးညွှန်းတမ်းတို့သည် စွမ်းဆောင်မှုဖြစ်မြောက်စေနိုင်သော အကျိုးသက်ရောက်မှုများရှိသည်။

## စာသင်ခန်းအတွင်းတွင် ကျွန်ုပ်တို့၏ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး သင်ခန်းစာများကို ဆန်းသစ်သည့် နည်းလမ်းများဖြင့် အသုံးပြုနိုင်ဖို့ နည်းလမ်းတွေကဘာလဲ

ကျောင်းသား/သူများကို တွဲဖက်သင်ရိုးဝင်သင်ခန်းစာအစီအစဉ်များတွင် ပါဝင်စေခြင်းဖြင့် စာသင်ခန်းအတွင်းတွင် သင်ယူလေ့လာမှုကို ရရှိစေနိုင်သည်။ စာသင်ခန်းအတွင်းနှင့် အပြင် နှစ်ခုစလုံးတွင် လက်တွေ့သင်ယူနိုင်သည့် အခွင့်အရေးများ ပံ့ပိုးပေးနိုင်ခြင်းသည် ကလေးများအား နားလည်ရန်၊ အသိအမှတ်ပြုရန်၊ လေ့ကျင့်ရန်နှင့် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး သတင်းအချက်အလက်များကို ထိန်းသိမ်းရန်အတွက် အသေချာဆုံးနည်းလမ်းဖြစ်သည်။ ၎င်းကို ရာသီဥတုဆိုးရွားသည့်အချိန် ကျောင်းသား/သူများ အပြင်မထွက်နိုင်သည့်အချိန်တွင် (သို့) အချိန်သီးသန့်ဖြင့် ပြုလုပ်နိုင်သည်။

၎င်းအစီအစဉ်သည် ပုံစံအမျိုးမျိုးဖြစ်နိုင်သည်။ အရေးကြီးသည့် ဗဟုသုတ၊ကျွမ်းကျင်မှုများနှင့်အရည်အချင်းများကိုအသက်အရွယ်အမျိုးမျိုး ကျောင်းသား/သူများအတွက် ပျော်စရာကောင်းသည့်နည်းလမ်းများဖြင့် ပံ့ပိုးပေးနိုင်သည်။

ရေသားထုတ်ဝေထားသော စာများဖြင့် အသိပညာပေးခြင်း ။ ပိုစတာများအသုံးပြုခြင်း၊ လမ်းညွှန်ချက်များ၊ လက်ကမ်းစာစောင်များ၊ အိတ်ဆောင်စာအုပ်များ၊ လုပ်ငန်းဆောင်ရွက်မှုစာအုပ်များ၊ စာပေပုံစံများ၊ ရောင်စုံချယ်စာအုပ်များ၊ စုဝေးရာပစ္စည်းများနှင့် ဆရာ/မ များသည်လည်း ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးဆိုင်ရာ သတင်းစကားများကိုဖြန့်ဝေပေးရာတွင် အရေးပါသည့် နည်းလမ်းများဖြစ်သည်။

ဖန်တီးနိုင်သည့် ပညာရေးပစ္စည်းများ၊ ကစားစရာများနှင့် ကစားနည်းများ၊ မှန်တမ်းနှင့် ဇာတ်လမ်းတိုများ၊ ပုံပြင်စာအုပ်များ၊ ကာတွန်းစာအုပ်များနှင့် ဉာဏ်စမ်းများသည်လည်း အသိပညာနှင့် ဗဟုသုတများကိုဖြန့်ဝေရာတွင် ဆန်းသစ်သည့်နည်းလမ်းများဖြစ်သည်။

ကစားနည်းများ - ကဒ်ကစားနည်းများ၊ ဘုတ်ကစားနည်း ၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုပြဇာတ်၊ သင်ယူမှုတွင် စိတ်ဝင်စားမှုနှင့် စိတ်အားထက်သန်မှုတို့ကို တိုးမြှင့်ပေးခြင်းသည်လည်း သတင်းစကားများကို ဆက်သွယ်ပေးရာတွင် ပျော်စရာကောင်းသည့် နည်းလမ်းများဖြစ်သည်။ Riskland Board ကစားနည်းသည် မြန်မာနိုင်ငံတွင်အသုံးများသော ကစားနည်းတစ်ခုဖြစ်သည်။


စာသင်ခန်းအတွင်း ကလေးအချင်းချင်း ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ ဗဟုသုတများပြန်လည်ဝေမျှခြင်း


ကြိုတင်ပြင်ဆင်ဘေးအန္တရာယ် ကစားရင်းနဲ့သင်ယူခြင်း

## ဘေးဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာမှု၊ ကျောင်းတွင်းဘေးအန္တရာယ်ပြင်ဆင်မှုနှင့် အစမ်းလေ့ကျင့်ခန်းများအား တွဲဖက်သင်ရိုးဝင်သင်ခန်းစာများဖြင့် ဆောင်ရွက်ရန် အရင်းအမြစ်များ

လက်တွေ့ကျပြီး ပူးပေါင်းပါဝင်မှုရှိသည့် သင်ယူရန်နည်းလမ်းမှာ ကလေးများအား ပါဝင်မှုနှင့် သင်ယူမှုတို့ မြှင့်တင်ပေးရန် ဖြစ်ပြီး သူတို့အား သင်၏ ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် တိုးတက်စေရန်နှင့် ဖွံ့ဖြိုးရေးတွင် ပါဝင်စေခြင်း ပင်ဖြစ်သည်။ ၎င်းတို့ကို အောက်ပါနည်းလမ်း (၃) လမ်းဖြင့် ဆောင်ရွက်နိုင်သည်။

- အန္တရာယ်၊ ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်ဆန်းစစ်လေ့လာချက်များအား လုပ်ငန်းဆောင်ရွက်မှု ဦးစားပေး လေ့လာခြင်း။
- ဘေးအန္တရာယ်စီမံခန့်ခွဲမှု စီမံကိန်း။
- အစမ်းလေ့ကျင့်ခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခန်းများအားဖြင့် အစီအစဉ်တို့အား စောင့်ကြည့်လေ့လာခြင်းနှင့် တိုးတက်စေခြင်း။

DPRE အရင်းအမြစ်အိတ်တွင် အထက်ဖော်ပြပါ ကဏ္ဍ (၃)ခုအတွက်အသုံးပြုနိုင်သော အရင်းအမြစ်ပစ္စည်းများရှိသည်။ ၎င်းတို့သည် ဘေးအန္တရာယ်စီမံခန့်ခွဲမှုသည် သင့်တော်ပြီး လက်တွေ့ကျသည့်နည်းလမ်းများဖြင့် မည်သို့အလုပ်လုပ်ကြောင်းကို သင်ယူရန် အသုံးဝင်သည့် လက်တွေ့နည်းလမ်းများ ဖြစ်သည်။



စာစဉ် (၇) ခုပါသော ပညာရေးကဏ္ဍတွင် ဘေးဖြစ်နိုင်ခြေလျှော့ချရေး သင်တန်းမော်ကျူး (DPREWG)

ဇယား- ၅ ဘေးဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာချက် အပိုင်း(၁)

| စဉ် | ခေါင်းစဉ် | အမျိုးအစား | |
|---|---|---|---|
| ၁ | ဘေးအန္တရာယ်ပြင်ဆင်မှု တုံ့ပြန်ဆောင်ရွက်မှု ပညာရေး အခြေခံ ဗဟုသုတ | DPRE လက်စွဲစာအုပ် | |
| ၂ | ဘေးဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာမှု အယူအဆနှင့် လုပ်ငန်း | DPRE လက်စွဲစာအုပ် | |
| ၃ | ကျောင်းနှင့် ပညာရေးအဖွဲ့အစည်းများတွင် ဘေးအန္တရာယ်ထိခိုက်မှုဆန်းစစ်လေ့လာမှု | DPRE လက်စွဲစာအုပ် | |
| ၄ | ကျောင်းတွင်း ဘေးအန္တရာယ် (ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှု) စီမံကိန်း | DPRE လက်စွဲစာအုပ် | |

ဇယား- ၆ ကျောင်းတွင်း ဘေးအန္တရာယ်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ်များ အပိုင်း (၂)

| စဉ် | ခေါင်းစဉ် | အမျိုးအစား | |
|---|---|---|---|
| ၁ | ကျောင်းတွင်းဘေးအန္တရာယ်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ်များ (ဥပမာများ) | DPRE လက်စွဲစာအုပ် | |
| ၂ | ကျောင်းတွင်းဘေးအန္တရာယ်ပြင်ဆင်မှု ဆောင်ရွက်ရန်များ | DPRE လက်စွဲစာအုပ် | |

(ဇယား- ၇ ကျောင်းတွင်းဘေးအန္တရာယ်ပြင်ဆင်မှု အစမ်းလေ့ကျင့်မှုများ အပိုင်း(၃)

| စဉ် | ခေါင်းစဉ် | အမျိုးအစား | |
|---|---|---|---|
| ၁ | ကလေးများအတွက် ဘေးအန္တရာယ်စီမံခန့်ခွဲမှု | DPRE လက်စွဲစာအုပ် | |
| ၂ | မြေငလျင်အစမ်းလေ့ကျင့်မှု | DPRE လက်စွဲစာအုပ် | |
| ၃ | အစားအစာ ဖူလုံရေး | DPRE လက်စွဲစာအုပ် | |
| ၄ | ကျောင်းတွင် မီးဘေးအစမ်းလေ့ကျင့်မှု ဘယ်လိုဆောင်ရွက်မလဲ | DPRE လက်စွဲစာအုပ် | |

ဇယား- ၈ ပြန်လည်ထူထောင်ရေးနှင့် ပံ့ပိုးမှု အပိုင်း (၅)

| စဉ် | ခေါင်းစဉ် | အမျိုးအစား | |
|---|---|---|---|
| ၁ | သဘာဝဘေးအန္တရာယ်များမှ ကလေးများကို ပြန်လည်ထူထောင်ပေးရန် ကူညီခြင်း | လက်ကမ်းစာစောင် (Save the Children) | |
| ၂ | ဘေးအန္တရာယ်ကဏ္ဍတွင် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီခြင်း | လက်ကမ်းစာစောင် (Action Aid) | |
| ၃ | ဘေးအန္တရာယ်သက်ရောက်ခံရအပြီးတွင် တစ်ဦးနှင့် တစ်ဦး ကူညီစောင့်ရှောက်ပေးခြင်း | လက်ကမ်းစာစောင် (Save the Children) | |
| ၄ | ကလေးများအား စိတ်ပိုင်းဆိုင်ရာတွင် ပံ့ပိုးကူညီပေးခြင်း | ပိုစတာ (Action Aid) | |

အပိုင်း ၄ မှ သင်ကြားခြင်းနှင့် သင်ယူခြင်းတွင် သင်ခန်းစာ ၃.၁ တွင် ပါဝင်သည်။


## ဘေးအန္တရာယ်အတွက်ပြင်ဆင်ကြစို့ဆိုသည့် ကျောင်းစာအုပ်ကိုအသုံးပြုခြင်း

သင်ခန်းစာ ၃.၁ နှင့် ၃.၂ တွင် ဖော်ပြထားသည့်အတိုင်း အဓိကအရင်းအမြစ်မှာ ပညာရေးဝန်ကြီးဌာနမှ UNESCO နှင့် ပူးပေါင်းပြုစုပြီး ပညာရေးဝန်ကြီးဌာန၊ UNESCO နှင့် Plan တို့မှ ထုတ်ဝေထားသည့်"ဘေးအန္တရာယ်အတွက်ပြင်ဆင်ကြစို့" ဆိုသည့် မြန်မာဘာသာဖြင့်ပြုလုပ်ထားသော ကျောင်းစာအုပ်ဖြစ်သည်။ ၄င်းစာအုပ်တွင် စာသင်ခန်းသင်ကြားမှုများဖြင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည့် အစီအစဉ် အများအပြားပါရှိသည်။ သင်ခန်းစာ ၃.၂ တွင်သင်ကြားမှုများကို ဒေသနှင့်ကိုက်ညီအောင် ဘယ်လိုသင်ကြားရမည်ကို ဖော်ပြထားပြီးဖြစ်သည်။

ဤနေရာတွင် အခြားလေ့ကျင့်ခန်းများကိုလည်း စတင်ဖော်ပြပါမည်။

ဇယား- ၉ ဘေးအန္တရာယ်အတွက်ပြင်ဆင်ကြစို့

| စဉ် | ခေါင်းစဉ် | အမျိုးအစား |
|---|---|---|
| ၁ | ကောလိပ် | သဘာဂဘေးအန္တရာယ်များကို သတင်းများ အသုံးပြုခြင်းဖြင့် ရပ်ရွာလူထုအားအသိပေးခြင်းနှင့် ဇယားကွက်များပြုလုပ်ခြင်း |
| ၂ | ရုပ်သေး | ရုပ်သေးဇာတ်ကောင်များ ဖန်းတီးပြီး ပြဇတ်များတွင်ထည့်သွင်းခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေး သတင်းစကားများဘယ်လို ထည့်သွင်းမလဲ |
| ၃ | အရေးပေါ်အိတ်ထဲတွင် ဘာရှိသလဲ | ကျောင်းသား/သူများကို အရေးပေါ်အိတ်အတွင်းရှိ အကြောင်းအရာများနှင့် ရင်းနီးကျွမ်းဂင်မှု ရှိစေရရန် ရိုးရှင်းသည့် စာလုံးဉာဏ်စမ်း |
| ၄ | In Quizzitive | မြန်မာနိုင်ငံအတွင်း/ အပြင် အခြားသောဘေးအန္တရာယ်များ အပေါ်တွင် သင်၏ အထွေထွေဗဟုသုတ |
| ၅ | Turvy ကစားစရာ | သူတို့အတွက် ဘေးအန္တရာယ်အမျိုးမျိုးအတွက် ဆောင်ရန်/ရှောင်ရန်များနှင့် ဆက်စပ်ပေးသည်။ |
| ၆ | Knock out the doc | ကျောင်းသား/သူများအား သူတို့တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအပြုအမူများကို ပြန်ကြည့်ခိုင်းပါ။ ထို့နောက် သန့်ရှင်းသပ်ရပ်မှုအတွက် အလံများအသုံးပြုပါ ( အစိမ်းရောင်အလံ) ညစ်ပေခြင်း၊ တကိုယ်ရည်သန့်ရှင်းမှုမရှိခြင်းတို့အတွက် (အနီရောင်အလံ) |
| ၇ | ခြေလှမ်းကိုသတိပြုပါ | အန္တရာယ်ကင်းသည့်အပြုအမူများစည်းမျဉ်းကို ကူးယူပြီး အရောင်စာလုံးများကို ချန်ခဲ့ပါ။ ကျောင်းသား/သူများကို ချန်ခဲ့သည့် ကွက်လပ်တွင် ဖြည့်စေပါ။ |
| ၈ | သင်၏ကိုယ်ပိုင်ယာဉ်လမ်းညွှန်အမှတ်အသားဖန်တီးပါ | ယာဉ်လမ်းညွှန်အမှတ်အသားများနှင့် ၄င်းအရောင်တို့၏အဓိပ္ပာယ် သင်္ကေတများကို လေ့လာပါ။ |
| ၉ | သင်၏ရေကိုသိပါ | ရေနှင့်ပတ်သက်သည့် ဘေးအန္တရာယ်များကိုလေ့လာပြီး သင်ရေအသုံးပြုသည့် အပြုအမူများကိုလည်း လေ့လာပါ။ |
| ၁၀ | Mercury rising | ရာသီဥတုပြောင်းလဲခြင်း၏ သက်ရောက်မှုကို သတိပြုပါ။ ကာဗွန်ထုတ်လုပ်မှုများကိုဘယ်လိုလျှော့မလဲ။ အိမ်တွင် စွမ်းအင်အကျိုးရှိစွာအသုံးပြုမည့် စည်းမျဉ်းများ။ |
| ၁၁ | Becoming risk ready | စာသင်ကျောင်းသည် ဘယ်လောက်ပြင်ဆင်ထားပြီးသလဲ သိရှိနိုင်ရန် ရွေးချယ်အမှတ်ပေးရန်စာရင်း |
| ၁၂ | Family wise and safe | တစ်ခုစီ (ကျောင်းသား/သူ နှင့် ဆရာ/မ) များမှ သူတို့၏ နေအိမ်နှင့် စာသင်ကျောင်းသို့ လာရာလမ်းတွင် ပိုမိုလုံခြုံမှုရှိစေရန်အတွက် အသုံးပြုရန်စာရင်း |




ဤလေ့ကျင့်ခန်းများကို သင်ကြားထားသောသင်ခန်းစာများဖြင့် သင့်လျော်စွာပြုလုပ်ပါ။ သင်ကြားမှုကို ပျော်စရာကောင်းစေရန် ဆရာ/မများ ပြုလုပ်ထားသော ဆင်တူသည့် လေ့ကျင့်ခန်းများ ထည့်သွင်းပါ။

## တွဲဖက်သင်ရိုးဝင် သင်ရိုးညွှန်းတမ်း လုပ်ငန်းစဉ်များနှင့် ရပ်ရွာစည်းရုံးလှုံ့ဆော်ပွဲများ

**ပြိုင်ဆိုင်ခြင်း၊ ဆုပေးခြင်းနှင့် အထိမ်းအမှတ်ပွဲများ။** ပန်းချီပြိုင်ပွဲ၊ စာရေးပြိုင်ပွဲများ၊ တခွန်စိုက်ပြိုင်ပွဲများ၊ မိဘများ၊ ရပ်ရွာလူထုနှင့် မီဒီယာများကို ဆွဲဆောင်နိုင်သည့် ရေဒီယိုဥာဏ်စမ်းများသည် ထိရောက်သည့်နည်းလမ်းများဖြစ်သည်။ ကိုယ်တိုင်ပါဝင်ရေးဆွဲခြင်းနှင့် စာရေးပြိုင်ပွဲများသည် ကလေးများကို ပါဝင်စေသည်။ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးဇဟုသုတ ပြိုင်ပွဲများတွင် စာသင်ကျောင်းများ ပါဝင်စေနိုင်ပြီး ရေဒီယို၊ တီဗီတို့ကိုအသုံးပြုပြီး အသိပညာများကို ကျယ်ပြန့်စွာ ရောက်ရှိစေနိုင်မည်ဖြစ်သည်။

**မိဘများနှင့်ရပ်ရွာလူထုတို့ပါဝင်ခြင်း။** မိဘ-ဆရာ အစည်းအရုံး (သို့) ကျောင်းကော်မတီအစည်းအဝေးများ၊ ရပ်ရွာကိစ္စများနှင့် “open house” တို့သည် informal education အတွက် အရေးကြီးသည့် အခွင့်အရေးများဖြစ်သည်။ ပြခန်းများနှင့် ကျောင်းသား/သူများ ဖန်တီးထားသည့် ဘေးဖြစ်နိုင်ခြေနှင့် စွမ်းဆောင်နိုင်ရည် မြေပုံ၊ ပုံစံများ၊ အနုပညာလက်ရာများ ၊ စာစီစာကုံးများကို ခင်းကျင်းပြသခြင်းတို့သည် စိတ်ပါဝင်စားမှုကိုတိုးစေပြီး ပို၍အားကောင်းစေသည်။ ရပ်ရွာအဖွဲ့ဝင်များကို ဦးတည်သော ဆက်သွယ်ရေး စည်းရုံးလှုံ့ဆော်မှုများသည် ဤကျောင်းတွင်းအန္တရာယ်ကင်းရှင်းရေးစီမံကိန်းအတွက် အရေးကြီးသည့် အစိတ်အပိုင်းဖြစ်ပြီး မိဘများ၊ အုပ်ထိန်းသူများ၊ ရပ်ရွာခေါင်းဆောင်များနှင့် အခြားကဏ္ဍများမှကိုယ်စားလှယ်များအကြားတွင် ဘေးအန္တရာယ်အသိပညာများကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ဤကြိုးပမ်းအားထုတ်မှုများတွင် ပံ့ပိုးကူညီးပေးလိုသည့် ရပ်ရွာအဖွဲ့အစည်းများရှိသည်။ ၎င်းတို့တွင် ပညာရေးနှင့် သိပ္ပံအဖွဲ့အစည်းများ၊ ကြက်ခြေနီ၊ အရပ်ဘက်နှင့် အမြတ်အစွန်းမယူသည့် အဖွဲ့အစည်းများ၊ ဒေသခံအစိုးရ မိတ်ဖက်အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် စာသင်ကျောင်းများကို ပံ့ပိုးကူညီပေးရန် အသင့်ရှိကြသည်။ ရပ်ရွာအဖွဲ့ဝင်များသည် စာသင်ခန်းများ အခန်းတံခါးများ အပြင်ဘက်ဖွင့်တပ်ဆင်ခြင်း၊ ထွက်ပေါက်များဆေးခြယ်ခြင်း၊ မြေငလျင်မှကာကွယ်ရန် ပရိဘောဂများ ရွှေ့ပြောင်းခြင်းနှင့် မိုးရေများ အဆောက်အအုံအနီး ရေမဝပ်စေရန် ရေမြောင်းများတူးဖော်ခြင်းစသည့် ကျောင်းပြင်ဆင်မွမ်းမံခြင်းများဆောင်ရွက်ရာတွင် စေတနာလုပ်အားရှင်များအဖြစ် ပါဝင်လုပ်ကိုင်နိုင်ကြသည်။ ရပ်ရွာအတွင်းတွင် အကောင်အထည်ဖော်ဆောင်ရွက်သော စီမံချက်များသည် စာသင်ခန်းအတွင်းနှင့် သင်ယူသောသင်ခန်းစာများကိုအားဖြည့်ပေးပြီး အမှန်တကယ်ဖြစ်ရပ်တွင် အသုံးပြုရန်အတွက် အခွင့်အရေးကိုဖန်တီးပေးသည်။ ရပ်ရွာအတွင်းတွင် စတင်ဆောင်ရွက်နိုင်သော DRR လုပ်ငန်းဆောင်ရွက်မှုများတွင် အောက်ပါတို့ပါဝင်သည်။

- ရပ်ရွာအသိပညာပေး စည်းရုံးလှုံ့ဆော်ပွဲများ
- သစ်ပင်နှင့် ဒီရေတောပင်စိုက်ပျိုးခြင်း၊ မြစ်ကမ်းရိုးတန်းရှင်းလင်းခြင်း၊ ကလေးပျော်နေရာများပြုလုပ်ခြင်း၊ ကျောင်း (သို့) ရပ်ရွာသီးနှံစိုက်ခင်းများ ပြုလုပ်ခြင်း၊ သစ်ခွစိုက်ခင်းများ၊ သစ်ပင်နှင့် သစ်ဆွေးမြေဩဇာများပြုလုပ်ခြင်း စသည့် ဂန်ဆောင်မှု စီမံချက်များ။ မလေးရှားနိုင်ငံရှိ စာသင်ကျောင်းတစ်ကျောင်းတွင် ကျောင်းကော်မတီသည် သစ်ပင်စိုက်ပျိုးခြင်းကို မြှင့်တင်သည့် စိမ်းလန်းမြေပြင် အသိပညာပေးလှုံ့ဆော်ပွဲကို ပြုလုပ်ပြီး ရေနုတ်မြောင်းများ ရေစီးစေရန် အမှိုက်များကို ရှင်းလင်းရန် ကျောင်းသား/သူများကို တစ်လတစ်ကြိမ် စည်းရုံးသည်။ ဒေသတွင်းပြည်သူ့လုပ်အားနှင့် ပတ်ဝန်းကျင်ဌာနမှ နည်းပညာနှင့် လုပ်အား ပံ့ပိုးပေးသည်။ နာနတ်သီး စိုက်ပျိုးခြင်းကို ကျောင်းတွင်စိုက်ပျိုးပြီး ရပ်ရွာထူထုသို့ ရောင်းချပြီးသော ဝင်ငွေရလုပ်ငန်းလည်း ထားရှိထားသည်။



လူထုအသိပညာပေးအစီအစဉ်တင်ဆက်ခြင်း

## မြန်မာနိုင်ငံတွင် အောင်မြင်ခဲ့ပြီးသော တွဲဖက်သင်ရိုးဝင်သင်ခန်းစာ

၄င်းနည်းလမ်း အချို့ကို မြန်မာနိုင်ငံတွင် အောင်မြင်စွာ အသုံးပြုပြီးဖြစ်သည်။ ၄င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ဘေးအန္တရာယ်စီမံခန့်ခွဲမှုခေါင်းစဉ်ဖြင့် ပိုစတာပြိုင်ပွဲကျင်းပပြီး အနိုင်ရရှိသည့်ပိုစတာကိုကျောင်းတွင်အသုံးပြုနိုင်သည်။
(ခ) စာစီစာကုံး၊ စကားရည်လုပွဲနှင့် ဥာဏ်စမ်းများသည် ဘေးအန္တရာယ်အကြောင်း အသိပညာပေးရန် ထိရောက်သည့် နည်းလမ်းများဖြစ်သည်။



အပြည်ပြည်ဆိုင်ရာ ဘေးလျော့ချရေးနေ့
စာစီစာကုံးပြိုင်ပွဲ



အပြည်ပြည်ဆိုင်ရာ ဘေးလျော့ချရေးနေ့
ပုံဆွဲပြိုင်ပွဲ

(ဂ) အပြည်ပြည်ဆိုင်ရာ ဘေးအန္တရာယ်လျော့ပါးရေးနေ့ကို အောက်တိုဘာလ ဒုတိယပတ် ဗုဒ္ဓဟူးနေ့တွင်ကျင်းပကြသည်။ အချို့သော ပညာပေးလုပ်ငန်းများကို ဤနေ့ကို အထိမ်းအမှတ်ပွဲအဖြစ်ပြုလုပ်ခြင်းဖြင့် ပြုလုပ်နိုင်ပြီး ဘေးအန္တရာယ် ကင်းရှင်းရေး အပတ် (သို့) လ စသည့်ဖြင့် ထိုနေ့အား ကျင်းပနိုင်သည်။
(ဃ) အခြားကြီးမားသည့် ဖြစ်ရပ်များ၏နှစ်ပတ်လည်များ၊ ၂၀၀၄ ဆူနာမီ၊ ၂၀၀၈ ဆိုင်ကလုန်းနာဂစ်၊ သမိုင်းဝင်မြေငလျင်များ စသည်တို့၏ နှစ်ပတ်လည်အထိမ်းအမှတ်ပွဲ ပြုလုပ်နိုင်သည်။

( င ) ဘေးအန္တရာယ်နှင့် ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန်များရှိသော လမ်းခင်းပြဇာတ်၊ ပုံပြောခြင်း၊ ပြဇာတ်ကခြင်း (သို့) သီချင်းဆိုခြင်း။

(စ) အမိဌာန်ပြုအခမ်းအနားကို ကျောင်းသား/သူများ၊ ဆရာ/မများမှ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးတွင် ရပ်ရွာနှင့် ကျောင်းအတွက် ပါဝင်ကြရန် ကတိကဝတ်ပြုခြင်းဖြင့် ပြုလုပ်နိုင်သည်။

(ဆ) ဓာတ်ပုံပြပွဲများ (သို့) ဘေးအန္တရာယ်စီမံခန့်ခွဲမှုအကြောင်းအရာများကို သတင်းစာများမှ ရှာဖွေပြသခြင်းကိုလည်းစီစဉ်နိုင်သည်။ ၎င်းသည် ယေဘုယျ ဘေးအန္တရာယ်စီမံခန့်ခွဲမှု (သို့) ဘေးအန္တရာယ်အမျိုးအစားတစ်ခုခုဖြစ်နိုင်သည်။

( ဇ ) ကျောင်းအဆင့်တွင် ဘေးအန္တရာယ်ပြင်ဆင်မှု အားကောင်းသော စာသင်ကျောင်း (သို့) နေရာများသို့ နေ့(သို့) ညအိပ်ခရီးထွက်နိုင်သည်။

( ဈ ) ကျောင်းပြီးချိန် ဘေးအန္တရာယ်စီမံခန့်ခွဲမှု စသည်တို့ကိုလည်း ကလေးများအကြားတွင်စိတ်ပါဝင်စားမှုမြှင့်စေရန်ပြုလုပ်နိုင်သည်။


(ည) အနီးရှိ မီးသတ်ဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းများဆောင်ရွက်နေသောNGO ထံသို့ ကျောင်းသား/သူများအား သွားရောက်လေ့လာနိုင်သည့် အစီအစဉ်ကိုလည်း ပြုလုပ်နိုင်သည်။

( ဋ ) လက်ကမ်းစာစောင်များ၊ နံရံဆေးပန်းချီ၊ သရုပ်ဖော်ပြသခြင်း၊ ဓာတ်ပုံစုဆောင်းခြင်း စသည့် ဘေးအန္တရာယ် စီမံခန့်ခွဲမှုခေါင်းစဉ်များသည်လည်း ကျောင်းသား/သူများအကြားတွင် အသိပညာတိုးစေသည့် နည်းလမ်းများဖြစ်သည်။

( ဌ ) အတွေ့အကြုံဖလှယ်ခြင်း (သို့) စာပေဟောပြောပွဲများကိုလည်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကျွမ်းကျင်ပညာရှင်များဖိတ်ကြားပြီး ပြုလုပ်နိုင်သည်။ ကျောင်းသား၊ ဆရာများမှလည်း အတိတ်မှ ဘေးအန္တရာယ်များ၊ ပြင်ဆင်မှု အတွေ့အကြုံများကို ဝေမျှပြောဆိုနိုင်သည်။

# အခန်း ၄

## ဒေါက်တိုင် (၁) အန္တရာယ်ကင်းသည့် သင်ယူမှု အထောက်အပံ့များ






ကျောင်းတွင်းဘေးဖြစ်နိုင်ခြေဆန်းစစ်ခြင်း

## ၄.၁ အန္တရာယ်ကင်းသည့် သင်ယူမှု အထောက်အပံ့များနှင့် မိတ်ဆက်ခြင်း

### ဤအခန်း၏ရည်ရွယ်ချက်

ဘက်စုံ ကျောင်းတွင်းအန္တရာယ်ကင်းရှင်းမှု (CSS) ကိုမိတ်ဆက်ပေးထားသည်။ ဤမဏ္ဍိုင်သည် စာသင်ကျောင်းများကိုသင့်တော်သည့်နေရာနှင့်ဒေသတွင်းဖြစ်တတ်သည့်အန္တရာယ်ခံနိုင်မှုနှင့်အဆောက်အအုံအန္တရာယ်ကင်းရှင်းမှုတို့အတွက်မှန်ကန်သည့်စံချိန်စံနှုန်းများအတိုင်းတည်ဆောက်နိုင်ရန်အတွက် အထူးပြုဖော်ပြထားသည်။ ဤဒေါက်တိုင်သည်တည်ရှိပြီးဖြစ်သည့်ကျောင်းများ၏ ပစ္စည်းများကိုဖော်ပြခြင်း၊ တည်ရှိနေသည့် လတ်တလောထိခိုက်လွယ်မှုများနှင့် ဘေးဖြစ်နိုင်ခြေများကို ဖော်ထုတ်ခြင်းနှင့် ၎င်းစာသင်ကျောင်းများကို ပို၍မြင့်မားသော အန္တရာယ်ခံနိုင်စွမ်းနှင့် အဆောက်အအုံလုံခြုံမှု စံချိန်စံနှုန်းများနှင့်ကိုက်ညီစေရန် ပြန်လည်ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်တည်ဆောက်ခြင်းတို့ကိုစတင်ခြင်းတို့လည်း ပါဝင်သည်။ နောက်ဆုံးတွင် ဤမဏ္ဍိုင်တွင် အဆောက်အအုံမဟုတ်သည့်အပိုင်း အန္တရာယ်ကင်းရှင်းရေးကဏ္ဍလည်းပါဝင်ပြီး အန္တရာယ်ကင်းရှင်းမှုတိုးမြှင့်စေရန် ကုန်ကျစရိတ်မရှိသော၊ နည်းပါးသော ဆောင်ရွက်မှုများအတွက်လည်း လမ်းညွှန်မှုများ ပါရှိသည်။


### ကျောင်းတာဝန်ရှိသူများမှ ဆောင်ရွက်ရန်လုပ်ငန်းများ

- အဆောက်အအုံနှင့် အဆောက်အအုံမဟုတ်သည့် အန္တရာယ်ကင်းစေမှုအခြေအနေများကို နားလည်ထားရန်နှင့် အန္တရာယ်ကင်းစေသည့် သင်ကြားမှုနေရာဖြစ်စေရန်အတွက် ဆောင်ရွက်ရန်လိုအပ်သည့် နေရာများ၊ ပတ်ဝန်းကျင်များကို သိရှိနားလည်ထားရန်။
- ပထမဦးဆုံးအကြိမ်တွင် အဆောက်အအုံအား မှန်ကန်သည့်နေရာရွေးချယ်ခြင်းနှင့် အန္တရာယ်ကင်းသောတည်ဆောက်မှု စံချိန်စံနှုန်းများဖြင့်တည်ဆောက်ခြင်း၏ အကျိုးကျေးဇူးများသည် အရေးကြီးကြောင်းကိုသိရှိထားရန်။
- စာသင်ကျောင်းဆောင်သစ်အတွက် အဆိုပြုလွှာရေးရာတွင်အစပြုရန်အတွက် ကျောင်းအုပ်ဆရာ/မများစာသင်ကျောင်းထိန်းသိမ်းသူများ၏ တာဝန်များနှင့် တည်ဆောက်နေချိန်အတွင်းတွင် သေချာကြည့်ကြပ် စောင့်ကြည့်ရန် လိုအပ်မှုကို သိရှိနားလည်ထားရန်။
- အန္တရာယ်ကင်းစေရေး ကဏ္ဍ အားလုံးအတွက် စာသင်ကျောင်း၏ ထိခိုက်လွယ်မှုများကို ရှာဖွေခြင်းနှင့် သုံးသပ်ခြင်းသည် အရေးကြီးကြောင်းကို သိရှိနားလည်ထားရန်။
- စာသင်ကျောင်းများကို ပြန်လည်ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်တည်ဆောက်ခြင်း စတင်ဆောင်ရွက်ရန် တာဝန်ရှိသူများကဏ္ဍကို သိရှိထားရန်။
- စာသင်ကြားရေး အထောက်အပံ့ပစ္စည်းများအတွင်းတွင် ထိခိုက်လွယ်သူအုပ်စုတို့အတွက် လွယ်ကူစွာသွားလာနိုင်သော လမ်းနှင့်ရွေ့လျားမှုဆိုင်ရာအသုံးအဆောင်ပစ္စည်းများအထူးလိုအပ်ချက်များကိုသိရှိနားလည်ထားရန်။

## ၄.၂ အသုံးပြုလျက်ရှိသောစာသင်ကျောင်းများ၏ အန္တရာယ်ကင်းရှင်းမှုကို ကြည့်ရှုသုံးသပ်ခြင်း

ဤအခန်း၏ရည်ရွယ်ချက်

အသုံးပြုလျက်ရှိသော စာသင်ကျောင်းများမှာ ဘေးဖြစ်နိုင်ခြေရှိပြီး အန္တရာယ်ကင်းရှင်းမှု စံချိန်စံနှုန်းများနှင့် မကိုက်ညီကြောင်း လေ့လာတွေ့ရှိထားသည်ဖြစ်ရာ ဤသင်ခန်းစာသည် ကျောင်းတာဝန်ရှိသူများနှင့် ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ လက်ရှိစာသင်ကျောင်းအဆောက်အအုံများ၊ ၄င်းတို့၏ပတ်ဝန်းကျင်များကိုအဆောက်အအုံပိုင်းနှင့်အဆောက်အအုံမဟုတ်သည့်အပိုင်းတို့ အန္တရာယ်ကင်းရှင်းစေမှုတိုးတက်ရေး စီစဉ်ဆောင်ရွက်ရာတွင် လမ်းညွှန်ပံ့ပိုးထားသည်။ ဤအခန်းသည် အခန်း ၂.၃ မှ ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲခြင်းမှ လမ်းညွှန်းချက်များကို အသုံးပြုပြီး ကျောင်းအဆင့်တွင် အန္တရာယ် ထိခိုက်လွယ်မှုများနှင့် ဘေးဖြစ်နိုင်ခြေများကို ဆန်းစစ်လေ့လာရန်အတွက် ပြုစုရေးသားထားသည်။



ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်ရှိ အန္တရာယ်များ ဆန်းစစ်ခြင်း

### ကျောင်းအဆင့်တွင် ကျောင်းတာဝန်ရှိသူတို့မှ ဆောင်ရွက်ရန်လုပ်ငန်းများ

- အခန်း (၂.၃) မှ ကနဦး ဆန်းစစ်လေ့လာမှုကို အသုံးပြု၍ ဤအခန်းသည် ကျောင်းအုပ်ထိန်းရေး အဖွဲ့တို့အား နည်းပညာအဖွဲ့၏ ပံ့ပိုးကူညီမှုကို ရယူကာ အဆောက်အအုံပိုင်း၊ အဆောက်အအုံ မဟုတ်သည့်အပိုင်းနှင့် ကျောင်းအဆောက်အအုံများ အန္တရာယ်ကင်းစေမှုကို ဆန်းစစ်လေ့လာရန်အတွက် ပံ့ပိုးထားသည်။
- ကျောင်းအုပ်နှင့် ကျောင်းအုပ်၏အဖွဲ့မှ ကနဦးအလျင်ဆန်းစစ်လေ့လာမှုဆောင်ရွက်နေချိန်တွင်ပိုမိုအသေးစိတ်ပြီး တင်းကျပ်သည့် ဆန်းစစ်လေ့လာမှုကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရမှ နည်းပညာရှင်များ (သို့) မိဘဆရာအသင်းအဖွဲ့ဝင်များ (သို့) ကျောင်းအကျိုးတော်ဆောင်များအား ပေးထားသော ဆောင်ရွက်ရန် မေးခွန်းများကို အသုံးပြုပြီး ဆန်းစစ်ရန် လိုအပ်မည်ဖြစ်သည်။
- ပေးထားသော ဆောင်ရွက်ရန် မေးခွန်းစာရင်းကို အသုံးပြုပြီး ဤအန္တရာယ်ကင်းစေရေးအတွက် နေရာ၊ မြေ၊ အဆောက်အအုံ၏သက်တမ်း၊ MNBC ကြားကာလနှင့် ကိုက်ညီမှုရှိ/မရှိ၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး စနစ်၊ အမြင့်၊ ပုံစံ၊ ရေတိုက်စားခြင်း စသည်တို့ကို ဆန်းစစ်လေ့လာမှု ပြုလုပ်ပါ။ မြေငလျင်နှင့် ဆူနာမီဖြစ်သည့်အချိန်တွင်ပို၍ အသေးစိတ်ကျသည့် ဆန်းစစ်လေ့လာမှု ပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။
- လေ့လာတွေ့ရှိချက်များကို ကျောင်းအကျိုးတော်ဆောင်တို့နှင့်ညှိနှိုင်းဆွေးနွေးမှုများအရဖြစ်နိုင်ခြေနှင့်အန္တရာယ်ရှိသည့် အခြေအနေနှင့် ကြုံတွေ့ပါက အန္တရာယ်မကင်းသည့် အဆောက်အအုံများအား ပြင်ဆင်ရန်၊ ဖြည့်စွက်တည်ဆောက်ရန်နှင့် ပြန်လည်တည်ဆောက်ရန်အတွက် အခန်း (၄.၄)နှင့် (၄.၅)တွင် ရှင်းလင်းဖော်ပြထားသော ပုံစံများကို အသုံးပြုပြီး DBE ဌာနသို့ အကြံပြုတင်ပြသွားရမည်။

## ကျောင်းအန္တရာယ်ကင်းရှင်းရေး ဆန်းစစ်လေ့လာမှု အဆိုပြုချက်

စာသင်ကျောင်းပံ့ပိုးမှု ပစ္စည်းများအတွက် အသေးစိတ်ကျသည့် ထိခိုက်လွယ်မှု ဆန်းစစ်လေ့လာမှုကို အောက်ပါတို့အတွက် ပြုလုပ်ပါသည်။

- ဒေသတွင်းဖြစ်လေ့ရှိသည့် အန္တရာယ်တို့မှ အဆောက်အအုံပိုင်းဆိုင်ရာ ထိခိုက်လွယ်မှုများကိုတွေ့ရှိဖော်ထုတ်ရန်။
- အဆောက်အအုံအား ဖြည့်စွက်တည်ဆောက်ရန်လည်းကောင်း၊ အသစ်ပြန်လည်တည်ဆောက်ရန်လည်းကောင်း လိုအပ်ချက်ကို ဆုံးဖြတ်ရန်။
- အဆောက်အအုံသည် အန္တရာယ်မှ လွတ်ကင်းနိုင်ရန် သင့်လျော်သည့် ဖြည့်စွက်တည်ဆောက်မှု နည်းဗျူဟာကို အကြံပြုရန်။

လုပ်ငန်းစဉ်သည် ဦးစားပေး ဆောင်ရွက်ရန်အတွက် ကနဦးဆန်းစစ်လေ့လာမှုဖြင့် စတင်ပြီး နေရာဆန်းစစ်လေ့လာမှုနှင့် အဆောက်အအုံပိုင်း အသေးစိတ်ဆန်းစစ်လေ့လာမှုတို့ကို ဆောင်ရွက်သည်။ နေရာဆန်းစစ်လေ့လာမှုနှင့်အဆောက်အအုံပိုင်း ဆန်းစစ်လေ့လာမှုကို တပြိုင်နက် ပြုလုပ်နိုင်သည်။ နောက်ဆုံးအနေဖြင့် အခန်း (၄.၄) တွင်ဖော်ပြထားသော ဒီဇိုင်းပုံစံ၊ စီစဉ်ခြင်းနှင့် ဖြည့်စွက်တည်ဆောက်မှု အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ဖြင့် အဆုံးသတ်ရန်ဖြစ်သည်။

## ကျောင်းအဆောက်အအုံများ အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန်စာရင်း

စာသင်ကျောင်းများ၏ ထိခိုက်လွယ်မှုကို စုံစမ်းစစ်ဆေးရန်နှင့် အဆောက်အဦးပိုင်း စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် ထပ်မံလိုအပ်သည့် အဆောက်အအုံနှင့် အဆောက်အအုံမဟုတ်သည့်အပိုင်းတို့၏ အန္တရာယ်ကင်းရှင်းရေးကို ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီပေးနိုင်ရန် ဆောင်ရွက်ရန်စာရင်းများကို ကဏ္ဍအလိုက် ဤနေရာတွင် ဖော်ပြပေးထားပါသည်။ သင့်အနေဖြင့်ဤဆန်းစစ်လေ့လာမှုကို ဆောင်ရွက်ရာတွင် ကျွမ်းကျင်သည့် အင်ဂျင်နီယာ (သို့) ဗိသုကာပညာရှင်၏ အကူအညီကို လိုအပ်နိုင်သည်။ သင်၏အဆောက်အအုံတွင် ၄င်းအခြေအနေတစ်ခုခုရှိနေပါက သင့်အနေဖြင့် အင်ဂျင်နီယာ ကျွမ်းကျင်ပညာရှင်၏အကူအညီဖြင့် စုံစမ်းစစ်ဆေးရန်လိုအပ်မည်။ ၄င်းအခြေအနေများကြောင့် အဆောက်အအုံ၏ အန္တရာယ်ကင်းရှင်းမှု အနေအထားသည် ဘေးဖြစ်နိုင်ခြေ ဖြစ်သွားနိုင်သည်။

### ၁။ တည်နေရာနှင့် မြေသား

- ရွှံ့ဗွက်ဆန်သောမြေ
- ပြတ်ရွေ့ကြောပေါ် (သို့) အနီး
- မတ်စောက်သောကမ်းပါး
- မြေပြိုနိုင်သည့် အောက် (သို့) အပေါ်တည့်တည့်
- ရေမြုပ်နိုင်သည့်နေရာ (သို့) စမ်းချောင်းဘေး
- အဆောက်အအုံ မတည်ဆောက်ခင် မြေသားကို ကျစ်လစ်မှုရှိအောင်မလုပ်ခဲ့ခြင်း

### ၂။ အဆောက်အအုံ၏ သက်တမ်းနှင့် အဆောက်အအုံညွှန်းကိန်းများ

- အဆောက်အအုံ စံသတ်မှတ်ချက်များ မချမှတ်ခင်တွင် တည်ဆောက်ခဲ့ခြင်း
- အဆောက်အအုံ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိဘဲ တည်ဆောက်ထားခြင်း
- အဆောက်အအုံ စံသတ်မှတ်ချက်များသည် သင်ကြုံတွေ့ရသည့် အန္တရာယ်များနှင့် မဆီလျော်ခြင်း

## ၃။ အဆောက်အအုံ ကြံ့ခိုင်မှု စနစ်များ

- အင်္ဂတေအဆောက်အအုံအား တဆက်တည်းမဟုတ်သော၊ မညီညာသော ၊အရည်အသွေးညံ့သော ပစ္စည်းများဖြင့် ဆက်သွယ်ထားခြင်း/ပံ့ပိုးထားခြင်း
- မြေငလျင်ကာကွယ်ရန် ရက်မချုပ်တန်းများ မပါရှိသော ပန်းရံ၊ ကျောက်၊ နေကျက်ရွှံ့ (အုတ်)
- ဒေါင်လိုက်၊ အလျားလိုက် ပံ့ပိုးမှုမရှိသော (အုတ်) နေကျက်ရွှံ့ဖြင့် တည်ဆောက်ခြင်း
- ကန့်လန့်ဖြတ်နံရံများ၊ ပြတင်းပေါက်ငယ်များနှင့် အဖွင့်တံခါးများမရှိသော အင်္ဂတေအဆောက်အအုံ

## ၄။ အဆောက်အအုံအမြင့်

- အရည်အသွေးညံ့သော (၄) ထပ်နှင့် အထက် အင်္ဂတေအဆောက်အအုံ
- အင်္ဂတေပံ့ပိုးမှုမရှိသော (၂) ထပ်နှင့် အထက် အဆောက်အအုံ

## ၅။ ဒီဇိုင်းပုံစံ

- အထပ်များသည် တူညီသည့် အမြင့်ရှိသော်လည်း ထွက်ပေါက်အရွယ်အစားများနှင့် နေရာများ မတူညီခြင်း
- အထပ်များသည် မတူညီသည့် အမြင့်များရှိခြင်း
- ရှည်လျားပြီး ကျဉ်းမြောင်းသည့် ထောင့်မှန်စတုဂံအဆောက်အအုံ
- “L” , “H”, “T” ပုံသဏ္ဍာန် (သို့) သီးသန့် ချိန်ဆက်ထားမှုမရှိသော ကန့်လန့်ဖြတ်ပုံစံ အဆောက်အအုံများ
- အဆောက်အအုံအတွင်းနှင့် အပြင်ဘက်တွင် ရေများ အလွယ်တကူ မစီးဆင်းနိုင်သော အဆောက်အအုံ

## ၆။ အဆောက်အအုံ အသေးစိတ်အချက်များ (အင်္ဂတေဖြည့်စွက်တည်ဆောက်ခြင်း)

- ရက်မနှင့် တိုင်များတွင်မသင့်လျော်သောသံချောင်းများသုံးထားခြင်းနှင့် သံချောင်းများအားလျှော့ဆက်ထားခြင်း
- ၁၃၅ ဒီဂရီနှင့် မနီးစပ်သော ကန့်လန့်ဖြတ် သံမဏိ
- မသန့်သော သဲနှင့် ကျောက်များဖြင့်ပြုလုပ်ထားသော အင်္ဂတေအရောများ
- လေခိုပေါက်များ မဖယ်ခဲ့သော အင်္ဂတေ
- အဆောက်အအုံနှင့် ခိုင်ခံ့စွာမချည်နှောင်ထားသောအမိုး

## ၇။ ရေကြောင့် ပျက်စီးခြင်း

- အမိုးမှ အဆောက်အအုံအတွင်းသို့ မိုးရေယိုစိမ့်ခြင်း
- အဆောက်အအုံအတွင်း စိုထိုင်းနေခြင်း (သို့) အနံ့ရှိခြင်း

မူရင်း ။ ။ ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ Save the Children ပညာရေး ပံ့ပိုးမှုလက်စွဲ၊ ပညာရေးဝန်ကြီးဌာန၊ ဖိလစ်ပိုင်နိုင်ငံ။

## ၄.၃ ကျောင်းတွင်း အဆောက်အအုံပိုင်းဆိုင်ရာမဟုတ်သည့်အပိုင်း အန္တရာယ်ကင်းရှင်းရေး

### ဤအခန်း၏ရည်ရွယ်ချက်

ဤအခန်း၏ ရည်ရွယ်ချက်သည် အဆောက်အအုံတည်ဆောက်ထားမှု၊ တည်ငြိမ်မှုတို့နှင့် မသက်ဆိုင်ဘဲ အခြားအန္တရာယ်ကာကွယ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း ကဏ္ဍများကို ဖော်ပြသွားမည်ဖြစ်သည်။ ၄င်းတို့တွင် မီးဘေးလုံခြုံရေး၊ ရေဆိုးနှင့် တကိုယ်ရေသန့်ရှင်းရေး၊ အမှိုက်ပစ်စနစ်၊ စာသင်ခန်းထွက်ပေါက်များ၊ ခန်းမများ၊ လျှပ်စစ်မီးစနစ်များ၊ ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများ စသည်တို့ပါဝင်သည်။ ဤအခန်းသည် ကျောင်းတာဝန်ရှိသူများအား ၄င်းအန္တရာယ်များကိုဖော်ထုတ်ရန်၊ အာရုံစိုက်စေရန်နှင့် ကြိုတင်ကာကွယ်မှုစနစ်များထားရှိခြင်း၊ ကျောင်းသား/သူများအား အန္တရာယ် ရှာဖွေဖော်ထုတ်ခြင်းနှင့် ကြိုတင်ကာကွယ်မှုများတွင် ပါဝင်စေခြင်းတို့ကို ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီပေးနိုင်မည်ဖြစ်သည်။

**အဆောက်အအုံပိုင်းမဟုတ်သည့်အပိုင်း အန္တရာယ်ကင်းရှင်းရေးတွင် ကျောင်းအဆင့်မှ ကျောင်းတာဝန်ရှိသူများဆောင်ရွက်ရန်**

- အဆောက်အအုံပိုင်းမဟုတ်သည့်အပိုင်း အန္တရာယ်ကင်းရှင်းရေးကဏ္ဍကို နားလည်ထားရန်နှင့် ဂရုမပြုခြင်းသည် ကြီးမားသည့်အန္တရာယ်များ၊ ထိခိုက်ဒဏ်ရာရမှုများနှင့် သေဆုံးမှုများ၏ အကြောင်းရင်းဖြစ်ကြောင်းကို နားလည်ရန်။
- မီးဘေးကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်ရေး၊ မီးလောင်လွယ်သည့်ပစ္စည်းများနှင့် ပေါက်ကွဲစေတတ်သည့်ဓာတုပစ္စည်းများ သိုလှောင်ထားရှိခြင်း၊ အန္တရာယ်ကင်းပြီး သန့်ရှင်းသည့်ရေပံ့ပိုးမှုနှင့် မိလ္လာစနစ်ထားရှိခြင်း၊ အမှိုက်ကို သီးသန့်စုပေါင်းခြင်းနှင့် ပုံမှန်စွန့်ပစ်ခြင်းကိုကြည့်ရှုစစ်ဆေးရန် အဆောက်အအုံနှင့် ၄င်း၏ ပတ်ဝန်းကျင်များကို စစ်ဆေးခြင်း။
- မြေငလျင်နှင့် ဆိုင်ကလုံးဒဏ် ကျရောက်နိုင်သည့်နေရာများတွင် ပရိဘောဂများ၊ ဗီရိုများ၊ စင်များနှင့် အခြားရွေ့လျားနိုင်သော (သို့) ခိုင်ခံ့စွာမချည်နှောင်ထားသော အသုံးဆောင်ပစ္စည်းတို့သည် အန္တရာယ်ရှိပြီး လုံခြုံမှုရှိစေရန်အတွက် ထိရောက်စွာစီစဉ်ထားရန် လိုအပ်ကြောင်းကို သိရှိနားလည်ရန်။
- အန္တရာယ်ရှာဖွေသည့် နည်းစနစ်ကို အဖွဲ့လိုက်အသုံးပြုပြီး အန္တရာယ်ရှာဖွေဖော်ထုတ်သည့် လေ့ကျင့်ခန်းများတွင် ကလေးများကို ပါဝင်စေခြင်း။
- အန္တရာယ်ရှာဖွေဖော်ထုတ်ခြင်း ပြီးဆုံးခြင်း ရှိ/မရှိကို ဤအခန်းအောက်တွင်ပေးထားသောဆောင်ရွက်ရန်စာရင်းကို အသုံးပြုပါ။
- တွေ့ရှိဖော်ထုတ်ထားသော အန္တရာယ်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် စီစဉ်ပြီး ကျောင်းသား/သူအဖွဲ့ဝင်များနှင့် ကျောင်းလူထုတို့မှ ကြိုတင်ပြင်ဆင်ခြင်းနှင့် စနစ်များကို အသုံးပြုထားရှိခြင်းသည် အရေးကြီးကြောင်းကို သိရှိစေရန် ဆောင်ရွက်ရန်။

## အဆောက်အအုံပိုင်းမဟုတ်သည့်အပိုင်း အန္တရာယ်ကင်းရှင်းရေးသည် ဘာကြောင့် အရေးကြီးသလဲ၊ တိုးတက်အောင်ဘယ်လို ဆောင်ရွက်မလဲ

အဆောက်အအုံပိုင်းမဟုတ်သည့် အပိုင်းများသည် အဆောက်အအုံအတွင်း (သို့) အဆောက်အအုံစနစ်နှင့်ချိတ်ဆက်သည့် အရာများဖြစ်သည်။ သို့ရာတွင် အဆောက်အအုံတည်ဆောက်မှုစနစ်၏ အစိတ်အပိုင်းများ မဟုတ်ပါ။

- ဗိသုကာပိုင်းဆိုင်ရာ အစိတ်အပိုင်းများ။ ဥပမာ - အမိုးဒူးပိတ်၊ အမိုးနှင့် ကပ်လျက်ဆောက်ထားသော ထပ်ခိုးများ၊ ဖြည့်စွက်အခန်းများ၊ အလှဆင်ပစ္စည်းများ၊ သစ်ပါးလွှာ၊ အဆောက်အဦးနံရံကို ထပ်အုပ်ထားသော အကာ၊ ဘေးထုတ်ထားသောမျက်နှာကြက်များ၊ ကြော်ငြာဘုတ်များ စသည်တို့ဖြစ်သည်။
- စက်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများ။ ဥပမာ - ရေနွေးစက်များ၊ သိုလှောင်တိုင်ကီများ၊ ပိုက်လိုင်းများ၊ မီးဘေးကာကွယ်ရေးစနစ်များ။
- လျှပ်စစ်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများ။ ဥပမာ - လျှပ်စစ်မော်တာများ ၊ မီးသီး ပစ္စည်းများ၊ ကွန်ပျူတာနှင့် အချက်အလက် ထိန်းသိမ်းသည့် စနစ်များ။
- ပရိဘောဂနှင့် ပါဂင်ပစ္စည်းများ။ ဥပမာ - ဗီရိုများ၊ ဆိုဖာ၊ ကွန်ပျူတာ၊ စင်များ၊ နံရံကပ်ဗီရိုများ၊ ပန်းချီကားများ စသည်။
- လမ်းအန္တရာယ်ကင်းရှင်းရေး။
- ရေ၊ မိလ္လာနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အသုံးအဆောင်များ။
- စွန့်ပစ်ရေနှင့် အမှိုက်စွန့်ပစ်မှု နည်းလမ်းများ။
- မီးဘေးကာကွယ်ရေးနှင့် အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန်များ။

## အဆောက်အအုံမဟုတ်သည့်အပိုင်းများနှင့် သက်ဆိုင်သည့် ဘေးဖြစ်နိုင်ခြေ

- အဆောက်အအုံအတွင်းနေထိုင်သူများ အသက်ဆုံးရှုံးခြင်း (သို့) ထိခိုက်ဒဏ်ရာရခြင်း။
- ပစ္စည်းများ ဆုံးရှုံးခြင်း၊ အထူးသဖြင့် စီးပွားရေး အဆောက်အအုံများ ( အဆောက်အအုံတစ်ခုလုံး၏ တန်ဖိုးထက် ၇၅ % မြင့်ခြင်း)
- အသက်ကယ်စနစ်များ ထိခိုက်ပျက်ဆီးခြင်း (သို့) အလုပ်မလုပ်တော့ခြင်း။ ဥပမာ- မီးဘေးကာကွယ်ရေးစနစ်များ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ကြေးနန်းဇဟိုဌာန။

## အဆောက်အအုံမဟုတ်သည့်အပိုင်း ဆန်းစစ်လေ့လာခြင်း

အခန်း ၂.၃ တွင် ရွေ့လျားမှုကြောင့် ဘေးဖြစ်နိုင်ခြေရှိသော အဆောက်အအုံအပိုင်းကို နံရံများတွင် ခိုင်ခံ့စွာချည်နှောင်ထားရန် ဖော်ပြခဲ့ပြီးဖြစ်သည်။ ၄င်းအပြင် အောက်တွင် ဖော်ပြထားသည့်အချက်များသည် အဆောက်အအုံ မဟုတ်သည့်အပိုင်း အန္တရာယ်ကင်းရှင်းစေရေးအတွက် ထပ်မံ စစ်ဆေးရန် ဖြစ်သည်။

- ကျောင်းပရပုဏ်အတွင်းရှိ မိုးကြိုးပစ်နိုင်သော သစ်ပင်အမြင့်များ၊ ကျောင်းမြေကို ဖြတ်သွယ်ထားသော လျှပ်စစ်ဓာတ်ကြိုးများ၊ (လေထန်ခြင်း (သို့) ရေကြီးခြင်းကြောင့် အန္တရာယ်ပေးနိုင်သော) သစ်သားလျှပ်စစ်မီးတိုင်များနှင့် ကလေးများအား အန္တရာယ်ဖြစ်စေနိုင်သော ရေတွင်းဂများ၊ ရေကန်များကို ရှာဖွေဖော်ထုတ်ပါ။
- စာသင်ကျောင်း၏ ခြံစည်းရိုး/အကာများကို ဆန်းစစ်ပါ။ ခြံစည်းရိုး သေချာကာရန်ထားခြင်း မရှိလျှင် တိရစ္ဆာန်များဂင်ရောက်ပြီး ကလေးများကို အန္တရာယ်ပြုနိုင်သည်။ သွပ်ဆူးကြိုးများသည်လည်း ဒဏ်ရာ အနာတရ ဖြစ်စေနိုင်သည်။

- လက်ရန်း၊ အမိုးများကို စစ်ဆေးပါ။ မလိုအပ်သည့် အန္တရာယ်များကို လျှော့ချရန် အပေါ်ဆုံးထပ်နှင့် လှေကားရှိ လက်ရန်းများကိုစစ်ပါ။ CGI သွပ်မိုးသည် မိုးပြင်းထန်ခြင်းကြောင့်အမိုးပျက်စီးခြင်းနှင့်လွင့်စင်ခြင်းတို့မှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ လက်ရန်းမရှိသောလျှောက်လမ်းသည် မသန်စွမ်းသူများအတွက် အခက်အခဲဖြစ်စေနိုင်သည်။
- လက်နိပ်ရေတုံကင်များပတ်လည်တွင် မကြာခဏ ချော်လဲမှုများဖြစ်နိုင်သောကြောင့်လက်ရန်းများရှိမရှိစစ်ဆေးပါ။
- ကစားကွင်းအား စစ်ဆေးပါ။ ရေနုတ်မြောင်းများနှင့် ရွှံ့ထူထပ်နေသောရေနုတ်မြောင်းများသည် ကလေးများအား ချော်လဲစေနိုင်ပြီးမြွေအန္တရာယ်ရှိနိုင်ပါသည်။ ခြုံထူထပ်နေသော မြေပြင်နှင့်စွန့်ပစ်ပစ္စည်းများ စုပုံနေခြင်းသည်ကြွက်နှင့် အခြားသော ပိုးမွှားများကို ပေါ်များစေသည်။
- ပြတင်းပေါက်များတွင် သံတိုင်အကာများ ရှိ/မရှိနှင့် တံခါးပေါက်များအား အပြင်သို့ ဖွင့်၍ ရ/မရ စစ်ဆေးပါ။ တံခါးပေါက်များအား အပြင်သို့ ဖွင့်၍ ရခြင်းသည် အရေးပေါ်အခြေအနေတွင် ကယ်ဆယ်ရေးပြုလုပ်ရာ၌ပိုမိုလွယ်ကူစေသည်။
- ကွန်ပျူတာအသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့်လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ နေရာချထားမှုနှင့် ၎င်းတို့၏အခြေအနေကို ဆန်းစစ်ပါ။ မြေငလျင်နှင့်ပြင်းထန်သောလေပြင်းမုန်တိုင်းတိုက်ခတ်ချိန်တွင် ပြုတ်ကျခြင်း၊ လျောကျခြင်းတို့ကြောင့် အန္တရာယ်မဖြစ်စေရန် နံရံတွင် ခိုင်ခံ့စွာ တပ်ဆင်ထားမှု ရှိ/မရှိ စစ်ဆေးပါ။
- အခန်းတိုင်းသည် အဝင်/အထွက် အပေါက်နှစ်ခု ရှိ/မရှိ ( အရေးအပေါ်အခြေအနေအတွက်စစ်ပါ။ စာသင်ကျောင်းများတွင် အခြားဂိတ်ပေါက်များ အခြားတစ်ဖက်တွင် (အဝင်နှင့် အထွက်) ရှိ/မရှိ စစ်ပါ။ ဂင်ပေါက်နှင့်ထွက်ပေါက်တို့သည် ဘေးကင်းစွာ သွားလာထွက်ခွာနိုင်ရန်အတွက် အဆောက်အအုံ၏ အဝေးတွင် ထားရှိသင့်သည်။
- စားပွဲခုံများနှင့် ထိုင်ခုံရှည်များ၏ အခြေအနေနှင့် အနေအထားကိုစစ်ပါ။ ဆက်ထားသည့် စားပွဲခုံများနှင့် ထိုင်ခုံရှည်များသည် ဂပ်-ကာ-ကိုင် လေ့ကျင့်ခန်း ပြုလုပ်ချိန်နှင့် အရေးပေါ်အခြေအနေတွင် စာသင်ခန်းအတွင်းမှ ထွက်ခွာချိန်တွင် ထိခိုက်မှုဖြစ်စေနိုင်သည်။
- စာသင်ကျောင်း အဆောက်အအုံများ၏ အုတ်ဖိနပ်၊ အိမ်သာများ၊ အဂီစိတွင်းတို့၏ အမြင့်သည် ရေလွှမ်းမိုးခြင်း၊ ရေဝပ်ခြင်းအခြေအနေတို့မှ လွတ်ကင်းနိုင်ရန် လုံလောက်သည့်အမြင့်ရှိစေရန်စစ်ပါ။ လုံလောက်သည့်အမြင့်အနေအထားမရှိပါက အဆောက်အအုံအား ထပ်မံဖြည့်စွက်တည်ဆောက်ခြင်း (သို့) ရေကာနံရံများ တည်ဆောက်ခြင်း (သို့) အပျက်အဆီး၊ ဆုံးရှုံးမှုတို့ လျော့နည်းစေရန် ရေနုတ်မြောင်းများထားရှိခြင်းတို့ ပြုလုပ်နိုင်သည်။
- စာသင်ခန်းအတွင်းနှင့် ရေနှင့်သန့်ရှင်းရေးအသုံးအဆောင်များအား မသန်စွမ်းကလေးများ လက်လှမ်းမှီနိုင်ရန်ဆင်ခြေလျှောလမ်း ထားရှိထားခြင်း ရှိ/မရှိစစ်ပါ။
- မိန်းကလေး/ယောကျ်ားလေးများအတွက် အိမ်သာသီးသန့်စီ ထားရှိထားခြင်း ရှိ/မရှိ စစ်ပါ။
- အိမ်သာသို့ သွားရာလမ်းသည် အမိုးအကာ ရှိ/မရှိ စစ်ပါ။
- စာသင်ကျောင်း အဆောက်အအုံများသည် လေတိုက်ခြင်း၊ အပူဒဏ်နှင့် တောင်ဘက်မှ စာသင်ခန်းအတွင်းသို့ နေရောင်ခြည်တိုက်ရိုက်ဝင်ရောက်ခြင်းမှ ကာကွယ်ရန် မြောက်ဘက်သို့ မျက်နှာမူထားခြင်း ရှိ/မရှိ စစ်ပါ။

(မူရင်း Plan နီပေါနိုင်ငံ လမ်းညွှန်စာအုပ်)

## ၄.၄ အသုံးပြုလျက်ရှိသော အန္တရာယ်မကင်းသည့်စာသင်ကျောင်းများအား ပြန်လည်ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်တည်ဆောက်ခြင်း ဆောင်ရွက်ရန်အစီအစဉ်

### ဘေးအန္တရာယ်ကင်းရှင်းမှု မရှိသော ကျောင်းများအား ပိုမိုခိုင်ခန့်အောင် ပြင်ဆင်ခြင်း

### ဤအခန်း၏ရည်ရွယ်ချက်

ဤအခန်းသည် ကျောင်းတာဝန်ရှိသူများအား စာသင်ကျောင်းအသစ်များနှင့် အသုံးပြုလျက်ရှိသော စာသင်ကျောင်းတို့၏ အဆောက်အအုံပိုင်းဆိုင်ရာအန္တရာယ်ကင်းစေရေးနှင့် ၎င်း၏အရေးကြီးပုံကို သုံးသပ်နိုင်စေရန်အထောက်အကူဖြစ်စေသည်။ အခန်း (၄.၂) တွင် ဖော်ပြထားသော အဆောက်အအုံပိုင်း အန္တရာယ်ကင်းစေရေး ဆန်းစစ်လေ့လာချက်ကို အသုံးပြုထားပြီး ဤအခန်းသည် ကျောင်းတာဝန်ရှိသူတို့အား ပြန်လည်ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်တည်ဆောက်ရာတွင် မည်သို့ဆောင်ရွက်သင့်ကြောင်းကို လမ်းညွှန်ထားသည်။ ၎င်းတွင် ကျောင်းအဆင့်တွင်ဆောင်ရွက်ရန်ဖြစ်ပြီး စာသင်ကျောင်းများကိုအန္တရာယ် ဘေးဒဏ်ခံနိုင်စွမ်းနှင့် အဆောက်အအုံပိုင်းဆိုင်ရာ အန္တရာယ်ကင်းရှင်းစေရေးအတွက် လိုအပ်သော စံချိန်စံနှုန်းများရှိစေရန် နည်းပညာရှင်နှင့် အရင်းအမြစ်များတောင်းခံခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ ဆန်းစစ်လေ့လာမှု၏ အဖြေမှ အဆောက်အအုံသည် အန္တရာယ်မကင်းကြောင်းသိရှိလျှင် ဤအခန်းမှ အကြံပြုလိုသည်မှာ ပညာရေးဝန်ကြီးဌာနမှ စတင်ဆောင်ရွက်ရန်ဖြစ်သည်။

### ကျောင်းအဆင့်၌ ကျောင်းတာဝန်ရှိသူတို့မှ ဆောင်ရွက်ရန်လုပ်ငန်းများ

- အဆောက်အအုံပိုင်းဆိုင်ရာ အန္တရာယ်ကင်းရှင်းရေးနှင့် အန္တရာယ်တစ်ခုစီအတွက်ဘေးဖြစ်နိုင်ခြေရှိသောမြန်မာနိုင်ငံ အမျိုးသားအဆောက်အအုံအမှတ် နံပါတ်များကို နားလည်ထားရန်။
- အခြေခံ ပညာဦးစီးဌာနမှ ပံ့ပိုးထားသော လမ်းညွှန်ချက်ပုံစံများ၊ အန္တရာယ်တစ်ခုချင်းစီအလိုက် ထပ်မံဖြည့်စွက်မှုများ၊ ပညာရေးဝန်ကြီးဌာနနှင့် ကျောင်းတည်ဆောက်ရေးလုပ်ငန်းအဖွဲ့ခွဲတို့မှ ရေးသားပြုစုထားသော အန္တရာယ်ကင်းသည့် ကျောင်းတည်ဆောက်ရေးလမ်းညွှန်ချက်များကို သိရှိကျွမ်းဝင်အောင်ဆောင်ရွက်ထားရန်။
- အခန်း (၄.၂) မှ ဆန်းစစ်လေ့လာမှုကို အသုံးပြုပြီး အန္တရာယ်ကင်းစေရေး စံချိန်စံနှုန်းများနှင့် ပြန်လည်ပြင်ဆင်ခြင်းနှင့် ဖြည့်စွက် တည်ဆောက်ခြင်းတို့ ဆောင်ရွက်ခြင်းသည် မည်မျှ အကျိုးရှိမည်ကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ညှိနှိုင်းဆုံးဖြတ်ပါ။
- ဒေသအတွင်းတွင် စာသင်ကျောင်းနှင့် ဆက်စပ်မှုရှိသော နည်းပညာရှင်များနှင့် အရင်းအမြစ်များအသုံးပြု၍ လုပ်ငန်းစတင်ဆောင်ရွက်ပါ။
- ဆန်းစစ် လေ့လာချက်သည် အန္တရာယ်နှင့် ဘေးဖြစ်နိုင်ခြေ မြင့်မားကြောင်း ထွက်ရှိလာလျှင် အနီးဆုံးရှိ မြို့ပြ/ အဆောက်အအုံ အင်ဂျင်နီယာ၊ မြို့ပြစီမံကိန်း (သို့) ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ အင်ဂျင်နီယာများအား ဖိတ်ခေါ်ပြီး ဒုတိယအကြိမ်အနေဖြင့် အတည်ပြုရမည်ဖြစ်သည်။
- အခြေခံပညာဦးစီးဌာနပုံစံကို အသုံးပြုပြီး ပြုပြင်ထိန်းသိမ်းရန်၊ ပြုပြင်ရန်နှင့်ဖြည့်စွက်တည်ဆောက်ရန်အတွက် အထူးအဆိုပြုလွှာကိုပြုစုပါ။(သို့)အန္တရာယ်ရှိသော အဆောက်အအုံအားပြန်လည်တည်ဆောက်နိုင်ရန်အတွက် တောင်းဆိုပါ။
- ဖြည့်စွက်တည်ဆောက်ခြင်းသည် ရှုပ်ထွေးသည့်လုပ်ငန်းစဉ်ဖြစ်ပြီးအထူးကြီးကြပ်မှုနှင့် ပုံမှန်စစ်ဆေးမှုတို့ပြုလုပ်ရန် လိုအပ်နိုင်သည်။
- ဤတောင်းဆိုမှုကို ပညာရေးဝန်ကြီးဌာနနှင့် အခြားပညာရေး တာဝန်ရှိသူတို့နှင့် လိုက်လံဆောင်ရွက်ပါ။
- မိဘ/ဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်တို့မှတဆင့် ပြင်ဆင်ရန်၊ ဖြည့်စွက်တည်ဆောက်ရန် (သို့) ပြန်လည်တည်ဆောက်ရန်အတွက် ပြုပြင်ဆောင်ရွက်ရန်လုပ်ငန်းများအတွက် ရပ်ရွာပံ့ပိုးရရှိစေရန်ရပ်ရွာလူထုအား ပါဝင်ပါစေ။

## အဆောက်အအုံပိုင်း အန္တရာယ်ကင်းရှင်းစေရေးအတွက် မြန်မာနိုင်ငံမှ ပံ့ပိုးမှု

(၂၀၁၂) ခုနှစ်မှစတင်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် UN-Habitat နှင့် မြန်မာအင်ဂျင်နီယာအသင်းတို့၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာညွှန်းကိန်းကို ပြုစုခဲ့ပါသည်။ MNBC အဆင့်တွင် (၂၀၁၁-၂၀၁၂ ) တွင် နည်းပညာလုပ်ငန်းအဖွဲ့နှင့် အဖွဲ့ငယ်များ (ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာအင်ဂျင်နီယာအသင်းနှင့် UN-Habitat တို့မှလုပ်ငန်းစဉ်ကို ဦးဆောင်ပြီး) ဖွဲ့စည်းခဲ့သည်။ ထိုအဆင့်တွင် လုပ်ငန်းစဉ်နှင့် လုပ်ငန်းနယ်ပယ်မှတဆင့် code ကို အကြမ်းရေးဆွဲခဲ့သည်။ အဆင့် ၂ (၂၀၁၂-၂၀၁၃) တွင် provisional code များ ရေးသားပြုစုခြင်းနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်း/သုံးသပ်ခြင်းတို့ပါဝင်သည်။

Provisional codeကို (၂၀၁၄) ခုနှစ်တွင်ဖြန့်ဝေခဲ့ပြီးအန္တရာယ်ကင်းသည့် ကျောင်းတည်ဆောက်ခြင်းအတွက် အကိုးအကားများပါရှိသည်။ ထို့ကြောင့် ကျောင်းဆောက်လုပ်ရေးအစီအစဉ်သည် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ ညွှန်းကိန်းများနှင့်ကိုက်ညီမှုရှိနေရမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန၊ အဓိကပညာရေးတာဝန်ရှိသူများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်ဆောင်ရွက်သူများမှ ညွှန်းကိန်းများကို သိရှိနားလည်ထားရန်လိုအပ်သည်။ နယ်ပယ်သည် (က) ဆေးရုံ၊ ကျောင်း စသည့် အရေးကြီးသည့်အဆောက်အအုံအမျိုးအစားများအတွက် ရိုးရှင်းသည့်လမ်းညွှန်မှုများကို သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီးရေးသားပြုစုခြင်း၊ (ခ) နည်းပညာတက္ကသိုလ်နှင့် လက်ရှိသင်ခန်းစာများတွင် MNBC ပါရှိစေရန်အတွက် အကြံပြုရန် ဆွေးနွေးခြင်း၊ (ဂ) ပို၍အသိပေးနိုင်ရန်နှင့် ပိုမိုကျယ်ပြန့်စွာရောက်ရှိနိုင်ရန် ပိုစတာများ၊ လက်ကမ်းစာစောင်များ စသည့် အသိပညာပေး ပစ္စည်းများ ပြုလုပ်ခြင်း၊ (ဃ) မြန်မာနိုင်ငံအဆောက်အအုံပိုင်းဆိုင်ရာ ညွှန်းကိန်းများ (MNBC) (2012) အတွက် အသိပေးဆွေးနွေးခြင်း၊ (င) အစိုးရအရာရှိများနှင့်ဆွေးနွေးခြင်း (ဌာနဆိုင်ရာအထောက်အပံ့များရရှိရန် ဆွေးနွေးပွဲများပြုလုပ်ခြင်း(သို့)အချို့နေရာများတွင်လမ်းညွှန်မှုများပေးနိုင်ရန်အတွက်စိတ်ပါဝင်စားမှုရှိလာစေရန်အစည်းအဝေးတိုများဖြင့်) ပြုလုပ်၍ အသိပေးဆွေးနွေးခြင်း၊(စ) အထူးလိုအပ်ချက်များကို အကြံပြုပေးနိုင်ရန် ဌာနဆိုင်ရာများနှင့် အသိပေးဆွေးနွေးသည့် အစည်းအဝေးများ (အထက်တန်းအရာရှိများအတွက် ကြိုတင်ပြင်ဆင်ထားသော လုပ်ငန်းများပေါ်အခြေခံသည်)၊ (ဆ) MOST အောက်တွင် MNBC အကြောင်းအရာအား နည်းပညာတက္ကသိုလ်ဖြင့် အသိပေးဆွေးနွေးခြင်း။ အပိုင်း ၃ တွင် စာသင်ကျောင်းများနှင့် ဆက်နွယ်သော အဆောက်အအုံပိုင်းဆိုင်ရာညွှန်းကိန်းများသည် ပညာရေးဝန်ကြီးဌာန၏ အန္တရာယ်ကင်းသည့်ကျောင်းတည်ဆောက်ရေး လမ်းညွှန်ချက်များ၏ စီမံချက်များဖြင့် ညီညွတ်နေရန်ဖြစ်သည်။ အခန်း ၄.၅ တွင် အသေးစိတ်ဖော်ပြထားသည်။

## အသုံးပြုလျက်ရှိသောကျောင်းများကို ဖြည့်စွက်တည်ဆောက်ခြင်း

DBE အရည်အသွေးနိမ့်သောစာသင်ကျောင်းများ (သို့) ကျောင်းအတွင်းနေသူများအား အန္တရာယ်ဖြစ်စေနိုင်သော ယိုယွင်းနေသော စာသင်ကျောင်းများအား  စာသင်ကျောင်းအသစ် တည်ဆောက်ရန် ဦးစားပေးခဲ့သည်။ အဆောက်အအုံသစ်များတည်ဆောက်ရန် ခွင့်ပြုချက်တွင် အသုံးပြုလျက်ရှိသော အန္တရာယ်ရှိ အဆောက်အအုံများကို အစားထိုးဆောက်လုပ်ခြင်းသည်လည်း အခြားဦးစားပေးဆောင်ရွက်ရန် တစ်ခုဖြစ်သည်။ စာသင်ကျောင်းတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်မှုအဖွဲ့သည် "အသုံးပြုလျက်ရှိသော စာသင်ကျောင်းများနှင့် ပညာရေးပံ့ပိုးပစ္စည်းများကို ထိန်းသိမ်းခြင်းနှင့် ဖြည့်စွက်တည်ဆောက်ခြင်း" ကို စာသင်ကျောင်းတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်မှုအဖွဲ့၊ အစိုးရနှင့် အခြားတာဝန်ရှိသူများမှ စာသင်ကျောင်းတည်ဆောက်ရေးစနစ် တိုးတက်စေကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် ဦးတည်ခေါင်းစဉ် ခြောက်ခုအထဲမှ တစ်ခုအဖြစ်ရွေးချယ်သတ်မှတ်ခဲ့သည်။


ဖြည့်စွက်တည်ဆောက်ခြင်းနှင့် ပတ်သက်၍ အောက်ပါလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်အဖြစ် ရွေးချယ်သတ်မှတ်ထားသည်။

- ထိခိုက်လွယ်မှုဆန်းစစ်လေ့လာချက်အစီရင်ခံစာကို အသုံးပြု၍ ဖြည့်စွက်တည်ဆောက်ရန်အတွက် နိုင်ငံအတွင်းနှင့် ပြည်ပမှ အထောက်အပံ့များရရှိရန် စည်းရုံးခြင်း။
- နည်းလမ်းများကို စမ်းသပ်ရန်လည်းကောင်း၊ နည်းစနစ်များကိုပြသရန်လည်းကောင်း၊ စိတ်ပါဝင်စားမှုနှင့်လိုအပ်ချက်များကိုသိရှိနိုင်ရန်လည်းကောင်း အသုံးပြုလျက်ရှိသော စာသင်ကျောင်းအနည်းငယ်နှင့် သင်ကြားမှုထောက်ပံ့ပစ္စည်းအချို့ကို ဖြည့်စွက်တည်ဆောက်ခြင်း။
- ဘေးဖြစ်နိုင်ခြေ၊ ဆက်နွယ်နေသည့် ပြဿနာများနှင့် အခက်အခဲများကို လျှော့ချရန်အတွက် အန္တရာယ်မကင်းသည့် စာသင်ကျောင်းများ ပြန်လည်နေရာချထားခြင်း အခက်အခဲများကို သုံးသပ်ကြည့်ရှုခြင်း။
- ဖြည့်စွက်တည်ဆောက်ခြင်း၊ အရှိန်ကို မြှင့်တင်ခြင်း။

ယခုအချိန်ထိ၎င်းတို့မှာ ဖြေရှင်းရန် အခက်အခဲများဖြစ်သည်။

## တောင့်တင်းခိုင်မာအောင် ဖြည့်စွက်တည်ဆောက်ရန်အတွက် နိုင်ငံတကာမှ လမ်းညွှန်မှုများ

အန္တရာယ်ကင်းသည့် စာသင်ကျောင်းတည်ဆောက်ရေး (၂၀၀၉) မှ INEE လမ်းညွှန်ချက်များတွင် အန္တရာယ်ကင်းသည့် စာသင်ကျောင်းတည်ဆောက်ခြင်း(သို့) ဖြည့်စွက်တည်ဆောက်ရန်အတွက် အမျိုးသားစီမံကိန်းများရေးသားပြုစုရန်အတွက် လိုက်နာရန် အဆင့် (၈) ဆင့်ကို အကြံပြုထားသည်။ ၎င်းကို အောက်ပါပုံတွင် အကျဉ်းချုပ်ဖော်ပြထားသည်။




နိုင်ငံတကာ ပြုပြင်မွမ်းမံခြင်းဆိုင်ရာ လမ်းညွှန်

ဤမူဘောင်မှ ဖြည့်စွက်တည်ဆောက်ခြင်းနှင့်သက်ဆိုင်သည့် အဓိကအဆင့်များကိုအောက်တွင်ဖော်ပြထားသည်။

အဆင့်(၄.၂)ဘေးဖြစ်နိုင်ခြေကိုသိရှိခြင်းသည်အရေးတကြီးဆောင်ရွက်ရန်လိုအပ်သောအသုံးပြုလျက်ရှိသောစာသင်ကျောင်းများကို နားလည်ရန် ရည်ရွယ်သည်။ ပေးထားသော မြေနေရာများအတွင်းမှ ဘေးဖြစ်နိုင်ခြေကိုသိရှိခြင်းသည် ပျက်စီးနိုင်ခြေအမြင့်ဆုံးရှိသောကျောင်းများကို ဖော်ထုတ်စေနိုင်ခြင်း၊ ထိခိုက်နိုင်ခြင်း၊ ဆုံးရှုံးခြင်းနှင့် ဆောင်ရွက်ရန်တို့ကို သတ်မှတ်ခြင်း၊ နေရာနှင့် အဆောက်အအုံအသေးစိတ် ဆန်းစစ်လေ့လာမှုများပြုလုပ်ခြင်းနှင့် ရည်ရှည်ဆောင်ရွက်ရန်အတွက် အစီအစဉ်နှင့်မူဝါဒများ ရေးဆွဲခြင်းတို့ကို ဆောင်ရွက်စေနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ ကျယ်ပြန့်သည့်ဆန်းစစ်လေ့လာမှုသည် အသုံးပြုလျက်ရှိသော စာသင်ကျောင်းများသည် ဖြည့်စွက်တည်ဆောက်ရန် လိုအပ်ချက်ရှိ/မရှိကို ဆုံးဖြတ်ရန်လည်းကောင်း၊ မည်သို့သောဖြည့်စွက်တည်ဆောက်ခြင်း လိုအပ်သည်ကို ကြည့်ရှုရန်လည်းကောင်း အသေးစိတ်ကျသော ထိခိုက်လွယ်မှုများ (အဆောက်အအုံပိုင်းနှင့် နေရာများ) ဆန်းစစ်လေ့လာချက်များအတွက် ဆွေးနွေးရန် အခြေခံအချက်အလက်များ ပံ့ပိုးပေးသည်။ ထိုဆန်းစစ်လေ့လာမှုကိုဤလက်စွဲစာအုပ်၏အခန်း(၄.၂)တွင်ဆွေးနွေးခဲ့ပြီးဖြစ်ပြီး အထက်ပါလုပ်ငန်းစဉ်အဆင့်(၄.၆)တွင်ဆွေးနွေးထားမှုဆန်းစစ်လေ့လာမှုကို ညွှန်းပါသည်။

**အဆင့် (၄.၃) လုပ်ငန်းဆောင်ရွက်မှု ရည်ရွယ်ချက်များ သတ်မှတ်ခြင်း ။** ဖြစ်လာနိုင်သည့် အမြင့်ဆုံးဆုံးရှုံးမှု (သို့) အနှောင့်အယှက်များကို ဆုံးဖြတ်ရာတွင်ကြုံတွေ့ရသည့် အခက်အခဲများကို ဖော်ပြထားသည်။ ၄င်းသည် အဆင့် (၄.၂) မှ လုပ်ငန်းဆောင်ရွက်မှု ရည်ရွယ်ချက်များနှင့် မပြည့်မီသောကြောင့် ဘေးဖြစ်နိုင်ခြေ အမြင့်ဆုံးရှိနေသော စာသင်ကျောင်းများကိုဖော်ထုတ်ရန်နှင့် သိရှိစေနိုင်ရန် အခြေခံဖြစ်ပြီး အဆင့် (၄.၆) တွင် အသေးစိတ်ထိခိုက်လွယ်မှု ဆန်းစစ်လေ့လာမှု၏အခြေခံဖြစ်လာသည်။၄င်းသည်ဖြည့်စွက်တည်ဆောက်ရန်လမ်းညွှန်ချက်များ(၄.၄)နှင့်အစီအစဉ်များ(၄.၇)ကိုလည်းအသိပေးအကြောင်းကြားထားသည်။ အနိမ့်ဆုံးလုပ်ငန်းဆောင်ရွက်မှု ရည်ရွယ်ချက်သည် အဆောက်အအုံနှင့် အဆောက်အအုံမဟုတ်သည့် ကဏ္ဍများပျက်စီးဆုံးရှုံးခြင်းသည် လူ့အသက်ကို အန္တရာယ်မပြုရန် ရည်ရွယ်သည်။ ပြန်လည်ပြင်ဆင်ခြင်းသည် အကုန်အကျများနိုင်ပြီးစာသင်ကျောင်း အစီအစဉ်များကို အချိန်အတိုအတွင်းလည်းကောင်း၊ ကာလရှည်အားဖြင့်လည်းကောင်း နှောင့်နှေးစေနိုင်သည်။ အဆင့် (၄.၄) သည် ပြန်လည်ပြင်ဆင်ထားသည့် အဆောက်အအုံများသည် လုပ်ငန်းဆောင်ရွက်မှု ရည်ရွယ်ချက်များနှင့်ပြည့်မီစေရေးသေချာစေရန် ဖြည့်စွက်တည်ဆောက်ရေး လမ်းညွှန်ချက်များ ပြုစုနိုင်ရန် ရည်ရွယ်သည်။ ယင်းဖြည့်စွက်တည်ဆောက်ရေး လမ်းညွှန်ချက်များတွင် အဆောက်အအုံ၏ အန္တရာယ်ခံနိုင်စွမ်းကို ပေါ်လွင်စေရန်အတွက် စမ်းသပ်ထားသည့်နည်းစနစ်များပါဝင်ပြီး အသုံးပြုလျက်ရှိသော စာသင်ကျောင်းများ၏ အန္တရာယ်ခံနိုင်မှုကို တိုးမြင့်စေရန် ထိရောက်သည့် ဖြည့်စွက်တည်ဆောက်ခြင်းနှင့် နည်းစနစ်ပုံစံများအတွက် လမ်းညွှန်ရာတွင် ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

အဆင့် (၄.၇) တွင် ဖြည့်စွက်တည်ဆောက်ရေးအစီအစဉ်အတွက် ပုံစံစဉ်းစားမှုကို ဖော်ပြထားခြင်း၊ ပုံစံပြုလုပ်ရေးဆွဲရာတွင်မည်သူပါဝင်သင့်ကြောင်း၊ မည်သည့် အရာများပြုလုပ်သင့်ကြောင်း အပြန်အလှန်ဆွေးနွေးခြင်းနှင့် စာသင်ကျောင်းကိုဖြည့်စွက်တည်ဆောက်ရာတွင် မည်သည့်အရာများကို အထူးသတိပြုရမည်ကိုလည်း ထည့်သွင်းဖော်ပြထားသည်။ အချို့စဉ်းစားရမည့်ကဏ္ဍများမှာ ဖြည့်စွက်တည်ဆောက်ခြင်း ပုံစံရေးဆွဲသည့်အခါတွင် ကျောင်းဆောင်သစ်ပုံနှင့် မတူဘဲ ရှိနှင့်ပြီးဖြစ်သည့်အဆောက်အအုံ၏ အခြေအနေနှင့် လက္ခဏာရပ်များအပေါ်တွင် စဉ်းစားသုံးသပ်ရမည်ဖြစ်ပြီး ၄င်း၏အဆောက်အအုံစနစ်အတွင်းသို့ ချိတ်ဆက်ရမည်ဖြစ်သည်။ ရှိနှင့်ပြီး အဆောက်အအုံသည် အဆောက်အအုံညွှန်းကိန်းများနှင့် ကိုက်ညီစွာတည်ဆောက်ထားခြင်းမရှိသည့်အတွက် ဖြည့်စွက်တည်ဆောက်ခြင်း အစီအစဉ်များသည် အသက်အန္တရာယ် ကင်းရှင်းရေးလုပ်ငန်းဆောင်ရွက်ရေး အနည်းဆုံးလိုအပ်ချက်များ စတင်သင့်ပြီး စတင်သည့်အခါတွင် အခြားလုပ်ငန်းဆောင်ရွက်ရေး ရည်ရွယ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်ပေသည်။ အဆောက်အအုံ၏ပစ္စည်းများနှင့် အစိတ်အပိုင်းအားလုံး၏ ဘေးဒဏ်ခံနိုင်မှုကိုတိကျစွာစစ်ဆေးရန်မဖြစ်နိုင်သည့်အတွက် ထိရောက်သည့် ဖြည့်စွက်တည်ဆောက်ခြင်းသည် ပုံစံရေးဆွဲသည့်အဖွဲ့၏ အတွေ့အကြုံနှင့် သင့်လျော်သည့်နည်းစနစ်များ အသုံးပြုခြင်းအပေါ်တွင် များစွာမူတည်နေသည်။ ၄င်းသည် မြေငလျင်အန္တရာယ်အတွက်ဆိုလျှင် ပို၍ပင် သက်ဆိုင်နေသည်။ ထို့ကြောင့် အခြားပုံစံ သတ်မှတ်ချက်များကိုလည်း စဉ်းစားရန်လိုအပ်ပြီး အန္တရာယ်မကင်းသည့် အခြေအနေကို မည်သည့်အကြောင်းဖြင့်မှ မဖြစ်စေရပါ။ တချိန်တည်းတွင်ပင် ကျောင်းလူထု၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်သော ပြန်လည်ပြင်ဆင်ခြင်း၊ ပြုပြင်မွမ်းမံခြင်းနှင့် ကျောင်းအန္တရာယ်ကင်းရှင်းရေးကို မထိခိုက်စေဘဲ အဆောက်အအုံ၏ အရည်အသွေး မြှင့်တင်ခြင်းတို့သည် ဖြည့်စွက်တည်ဆောက်ခြင်းအတွက် ရပ်ရွာလူထု၏ ပံ့ပိုးမှုကို ရရှိစေနိုင်မည်ဖြစ်သည်။

## ၄.၅ အန္တရာယ်ကင်းသည့် နေရာသတ်မှတ်ခြင်းနှင့် ကျောင်းများတည်ဆောက်ခြင်း

### ဤအခန်း၏ရည်ရွယ်ချက်

ဤအခန်းသည် ကျောင်းတာဝန်ရှိသူများ၊ အထူးသဖြင့် ကျောင်းအုပ်ဆရာ/မများအား ကျောင်းဆောင်အသစ်တည်ဆောက်ရန်အတွက် နေရာရွေးချယ်သတ်မှတ်ခြင်းအတွက်လည်းကောင်း၊ ကျောင်းဆောင်သစ်တည်ဆောက်ရာတွင် အန္တရာယ်ဒဏ်ခံနိုင်မှုနှင့် အဆောက်အအုံအန္တရာယ်ကင်းစေရန်အတွက် သေချာကြီးကြပ်ဆောင်ရွက်မှုနှင့် အဆောက်အအုံတည်ဆောက်နေစဉ်အချိန်အတွင်း ပုံမှန်စစ်ဆေးမှုပြုလုပ်ခြင်း စသည့် ပြည့်စုံသည့် ဒေသစံနှုန်းများနှင့် ကိုက်ညီမှုရှိအောင် တည်ဆောက်ထားခြင်းရှိစေရန်အတွက်လည်းကောင်း ပံ့ပိုးပေးထားသည်။

### ကျောင်းအဆင့်တွင် ကျောင်းတာဝန်ရှိသူတို့မှ ဆောင်ရွက်ရန်များ

- ကျောင်းအုပ်သည် ကျောင်းဆောင်အသစ်တည်ဆောက်ရန်အတွက် အဆိုပြုတင်သွင်းရန်စတင်ဆောင်ရွက်ရမည့်သူဖြစ်ရာ သူ/သူမ ၏တာဝန်များကို သိရှိနားလည်ထားပြီး အဆိုပြုတင်သွင်းသည့် နေရာသည် အန္တရာယ်ကင်းပြီး ကလေးပျော်နေရာဖြစ်သည့် စံချိန်စံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန်။
- အခြေခံပညာဦးစီးဌာနDepartment of Basic Education မှ ပံ့ပိုးထားသော လက်ရှိပုံစံနှင့် ပညာရေးဝန်ကြီးဌာနနှင့် ကျောင်းဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်မှု အဖွဲ့ ့ငယ်များမှ ပြုစုရေးသားထားသော နေရာရွေးချယ်မှု၊ အန္တရာယ်များအတွက် အသိပေးဆွေးနွေးမှုများအပေါ် ထပ်မံဖြည့်စွက်ထားမှုများအပေါ် တွင် လမ်းညွှန်ချက်များနှင့် ရင်းနှီးကျွမ်းဝင်နေစေရန်။
- နေရာရွေးချယ်သတ်မှတ်ရာတွင် မြေဆီလွှာအရည်အသွေးနှင့် တည်ငြိမ်မှု၊ နှစ်စဉ် ရေကြီးရေလျှံသည့် မြစ် (သို့) မတည်ငြိမ်သည့် တောင်ကမ်းပါး စသည့် အန္တရာယ်ဖြစ်စေနိုင်သည့် နေရာများ/ရင်းမြစ်များမှ အကွာအဝေး၊ မိလ္လာစနစ်များ၊ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် အန္တရာယ်ကင်းရှင်းမှု၊ စမ်းချောင်း(သို့) ရေထုမှကင်းဝေးခြင်း၊လေထုညစ်ညမ်းမှု၊ မီးတောင်နေရာနှင့် ဝေးသည့်နေရာ (သို့) မီး (သို့) ပေါက်ကွဲမှုဖြစ်စေနိုင်သည့် အခြားနေရာများ စသည့်နေရာများကို သိရှိနားလည်ထားရန်။
- အခန်း ၄.၄ တွင် (ယခု) ဖော်ပြထားသော အဆောက်အအုံပိုင်းဆိုင်ရာ အန္တရာယ်ကင်းရှင်းစေမှု အပြင် ဒေသ (မြို့ပြ) အဆောက်အအုံနှင့် မိလ္လာစနစ် စံချိန်စံနှုန်းများနှင့် ကိုက်ညီခြင်း၊ မီးဘေးအန္တရာယ်ကာကွယ်ရန်အတွက် ဒေသခံမီးသတ်ဌာန၏ သတ်မှတ်ချက်များ၊ လုံလောက်သည့် လေဝင်လေထွက်ရှိခြင်း၊ အလင်းရောင်ရှိခြင်း ကြမ်းခင်းနှင့် ရေနှင့် သန့်ရှင်းရေးတို့ရှိခြင်းတို့ကိုလည်း သေချာစေရမည်ဖြစ်သည်။
- ဘေးဖြစ်နိုင်ခြေမြင့်မားသော နေရာများတွင် သင့်လျော်သော အဆောက်အအုံစံချိန်စံနှုန်းများနှင့် ကိုက်ညီအောင် တည်ဆောက်မှုသည် ရှုပ်ထွေးသည့်လုပ်ငန်းစဉ် တစ်ခုဖြစ်ကြောင်းကို သိရှိနားလည်ပြီး မှန်ကန်သည့် ပစ္စည်းများ၊ အရေအတွက်နှင့် နည်းစနစ်များအသုံးပြုကြရန် ထိရောက်သည့်ကြီးကြပ်မှုလိုအပ်ပြီး ကာလအပိုင်းအခြားအလိုက်အားဖြင့်လည်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။
- စာသင်ကျောင်းတစ်ကျောင်းတည်ဆောက်ရာတွင် ကုန်ကျစရိတ် ပိုမိုကုန်ကျမည်ဖြစ်လျှင်ပင် ကျောင်းနေကလေးများ ဘေးကင်းလုံခြုံမှုရှိနေစေရန်အတွက် မှန်ကန်သည့် အဆောက်အအုံစံချိန်စံနှုန်းများနှင့် ကိုက်ညီအောင် တည်ဆောက်ရန် ကျောင်းအကျိုးတော်ဆောင်အားတိုက်တွန်းရမည်ဖြစ်ပြီး ၎င်းသည် အမျှော်အမြင်ရှိသည့် ရင်းနှီးမှုဖြစ်သည်။
- ကျောင်းအုပ်သည် နောက်ဆုံးတွင် စာသင်ကျောင်းထိန်းသိမ်းရန် တာဝန်ရှိသည်ကို သိရှိနားလည်သဖြင့် စုံစမ်းစစ်ဆေးသည့်အချိန်နှင့် တာဝန်လွှဲပြောင်းပေးသည့်အချိန်များတွင် ဂရုတစိုက်ဆောင်ရွက်ရန်လိုအပ်သည်။

## အခြေခံပညာရေးစာသင်ကျောင်းအသစ်များ တည်ဆောက်ခြင်းအတွက် ပညာရေးဝန်ကြီးဌာန၏ ပုံစံများ

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနသည် မတူညီသည့် စာသင်ကျောင်းဆောင်အမျိုးအစားများနှင့် တည်ဆောက်မှုပုံစံအမျိုးမျိုးအတွက် ကျောင်းပုံစံသတ်မှတ်ချက်များကို ပြုစုခဲ့သည်။ အဆောက်အအုံအမျိုးအစားများသည် စာသင်ခန်းအရေအတွက်၊ အထပ်အရေအတွက်၊ တည်ဆောက်မှုပုံစံအမျိုးအစားနှင့် အုတ်တိုင်၊ ကွန်ကရစ်တိုင်၊ ကျွန်းတိုင်နှင့် အခြားတိုင်များအပေါ် မူတည်ပြီး ကွာခြားနိုင်သည်။ အမျိုးအစားတစ်ခုစီအတွက် အဆောက်အအုံတစ်ထပ် (သို့) နှစ်ထပ် အမျိုးအစားတို့အပေါ် မူတည်ပြီးပုံစံ (၂၀) ခန့်ရှိသည်။ ပုံစံများ (အစီအစဉ်၊ အရှေ့နှင့် ဘေး) တွင် မတူညီသည့် စာသင်ခန်းအရွယ်အစားများရှိသော အခန်း (၂၊၃၊၄၊၅ နှင့် ၆) ခန်းရှိကြပြီး အရွယ်အားဖြင့် ၃၀ x ၂၄ နှင့် ၂၀ x ၂၄ ၊ ပြတင်းပေါက်ပုံစံ အသေးစိတ်ဖော်ပြချက်များ၊ ဂရံတာ ၊ ခေါင်မိုး နှင့် ဒေါက်တိုင်များပါရှိသည်။ ထို့အပြင် စားပွဲများ၊ ထိုင်ခုံရှည်များ၊ ဆရာ/မ စားပွဲ ၊ ဗီရို၊ ကျောက်သင်ပုံး၊ (တစ်ဦးနှင့်အများအတွက်) စသည့်ပရိဘောဂအသုံးအဆောင်များနှင့် အိမ်သာ၊ ရေတိုင်ကီနှင့် ရေစုပ်စက် တို့ပါဝင်သည်။ အခန်းဖွဲ့စည်းပုံနှင့် အစီအစဉ်အသေးစိတ်တွင် အဆောက်အအုံအတွက် ရှင်းလင်းပြောကြားခြင်း (စာသင်ကျောင်းကို နေရောင်တိုက်ရိုက် ထိတွေ့နိုင်သော အရှေ့/အနောက် မျက်နှာစာများမှ ရှောင်ရန်) ၊ တည်နေရာ ( ကျေးရွာ၏ ရွာလမ်းမနှင့် ရေလမ်းကြောင်းများနှင့် အပြိုင်မရှိနေစေရန်) အကွာအဝေးနှင့် အမြင့်ဆုံးအရွယ်အစားကို ခြားထားခြင်း (အဆောက်အအုံသည် သဘာဝဘေးအန္တရာယ်များနှင့် လေပြင်းတိုက်ခတ်မှုများမှ ခံနိုင်ရန်အတွက် ပေ ၁၅၀ ထက် မမြင့်သင့်ပါ)

ထို့အပြင် ညွှန်းကိန်းများပါရှိသော လမ်းညွှန်ချက်ကိုလည်း သဘာဝဘေးအန္တရာယ်များကိုကာကွယ်ရန် ထည့်သွင်းပေးထားသောအခန်းကဏ္ဍများပါရှိသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။
"တောင်ပေါ်/တောင်တန်းဒေသများအတွက် ကျောင်းအဆောက်အအုံ နမူနာပုံစံ"

- ထောက်ပံ့ထားသည့် နံရံများလိုအပ်လျှင် တည်ဆောက်ရမည်။
- မြေပြိုမှုအန္တရာယ်ကိုကာကွယ်ရန် အဆောက်အဦးပုံစံများကို စနစ်တကျရေးဆွဲသင့်သည်။
- မတ်စောက်သည့်နေရာများတွင် လက်ရမ်းများထားရှိသင့်သည်။
- မြေပြိုမှုကိုကာကွယ်ရန်တွက် သစ်ပင်စိုက်ပျိုးရန် အကြံပြုပါသည်။

"ကမ်းရိုးတန်း/မြစ်ဘေး/ရေကြီးသည့် အန္တရာယ်ရှိသည့်နေရာများအတွက် ကျောင်းအဆောက်အအုံနမူနာများ"

- စာသင်ခန်း၏ကြမ်းပြင်သည် ရေကြီးနိုင်သည့် အမြင့်ထက်မြင့်အောင် တည်ဆောက်ထားသင့်သည်။
- ကယ်ဆယ်ရေးဆောင်ရွက်ရန်အတွက် ကားတာယာများ (သို့) ကျွတ်များ အဆင်သင့်ထားရှိသင့်သည်။
- ဒေသအတွင်းရရှိနိုင်သည့် သစ်ပင်များ စိုက်ပျိုးသင့်သည်။

## ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းဆောင် ဆောက်လုပ်ခြင်း လမ်းညွှန်ချက်များ

မြန်မာနိုင်ငံအစိုးရ ပညာရေးဝန်ကြီးဌာနသည် "နိုင်ငံတော်လမ်းညွှန်မှုများ ဖြစ်စေနိုင်သော ပတ်ဝန်းကျင်နှင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သောတိုးတက်မှုများကို ဖော်ဆောင်ခြင်းအားဖြင့် အန္တရာယ်ကင်းသည့်ကျောင်းများမြန်မာနိုင်ငံတွင်တည်ဆောက်ခြင်း" ခေါင်းစဉ်ဖြင့် စီမံချက်ကို Save the Children လုပ်ငန်းဆောင်ရွက်မှုအဖွဲ့ ငယ်၊ အန္တရာယ်ကင်းသည့်ကျောင်းဆောက်လုပ်ရေးလမ်းညွှန်မှုအဖွဲ့ ငယ်တို့နှင့် ပူပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ၎င်းကို Save the Children လုပ်ငန်းအဖွဲ့ ငယ်/စာသင်ကျောင်းတည်ဆောက်ရေးလုပ်ငန်းအဖွဲ့ ၊ ရခိုင်တွင် IDM RAND စီမံချက်အတွက် ရံပုံငွေပံ့ပိုးထားသော USIAD ဦးဆောင်သည့် IOM နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဆွစ်ဇာလန်နိုင်ငံအစိုးရ၊ UNICEF၊ ASSI အပိုင်း (၂) တွင် EU မှ ရံပုံငွေပံ့ပိုးထားသော Plan အဖွဲ့ အစည်း နှင့် Handicap နိုင်ငံတကာအဖွဲ့ အစည်းတို့မှ နည်းပညာနှင့် ငွေကြေး ပံ့ပိုးပေးထားသည်။

စီမံချက်တွင် အောက်ပါအတိုင်း ဦးစားပေးဆောင်ရွက်ရန် ကဏ္ဍ ၉ ခုပါရှိသည်။ (၁) အဆောက်အအုံပိုင်းဆိုင်ရာ အလေ့အကျင့်များနှင့် လိုအပ်ချက်များဖော်ထုတ်ခြင်းကို သုံးသပ်ပြုစုခြင်း ( ၂) ဆွေးနွေးညှိနှိုင်းမှုအားဖြင့် လမ်းညွှန်ချက်များတွင် ပါဝင်မည့်ခေါင်းစဉ်များ ပြုစုခြင်း (၃) ဆွေးနွေးညှိနှိုင်းမှုအားဖြင့် လမ်းညွှန်ချက်များ ပြုစုခြင်း (၄) စည်းရုံးလှုံ့ဆော်မှုအတွက် အစီအစဉ်ရေးဆွဲခြင်း၊ အသိပညာပေးခြင်းနှင့် မြှင့်တင်ခြင်း (၅) စာသင်ကျောင်းတည်ဆောက်ရေးစနစ်တွင် လိုအပ်သော ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းများကို ရှာဖွေဖော်ထုတ်ခြင်း (၆) ရင်းနှီးမြှုပ်နှံမှုနှင့် ဘေးကင်းလုံခြုံသောစာသင်ကျောင်းများ၏ လမ်းညွှန်ချက်များအပေါ်တွင် အသိပေးဆွေးနွေးခြင်းနှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်း (၇) လမ်းညွှန်ချက်များကို စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (၈) ပညာရေးဝန်ကြီးဌာန၊ အခြားဝန်ကြီးဌာနများ၊ နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာအဆင့်များ၏ စည်းရုံးလှုံ့ဆော်ပွဲများတွင် ပါဝင်ဆောင်ရွက်ခြင်း (၉) စာသင်ကျောင်းတည်ဆောက်ရေးလုပ်ငန်းအဖွဲ့ငယ်နှင့် နည်းပညာအဖွဲ့များကိုဖိတ်ခေါ်ခြင်း၊ ပညာရေးဝန်ကြီးဌာနအဖွဲ့ငယ် နည်းပညာအဖွဲ့နှင့် ပညာရေးနည်းပညာလုပ်ငန်းအဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ဖြစ်သည်။

စီမံချက်မှ ရလဒ် (၄) ခုရရှိရန် မျှော်မှန်းထားသည်။

- နိုင်ငံအဆင့် ဘေးကင်းလုံခြုံပြီး ကလေးပျော်စာသင်ကျောင်းတည်ဆောက်ရေး လမ်းညွှန်ချက်များ
- သင်ရိုးညွှန်းတမ်းစာအုပ်များကို အသုံးပြုရန်အတွက် သင်တန်းများ
- စာသင်ကျောင်းတည်ဆောက်ရေးစနစ်များတွင် လိုအပ်သောလုပ်ငန်းဆောင်ရွက်ရေးအစီအစဉ်များ
- စာသင်ကျောင်းတည်ဆောက်ရေးကဏ္ဍတွင် လမ်းညွှန်ချက်များကို စမ်းသပ်အသုံးပြုခြင်း

လမ်းညွှန်ချက်၏ ရည်ရွယ်ချက်မှာ (၁) စာသင်ကျောင်းဆောင်အသစ်တည်ဆောက်သည့် ကာလတွင်အစီအစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲမှု နည်းကိရိယာအဖြစ် အသုံးပြုရန်၊ (၂) မြန်မာနိုင်ငံတွင် မတူညီသည့် အန္တရာယ်များ ကြုံတွေ့နိုင်သည့်နေရာအမျိုးမျိုးအတွက် စာသင်ကျောင်းပုံစံများ၏ စံချိန်စံနှုန်းများကို ပြန်လည်သုံးသပ်ခြင်း (၃) စီမံချက်၏ အခန်းကဏ္ဍ (၉) အောက်တွင်ရှိသော အဆောက်အအုံအသစ်တည်ဆောက်မှုအပိုင်းအတွက် အသုံးပြုနိုင်မည့် ဘေးဖြစ်နိုင်ခြေမြင့်မားသောနေရာများအတွက် ပြန်လည်သုံးသပ်ထားသည့် ပုံစံများကို ပြုစုရေးဆွဲရန်တို့ဖြစ်သည်။

## ဘေးကင်းလုံခြုံပြီး ကလေးပျော်စာသင်ကျောင်းတည်ဆောက်ရေးအတွက် လမ်းညွှန်ချက် ခေါင်းစဉ်များမှာ -

(က) နိဒါန်းနှင့် သဘောတရား

(ခ ) စာသင်ကျောင်းတည်ဆောက်ရေး၏ အစီအစဉ်ပြုစုခြင်းနှင့် လုပ်ငန်းစဉ် - ကော်မတီများ၊တည်နေရာနှင့် နေရာရွေးချယ်ခြင်း၊ စာသင်ကျောင်းဘေးကင်းလုံခြုံရေးအတွက် အဆင့်ဆင့် ရှင်းလင်းခြင်း (အဆောက်အအုံပိုင်းနှင့်မသက်ဆိုင်သော အခန်းကဏ္ဍလည်းပါဝင်ရမည်)

(ဂ) အန္တရာယ်များနှင့် လိုအပ်ချက်များအလိုက် ဘေးကင်းလုံခြုံမှုမြှင့်တင်ရန် သတ်မှတ်ညွှန်ပြထားသောဗိသုကာပုံစံနှင့် စီမံချက်ဆိုင်ရာစံချိန်စံနှုန်းမှုများ။ မြန်မာနိုင်ငံ၏ ဘေးအန္တရာယ်မှတ်တမ်းများကို လေ့လာခြင်းအားဖြင့် အဆောက်အအုံဒီဇိုင်းများအပေါ်တွင် အန္တရာယ်များအလိုက် နည်းပညာပိုင်းလမ်းညွှန်ချက်များသတ်မှတ် ညွှန်ကြားထားခြင်း

(ဃ) အန္တရာယ်အမျိုးအစားများအလိုက် အဆောက်အအုံပုံစံ စံချိန်စံညွှန်းများ (ရေကြီးမှု၊ ဆိုင်ကလုံး၊ မုန်တိုင်း၊ ဒီရေ၊ မြေငလျင်၊ဆူနာမီ၊ မြေပြိုမှု)

(င ) စာသင်ကျောင်း တည်ဆောက်မှုအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းစဉ်၊ ပစ္စည်းများ၊ အရည်အသွေး၊ စစ်ဆေးမှု စသည် ....

( စ) ကလေးပျော်ကဏ္ဍများပါဝင်သည့် ဒီဇိုင်းပုံစံ

(ဆ) အထူးသဖြင့် မသန်စွမ်းကလေးများနှင့် မိန်းကလေးများ လူမှုရေးအဖွဲ့အစည်းတွင် ပါဝင်စေခြင်း

(ဇ) ဘေးကင်းလုံခြုံမှုနှင့် ဘေးဖြစ်နိုင်ခြေလျှော့ချရေးလုပ်ငန်းများ(DRR)၊ ဆောက်လုပ်ရေးလုပ်ငန်းစဉ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများမှ ဆောက်လုပ်ရေး အလုပ်သမားများအတွက် အန္တရာယ်ကင်းရှင်းရေးနှင့် တည်ဆောက်နေမှု/ တိုးချဲ့ဆောက်လုပ်နေစဉ်အတွင်း စာသင်ကျောင်းရှိ ကလေးများအတွက် အန္တရာယ် ကင်းရှင်းစေရေးတို့ ပါဝင်သည်။

(ဈ) ရေနှင့်မိလ္လာစနစ်များ၊ တကိုယ်ရည်သန့်ရှင်းရေး၊ မီးဖိုချောင်၊ လူကြီးအိမ်သာများ၊ အရေးပေါ်အဆောင်အဖြစ်အသုံးပြုရန်လိုအပ်ပါက အခန်းပိုများစသည့် ပံ့ပိုးပစ္စည်းများ

(ည) လုပ်ငန်းဆောင်ရွက်မှုနှင့် ထိန်းသိမ်းဆောင်ရွက်ရေး မူဝါဒများ


(ဋ ) ကုန်ကျစရိတ် အကျိုးအမြတ်ဆန်းစစ်ချက်နှင့် ဘေးဒဏ်ခံနိုင်စွမ်းအတွက် နစ်တိုးအသုံးစရိတ် ခန့်မှန်းချက်နှင့် ပြန်လည်တည်ဆောက်ရေးနှင့် ဖြည့်စွက်တည်ဆောက်မှုတို့ဖြင့် နှိုင်းယှဉ်ချက်

(ဌ ) စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(ဍ ) မှတ်စုများ၊ အကိုးအကားများ၊ နောက်ဆက်တွဲများ။ လမ်းညွှန်ချက်များသည် နေရာရွေးချယ်ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများအပေါ်တွင် ပြုစုရေးသားထားသည်။

# အခန်း (၅)

## ကျောင်းတွင်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်စဉ်အချိန်အတွင်း ဘက်ပေါင်းစုံနှင့် ချိတ်ဆက်နေသည့် ကဏ္ဍများကို ထည့်သွင်းစဉ်းစားခြင်း






ပတ်ဝန်းကျင်ကိုထိန်းသိမ်းလို့ မျိုးဆက်သစ်အား ပျိုးထောင်စို့

## နိဒါန်း

ဤအခန်း၏ ရည်ရွယ်ချက်သည် ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်သည့် အရေးကြီးသည့်ဘက်ပေါင်းစုံနှင့် ချိတ်ဆက်နေသည့်ကဏ္ဍများကိုစဉ်းစားရန်ဖြစ်သည်။ အထူးသဖြင့် မိန်းကလေးများ၊ မသန်စွမ်းကလေးများ၊ ပတ်ဝန်းကျင်ကာကွယ်ခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းတို့ပါဝင်သည်။ ဤအခန်းတွင် အောက်ပါအတိုင်း အခန်းငယ် (၃)ပိုင်းခွဲထားပါသည်။

- ၅.၁။ ကျောင်းတွင် မိန်းကလေးများ၏ အထူးလိုအပ်ချက်ကို ဖော်ထုတ်ခြင်းနှင့် သူတို့ရင်ဆိုင်ရသော အခက်အခဲများကို ဖြေရှင်းပေးခြင်း။
- ၅.၂။ မသန်စွမ်းကလေးများ၏ အထူးလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်းနှင့် ပြည့်မှီစေရေးအတွက်ကမ္ဘာလုံးဆိုင်ရာ ပုံစံမူဂါဒများကို ကျင့်သုံးခြင်း။
- ၅.၃။ အန္တရာယ်ကင်းသည့် ကျောင်းများကိုပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းအပေါ် လိုက်လျောညီထွေ နေထိုင်ခြင်းများနှင့် ချိတ်ဆက်ခြင်း။

## ၅.၁ ကျောင်းတွင် မိန်းကလေးများ၏ အထူးလိုအပ်ချက်ကို ဖော်ထုတ်ခြင်းနှင့် သူတို့ရင်ဆိုင်ရသော အခက်အခဲများကို ဖြေရှင်းပေးခြင်း

ဘေးအန္တရာယ်များကျရောက်သည့်အချိန်တွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ အများအားဖြင့် ပို၍ ထိခိုက်နစ်နာကြသည်။ ရေလွှမ်းမိုးခြင်း၊ မြေငလျင်လှုပ်ခတ်ခြင်း (သို့) ဆိုင်ကလုံးမုန်တိုင်းများဖြစ်ပြီးချိန်တွင် သူတို့မှာနေအိမ်နှင့် အစားအစာမရှိသည့်ဒုက္ခတစ်ခုတည်းကြုံရသည်မဟုတ်ပေ။ အစားအစာရရှိနိုင်သော်လည်းအမျိုးသမီးနှင့် မိန်းကလေးငယ်များမှ မိသားစုအတွင်းတွင် နောက်ဆုံးမှ စားသောက်ကြသူများဖြစ်သည်။ သူတို့သည် လူကုန်ကူးခံရခြင်းစသော အန္တရာယ်များနှင့်ကြုံတွေ့လျှင်ပင် အထူးပြုဆေးဝါးကုသခြင်း (သို့) တုံ့ပြန်ကာကွယ်မှုတို့ မရရှိကြပါ။ အလင်းရောင်နည်းသော အကာကွယ်မဲ့သော ခိုလှုံရာစခန်းများ (သို့) ယာယီစခန်းများတွင် မသန်စွမ်းသူများ၊ ဆယ်ကျော်သက်မိန်းကလေးများ ညနေဘက်လမ်းလျှောက်ခြင်းသည် နှောင့်ယှက်စော်ကားမှု (သို့) မုဒိန်းမှုတို့ ဖြစ်စေနိုင်သည်။ အရေးအခင်းကြောင့် မိသားစုအသက်မွေးမှုတို့ ပျက်စီးပြီးသည့်အခါတွင် အိမ်တွင်းအကြမ်းဖက်မှုသည် သိသာစွာ ပို၍ဖြစ်လာနိုင်သည်။ ကပ်ဘေးများကြောင့် ကလေးငယ်များ၊ မိန်းကလေးငယ်များအတွက် စာသင်ကျောင်းမတက်နိုင်ကြပေ။ ဆေးခန်းများသည် မုန်တိုင်းကြောင့် ပျက်စီးသွားချိန်တွင် ကိုယ်ဝန်ဆောင်အမျိုးသမီးတို့အတွက် မွေးဖွားရန် အခက်အခဲရှိနိုင်သည်။

ဘေးအန္တရာယ်ကျရောက်ချိန်များတွင် ကလေးများအတွက်အကြံပေးခြင်းနှင့် အကာကွယ်ပေးမည့် လူများနှင့် ဖွဲ့စည်းပုံများမရှိတော့သည့်အချိန်တွင် အများအားဖြင့် အရွယ်ရောက်ကလေးများအား လူကြီးများလုပ်ရမည့်အလုပ်များအား အတင်းအဓမ္မစေခိုင်းတတ်ကြသည်။ ယင်းကလေးများတွင် ဘေးအန္တရာယ်မှ ပြန်လည်ထူထောင်ရာတွင် ရပ်ရွာလူထုနှင့် သူတို့၏မိသားစုများအား ကူညီပံ့ပိုးနိုင်ရေးအတွက် စွမ်းအင်၊ စိတ်အားထက်သန်မှုနှင့် အတွေးအခေါ် များ ရှိကြသော်လည်း အခြေအနေပေါ်တွင် ခွဲခြားသိမြင်ခြင်း၊ လူကြီးများကဲ့သို့ အခြေအနေဆိုးများကို ရင်ဆိုင်နိုင်သည့် စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်မှုတို့ မရှိကြပေ။ ဤအခြေအနေနစ်ရပ်ကို နားလည်ထားခြင်းသည် ကလေးများ ကြုံတွေ့ရသည့် အခက်အခဲများ၊ ဘေးအန္တရာယ်ဖြစ်ချိန်တွင် ကလေးများဆီမှ ရယူနိုင်သည့် စွမ်းအားများကို နားလည်စေနိုင်မည်ဖြစ်သည်။ ဘေးအန္တရာယ်ဖြစ်ချိန်တွင် မိန်းကလေးများ ကြုံတွေ့ရသည့်အခက်အခဲများသည် အမျိုးသမီးများ၊ မိန်းကလေးငယ်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခြေအနေတို့အပေါ် ထားရှိသည့် သူတို့၏ သဘောထားများနှင့် တိုက်ရိုက်သက်ဆိုင်မှုရှိသည်။ မိန်းကလေးတစ်ဦး၏ မိသားစု သူမ၏အခြေအနေ၊ အသက်၊ စွမ်းရည်၊ သူမ၏ရပ်တည်နိုင်မှု၊ သူမနေထိုင်သောအရပ်ဒေသမှ လူမှုရေးအုပ်စုများ၊ အခြားကဏ္ဍများနှင့်လည်း သက်ရောက်မှုရှိသည်။ မိန်းကလေးများသည် ဘေးအန္တရာယ်အချိန်တွင် မတူညီသည့် ထိခိုက်လွယ်မှုများ ရှိကြသော်လည်း သူတို့သည် ဘေးအန္တရာယ်ဖြစ်နေချိန် အဆင့်တိုင်းတွင် ထူးခြားစွာ ဘေးဒဏ်ခံနိုင်စွမ်းရှိကြသည်။

သဘာဝဘေးအန္တရာယ်များကျရောက်သည့် ရပ်ရွာလူထုနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အမျိုးသမီးနှင့် မိန်းကလေးငယ်များ ကျန်းမာပြီး အန္တရာယ်ကင်းစေရေးဆောင်ရွက်ရန် အရေးကြီးသည်။ အစားအစာနှင့် အရေးပေါ်အသုံးဆောင်များ ဖြန့်ဝေခြင်း၊ မိန်းကလေးငယ်များ စာသင်ကျောင်းနှင့် ယာယီစာသင်ကျောင်းနေရာသို့ သွားလာနိုင်ရေးတို့အတွက် အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်သည်။ အမျိုးသမီးနှင့် မိန်းကလေးငယ်များအား အကြမ်းဖက်မှုဆန့်ကျင်ရေးဆိုင်ရာ အသိပညာပေးခြင်းကို ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုပေးခြင်း၊ မိသားစုဘဝများ ပြန်လည်တည်ဆောက်ရန်အတွက် လိုအပ်သောကျွမ်းကျင်မှုများကိုအမျိုးသမီးများနှင့် မိန်းကလေးငယ်များအားသင်ကြားပေးခြင်းတို့ဆောင်ရွက်ရန်လည်း အရေးကြီးသည်။ ရပ်ရွာလူထုသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လာသည်နှင့်အမျှ အမျိုးသမီးနှင့် မိန်းကလေးငယ်များ၏ စွမ်းဆောင်နိုင်မှုကို မဆုံးရှုံးစေရပါ။ သူတို့၏ လုပ်ကိုင်နိုင်ရည်ကို ဖြည့်ဆည်းပေးပါ။ ဤသို့ဦးဆောင်မှုသည် ဘေးအန္တရာယ် စီမံခန့်ခွဲမှု၊ ပြင်ဆင်မှု၊ တုံ့ပြန်ဆောင်ရွက်မှုနှင့် ဘေးဖြစ်နိုင်ခြေလျှော့ချခြင်း၏ အဆင့်တိုင်းတွင် အကျိုးဝင်သည်။

ဘေးအန္တရာယ်အချိန်များတွင် ကျား/မ မညီမျှမှုသည် မိန်းကလေးငယ်များ၏ အသက်အန္တရာယ် ထိခိုက်နိုင်ခြေ အထူးသဖြင့် အရွယ်ရောက်မိန်းကလေးများတွေ့ကြုံရခြင်း စသည့် သက်ရောက်မှုများရှိသည်။ ဘေးအန္တရာယ်များကြောင့် အရွယ်ရောက်မိန်းကလေးများ၏လိုအပ်ချက်များ၊ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးစသည့် ကဏ္ဍများကို ဂရုမပြုကြသည့်အတွက် စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများရှိသည်။ အမျိုးသမီးများဓမ္မတာပေါ်ချိန်တွင် အမျိုးသမီးတကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများပံ့ပိုးမှုမလုံလောက်ခြင်းသည် ပြဿနာများကိုဖြစ်စေသည်။ မိသားစုစီမံကိန်းနှင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုများ၊ ဘေးအန္တရာယ်အချိန်အတွင်းတွင် လိင်မှတဆင့် ကူးဆက်တတ်သောရောဂါများ နှင့် HIV စသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ အိမ်တွင်းနှင့်အိမ်ပြင်အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအန္တရာယ်တို့သည်လည်း ဘေးအန္တရာယ်အချိန်များတွင် တိုးမြင့်လာပြီး အရွယ်ရောက်မိန်းကလေးများသည် သူတို့၏အသက်အရွယ်နှင့် မိန်းကလေးဖြစ်ခြင်းကြောင့် ထိခိုက်လွယ်သူများဖြစ်နိုင်သည်။ မိန်းကလေးငယ်များသည် နှောက်ယှက်စော်ကားခံရခြင်းကို အများအားဖြင့် ဖွင့်ဟပြောဆိုရန်ခက်ခဲလေ့ရှိပြီး အချို့သော လိုက်လျောညီထွေနေထိုင်ရသည့် နည်းလမ်းအချို့ကြောင့် မိန်းကလေးငယ်များတို့အတွက် ပိုမိုဆိုးသွားစေနိုင်သည်။ အရွယ်မရောက်ခင်အိမ်ထောင်ပြုခြင်း(သို့)လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ယူခြင်းတို့ကိုဖြေရှင်းရန်ပို၍ခက်ခဲလာနိုင်သည်။

ဘေးအန္တရာယ်များကြောင့် စာသင်ကျောင်းများ ပညာသင်ကြားရေးသည် အဆောက်အအုံများ ပျက်စီးခြင်းတစ်ခုတည်းကြောင့် ရပ်တန့်သွားရသည်မဟုတ်ပေ။ ဆရာ/မများ မလာရောက်နိုင်ခြင်း၊ ကျောင်းသား/သူများကျောင်းသို့သွားရာ လမ်းများ ပျက်စီးသွားခြင်းတို့ကြောင့်လည်း ဖြစ်နိုင်သည်။ကျောင်းယူနီဖောင်းများ၊ စာအုပ်များနှင့်အခြားသော ကျောင်းသုံးပစ္စည်းများ ပျောက်ဆုံးပျက်စီးလျှင် မိဘများမှ ပြန်လည်အစားထိုး ဖြည့်ဆည်းပေးရန် မတတ်နိုင်သည့်အခါတွင် ကျောင်းပြန်လည်တက်ရောက်ရန် အတားအဆီးဖြစ်နိုင်သည်။ စာသင်ကျောင်းများသည် ရောက်ရှိရန် မလွယ်ကူတော့သည့်အခါတွင် ကလေးများ ကျောင်းမတက်ရောက်နိုင်တော့ဘဲ မိန်းကလေးများအတွက် ယောကျ်ားလေးများနှင့် နှိုင်းယှဉ်လျှင် ဝင်ငွေ၊ ပညာရေးအသုံးစရိတ်များဖြင့် ဆုံးဖြတ်ပြီး ပညာရေးဆုံးရှုံးနိုင်သည်။ မိန်းကလေးငယ်များသည် မိခင်များ သေဆုံးခြင်း(သို့)ရွှေ့ပြောင်းလုပ်ကိုင်နေခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေရခြင်း စသည့်အခြေအနေတို့တွင် သူတို့လုပ်နေကျ အိမ်အလုပ်များကို အစားထိုးဝင်ရောက်လုပ်ကိုင်ရန်အတွက် ကျောင်းထွက်ရခြင်း၊ ပညာဆက်လက်မသင်ရတော့ခြင်းတို့ ရှိနိုင်သည်။ ဘေးအန္တရာယ်ဖြစ်ပြီးကာလအခြေအနေတွင် စာသင်ကြားမှုအချိန် လျော့နည်းသွားခြင်းကြောင့် မိန်းကလေးငယ်များ ဆိုကျိုးသက်ရောက်မှုမှ စိတ်ဖိစီးမှုနှင့် စိတ်ဒဏ်ရာများရရှိနိုင်သည်။ မိန်းကလေးများကို မိသားစုကိုကူညီပံ့ပိုးရန် ကျောင်းမှ အတင်းအဓမ္မထွက်ခိုင်းနိုင်သည်။ လိင်လုပ်ငန်း၊ တောင်းစားခြင်းစသည့် အန္တရာယ်မကင်းသည့် လုပ်ငန်းခွင်များသို့ ဝင်ရောက်သွားနိုင်သည့် စိုးရိမ်မှုများ ရှိလာသည်။

ပုံမှန်အချိန်တွင်ပင် အထူးလိုအပ်ချက်များရှိကြောင်း၊ ယင်းအထူးလိုအပ်ချက်များနှင့် သူတို့၏နေ့စဉ်ဘဝများတွင် အန္တရာယ်ကင်းရှင်းရေးကို ဖြည့်ဆည်းပေးရန်၊ ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများ အပါအဝင် ကျောင်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများတွင် ဦးဆောင်သည့်အခန်းကဏ္ဍမှ ပါဝင်စေရန်တို့ကို သိရှိထားရန် အရေးကြီးသည်။

မိန်းကလေးငယ်များ၊ အများအားဖြင့်အရွယ်ရောက် မိန်းကလေးငယ်များကို ကျန်းမာရေးမြှင့်တင်ခြင်း၊ အသက်ရှင်ရန်ကြိုတင်ကာကွယ်ခြင်း၊ အကာအကွယ်ပြုခြင်းစသည့် လုပ်ငန်းများတွင် ဝင်ရောက်ပါဝင်စေနိုင်သည်။ ကျောင်းတာဝန်ရှိသူများသည် မိန်ကလေးငယ်များအားကာကွယ်ရန်နှင့် သာမန်အချိန်နှင့် ဘေးအန္တရာယ်ဖြစ်သည့်အချိန်ကာလများအတွင်းတွင် သူတို့ကြုံတွေ့ရသော အန္တရာယ်များမှ ကင်းရှင်းစေရေးအတွက် လိုအပ်သည့်လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်သည်။ ၄င်းတို့တွင် ကျား/မခွဲခြားမှု၊ ကျောင်းအတွင်းနှင့် ရပ်ရွာအတွင်းတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု စသည့် လုံခြုံမှုကိုခြောက်လှန့်လာနိုင်သော အဓိကဘေးဖြစ်နိုင်ခြေများကို ဖြေရှင်းခြင်းတို့ ပါဝင်နိုင်သည်။ ဥပမာ - မီးအလင်းရောင်တိုးမြှင့်ခြင်း၊ အိမ်သာများ နှင့် အခြားသန့်စင်ခန်းများ၏ နေရာနှင့် သီးသန့်တည်ရှိမှုတို့သည်လည်း မိန်းကလေးငယ်များအား လုံခြုံမှု၊ အန္တရာယ်ကင်းစေမှုကို ပေးနိုင်သည်။ ယင်းဆောင်ရွက်ရန်များတွင် ကျားနှင့် မ ခွဲခြားတည်ဆောက်ထားသော အိမ်သာ အကွာအဝေး၊ အိမ်သာနှင့် ရေချိုးခန်း တံခါးဂျက်များ၊ ရေအရင်းအမြစ်နေရာများတွင် အကာအကွယ်ထားရှိခြင်း၊ အိမ်သာ၊ ရေချိုးခန်းအနီးဝန်ကျင်တွင် အလင်းရောင်ရှိခြင်း၊ ယဉ်ကျေးမှုအရသင့်တော်သော အမျိုးသမီးတစ်ကိုယ်ရေသန့်ရှင်းရေးသုံး အသုံးဆောင်ပစ္စည်းများ (လုံခြုံသောနေရာနှင့် အဝတ်အစားလျှော်ရန်နေရာများ)၊ အရွယ်ရောက်မိန်းကလေးများအတွက် အသုံးဆောင်ပစ္စည်းများသည် ထိခိုက်လွယ်သောအုပ်စုများ ကြုံတွေ့နိုင်သည့် ဘေးဖြစ်နိုင်ခြေများကို လျှော့ချရန်အတွက် ဆောင်ရွက်ရန် လုပ်ငန်းများဖြစ်သည်။

## “မိန်းကလေးငယ်များကို ကျောင်းထားပေးပါ။ သူတို့အနာဂတ်အတွက် သင်အကောင်းဆုံးလုပ်ပေးနိုင်တဲ့အလုပ်ဖြစ်တယ် ”

ပညာရေးတစ်ခုတည်းကပင်လျှင် မိန်းကလေးငယ်များအတွက် အရေးကြီးနေသည်။ ပုံမှန်ပညာသင်ကြားရေးအပြင် မိမိကိုယ်မိမိကာကွယ်ရန်အတွက် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးနှင့် ကျွမ်းကျင်မှုများကိုလေ့လာသင်ယူခြင်းသည်လည်းအရေးကြီးသည်။ လက်တွေ့ကျင့်သုံးဆောင်ရွက်သူများမှဘေးအန္တရာယ်ဖြစ်ပြီးချိန်တွင်အခွင့်အလမ်းတစ်ခုကိုသတိပြုမိခဲ့ကြသည်။ ၄င်းမှ မိန်းကလေးငယ်များအား ပညာရေး၊ သင်တန်းများနှင့် သူတို့ဘဝအတွက် ရွေးချယ်မှုများကို ရှေ့ဆက်သွားနိုင်ရန်ပင်ဖြစ်သည်။ ယင်းအခွင့်အရေးသည် ခဏတာအချိန်တွင်း ပျောက်ဆုံးသွားနိုင်သောကြောင့် လူမှုကူညီရေး အသင်းအဖွဲ့များမှ ကူညီဆောင်ရွက်သွားရန် လိုအပ်သည်။

ဘေးအန္တရာယ်ထိခိုက်မှု လျှော့ချရေးတွင် လက်တွေ့ကျင့်သုံးသူများမှ မိန်းကလေးငယ်များနှင့် သူတို့၏ ရပ်ရွာလူထုအား အောက်ပါအကျိုးကျေးဇူးများကို ဖြည့်ဆည်းပေးနိုင်သည်။

- မိန်းကလေးတစ်ဦး၏ မိမိကိုယ်ကို တန်ဘိုးထားတတ်ခြင်း၊ ယုံကြည်မှု၊ ဘေးဒဏ်ခံနိုင်မှုရှိလာခြင်း။
- ဆက်သွယ်ရေး၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အသင်းအဖွဲ့နှင့်လုပ်ကိုင်နိုင်သည့် စွမ်းရည်များ ရှိလာခြင်း။
- လူကြီးများ၊ ယောကျ်ားလေးများနှင့် ကောင်းမွန်သည့် ဆက်ဆံရေးတို့ရှိလာခြင်း။
- ပြဿနာတစ်စုံတစ်ရာနှင့် ကြုံတွေ့လျှင် မည်သူ့ဆီသွားရမည်ကို သိရှိလာခြင်း။
- အာဏာရှိသူများမှ သူတို့လိုအပ်ချက်များဖြည့်ဆည်းပေးမည်ကို ယုံကြည်မှုရှိလာခြင်း။
- မိန်းကလေးများအတွက်ကိုယ်တိုင် ပိုမိုကောင်းမွန်သည့် ပညာရေးဝန်ဆောင်မှုများအတွက် တိုက်တွန်းလာခြင်း။
- သူတို့ကိုယ်တိုင်၊ သူတို့၏အပေါင်းအဖော်များနှင့် သူတို့ရပ်ရွာလူထု ဘေးအန္တရာယ်အတွက် ပြင်ဆင်မှုတိုးတက်လာခြင်း။
- ကျား/မ ညီမျှမှုအတွက်ပံ့ပိုးလာခြင်း၊ လူကြီးများ၊ အရွယ်ရောက်ယောကျာ်လေးများမှလည်း မိန်းကလေးများအပေါ်လေးစားမှုရှိလာခြင်း၊ မိန်းကလေးတို့၏ အကြံဉာဏ်နှင့် အခွင့်အရေးများကို အသိအမှတ်ပြုလာခြင်း။

ဘေးအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့ရသောမိန်းကလေးအများမှာ အကြမ်းဖက်မှုအမျိုးမျိုး၊ ဆင်းရဲနွမ်းပါးမှုနှင့်ခွဲခြားဆက်ဆံခံရခြင်းတို့ကြောင့် သူတို့၏ဘဝများနိမ့်ပါးနေရစဉ်တွင် ကျွန်ုပ်တို့အနေဖြင့် ယင်းအခြေအနေတို့ကိုလျှော့ချရန်နှင့်ကာကွယ်ပေးရန် ဆောင်ရွက်ရမည်။ မိန်းကလေးများတွင် ခွန်အား (စိတ်ပိုင်းဆိုင်ရာနှင့် ခံစားမှုပိုင်းဆိုင်ရာ)ဖွဲ့နှင့် ဖြစ်လာသည့်အခြေအနေပေါ်တွင် သူငယ်ချင်း၊ မိသားစုတို့နှင့် တင်းတိမ်ရောင့်ရဲစိတ်ထားတတ်ခြင်းစသည့် အရည်အချင်းများရှိသည်မှာ သေချာသည်။

“၂၀၁၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့”တွင်ဘေးဖြစ်နိုင်ခြေလျော့ချခြင်းနှင့် သဘာဝဘေးအန္တရာယ်များအား တစ်ကမ္ဘာလုံးမှ တုံ့ပြန်ဆောင်ရွက်မှု စီမံခန့်ခွဲရေးတွင် ရှေ့တန်းဦးဆောင်ပါဝင်ခြင်း” အားဖြင့် အမျိုးသမီးများ နှင့် မိန်းကလေးငယ်တို့၏ လိုအပ်ချက်ကို အထူးပြုဖော်ပြခဲ့သည်။ ထိုနေ့၏ စိတ်ခွန်အားသည် ဆက်လက်ရှင်သန်နေရမည်။ အထူးသဖြင့် အမျိုးသမီးများနှင့်(မိန်းကလေးငယ်များ)၏ ဘေးအန္တရာယ်ဖြစ်နိုင်ခြေနှင့် ပုံစံရေးဆွဲခြင်း၊အရင်းအမြစ်ရှာဖွေခြင်းနှင့် ကျား-မ ရေးရာကဏ္ဍ ထည့်သွင်းစဉ်းစားပေးမှုဆိုင်ရာ ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးမူဝါဒများ၊ အစီအစဉ်များ၊ စီမံကိန်းများ၊ ပြင်ဆင်မှုနှင့် ဘေးအန္တရာယ်ဖြစ်ပြီးကာလတွင် အခြားရွေးချယ်နိုင်သည့် အသက်မွေးမှုလုပ်ငန်းတို့အတွက် အမျိုးသမီးများအား အားပေးရန်အတွက် စွမ်းဆောင်ရည်ပံ့ပိုးပေးခြင်း စသည့်ကဏ္ဍများ အထူးပြုဖော်ပြထားသော ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး Sendai မူဘောင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လာမည့် ၁၅ နှစ်တာကာလအတွင်းတွင် ရှင်သန်နေရမည်။ ထိုကဲ့သို့ပင် SFDRR သည် ကလေးများနှင့် လူငယ်များသည် အပြောင်းအလဲ ဖော်ဆောင်သူများဖြစ်ကြောင်း အသိအမှတ်ပြုထားပြီး ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးတွင် ဥပဒေ၊ နိုင်ငံတွင်းအလေ့အကျင့်များနှင့် ပညာရေး အစီအစဉ်များနှင့် အညီ အခွင့်အရေးနှင့် လုပ်ပိုင်ခွင့်များ ပံ့ပိုးပေးသင့်သည်။

*"ကျောင်းမှာ ဒီလိုအကာကွယ်ရှိနေတာ အရမ်းကောင်းတာပဲ၊ ကော်မတီကို ဘယ်လိုဦးဆောင်မလဲ၊ လူတွေအိမ်ထဲက ထွက်လာအောင်ဘယ်လို စည်းရုံးရမလဲဆိုတာ အနည်းနဲ့အများတော့ ကျွန်ုပ်တို့သိပြီ။ ကျွန်တော်က အိမ်တွေကနေ စွန့်ခွာခဲ့ရတဲ့သူတွေထဲက တစ်ယောက်ဖြစ်တယ်။ ကျောင်းမှာသင်ခဲ့ရတာတွေအားလုံးကို လက်တွေ့ကျင့်သုံးလိုက်တာ ကျွန်တော်တို့အတွက် အရမ်းအထောက်အကူဖြစ်တယ်လို့ ကျွန်တော်ထင်တယ်..... "*

## ၅.၂ မသန်စွမ်းကလေးများ၏ အထူးလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်းနှင့် ပြည့်မီစေရေးအတွက် ကမ္ဘာလုံးဆိုင်ရာပုံစံ မူဝါဒများကိုကျင့်သုံးခြင်း





မသန်စွမ်း ကလေးများ၏ အထူးလိုအပ်ချက်ကို ထည့်သွင်းစဉ်းစားပေးခြင်း

ဤအခန်းတွင် ကျွန်ုပ်တို့ ဘာကြောင့် မသန်စွမ်းသူများအတွက် လုပ်ငန်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်းရှင်းလင်းဖော်ပြထားသည်။

- ကမ္ဘာ့လူဦးရေ၏ ၁၅-၂၀% သည် မသန်စွမ်းသူများဖြစ်သည်။
- သန်း ၆၅၀ မသန်းစွမ်းလူဦးရေသည် အာရှပစိဖိတ်မှဖြစ်ကြသည်။
- အာရှပစိဖိတ်မှ ၉၀% မသန်စွမ်းကလေးငယ်များသည် ကျောင်းမနေကြပါ။
- ၆၃% မသန်စွမ်းသူများသည် ရွှေ့ပြောင်းသွားလာရာတွင် အကူအညီ လိုအပ်ကြသည်။
- ၅၈% မသန်စွမ်းသူများသည် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး/တုံ့ပြန်ဆောင်ရွက်မှုများတွင် တစ်ကြိမ်မှမပါဝင်ဖူးပါ။
- ၅၇% မသန်စွမ်းသူများသည် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး သတင်းအချက်အလက်များ ရရှိနိုင်ရန် အခက်အခဲများ ကြုံတွေ့ကြရသည်။

စာသင်ကျောင်းအဆောက်အအုံများကို ကလေးများ လွတ်လပ်စွာဖွံ့ဖြိုးရန်အတွက် မြေအနေအထားနှင့် လူမှုအသိုင်းအဝိုင်းဝန်းကျင် အတားအဆီးများမရှိဘဲ မည်သူမဆို လွတ်လပ်ပြီး အန္တရာယ်ကင်းစွာ ဖွံ့ဖြိုးမှုရှိနိုင်ရန် ထားရှိသင့်သည်။ ယင်းအချက်ကိုပြည့်မီစေရန် စာသင်ကျောင်းများကိုပုံစံရေးဆွဲရာတွင် သွားလာရွေ့လျားမှုနှေးသော၊ မသန်စွမ်းသူများ၊ သက်ကြီး၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ကိုယ်အလေးချိန်လွန်ကဲသောသူများ၊ အရပ်ပုသောသူများ၊ ငယ်ရွယ်သူများ၊ ကုန်ပစ္စည်းသယ်ဆောင်လာသူများစသည့် လူသားအားလုံးကိုထည့်သွင်းစဉ်းစားပြီး အားလုံးရောက်ရှိသွားလာနိုင်သည့်ပုံစံကို ရေးဆွဲရမည်ဖြစ်သည်။ အထူးသဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ အတားအဆီးများကြုံတွေ့ရသော မသန်စွမ်းကလေးများအတွက် အထူးစဉ်းစားပေးရန်လိုအပ်သည်။ ၎င်းအချက်ကို မဖြည့်ဆီးနိုင်လျှင် ပုံမှန်ကျောင်းတက်ရန်အတွက် သိသာသည့် အတားအဆီးတစ်ခုဖြစ်လာမည်ဖြစ်သည်။

သို့မဟုတ်ပါက ဆောင်ရွက်နိုင်လျှင် မသန်စွမ်းကလေးများအတွက် အထူးပြုကျောင်းများပြုလုပ်ရန်ဖြစ်သည်။ စာသင်ကျောင်းလက်လှမ်းမီနိုင်ရေးသည် ကျောင်းသား/သူ အားလုံးနှင့် သူတို့၏ မိသားစုများမှ ကျောင်းသို့လာရောက်နိုင်ရေး၊ ကျောင်းတွင်းသို့ ဝင်နိုင်ရေး၊ ကလေးများ၊ဆရာ/မများ၊ ဝန်ထမ်းများ၊ ကျောင်းမှ စီမံရေးရာဝန်ထမ်းများနှင့် အပြန်အလှန်ဆွေးနွေးနိုင်ခြင်း၊ ကျောင်းမှ အစီအစဉ်များ၊ တွဲဖက်သင်ရိုးဝင်သင်ခန်းစာအစီအစဉ်များတွင် ပါဝင်နိုင်ခြင်းတို့ပင်ဖြစ်သည်။

စာသင်ကျောင်းသို့ ကိုယ်တိုင်ရောက်ရှိနိုင်ခြင်းတွင် လမ်းအန္တရာယ်ကင်းရှင်းရေး၊ လူကူးမျဉ်းကြား၊ လှေဖြင့်သွားလာချိန်တွင် ဘေးဖြစ်နိုင်ခြေ၊ ပါကင်ထိုးချိန်ဂရုစိုက်မှု၊ ပလက်ဖောင်းမှအထွက် ၎င်းနေရာမှ ကျောင်းသို့သွားရခြင်း စသည့် အခြေအနေများကို ဂရုစိုက်ရန်လိုအပ်သည်။ ကလေးများ ကျောင်းသို့ရောက်ရှိသည့်အချိန်တွင် ကျောင်းဆောင်များအတွင်းသို့ ဝင်ရောက်ခြင်း ၊ စာသင်ခန်းနေရာများ ဝန်းကျင်တွင် လွယ်ကူစွာသွားလာနိုင်မှုစသည့် အခက်အခဲများကိုလည်း ထည့်သွင်းစဉ်းစားထားရန်လိုအပ်သည်။ အရေးကြီးသည့် ကဏ္ဍတစ်ခုမှာ ကျောင်းသို့သွားသည့် လျှောက်လမ်းနှင့် ဆင်ခြေလျှောလမ်းများသည် မျက်နှာပြင်ချောမွတ်နေခြင်း၊ ခိုင်ခံ့မှုရှိခြင်း၊ မည်သည့်ရာသီဥတုမဆို ချော်ချွတ်မှုမရှိခြင်း စသည့်အချက်များရှိရမည်။ ဆင်ခြေလျှောလမ်း၏ ကုန်းစောင်းသည် အလွန်မမတ်နေစေရပါ။ အလျား ၁၂ လက်မအကွာအဝေးတွင် အမြင့်ဆုံး ၁.၁၂ (သို့) ၁ လက်မ သာရှိရမည်ဖြစ်ပြီး အောက်ခြေနှင့် ထိပ်ပိုင်းတွင်ကွေ့ရန် အချင်းဝက် ၅ ပေ ရှိရမည်။ လက်ရန်းများကို ဆန့်ကျင်ဘက် အရောင်များသုတ်ထားရမည်ဖြည့်ပြီး လျှောက်လမ်း၊ ဆင်ခြေလျှောလမ်းနှစ်ဘက်စလုံးတွင် ထားရှိသင့်သည်။ ဝင်ပေါက်သည် ပါကင်နေရာမှ ရှင်းလင်းစွာ မြင်ရမည်ဖြစ်သည်။ အဆောက်အအုံ၏ အနီးဆုံးဝင်ပေါက်သို့ သွားလာရ လွယ်ကူရမည်ဖြစ်သည်။

ကလေးများ၏ အန္တရာယ်ကင်းစေရေးနှင့် အဆင်ပြေစေရေးသည်လည်း စာသင်ကျောင်းများ၏အဓိက အခန်းကဏ္ဍဖြစ်သည်။ လေ့လာသင်ယူမှုသည် ကလေးများမှ အန္တရာယ်ကင်းပြီး အဆင်ပြေလာသည့်အခါတွင် အားလုံးအတွက် ပို၍လက်လှမ်းမီလာမည်ဖြစ်သည်။ လက်လှမ်းမီနိုင်မှု၊ သွားလာရလွယ်ကူမှုနှင့် အန္တရာယ်ကင်းရှင်းရေးတို့ဆောင်ရွက်ရန် အဓိက နေရာများတွင် ဝင်ပေါက်များ၊ ဝရံတာများ၊ စာသင်ကျောင်းရုံးခန်းများ၊ စာသင်ခန်းများ၊ မုန့်စားဆောင်များနှင့် ရေချိုးခန်းများပါဝင်သည်။ အသုံးပြုနိုင်သည့် အခန်းနေရာများသည် အဆောက်အအုံ၏ အလယ်ဗဟိုနေရာတွင် ထားရှိခြင်းဖြင့် သွားလာရခက်ခဲသော ကလေးများနှင့် အမြင်အာရုံချို့ယွင်းသောကလေးများအတွက် မလိုအပ်ဘဲ သွားလာချိန်ကြာမြင့်မှုကို လျှော့ချနိုင်မည်ဖြစ်သည်။ ကြမ်းခင်းများသည် ချော်ချွတ်မှုမရှိရပါ။ သွားလာရခက်ခဲသောကလေးများ၊ လက်တွန်းလှည်းနှင့် သွားလာရန် အခြားပံ့ပိုးမှုပစ္စည်းများဖြင့် အဆင်ပြေစေရန်လိုအပ်သည်။ လက်တွန်းလှည်းကလေးအတွက် လုံလောက်သည့်ထိုင်ခုံနေရာလိုအပ်ပြီး စာသင်ပြမှုနေရာကို ကြည့်ရှုနိုင်ရန်လည်း လိုအပ်သည်။ ထွက်ပေါက်များနှင့် အနီးရှိလျှင် ပိုကောင်းသည်။ ကျား/မ အားလုံးအတွက် သန့်စင်ခန်းများလည်း ထားရှိသင့်သည်။

သတိပေးသံများ၊ သတိပေးစနစ်များနှင့် အရေးပေါ် ရွှေ့ပြောင်းခြင်းတို့သည် မသန်စွမ်းကလေးများ၏ အထူးလိုအပ်ချက်ကိုလည်း စဉ်းစားရန်လိုအပ်သည်။ သတိပေးသံတွင် အမြင်ဖြင့်လည်းကောင်း၊ အသံဖြင့်လည်းကောင်း ရှိသင့်ပြီး ကျောင်းဝန်ထမ်းများနှင့် ကျောင်းသားသူများသည် အရေးပေါ် ရွှေ့ပြောင်းရသည့်အချိန်တွင် သွားလာရန် အခက်အခဲရှိသော ကလေးများအတွက်ကူညီပံ့ပိုးရန် သီးသန့်တာဝန်ပေးထားပြီး လေ့ကျင့်ပေးထားသင့်သည်။

ကျွန်ုပ်တို့သည် နောက်လာမည့် ၁၅ နှစ်အတွင်း SENDAI ၏ ဘေးအန္တရာယ် လျှော့ချရေးမူဘောင် (SFDRR) ၏ လမ်းညွှန်မှုကို လိုက်နာသင့်သည်။ ၎င်းမူဘောင်တွင် " မသန်စွမ်းသူများနှင့် ၎င်းတို့၏ အဖွဲ့အစည်းများသည် ဘေးအန္တရာယ် ဆန်းစစ်မှုတွင် အရေးကြီးပြီးပုံစံနှင့် တိကျသောလိုအပ်ချက်များ ရရှိစေရန်အတွက် အစီအစဉ်များ ဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်သည်။ အထူးသဖြင့် အားလုံးနှင့်သက်ဆိုင်သော ပုံစံ၏ လုပ်ထုံးလုပ်နည်းများ။" ကျောင်းတွင်း၌ လုံခြုံစိတ်ချရမှု မူဘောင်အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လွယ်ကူမှုရှိစေရန် လမ်းညွှန်ချက်များပါဝင်သည်။

## ၅.၃ အန္တရာယ်ကင်းသည့် ကျောင်းများကို ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းအပေါ် လိုက်လျောညီထွေနေထိုင်ခြင်းများနှင့် ချိတ်ဆက်ခြင်း



ကျောင်းဘေးပတ်ဝန်းကျင်တွင် သစ်ပင်စိုက်ခြင်း

ဤအပိုင်းတွင် သဘာဝပတ်ဝန်းကျင်အား ကျွန်ုပ်တို့၏နားလည်မှုနှင့် ကျောင်းများအား ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေရန် အဆင့်မြှင့်တင်ခြင်းအပြင် ရာသီဥတုပြောင်းလဲမှုအပေါ်တွင် လျင်မြန်စွာကိုင်တွယ်ဖြေရှင်းတတ်စေရန်အတွက် အကူအညီပေးပါလိမ့်မည်။ ၎င်းလုပ်ငန်းများသည် ပြီးပြည့်စုံသော ကျောင်းတွင်းလုံခြုံမှုအတွက် အရေးကြီးသောဖြည့်စွက်မှုလုပ်ငန်းစဉ်များပါဝင်သည်။

လူသားများ၏ဖြစ်တည်မှုနှင့် စက်မှုလုပ်ငန်းများထွန်းကားလာခြင်းသည် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်အား ဆိုးဝါးသောထိခိုက်မှုဆုတ်ယုတ်မှုများကို ဖြစ်ပေါ်လာစေသည်။ ညစ်ညမ်းမှုများ တိုးပွားလာခြင်းသည် ကမ္ဘာကြီး ပူနွေးလာစေသည်။ ဝင်ရိုးစွန်းရှိ ရေခဲများအရည်ပျော်ခြင်းသည် ရေမျက်နှာပြင်မြင့်တက်လာစေပြီး ရေလွှမ်းမိုးမှုနှင့် သမုဒ္ဒရာအတွင်း ရေငွေ့ပျံမှုများပြားသောကြောင့် ပြင်းထန်သော ဟာရီကိန်းမုန်တိုင်းများ အစရှိသည်ဖြင့် ဖြစ်ပေါ်စေသည်။ ပုံမှန်မုတ်သုံရာသီဖြစ်ပေါ်မှုကို ပျက်စီးစေသည်။ ၎င်းသည် အချိန်တိုအတွင်း ပြင်းထန်သော မိုးရွာသွန်းမှုများကို ဖြစ်ပေါ်စေသည်။ ညစ်ညမ်းမှုနှင့် မြေအောက်ရေများကို စိုက်ပျိုးရေးအတွက် အလွန်အကျွံသုံးစွဲမှုသည် ရေအရင်းအမြစ်များကို လျော့နည်းသွားစေသည်။ မြေဆီလွှာများ ခမ်းခြောက်ပြီး အပင်များကို သေစေနိုင်သည်။ မိုးများသည် အချိန်တိုအတွင်း ပြင်းထန်စွာ ရွာသွန်းမှုကြောင့်မြေကြီး၏အပေါ်ယံအလွှာမှ မြေသြဇာအဆီအနှစ်များကို တိုက်စားမှုများ ဖြစ်ပေါ်စေသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာပညာပေးခြင်းနှင့်လုပ်ငန်းများဆောင်ရွက်ရာတွင်ကလေးများပါဝင်သင့်ပြီးမည်သည့်အကြောင်းအရာများကြောင့် သဘာဝပတ်ဝန်းကျင်ကို ပြောင်းလဲမှုဖြစ်ပေါ်စေကြောင်း သင်ယူလေ့လာသင့်ပြီး ၎င်းတို့ အနေဖြင့်ဖြစ်ပေါ်လာသော အကျိုးဆက်များမှ ၎င်းတို့ကိုယ်တိုင် မည်ကဲ့သို့ ကာကွယ်ရမည်ကို သိရှိရမည်။ ဘေးဖြစ်နိုင်ခြေများကို နားလည်ထားခြင်းအားဖြင့် ၎င်းတို့ကိုလျှော့ချနိုင်မည်ဖြစ်သည်။ ကလေးများအား ပတ်ဝန်းကျင်နှင့်ကိုက်ညီပြီးအနာဂတ်အတွက် ရည်ရှည်တည့်တံ့နိုင်မည့် ပစ္စည်းများကိုရွေးချယ်ရန်၊ ဘက်တီးရီးယားပိုးဖြင့် မဆွေးမြေ့စေနိုင်သော ပစ္စည်းများအစား ဆွေးမြေ့စေနိုင်သောပစ္စည်းများ ရွေးချယ်ရန်၊ ကောင်းမွန်သည့် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှု စသည်တို့ကို သင်ကြားပေးခြင်းအားဖြင့် မိဘများနှင့် ရပ်ရွာထုအပေါ်တွင် ကောင်းကျိုးသက်ရောက်မှုများ ရရှိမည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုသက်ရောက်ခြင်းနှင့် ပတ်ဝန်းကျင်ဆိုးကျိုးများအတွက် ပြင်ဆင်ရန်အတွက် ကျွန်ုပ်တို့သည် မိမိကိုယ်မိမိ ပြန်လည်ဆန်းစစ်နေရန်နှင့် မေခွန်းပြန်မေးရန်လိုအပ်သည်။

*"ကျွန်ုပ်တို့ မှန်ကန်သည့်အလုပ်များလုပ်ပါသလား၊ အလုပ်များကို နည်းလမ်းမှန်ဖြင့်လုပ်နေပါသလား"*

ရာသီဥတုပြောင်းလဲခြင်းသည် ဤမျိုးဆက်နှင့် အနာဂတ်မျိုးဆက်ကလေးများအတွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြဿနာတစ်ခုဖြစ်ပြီးထိခိုက်လွယ်သောကလေးများနှင့် သူတို့၏ရပ်ရွာလူထုအတွက် အမုန်တကယ်ခြောက်လန့်မှုတစ်ခုဖြစ်နေသည်။ ကလေးများသည်လူကြီးများထက် ရာသီဥတုပြောင်းလဲခြင်း၏ သက်ရောက်မှုများမှ ပို၍ ထိခိုက်လွယ်မှုရှိသည်။ သူတို့သည် တဆင့်ခံ သက်ရောက်မှု ခံရသူများထက်ပိုသည်။ ရပ်ရွာလူထု၏ အားကောင်းပြီး စိတ်အားထက်သန်သည့် အဖွဲ့ဝင်များတွင် မိန်ကလေးငယ်များနှင့် ယောကျ်ားလေးငယ်များ ပါဝင်ပြီး ရာသီဥတုပြောင်းလဲခြင်းကဏ္ဍတွင် ဆုံးဖြတ်ချက်များ၊ အစီအစဉ်ရေးဆွဲမှုများတွင် ပံ့ပိုးခွင့်ရရန်လိုအပ်သည်။ နှစ်ပေါင်း ၂၀၊ ၃၀၊ ၄၀၊ ၅၀ အတွင်းတွင် ယနေ့ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များ၏ အကျိုးသက်ရောက်မှုကို ခံစားရသူများမှာ ယနေ့ပညာသင်ကြားနေသော ကလေးများနှင့် သူတို့၏မိသားစုများပင်ဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်းပြဿနာကို လေ့လာကြည့်ရှုရန် ကလေးများကို ပံ့ပိုးပေးခြင်းအားဖြင့် သူတို့သည် အနာဂတ်တွင် အခက်အခဲများကို ရင်ဆိုင်နိုင်ရန် ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲခြင်းသည် သာမန်အားဖြင့် ရာသီဥတုပုံစံများ ကာလရှည်တွင် သိသာသည့်ပြောင်းလဲမှုဖြစ်သည်။ ရာသီဥတုမှာ ပို၍နွေးလာခြင်း (သို့) အေးလာနိုင်သည်။ နှစ်စဉ်မိုးရေချိန် (သို့) နှင်းကျချိန် တိုးလာခြင်း (သို့) လျော့သွားခြင်းဖြစ်နိုင်သည်။ မြေဆီလွှာကောင်းသောနေရာများ မြန်မာနိုင်ငံ၏ မိုးခေါင်ဒေသများကဲ့သို့ ခြောက်သွေ့လာနိုင်သည်။ ရာသီဥတုပြောင်းလဲခြင်းသည် သဘာဝအကြောင်းကြောင့် (သို့) လူတို့လုပ်ရပ်များကြောင့်ဖြစ်သည်။  (ဥပမာ - မြေအသုံးပြုမှုပြောင်းလဲခြင်း၊ ညစ်ညမ်းခြင်း ) တို့ဖြစ်နိုင်သည်။ "ရာသီဥတုပြောင်းလဲခြင်း" ဆိုသည့် အသုံးအနှုန်းသည် ယခုအခါတွင် လူတို့လုပ်ရပ်တို့နှင့် တိုက်ရိုက်ချိတ်ဆက် ဖော်ပြသည်။

တစ်ကမ္ဘာလုံးတွင် ရာသီဥတုပြောင်းလဲခြင်းသည် အရိုန်အဟုန်မြင့်လာနေသည်။  ကျွန်ုပ်တို့သည် အောက်ပါသက်ရောက်မှုများနှင့် အကျိုးဆက်ကြောင့် ယင်းကိုသိရှိခြင်းဖြစ်သည်။

- နှစ်စဉ်ပျှမ်းမျှအပူချိန်သည် မြင့်တက်လျက်ရှိသည်။ ကမ္ဘာ့ပျှမ်းမျှအပူချိန်သည် စက်မှုဖွံ့ဖြိုးချိန်မှစ၍ ၀.၈°C မြင့်တက်လျက်ရှိသည်။
- ဂန်ရီးစွန်းမှ ရေခဲများ အလျှင်အမြန် အရည်ပျော်လျက်ရှိသည်။
- ပျမ်းမျှမိုးရေချိန်နှင့် မိုးရာသီများ ပြောင်းလဲလျက်ရှိသည်။
- ပင်လယ်ရေမျက်နှာပြင်သည် အပူဓာတ်လွန်ကဲလာခြင်းနှင့် ရေခဲမြစ်များ အရည်ပျော်လာခြင်းတို့ကြောင့် မြင့်တက်လာသည်။( ဂင်ရီးစွန်း နှစ်ဘက်မှ ရေခဲများ)
- အာတိတ်သမုဒ္ဒရာရှိ စမ်းချောင်းနှင့် နွေပင်လယ်ရေခဲများ ၁၉၅၀ ခုနှစ်မှစ၍ ၁၀-၁၅၅ သို့ လျော့ကျသွားသည်။

သဘာဝဘေးအန္တရာယ်များနှင့် မိုးလေဝသလွန်ကဲသည့်ဖြစ်ရပ်များ (အပူလှိုင်းများ၊ အအေးလှိုင်းများ၊ မုန်တိုင်းများ၊ရေလွှမ်းမိုးခြင်း၊ မိုးခေါင်ရေရှားခြင်း) တို့သည် အကြိမ်ကြိမ်နှင့် ပြင်းထန်စွာဖြစ်လျက်ရှိပြီး ခန့်မှန်းရန် ပို၍ခက်ခဲလာသည်။

ရာသီဥတုပြောင်းလဲခြင်းသည် ကဏ္ဍအမျိုးမျိုးပေါ်တွင် သက်ရောက်မှုများရှိသည်။ ၎င်းတို့တွင် စိုက်ပျိုးရေး၊ ထုတ်လုပ်ရေးနှင့် အစားအစာဖူလုံရေး၊ ရေအရင်းအမြစ်များ၊ ငါးဖမ်းလုပ်ငန်းများ၊ ကျန်းမာရေး၊ ဇီဝမျိုးကွဲမှု/ဂေဟစနစ်များ၊ အဆောက်အအုံများ ပါဝင်သည်။

## ရာသီဥတုပြောင်းလဲခြင်းကြောင့် ကလေးများအပေါ် သက်ရောက်မှု

ရာသီဥတုပြောင်းလဲခြင်းအပေါ် တွင် ကလေးများနားလည်မှုကို ၂၀၁၃-၂၀၁၅ ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် Plan နှင့် လမ်းသစ်ဖောင်ဒေးရှင်းတို့မှ ကနဦးဆောင်ရွက်ခဲ့သည့် 4CA စီမံချက်တွင် ပြုစုခဲ့သည်။ စီမံချက်အတွင်း ဦးတည်ဆွေးနွေးမှုများတွင် ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက်များကို ကလေးများထံမှ သင်ယူရရှိမှုများကို ဖော်ပြထားသည်။

- "ရာသီဥတုပြောင်းလဲခြင်း သက်ရောက်မှုများမှ အချိန်မဟုတ် မိုးရွာသွန်းခြင်း၊ မိုးများခြင်း၊ ရေကြီးခြင်း၊ နွေရာသီတွင် အပူလွန်ကဲခြင်း၊ မိုးခေါင်ဒေသများတွင် မြေဆီလွှာများပျက်စီးခြင်း ( မြေသားကွဲအက်ခြင်း၊ မြေဆီလွှာ၏ အာဟာရဓာတ်များလျော့နည်းလာခြင်း) တို့ဖြစ်တယ်" (ဦးတည်ဆွေးနွေးမှုဆောင်ရွက်နေချိန် ရခိုင်ပြည်နယ်၊ မိုးကျောက်ကြီးကွင်းကျေးရွာမှ ကလေးများ၏ ဖြေကြားချက်)
- "အခြား ရာသီဥတုပြောင်းလဲခြင်း သက်ရောက်မှုတစ်ခုမှ တောမီး၊ သစ်တောပြုန်းတီးခြင်း၊ မိုးခေါင်ရေရှားမှုနှင့် မုန်တိုင်းများဖြစ်တယ်" (ရခိုင်ပြည်နယ်၊ မိုးသာရွာကုန်းကျေးရွာမှ ကလေးများ၏ ဖြေကြားချက်)

စီမံချက်ဒေသမှ ကလေးများသည် ရာသီဥတုပြောင်းလဲခြင်း၏ ကမ္ဘာ့အလိုက်သက်ရောက်မှုအချို့ကို ကောင်းစွာနားလည်ကြသည်။

- "ရာသီဥတုပြောင်းလဲခြင်းက ကျွန်တော်တို့ အစားအစာဖူလုံရေး၊ ရေညစ်ညမ်းမှုနှင့် ကျန်းမာရေး ပြဿနာတွေကို ဖြစ်စေပါတယ်" (ရခိုင်ပြည်နယ်၊ တလိုင်ဖျင်ကျေးရွာမှ ကလေးတစ်ဦး၏ အဖြေ)
- " ........ အဲဒါကြောင့် လူတွေ ကျန်းမာရေးပြဿနာတွေနဲ့ ကြုံရတာပါ" ( ရခိုင်ပြည်နယ်၊ မိုးကျောက်ကြီးကျေးရွာမှ ကလေးများ၏ ဖြေကြားချက်)

ဇယား-၁၃ ရာသီဥတုပြောင်းလဲခြင်း သက်ရောက်မှု

| ရာသီဥတုပြောင်းလဲခြင်း (CC) သက်ရောက်မှုများ | မိုးလေဝသလွန်ကဲမှုများ (ဘေးအန္တရာယ်များ) | ကမ္ဘာ့အလိုက် သက်ရောက်မှုများ |
|---|---|---|
| • အပူချိန်မြင့်တက်ခြင်း<br>• မိုးရွာသွန်းမှု ပုံစံများပြောင်းလဲခြင်း<br>• အစွန်းရောက်ရာသီဥတု အခြေအနေများမကြာခဏ ဖြစ်ပွားခြင်း(နောက်ကော်လံတွင်ကြည့်ပါ။) ပင်လယ်ရေ မျက်နှာပြင် မြင့်လာခြင်း | • ဆိုင်ကလုံးများ<br>• ရေကြီးခြင်း<br>• မြေပြိုခြင်း<br>• မိုးခေါင်ရေရှားခြင်း<br>• ပင်လယ်ရေအပူချိန် မြင့်လာခြင်း<br>• အပူလှိုင်းဖြတ်ခြင်း<br>• တောမီးလောင်ခြင်း | • စိုက်ပျိုးရေး- သီးနှံများ ဆုံးရှုံးခြင်း<br>• ကျန်းမာရေး - ရောဂါများ ဖြစ်ပွားမှုများပြားခြင်း<br>• ငါးလုပ်ငန်း - ငါးရရှိမှု လျော့နည်းခြင်း<br>• သဘာဝအရင်းအမြစ်များ - သန့်ရှင်းရေ ရရှိမှု<br>• အဆောက်အအုံများ - မုန်တိုင်း၊ဒီရေ (သို့)ရေကြီးမှုကြောင့်အဆောက်အအုံများ ပျက်စီးခြင်း<br>• ဇီဝမျိုးကွဲများ/ဂေဟစနစ် သန္တာကျောက်တန်းများ ပျက်စီးခြင်း |

## ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းရန် အခြေခံဗျူဟာ၂ခုရှိသည်။

လျှော့ချခြင်း - ကာဗွန်ဒိုင်အောက်ဆိုဒ်များ တိုက်ရိုက်ထုတ်လွှတ်ခြင်းကို လျှော့ချခြင်း။

**လိုက်လျောညီထွေဖြစ်အောင်ဆောင်ရွက်ခြင်း-** ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရန်/လျော့နည်းစေရန် (သို့) ကောင်းကျိုးသက်ရောက်မှုများ ရရှိလာစေရန်ရည်ရွယ်ပြီး အတိတ်တွင်ဖြစ်ပွားခဲ့ပြီးသော(သို့) အနာဂတ်တွင်ဖြစ်လာမည့် ရာသီဥတုပြောင်းလဲခြင်း(သို့) ၎င်း၏သက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်ရန် သဘာဝ (သို့) လူသားစနစ်များဖြင့်လိုက်လျောညီထွေဖြစ်အောင်ဆောင်ရွက်ခြင်း။

နိုင်ငံအဆင့် လိုက်လျောညီထွေဖြစ်အောင်ဆောင်ရွက်ခြင်း စီမံကိန်းများ/လုပ်ငန်းအစီအစဉ်များ (NAPAs) တို့သည် ဖွံ့ဖြိုးမှုနောင့်နေးသောနိုင်ငံများအတွက် ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းမူဘောင်အတွင်းမှလုပ်ငန်းစဉ်ဖြစ်သည်။ ၎င်းမှာရာသီဥတုပြောင်းလဲခြင်းအတွက်လိုက်လျောညီထွေဖြစ်အောင်ဆောင်ရွက်ရန်အတွက် ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရန်လုပ်ငန်းများကို ဖော်ထုတ်ရန်ဖြစ်သည်။

မြန်မာနိုင်ငံ NAPA အစီရင်ခံစာကို (၂၀၁၁-၂၀၁၂) ခုနှစ်အတွင်းတွင် ရေးသားပြင်ဆင်ခဲ့သည်။ မြန်မာနိုင်ငံ NAPA ပြင်ဆင်မှုအစီအစဉ်သည် ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းမူဘောင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံမှ ပညာရှင်အဖွဲ့များမှ ရေးဆွဲထားသောအဆင့် (၇) ဆင့်ပါရှိပြီး NAPA ၏ အခန်း (၆) တွင် အသေးစိတ်ဖော်ပြထားသည်။ မြန်မာနိုင်ငံ၏ NAPAရာသီဥတုပြောင်းလဲခြင်းသည် အရေးတကြီးနှင့် ချက်ခြင်း လိုက်လျောညီထွေဖြစ်စေရန်အတွက် အဓိအခန်းကဏ္ဍ (၈) ခုတွင် ဆောင်ရွက်ရန်စီမံချက် ၃၂ ခုပါရှိသည်။ ၎င်းတို့တွင် (၁) စိုက်ပျိုးရေး (၂) ကြိုတင်သတိပေးရေးစနစ်များ(၃) သစ်တော (၄) လူထုကျန်းမာရေး (၅) ရေအရင်းအမြစ် (၆) ကမ်းရိုးတန်းဒေသများ (၇) စွမ်းအင်နှင့် စက်မှုလုပ်ငန်း (၈) ဇီဝမျိုးကွဲများ ဖြစ်ကြသည်။ အခန်းကဏ္ဍ - ၁ မှ ၃ သည် ပထမအဆင့် ဦးစားပေးဆောင်ရွက်ရန် ကဏ္ဍများတွင် ဖော်ထုတ်ထားသည်။

## ကျောင်းသား/သူများ ရာသီဥတုပြောင်းလဲခြင်းအတွက် တုံ့ပြန်ဆောင်ရွက်မှု၊ သင်လုပ်နိုင်မည့်အလုပ်များ





ကမ္ဘာတစ်ပှမ်းမှ အစိုးရများ၊ စီးပွားရေးလုပ်ငန်းများ၊ NGO များနှင့် ရပ်ရွာလူထုများသည် ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုများကို လျှော့ချခြင်းနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် ဦးဆောင်လှုပ်ရှားလျက်ရှိကြသည်။ ကျွန်ုပ်တို့အားလုံးသည် တာဝန်ယူခြင်း၊ စည်းကမ်းလိုက်နာခြင်းနှင့် တီထွင် ဖန်တီးခြင်းအားဖြင့် ရာသီဥတု ပြောင်းလဲခြင်းသက်ရောက်မှုများအတွက် ဆောင်ရွက်ရန် လိုအပ်သည်။

**သင်ကိုယ့်သင်ပညာဖြည့်ဆည်းပါ။** ပြဿနာများအကြောင်းကို သိရှိနေစေရန်ပြင်ဆင်ပါ။ သင်၏နိုင်ငံ တိုင်းဒေသကြီး/ပြည်နယ်နှင့် သင်၏ ရပ်ရွာလူထုအတွင်းတွင် ဘယ်လိုသက်ရောက်မှုရှိသလဲဆိုသည်ကို သိထားပါ။ နောက်ဆုံးနည်းပညာများကို သိရှိနားလည်အောင် လေ့လာပါ။ ၎င်းသည်သင့်အား လျော်ကန်သည့် အကြံဉာဏ်များ ရရှိစေရန်နှင့် ယင်းသို့ဖိအားပေးနေသော ပြဿနာများကို ဘယ်လိုပါဝင်ဖြေရှင်းနိုင်မည်ကို သိရှိစေမည်ဖြစ်သည်။

**အပြောင်းအလဲဖော်ဆောင်သူဖြစ်ပါစေ။** ရာသီဥတုပြောင်းလဲခြင်းအတွက် ဆောင်ရွက်ရန်လုပ်ငန်းမှာ သင်ကိုယ်တိုင်စတင်ဆောင်ရွက်ရန်ဖြစ်သည်။ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှင့်ခြင်းသည် လူတို့လုပ်ရပ်များနှင့် ကျွန်ုပ်တို့ရွေးချယ်မှုများ၊ စွမ်းအင်အသုံးပြုပုံများ၊ ကျောင်း/အလုပ်သွားသည့် အလေ့အကျင့်နှင့် ဈေးဝယ်သည့် အလေ့အကျင့်များကြောင့် တိုက်ရိုက်သက်ရောက်မှုများဖြစ်သည်။ နေအိမ်(သို့) အလုပ်တွင်ဖြစ်စေ၊ လမ်းပေါ် (သို့) ဈေးဆိုင်တွင်ဖြစ်စေ ရာသီဥတုပြောင်းလဲခြင်းသက်ရောက်မှုလျှော့ချရန် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုလျှော့ချခြင်းနှင့် အခြားသူများကိုလည်း ထိုသို့ပြုလုပ်ရန် တိုက်တွန်းနိုင်သည်။ အောက်တွင်ဖော်ပြချက်များသည် စွမ်းအင်ကို ချွေတာသော အကြံပြုချက်များဖြစ်သည်။

## နေအိမ်

- မီးများ - နေ့အချိန်တွင် သဘာဝအလင်းရောင်ကို တတ်နိုင်သမျှအသုံးပြုပါ။ ညအချိန်တွင် စွမ်းအင်ထိန်းသော မီးသီးများအသုံးပြုပါ။



- လျှပ်စစ်ပစ္စည်းများ - တီဗွီ၊ ကွန်ပျူတာနှင့် ဖုန်းအားသွင်းကြိုးများသည်စွမ်းအင်အသုံးပြုသည့်အတွက် အသုံးမပြုချိန်တွင်ဖြုတ်ထားပါ။ ကြိုးများဖြုတ်ထားခြင်းသည် လျှပ်စစ်ကို ချွေတာရုံသာမက ယင်းပစ္စည်းများ၏ သက်တမ်းကိုလည်း ကြာရှည်စေမည်ဖြစ်သည်။
- ရေပူပေးစနစ် - ရေပူပေးစက်ကို အမြင့်ဆုံးမထားဘဲ အလယ်အလတ်တွင် ထားပါ။ ရေပူပေးစက်သည် လျှပ်စစ်စွမ်းအင် များစွာသုံးစွဲသည်ကို သတိပြုပါ။ ဖြစ်နိုင်လျှင် နေရောင်ခြည်စွမ်းအင်သုံး ရေပူပေးစက်ကို အသုံးပြုပါ။
- လေအေးပေးစက် - အေးမြသည့်ရက်များတွင် လေအေးပေးစက်အသုံးပြုခြင်းကို ရှောင်ပါ။ ဖြစ်နိုင်လျှင် ပန်ကာနှင့် သဘာဝ လေဝင်လေထွက်ရနိုင်ရန် စီစဉ်ပါ။ လေအေးပေးစက်အသုံးပြုလျှင် ၂၆ ဒီဂရီ (သို့) ပိုနွေးအောင်ထားပါ။
- သင်၏နေအိမ်ကို စိမ်းလန်းအောင်ပြုလုပ်ပါ။ - ကျန်းမာရေးအတွက် ထိခိုက်စေနိုင်သော ဓာတုပစ္စည်းများကို ရှောင်ကြဉ်ပါ။ ၎င်းတို့ကို အပင်မှထွက်သော ပစ္စည်းများဖြင့် အစားထိုးအသုံးပြုပါ။




- သင်၏ စားသောက်ပုံကို ပြောင်းပါ။ သင်၏အစားအစာတွင် အသီးအရွက် ပို၍ပါဝင်ပါစေ။၎င်းသည်သင်၏ကျန်းမာရေးကို ပိုမိုကောင်းမွန်စေရုံသာမက ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်ခြင်းကိုလည်း လျှော့နည်းစေနိုင်သည်။
- အလေအလွင့်များလျှော့ပါ။ စွန့်ပစ်ပစ္စည်းများ လောင်ကျွမ်းသည့်အခါတွင်မီသိန်းဓာတ်ငွေ့ကိုထုတ်လွှတ်သည်။ ပြန်လည်အသုံးပြုနိုင်သည့် ထုတ်ပိုးပစ္စည်းများ၊ကြာရှည်ခံသည့်ပစ္စည်းများကိုအသုံးပြုပါ။သဘာဝ စွန့်ပစ်ပစ္စည်းများကို ဓာတ်မြေသြဇာအဖြစ်အသုံးပြုပါ။

## လမ်းပေါ်မှာ

- စိမ်းလန်းအောင်လုပ်ပါ။ အကွာအဝေးတိုများကို လမ်းလျှောက်ခြင်း (သို့) စက်ဘီးစီးခြင်းသည် လောင်စာဆီကိုချွေတာနိုင်ပြီးဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်ခြင်းကို လျှော့ချနိုင်သည်။
- သူငယ်ချင်းများ ၊ လုပ်ဖော်ကိုင်ဘက်များနှင့် (ရုံး ၊ အပြင်သို့) ဖြစ်နိုင်လျှင် အတူသွားပါ။

## ကျောင်း/နေအိမ်တွင်

- စာရွက်အသုံးပြုမှုလျှော့ပါ။ စာရွက်သည် ရုံးစွန့်ပစ်ပစ္စည်းတို့၏ ၇၀%ဖြစ်သည်။ သင်စာရွက်ပုံနှိပ်ထုတ်လျှင်၊ မိတ္တူကူးလျှင်စာမျက်နှာနှစ်ဘက် အသုံးပြုပါ။
- စိမ်းလန်းစေမှုအလေ့အကျင့်ကို ဖန်တီးပါ။ ရေ နှင့် လျှပ်စစ်ကို ရေချိုးခန်း၊ စာသင်ခန်းများနှင့် အလုပ်နေရာများတွင် ချွေတာသုံးနိုင်ရန် သတိပေးအမှတ်အသားများ ထားရှိပါ။ ၎င်းရိုးရှင်းသော ပြောင်းလဲမှုများဖြင့် သူတို့စွမ်းအင်နှင့် ရေကိုမည်မျှ ချွေတာနိုင်ကြောင်းကို အသိပေးပါ။



## ဈေးဝယ်သည့်အခါ

- ပလတ်စတစ်အိတ် မသုံးရ။ ၄င်းတို့သည် ပတ်ဝန်းကျင်တွင် တစ်စုတည်း ရှိနေပြီး ဆွေးမြေ့ရန် ဆယ်စုနှစ်များတိုင်အောင် ကြာမြင့်ခြင်း၊ရေစီးလမ်းများပိတ်ဆို့ခြင်းနှင့်တောရိုင်းတိရစ္ဆာန်များအားထိခိုက်စေခြင်းတို့ကို ဖြစ်စေသည်။ သင်၏ ကိုယ်ပိုင်ဈေးဝယ်အိတ်ယူလာရန် အမြဲသတိရပါ။
- စွမ်းအင်ချွေတာသည့်ကိရိယာများရွေးချယ်ပါ။ ရေခဲသေတ္တာများ၊ လေအေးပေးစက်နှင့် ကွန်ပျူတာများ စသည့် လျှပ်စစ်စွမ်းအင်သုံးပစ္စည်း အများစုသည် ယခုအခါတွင် စွမ်းအင်ချွေတာသည့် အမှတ်အသားများပါရှိကြသည်။

- ဒေသတွင်းထုတ်လုပ်သော ကုန်ပစ္စည်းများကို ဝယ်ယူပါ။ ကျွန်ုပ်တို့ဝယ်ယူသမျှအားလုံး၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်၊ အသုံးပြုပစ္စည်းများအားလုံး၊ စွန့်ပစ်သောပစ္စည်းများသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်ခြင်းကိုဖြစ်စေသည်။ ဒေသတွင်းထုတ်လုပ်သောပစ္စည်းများကို ဝယ်ယူအသုံးပြုခြင်းအားဖြင့် သင်သည် ဒေသစက်ရုံများကိုပံ့ပိုးပေးရာရောက်စေပြီး သယ်ယူပို့ဆောင်ရေးကြောင့် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချစေနိုင်သည်။



အမှိုက်ကောက်ခြင်းအလေ့အကျင့်ကောင်းအားဖြင့် သင့်ပတ်ဝန်းကျင်အား ထိန်းသိမ်းပါ

Plan သည် ကလေးအခြေပြုရာသီဥတုပြောင်းလဲခြင်း လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်နိုင်ခြင်း (4CA စီမံချက်) စီမံကိန်းကို မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှတွင် အပိုင်း ၃ ပိုင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ၄င်းတို့မှာ အသိပညာနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ ပူးပေါင်းပါဝင်သော ရပ်ရွာလူထုမှ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကျောင်းစီမံချက်များနှင့် စည်းရုံးမှုများ ပါဝင်သည်။ 4CA လက်စွဲစာအုပ်ကို ရေးသားပြုစုလျက်ရှိပြီး သင်ကြားရေးနှင့် ရာသီဥတုပြောင်းလဲခြင်းတွင် ကလေးများပါဝင်စေရန်အတွက်အသုံးပြုနိုင်သည်။

# အခန်း ( ၆ )

## ကျောင်းအန္တရာယ်ကင်းရှင်းရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ကျောင်းတာဝန်ရှိသူတို့မှ ရေရှည်တည်တံ့စေသည့် နည်းလမ်းများဖြင့် အတည်တကျပြဌာန်းခြင်း



တိုင်းနှင့်ပြည်နယ်မှ ပညာရေးအရာရှိများအား ကျောင်းဘေးကင်းရေးသင်တန်းပို့ချခြင်း




ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာရေးဦးစီးဌာနမှ ကျောင်းဘေးကင်းရေးစာအုပ် အလုပ်ရုံဆွေးနွေးပွဲတွင် အဖွင့်အမှာစကားပြောကြားခြင်း

### နိဒါန်း

ဤအခန်း၏ရည်ရွယ်ချက်သည် မိတ်ဆက်သည့်အခန်းတွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း ကျောင်းအန္တရာယ်ကင်းရှင်းရေးကို ရေရှည်တည်တံ့အောင်ဆောင်ရွက်ရန်လည်းကောင်း၊ ၄င်းလုပ်ငန်းစဉ်များကို ကျောင်းစီမံခန့်ခွဲမှုနှင့် စီမံရေးရာမှပုံမှန်လုပ်ငန်းစဉ်တစ်ခုအဖြစ် ဆောင်ရွက်သွားနိုင်စေရန်အတွက်လည်းကောင်း ဆောင်ရွက်ရာတွင် လမ်းညွှန်ချက် ပေးရန်ဖြစ်သည်။ ဤအခန်းတွင် မြန်မာနိုင်ငံရှိ စာသင်ကျောင်းများ အန္တရာယ်ကင်းရှင်းစေရေးအတွက် အလေ့အကျင့်များကို မည်သို့အတည်တကျ ပြဌာန်းရန်အတွက် ဆောင်ရွက်ရန် လုပ်ငန်းများကို ဖော်ပြထားသည်။ ဤအခန်းတွင် အခန်းငယ် (၄) ခုကို အောက်ပါအတိုင်းဖော်ပြထားပါသည်။

၆.၁ ကျောင်းအန္တရာယ် ကင်းရှင်းရေးနှင့် ကျောင်းတွင်း ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ အလုပ်များကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘ/ဆရာအသင်းတို့၏ ပုံမှန်ဆောင်ရွက်နေကျ လုပ်ငန်းများဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။

၆.၂ ကျောင်းအန္တရာယ်ကင်းရှင်းရေးတိုးတက်မှုများကို ပညာရေးအရည်အသွေးတိုးတက်ရေးနှင့်ကျောင်းဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များနှင့် ချိတ်ဆက်ခြင်း။

၆.၃ ကျောင်းအန္တရာယ် ကင်းရှင်းရေးအတွက် အစီရင်ခံခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ သုံးသပ်အကဲဖြတ်ခြင်းတို့ကို ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်ဖြင့် ချိတ်ဆက်ခြင်း။

၆.၄ စာသင်ကျောင်းနှင့် ပညာရေးတာဝန်ရှိသူတို့မှ စာသင်နှစ်အတွင်း အန္တရာယ်ကင်းသည့် ကျောင်းအစီအစဉ်ဖြစ်စေရေးအတွက် နှစ်စဉ်ဆောင်ရွက်ရန်များ။

## ၆.၁ ကျောင်းအန္တရာယ်ကင်းရှင်းရေးနှင့် ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အလုပ်များကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘ/ဆရာအသင်းတို့၏ ပုံမှန်ဆောင်ရွက်နေကျ လုပ်ငန်းများဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

မိတ်ဆက်သည့်အခန်းတွင် ရှင်းလင်းခဲ့သည့်အတိုင်း ဤလက်စွဲစာအုပ်ကို ကျောင်းတာဝန်ရှိသူတို့မှ ပြင်ပမှ ပံ့ပိုးမှု အနည်းဆုံး ရယူပြီး "မြန်မာနိုင်ငံရှိကျောင်းအားလုံး ဘေးကင်းလုံခြုံရေး" ဖြစ်စေရန်အတွက် ကျောင်းတွင်းအန္တရာယ်ကင်းရှင်းရေး အစီအစဉ်ကို အချိန်ပြည့် အကောင်အထည်ဖော်ဆောင်ရွက်ပြီး ထိန်းသိမ်းရာတွင် အသုံးပြုရန်ဖြစ်သည်။ ဤလက်စွဲစာအုပ်၏ အဓိကအသုံးပြုသူများမှ ကျောင်းအုပ်၊ အထက်တန်းကျောင်းဆရာ/မများ၊ ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များနှင့် ကျောင်းအကျိုးတော်ဆောင်နှင့်အတူ ပူးပေါင်းဆောင်ရွက်သူများ၊ မိဘ/ဆရာ အသင်းဝင်များဖြစ်ကြသည်။

မြန်မာနိုင်ငံသည် ကျောင်းတိုင်းတွင် ကောင်းမွန်ပြီးတည်တံ့သည့် မိဘ/ဆရာ အသင်းထားရှိသည့် အလေ့အထရှိသည်။ မကြာခင်က အမျိုးသားလွှတ်တော်မှ အတည်ပြုပေးခဲ့သော အခြေခံပညာရေး ဥပဒေမူကြမ်းတွင် ဖော်ပြထားသော သူတို့၏အခန်းကဏ္ဍများမှာ"အခြေခံပညာရေးကျောင်းများတွင် မိဘ (သို့) အုပ်ထိန်းသူနှင့် ဆရာ/မ များဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းမှ ပညာသင်ယူသူများ၏ရုပ်ပိုင်း၊ အပြောအဆိုနှင့် စရိုက်လက္ခဏာများ တိုးတက်ပြောင်းလဲလာစေရန်"အတွက်ပါဝင်ဆောင်ရွက်ရန်ဖြစ်ကြောင်း ဖော်ပြထားသည်။ ကျောင်းအုပ်သည် မိဘ/ဆရာ အသင်း၏ ဥက္ကဋ္ဌဖြစ်သည်။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် အခြေခံပညာရေးကျောင်းများတွင် ကောင်းစွာဖွဲ့စည်းထားသော အခြားအဖွဲ့တစ်ဖွဲ့ ဖြစ်ပြီး မကြာခင်က အတည်ပြုခဲ့သောဥပဒေတွင် "အခြေခံပညာရေးကျောင်းများတွင် ပညာရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း လေးစားရသောလူများဖြင့် ဖွဲ့စည်းထားသောအဖွဲ့အစည်းတစ်ခုမှ စာသင်ကျောင်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးရန်" ဖြစ်ကြောင်း ဖော်ပြထားသည်။

ကျေးလက်ဒေသမှ ကျောင်းများတွင် မိဘများသည် စာသင်ကျောင်းများနှင့် အလွန်နီးစပ်မှုရှိပြီး ပူးပေါင်းပါဝင်တတ်သည့် ရပ်ရွာအဖွဲ့ဝင်များအဖြစ် ရှိနေကြသည်။ ကျောင်းလုပ်ငန်းအစီအစဉ်များ၊ မိဘ/ဆရာအသင်းမှ လုပ်ငန်းများတွင် စိတ်ပါဝင်စားမှုအပြည့်ဖြင့် ပါဝင်ဆောင်ရွက်လေ့ရှိကြသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည်လည်း ပုံမှန်အားဖြင့် ကျေးရွာအုပ်စု (သို့) ကျေးရွာအုပ်ချုပ်ရေးမှူးမှ ဦးဆောင်ပြီး ဒေသအတွင်း ဩဇာလွှမ်းမိုးနိုင်သည်။

ဘက်စုံကျောင်းတွင်းဘေးအန္တရာယ်ကင်းရှင်းရေး ကိစ္စတစ်ခုလုံးကို ကျောင်းတာဝန်ရှိသူများမှ အထက်ပါ အဖွဲ့အစည်း (၂) ခု ပါဝင်မှုဖြင့် ကောင်းစွာဆောင်ရွက်ရန်အရေးကြီးသည်။ အခန်း (၂)တွင် ညွှန်ပြထားသည့်အတိုင်း ကျောင်းအုပ်နှင့် ဆရာ/မ များသည် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှု၊ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးတို့ပါဝင်သော ကျောင်းတွင်းဘေး အန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်ကို ရေးဆွဲရန်အတွက် သီးသန့်ကော်မတီတစ်ခုဖွဲ့စည်းသင့်သည်။ မိဘများသည် ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အရေးကြီးသည့် အဖွဲ့ဝင်များဖြစ်သည်။ သို့ရာတွင် ကျောင်းတွင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီကို မိဘ/ဆရာအသင်းနှင့် နည်းလမ်းတကျ ချိတ်ဆက်ခြင်းမှာ ပို၍အကျိုးရှိနိုင်သည်။ ကျောင်းစာသင်နှစ် တစ်နှစ်အတွင်းတွင် မိဘ/ဆရာအသင်းအစည်းအဝေးတစ်ခုတွင် ၎င်းကိစ္စကိုဆွေးနွေးနိုင်ပြီး မိဘ/ဆရာအသင်းမှ စိတ်ပါ ဝင်စားသည့် အဖွဲ့ဝင်အချို့ ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတွင် ပါဝင်စေရန် သေချာပါစေ။

ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများကို မြန်မာနိုင်ငံနှင့် အခြားအရပ်ဒေသများတွင် နိုင်ငံတကာ NGOများ ၊ ပြည်တွင်း NGOများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဖွဲ့စည်းထားသော ကျောင်းအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲရေး ကော်မတီနှင့် မသက်ဆိုင်ဘဲ သီးသန့်ဖွဲ့စည်းခဲ့သည်။ ၎င်းတို့ကို ၂၀၀၉ ခုနှစ်တွင် UNDP နှင့် ADPC တို့မှ ပြုစုထုတ်ဝေခဲ့ သောကျောင်းအန္တရာယ်ကင်းရှင်းရေ စာအုပ်တွင် ဖော်ပြထားသည့် စည်းမျဉ်းများနှင့်အညီလည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံ တကာ NGOများ (သို့) အဖွဲ့ချုပ်များ၏ လမ်းညွှန်ချက်များဖြင့်လည်းကောင်း၊ လက်တွေ့ဆောင်ရွက်ရာတွင် အောင်မြင်ခဲ့ သည့် အတွေ့အကြုံများနှင့် အလေ့အကျင့်များပေါ် အခြေခံ၍လည်းကောင်း ဖွဲ့စည်းထားခြင်းဖြစ်သည်။

ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများသည် ပြည်ပပံ့ပိုးကူညီသူများနှင့် အရင်းအမြစ်များရရှိနေသော စီမံချက်ကာလအတွင်းဖွဲ့စည်းတည်ထောင်ချိန်နှင့် ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲသည့်အချိန်တွင် ကောင်းစွာလည်ပတ်နေသည်။ ယင်းကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့သည် စီမံချက်ပြီးဆုံးပြီးသည့် နှစ်များတွင် ပြောင်းလဲမှုရှိပြီး ကော်မတီ၏လုပ်ငန်းများ၊ အစီအစဉ်များ၊လေ့ကျင့်ခန်းများကို ပုံမှန်ဆက်လက်ဆောင်ရွက်သောအဖွဲ့ဝင်များမှာ အလွန်နည်းပါးသည်။ အဖွဲ့ဝင်အချို့သာလျှင် ပညာဆက်လက်သင်ကြားနိုင်ရေးအစီအစဉ်ကိုပြုစုထားသည်။ သို့ရာတွင် ဘေးအန္တရာယ်တစ်ခုဖြစ်သည့်အခါတွင် ရေးဆွဲထားသည့် အစီအစဉ်အတိုင်း လိုက်လံဆောင်ရွက်ခြင်းမရှိဘဲ ယာယီစာသင်ကြားရန် နေရာဖြင့်သာ ဆောင်ရွက်သွားကြသည်။ ကျောင်းအုပ်၏ အလုပ်များခြင်း၊ အချိန်ပိုင်းအလိုက် ကျောင်းအုပ်အပြောင်းအလဲရှိခြင်းတို့ကြောင့် ထိုသို့ဖြစ်ခြင်းမှာ မထူးဆန်းပေ။ အချို့သော စီမံချက်များသည် ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီကို မိဘ/ဆရာအသင်း အဖွဲ့ခွဲများဖြင့် နည်းလမ်းတကျချိတ်ဆက်ရန် ဆောင်ရွက်ကြသည်။ အချို့မှာ ကျောင်းတွင်းစီမံခန့်ခွဲမှု/ဘေးအန္တရာယ်ထိခိုက်မှု လျှော့ချရေးကို မိဘ/ဆရာအသင်း၏ နောက်တိုးတာဝန်များအဖြစ် ထားရှိကြသည်။

အနာဂတ်တွင် ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအား မိဘ/ဆရာအသင်း၏ အဖွဲ့ခွဲအဖြစ်ထားရှိခြင်း၊ (သို့) ၎င်းကို မိဘ/ဆရာအသင်း၏ တာဝန်များအဖြစ်ထားရှိခြင်းဖြင့်လည်းကောင်း နှစ်ခုစလုံးမှာ အဆင်ပြေနိုင်သည်။ ဒုတိယနည်းလမ်းကိုဆောင်ရွက်ခြင်းသည် မိဘ/ဆရာအသင်း၏ နှစ်စဉ်အစည်းအဝေးများတွင်ဆွေးနွေးရန် အကြောင်းအရာတစ်ခုအဖြစ်ထည့်သွင်းရန်လိုအပ်နိုင်ပြီး အဖွဲ့ဝင်အချို့မှ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လာမည်ဖြစ်သည်။

ကျောင်းတည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပြင်ဆင်ခြင်းတို့ကို ကျောင်းအုပ်မှ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏ လမ်းညွှန်မှုအောက်တွင် စီစဉ်ဆောင်ရွက်သည်။ ပြင်ဆင်ခြင်းနှင့် ကျောင်းဆောင်အသစ် တည်ဆောက်ခြင်းအတွက် လမ်းညွှန်ချက်များကို အခန်း (၄) တွင်ဖော်ပြထားပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘ/ဆရာအသင်းတို့အား ၎င်းလုပ်ငန်းများတွင်ပါဝင်ရန် စည်းရုံးလှုံ့ဆော်ခြင်းကို အခန်း (၄.၄) နှင့် (၄.၅) တွင်ဖော်ပြထားသည်။ ထိုသို့ပင် ဘေးအန္တရာယ်ထိခိုက်မှု လျှော့ချရေးခေါင်းစဉ်ကို ကျောင်းတွင်းဘေးအန္တရာယ် ထိခိုက်မှုလျှော့ချရေးအစီအစဉ် (အခန်း ၂.၇)တွင် လည်းကောင်း၊ ကျောင်းကြီးကြပ်မှုအဖွဲ့အား သတင်းအချက်အလက်များအတွက် အစီရင်ခံခြင်း၊ ပံ့ပိုးခြင်း၊ ဆုံးဖြတ်ချက်များနှင့် ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့နယ်နှင့် ပညာရေးဝန်ကြီးဌာနမှ အထက်တာဝန်ရှိသူများအား စည်းရုံးခြင်း တို့ကို (အခန်း ၄.၄ နှင့် ၄.၅) တို့တွင်ပါဝင်လျှင် ထိရောက်နိုင်သည်။

မည်ကဲ့သို့ လုပ်ဆောင်သင့်သည်ကို အခန်း ၆.၃ နှင့် ၆.၄ တို့ တွင် အကြံပေးထားသည်။

## ၆.၂ ကျောင်းအန္တရာယ်ကင်းရှင်းရေးတိုးတက်မှုများကို ပညာရေးအရည်အသွေးတိုးတက်ရေးနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များနှင့် ချိတ်ဆက်ခြင်း

လက်ရှိအခြေအနေတွင် ကျောင်းတစ်ကျောင်းသည် အကြီးစားပြင်ဆင်မှု (သို့) အဆောက်အအုံအသစ်တစ်ခု လိုအပ်သည့်အခါ ကျောင်းအုပ်သည် အဘယ့်ကြောင့်လိုအပ်ကြောင်းရှင်းပြထားသည့်လျှောက်လွှာကို ပျက်စီးယိုယွင်းနေသည့် အဆောက်အအုံ၏ ဓာတ်ပုံနှင့်အတူ မြို့နယ်ပညာရေးမှူးထံသို့ တင်ပြရမည်။ ထိုမှတစ်ဆင့် မြို့နယ်ပညာရေးမှူး၏ ထောက်ခံချက်နှင့် အတူ ပြည်နယ် (သို့) တိုင်းပညာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးထံသို့ ထပ်ဆင့်တင်ပြရမည်။ ဤလျှောက်လွှာကို နှစ်တစ်နှစ်၏ မည်သည့်အချိန်တွင်မဆို ဖြည့်စွက်နိုင်သည်။

ကျောင်းနှင့် ပညာရေးဆိုင်ရာအရည်အသွေးတိုးတက်မှုအတွက် အခန်း ၂.၇ တွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံရှိကျောင်းတိုင်းသည် ပညာသင်နှစ်တိုင်းတွင် ကျောင်းမြှင့်တင်မှု အစီအစဉ်အား ပြင်ဆင်ထားရန် လိုအပ်သည်။ ဤအစီအစဉ်သည် ကျောင်းပညာသင်နှစ် မစခင်တွင် ပြင်ဆင်ထိန်းသိမ်းမှုနှင့် ပြင်ဆင်မှုအတွက် လိုအပ်မည့် အရင်းအမြစ်များ ပါဝင်ရမည်။ ကျောင်းကြီးကြပ်မှုအဖွဲ့မှ အစီအစဉ်အား သေချာစွာစစ်ဆေး၍ အတည်ပြုရန် လိုအပ်သည်။ ဤမှတ်တမ်းသည် ကျောင်း၏ အသုံးအဆောင်ပစ္စည်းများနှင့် ပညာရေးဆိုင်ရာ သင်ကြားပို့ချမှုများ တိုးတက်ရေးတွက် ငွေကြေးများခွဲဝေခြင်းတွင် အရေးပါသည်။

အခန်း ၂.၄ တွင် ဖော်ပြခဲ့သည့်အတိုင်း ကျောင်း၏ DEPR အစီအစဉ်သည် ကျောင်း DMအစီအစဉ်နှင့် ဆက်စပ်မှုရှိနေသည်။ DM အစီအစဉ်တွင် ပြင်ဆင်ရန်လိုအပ်သော အရေးကြီးသည့် အသုံးအဆောင်ပစ္စည်းများအား ဆန်းစစ်ခြင်းနှင့် လက်ရှိ ရှိနေသော နည်းစနစ်နှင့် လိုအပ်သော ပစ္စည်းကိရိယာများအား ဆန်းစစ်ခြင်းတို့ပါဝင်သည်။ အသိပညာပေးခြင်းလုပ်ငန်း၊ ထောက်ပံ့မှုများနှင့် သင်တန်းများပြုလုပ်ရန်အတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ထည့်သွင်းတွက်ချက်ထားရမည်။ ၎င်းသို့တွက်ချက်ထားခြင်းသည် ပုံမှန်လုပ်ငန်းများဆောင်ရွက်ရာတွင် ပြင်ဆင်ရန်လိုအပ်မည့် အကြောင်းအရာများ၊ ပြင်ဆင်ရန်အတွက် တောင်းခံချက်များ၊ ကျောင်းအသစ်များတည်ဆောက်ခြင်းနှင့် ကျောင်းတွင်းအသုံးအဆောင်ပစ္စည်း အသစ်များတပ်ဆင်ရာတွင် အသုံးဝင်သည်။ DM အစီအစဉ်သည် ကျောင်းတိုးတက်မှုအစီအစဉ်၏ ဆက်စပ်နေသော အစိတ်အပိုင်းဖြစ်ပြီး ပုံမှန်လုပ်ဆောင်နေသော လုပ်ငန်းများနှင့်ဆက်စပ်မှုရှိသည်။ ထို့နောက် အစိုးရ၏အရင်းအမြစ်များအား ပုံမှန်နေရာချထားခြင်းမှ အခြေခံကျသော ကျောင်းတွင်းလုံခြုံစိတ်ချရမှု တိုးတက်လာစေပြီး ကျောင်း၏အကြီးစားပြင်ဆင်မှုများကို ဖြစ်ပေါ်လာစေသည်။ ဤအဆင့်များသည် ကျောင်း၏ DRR အစီအစဉ်အား ရေရှည်တည်တံ့စေနိုင်ပြီး ကျောင်း၏ ရုပ်ပိုင်းဆိုင်ရာ ရေရှည်တည်တံ့မှု ဖြစ်စေနိုင်သည်။

## ၆.၃ ကျောင်းအန္တရာယ်ကင်းရှင်းရေးအတွက် အစီရင်ခံခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ သုံးသပ်အကဲဖြတ်ခြင်းတို့ကို ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်ဖြင့် ချိတ်ဆက်ခြင်း

ပထမစာသင်နှစ်တွင် (လိုအပ်ပါက ထပ်မံတိုးရန်) ဤလက်စွဲစာအုပ်ကို အသုံးပြုရာတွင် ဘက်စုံကျောင်းတွင်းဘေးအန္တရာယ်ကင်းရှင်းရေး လက်စွဲစာအုပ်၏ ဒေါက်တိုင် (၃) ခုတွင်ဖော်ပြထားသော အကြောင်းအရာများကို ကြိုပမ်းဖော်ဆောင်သင့်သည်။ (အခန်း ၂) ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုမှာ အကြံပြုထားသော အကြောင်းအရာများ တည်ဆောက်ခြင်း၊ (အခန်း ၃) မှ ဘေးဒဏ်ခံနိုင်စွမ်းရှိသောပညာရေးနှင့် (အခန်း ၄) အန္တရာယ်ကင်းသော သင်ကြားမှု ပံ့ပိုးရေးပစ္စည်းများမှ အကြံပြုချက်များကို လိုက်နာသင့်သည်။

ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုစနစ်များထားရှိခြင်း (ကော်မတီများ၊ အစီအစဉ်များ၊လေ့ကျင့်ခန်းများဆောင်ရွက်ခြင်း (အခန်း ၂) နှင့် DRR အားသင်ကြားခြင်းနှင့် သင်ရိုးညွှန်းတမ်း အတွင်းနှင့် အပြင်တွင် ဘေးဒဏ်ခံနိုင်စွမ်းကို လက်တွေ့ဗဟုသုတနှင့် ကျွမ်းကျင်မှုများပါ သင်ကြားခြင်းတို့ပါဝင်သည်။ ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးရာတွင် (၁၂) လ ကြာမြင့်နိုင်သည်။ အန္တရာယ်ကင်းသည့်သင်ယူမှု ပံ့ပိုးပစ္စည်းအခြေအနေများရရှိရန် ဆောင်ရွက်ခြင်းသည် ပို၍ပင်ကြာမြင့်နိုင်သည်။ အသုံးဝင်သည့်သုံးသပ်မှုနည်းလမ်းမှာ တိုးတက်မှုနှင့် အောင်မြင်မှုရလဒ်များကို မိဘ/ဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင် အပြင်မြို့နယ်ပညာရေးမှူးထံအစီရင်ခံရန်ဖြစ်သည်။ မိဘ/ဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်၏ သုံးသပ်ချက်တွင် ရည်ရွယ်ချက်နှစ်ခုပါရှိသည်။ ၎င်းတို့မှာကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ဆရာ/မများဆောင်ရွက်သောလုပ်ငန်းများကြည့်ရှုသုံးသပ်ခြင်း (အခန်း ၂ နှင့် ၃)၊ လုပ်ငန်းစဉ်၏ ရလဒ်များကို ဖော်ထုတ်ပြသခြင်းနှင့် ဆွေးနွေးတိုင်ပင်ခြင်းတို့ဖြစ်သည်။

ယင်းသို့ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ် အချိန်အတွင်းတွင် အောက်ခြေတွင် ကွာဟမှုများနှင့် လိုအပ်သော အရင်းအမြစ်များကို သိရှိနိုင်မည်ဖြစ်သည်။ အခန်း(၂)ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှု အကြောင်းအရာမှ ရလဒ်များတွင် ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်း၊ ဘေးဖြစ်နိုင်ခြေနှင့် အရင်းအမြစ်ပြမြေပုံရေးဆွဲပြုစုခြင်း၊ အရေးပေါ် ရွှေ့ပြောင်းခြင်း၊ ပညာဆက်လက်သင်ကြားရေး အစီအစဉ်များနှင့် လေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်နိုင်ရေးတို့ပါဝင်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ် ရေးဆွဲပြုစုခြင်းတို့ ပါဝင်သည်။ အခန်း (၃) ဘေးဖြစ်နိုင်ခြေနှင့် ဘေးဒဏ်ခံနိုင်စွမ်းမှ ရလဒ်များတွင် သင်ခန်းစာအစီအစဉ်များ၊ ဘဂတွက်တာကျွမ်းကျင်စရာများနှင့် ဘာသာရပ် သင်ရိုးညွှန်းတမ်းများပါဝင်သော စာသင်ခန်းသင်ကြားမှုများ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအခန်းကဏ္ဍကို လက်တွေ့လေ့လာသင်ယူရန် ဒေသတွင်းအကြောင်းအရာနှင့် တွဲဖက်သင်ရိုးဝင်သင်ခန်းစာအစီအစဉ်များပါဝင်သည်။ အခန်း (၂-၇)ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးနှင့် အခန်း (၄) အန္တရာယ်ကင်းသည့် ပညာသင်ကြားရေးပံ့ပိုးမှုများတွင် ဘေးကင်းလုံခြုံသော စာသင်ကျောင်းများ၊ လိုအပ်ကျောင်းပြုပြင်မှုများကို ဖော်ထုတ်နိုင်ခြင်းနှင့် သတင်းပို့နိုင်ခြင်း၊ ထိန်းသိမ်းမှုနှင့် ပြုပြင်မှုများအတွက် ရံပုံငွေပေးခြင်းနှင့် ဆောင်ရွက်ခြင်း၊ ကျောင်းပံ့ပိုးမှုပစ္စည်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို တင်ပြခြင်းနှင့် အသုံးပြုခြင်းတို့ ပါဝင်သည်။

ကျောင်းအုပ်ဦးဆောင်သော မိဘ/ဆရာအသင်း အဖွဲ့ဝင်များနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏ နှစ်စဉ် အစီရင်ခံစာပြင်ဆင်ခြင်း(၂ မျက်နှာအကျဉ်းချုပ်)နှင့် ၎င်းအစီရင်ခံစာကို မြို့နယ်ပညာရေးမှူးရုံးသို့ ပေးပို့ခြင်းအားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိတ်အားထက်သန်မှုဖြစ်စေပြီး မြို့နယ်တာဝန်ရှိသူတို့မှ စောင့်ကြည့်လေ့လာရာတွင် လွယ်ကူချောမွေ့စေမည် ဖြစ်သည်။ အချိန်ပိုင်းအလိုက် ၎င်းကို ပညာရေးသတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် (EMIS) အတွင်းသို့ထည့်သွင်းနိုင်သည်။ သို့မှသာ ပညာရေးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်ညွှန်ကြားရေးမှူးများနှင့် အမျိုးသားအဆင့် အခြေခံပညာရေးဌာနမှ အထက်တန်းအရာရှိများသည် စာသင်ကျောင်းများနှင့် မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဘေးဖြစ်နိုင်ခြေမြင့်သောနေရာများကို စောင့်ကြည့်လေ့လာနိုင်မည်ဖြစ်သည်။

## ၆.၄ စာသင်နှစ်အတွင်းတွင် ဘေးကင်းလုံခြုံသည့် ကျောင်းအစီအစဉ်ကို ရည်ရှည်တည်တံ့နိုင်စေရန်အတွက် ကျောင်းနှင့် ပညာရေးတာဝန်ရှိသူတို့မှ နှစ်စဉ်ဆောင်ရွက်ရန်များ

စနစ်များကို နေရာတကျဆောင်ရွက်နိုင်ခြင်းသည် အခက်အခဲဖြစ်စေသည်။ သို့ရာတွင် ဘေးကင်းလုံခြုံသည့်စီမံချက် စတင်ရန်အတွက် အထူးစီမံချက်တစ်ခုရှိနေလျှင် လူအများကို ပါဝင်လာအောင် ဆောင်ရွက်နိုင်ခြင်းသည် စိတ်ဝင်စားစရာကောင်းသည့် အချက်ဖြစ်သည်။ သို့ရာတွင် စီမံချက်ပြီးဆုံးသည့် ကာလတွင် ဘာဖြစ်သွားသလဲ။ ကျွန်ုပ်တို့ ရေရှည်တည်တံ့စေရန်နှင့် စိတ်ဝင်စားမှုများကို အချိန်တိုင်းပုံမှန်ဖြစ်နေစေရန် ဘယ်လိုလုပ်ကြမလဲ။ ယင်းလုပ်ငန်းစဉ်ကို ဘယ်သူက ထိန်းသိမ်းစောင့်ရှောက်ကြမလဲ။ သူတို့စိတ်ပါဝင်စားမှုကို ဘယ်လိုထိန်းသိမ်းမလဲ။

ဘေးဖြစ်နိုင်ခြေရှိသော ကျောင်းများ၏ ဘေးကင်းလုံခြုံရေးကို မြှင့်တင်သောအတွေ့အကြုံများအရ နိုင်ငံတော်အဆင့်တာဝန်ရှိသူများ၊ အမျိုးသားစီမံကိန်းနှင့် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခြင်းသည် နည်းလမ်းတစ်ခုဖြစ်ကြောင်း တွေ့ရှိရသည်။ စနစ်များကို တစ်ကြိမ်ထိန်းသိမ်းခြင်းတွင် "နှစ်စဉ်ပူးပေါင်းပါဝင်သည့် စီမံကိန်းနှင့် သုံးသပ်ခြင်းလုပ်ငန်းစဉ်" များအား ထိန်းသိမ်းရန် လိုအပ်ချက်များကို ဖော်ပြထားသည်။ ၎င်းတို့တွင် အောက်ပါ CSSမှ အဓိက အကြောင်းအရာများနှင့် ဆင်တူပြီးတစ်ခုစီအား ကျောင်းစာသင်နှစ် ၉ လအတွင်းတွင် ၁ လမှ ၂ လ တစ်ကြိမ် ကြည့်ရှုရန်ဖြစ်သည်။ ၎င်းသည်ယင်းခေါင်းစဉ်များကို ကျောင်းသို့အသစ်ရောက်ရှိသူများ(ဆရာ/မများ၊ မိဘများနှင့် ကျောင်းသား/သူများ)အား မိတ်ဆက်ပေးခြင်းနှင့် လက်ရှိအစီအစဉ်နှင့် ကျောင်းတွင်းဘေးကင်းလုံခြုံရေးအစီအစဉ်ကို ပြန်လည်သုံးသပ်ခြင်းတို့ပါဝင်သည်။

အကြောင်းအရာတစ်ခုစီအား ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ (သို့) မိဘ/ဆရာအသင်း အစည်းအဝေးများ တွင် ပြန်လည်သုံးသပ်နိုင်သည်။ အကြံပြုထားသော အကြောင်းအရာများမှာ -

၁။ ဘေးဖြစ်နိုင်ခြေများကို သိပါ (သို့) အန္တရာယ်များ။
၂။ ဘေးဖြစ်နိုင်ခြေကို လျှော့ချပါ။
၃။ တုံ့ပြန်ဆောင်ရွက်ရန် ပြင်ဆင်ပါ။ ( SoP/ကျွမ်းကျင်မှုအပိုင်းတွင် အစမ်းလေ့ကျင့်ခြင်း၊ ဘေးအန္တရာယ်ဖြစ်ပြီးချိန် လုပ်ငန်းဆောင်ရွက်သော အဖွဲ့အစည်းများအား ပံ့ပိုးပေးခြင်းနှင့် စနစ်များ)
၄။ ပညာဆက်လက်သင်ကြားနိုင်ရေး အစီအစဉ် ( ကြိုတင်ပြင်ဆင်ပါ၊ အတိတ်တွင် မဆောင်ရွက်ခဲ့ဖူးသော အကြံဉာဏ်သစ်များ နှင့် EiE လိုအပ်မှုလျှော့ချခြင်း)
၅။ မျှဝေပါ၊ သွားရောက်ပါ၊ ကျောင်းရှိသောနေရာမှ ရပ်ရွာလူထုတို့အား ဘေးကင်းလုံခြုံရေးအတွက် စည်းရုံးပါ။

ဤအကြောင်းအရာတစ်ခုစီ၏ အဓိကအပိုင်းများကို အောက်ပါကဏ္ဍခွဲများတွင် ထည့်သွင်းဖော်ပြထားသည်။

## ၁။ ဘေးဖြစ်နိုင်ခြေများကို သိပါ ။ ( ၁ -၂ လ)

ဘေးဖြစ်နိုင်ခြေများ၏ ဆန်းစစ်လေ့လာမှု၊ အန္တရာယ်ပြက္ခဒိန်၊ သင်၏ကျောင်းအတွင်းနှင့် ပတ်ဝန်းကျင်မှ သဘာဝကြောင့်၊ လူတို့ပြုလုပ်သောဘေးအန္တရာယ်များနှင့်ပတ်ဝန်းကျင်ဆိုင်ရာဘေးဖြစ်နိုင်ခြေများစသည့်ဗဟုသုတများ၊ကလေးများအသုံးပြုသော ကျောင်းသွားရာလမ်း၊ မြေပြင်၊ ကျောင်းအရင်းအမြစ်ပြမြေပုံ၊ အရေးပေါ်အခြေအနေတွင်အသုံးပြုရမည့်ကျောင်းတွင်းမှအသုံးအဆောင်များကိုပြန်လည်သုံးသပ်ခြင်းနှင့်အသစ်ပြန်လည်ထားရှိခြင်းတို့ဆောင်ရွက်ပါ။ ယင်းအသုံးအဆောင်ပစ္စည်းများကို အသုံးပြုသူများအား ပြန်လည်အသိပေးပါ။ (ဆေးရုံ၊ လူနာတင်ဝန်ဆောင်မှု၊ မီးဘေးဝန်ဆောင်မှု၊ ကြက်ခြေနီ နှင့် ကျေးရွာ/ကျေးရွာအုပ်စု ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ)

## ၂။ ဘေးဖြစ်နိုင်ခြေကို လျှော့ချပါ ။ (၃ - ၄ လ)

တွေ့ရှိထားသောဘေးဖြစ်နိုင်ခြေများ၊ အစီအစဉ်တွင်သတ်မှတ်ထားပြီး ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကိုသုံးသပ်ပါ။ ၄င်းတို့တွင်အဆောက်အအုံနှင့်အဆောက်အအုံမဟုတ်သည့်ဘေးဖြစ်နိုင်ခြေများ၊ အဆောက်အအုံပိုင်းနှင့် ပတ်ဝန်းကျင်ပိုင်းဆိုင်ရာ ဘေးဖြစ်နိုင်ခြေများ ၊ တစ်ဦးတစ်ယောက်ခြင်းစီ၏ ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းများပါဝင်သည်။ စတင်မဆောင်ရွက်ရသေးသော (သို့) မပြီးဆုံးသေးသော လုပ်ငန်းများအတွက် နည်းလမ်းရှာဖွေပါ။ ကျောင်းမှ မိဘ/ဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်ထံသို့ အသိပေးပါ။ သုံးသပ်မှုအတွင်းတွေ့ရှိခဲ့သည့် ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနည်းလမ်းများကို ပေါင်းထည့်ပါ။ ပြီးဆုံးပြီးသောစာရင်းများထားရှိပါ။ သို့ရာတွင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်မည်ဖြစ်သည်။

## ၃။ တုံ့ပြန်ဆောင်ရွက်ရန် ပြင်ဆင်ပါ။ (၅ - ၆ လ)

အရေးပေါ်ရွှေ့ပြောင်းရေးအစီအစဉ်များ၊ အထူးတာဝန်အဖွဲ့ငယ်များ၏ အဖွဲ့ဝင်များနှင့် တာဝန်များ၊ ကျောင်းသား/သူများ၊ ဆရာ/မများအတွက် အရေးပေါ်ဆက်သွယ်ရန် နံပါတ်များနှင့် အန္တရာယ်ကင်းသည့် ပြန်လည်ပေါင်းစည်းရေးအစီအစဉ်များကို ပြန်လည်သုံးသပ်ပြီး အသစ်ပြန်လည်ရေးဆွဲပါ။ ကြိုတင်သတိပေးရေး ကိရိယာများကို စစ်ဆေးပြီးသတိပေးကိရိယာများကို စမ်းသပ်ပါ (ရေဒီယိုများ၊ ဓာတ်ခဲများ၊ အသံချဲ့စက်များ) ကျောင်းသား/သူများ သယ်ဆောင်ရန် လွယ်အိတ်များ၊ အရေးပေါ်ရွှေ့ပြောင်းရေးသေတ္တာများ၊ ကျောင်းအရေးပေါ်သုံး ပံ့ပိုးရေးသေတ္တာနှင့် ယာယီစာသင်ခန်းတို့၏ အခြေအနေနှင့် ပါဝင်ပစ္စည်းများကိုစစ်ဆေးပါ။ အစမ်းလေ့ကျင့်ခန်းပြုလုပ်ပြီးလုပ်ငန်းဆောင်ရွက်မှုကိုသုံးသပ်ပြီးအစီအစဉ်ကိုဖြည့်စွက်ပါ။ မြို့နယ်အလိုက် အစမ်းလေ့ကျင့်မှု ပြုလုပ်နိုင်ရေးစဉ်းစားပါ။ သို့မှသာ ရပ်ရွာလူထုအနေဖြင့် သက်ရောက်မှုကို ကြုံတွေ့ခံစားရမည်ဖြစ်သည်။

## ၄။ ပညာဆက်လက်သင်ကြားနိုင်ရေး အစီအစဉ် (၇ လ)

ပညာဆက်လက်သင်ကြားနိုင်ရေး အစီအစဉ်ကိုကြည့်ရှုပြီး တကယ့်အရေးပေါ်အခြေအနေတွင်မည်သို့ အသုံးပြုခဲ့သည်ကို သုံးသပ်ပါ။ ဘေးအန္တရာယ်မဖြစ်ခဲ့လျှင် အခြား မခန့်မှန်းနိုင်သော ပုံမှန်မဟုတ်သည့် အခြေအနေများတွင် မည်သို့ဆောင်ရွက်သည်ကို ကြည့်ပါ။ ဥပမာ - စာသင်နေချိန်အတွင်း ကျောင်းသန့်ရှင်းရေးပြုလုပ်ခြင်း (သို့) ပြုပြင်ခြင်း။ အခြားနေရာတစ်နေရာတွင် သင်ကြားခြင်း/သင်ယူမှုများ အဆင်ပြေပါသလား။ အခြားအသုံးပြုနိုင်မည့်နေရာ ရှိပါသလား။ ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်သည် စီစဉ်ထားသည့်အစီအစဉ်နှင့် မတူညီလျှင် (ရေကြီးမှုအစား မြေငလျင်ဖြစ်ခြင်း) အခြားရွေးချယ်ထားသော နေရာသည် အဆင်ပြေမှုရှိ/မရှိကို စစ်ဆေးပါ။ အခြားနေရာအတွက် အစီအစဉ်များ၊ ညွှန်ကြားချက်များနှင့် လိုက်လျောညီထွေရှိသည့် သင်ကြားမှုများကို ပြန်လည်သုံးသပ်ပြီး သင်၏အစီအစဉ်ကို ဖြည့်စွက်ပြင်ဆင်ပါ။

## ၅။ မျှဝေပါ၊ သွားရောက်ပါ၊ ကျောင်းရှိသောနေရာမှ ရပ်ရွာလူထုတို့အား ဘေးကင်းလုံခြုံရေးအတွက် စည်းရုံးပါ။ (၈ - ၉ လ)

ကျေးရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်ပြီး နေအိမ်များတွင်ဆောင်ရွက်ရန်များကို မြှင့်တင်ပါ။ မိသားစုဘေးအန္တရာယ် အစီအစဉ်များကို ရေးဆွဲခြင်း၊ နေအိမ်များတွင် ဘေးကင်းလုံခြုံစေရန်နှင့် ဘေးအန္တရာယ်လျှော့ချရေးအတွက် အသိပေးလှုံ့ဆော်မှုများကိုဆောင်ရွက်ရန်၊ လမ်းတွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို တိုးတက်စေရန်နှင့် ကျောင်းသို့သွားရောက်ရာ လမ်းတွင် အန္တရာယ်ကင်းရှင်းစေရေးကို တိုးတက်အောင်ဆောင်ရွက်ပါ။

နိဒါန်းတွင်ဖော်ပြထားသကဲ့သို့ ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေး ဒေါက်တိုင် ၃ ခုစလုံးကို အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ပြီး စာသင်ကျောင်းတိုင်းနှင့် ကျောင်းတာဝန်ရှိသူများမှ အချိန်ပြည့်ဆောင်ရွက်ရန်လိုအပ်သည်။ ပညာသင်နှစ်တစ်နှစ်စီတိုင်းတွင် ဤအခန်းများကို ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီနှင့် မိဘ/ဆရာအသင်းဖြင့် ဆက်လက်ဆောင်ရွက်သွားခြင်းဖြင့် စနစ်များကို နှစ်စဉ် အတည်တကျဖြစ်စေရမည်။ ကျောင်းဘေးကင်းလုံခြုံရေးနစ်များကို ရေရှည်ဆောင်ရွက်ပြီး ပုံမှန်ဆောင်ရွက်မှသာလျှင် "မြန်မာနိုင်ငံမှကျောင်းများ ဘေးကင်းလုံခြုံရေး"ဆိုသည့် နိုင်ငံတော်ရည်မှန်းချက်တစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

List of References and Background material used in development of School Safety Toolkit for Myanmar

## Myanmar


DPRE Working Group and UNICEF (2014) Situational Analysis on Disaster Preparedness and Response Education

Handicap International (2015) New schools accessibility and universal design for a barrier free environment :
draft note as input to Myanmar School Construction Guidelines

Government of the Republic of the Union of Myanmar, ASEAN, UN Tri-Partite Core Group, (2008), Post Nargis Joint Assessment Report (PONJA) ,

Government of the Republic of the Union of Myanmar and ADPC (2009), "Myanmar Hazard Profile", http://www.preventionweb.net/files/14567_14567HazardReport25.8.091.pdf

Government of the Republic of the Union of Myanmar and ADPC (2012), Myanmar Action Plan on Disaster
Risk Reduction (MAPDRR)
http://reliefweb.int/report/myanmar/myanmar-action-plan-disaster-riskreduction-mapdrr

Government of the Republic of the Union of Myanmar, Ministry of Home Affairs (2012), Village and Ward Tract Administration Law

Government of the Republic of the Union of Myanmar, Ministry of Environmental Conservation and Department of Meterology and Hydrology (2012) Myanmar's National Adaptation Programme of Action (NAPA) http://unfccc.int/resource/docs/napa/mmr01.pdf

Government of the Republic of the Union of Myanmar, Ministry of Social Welfare, Relief and Resettlement (2013), Natural Disaster Management Law

Government of the Republic of the Union of Myanmar, Ministry of Construction (2014), Myanmar National Building Code (provisional)

Government of the Republic of the Union of Myanmar, Ministry of Social Welfare, Relief and Resettlement (2015), Disaster Management Rules

Government of the Republic of the Union of Myanmar, (2015), Post Disaster Needs Assessment of Floods and Landslides July-September 2015 (PFLNA)

Government of the Republic of the Union of Myanmar, Ministry of Social Welfare, Relief and Resettlement (2015), Situation Reports 1-6

Ministry of Education (MoE) UNESCO Save the Children (2009) Disaster Preparedness and Response Education Resource Pack

DPRE resource pack (formal and non-formal)
Glossary – Basic DRR terminology

9 awareness posters Cyclone, Climate Change, Earthquake, Fire, Flood, Tsunami, Road Safety, Landslide,
Tornado
EXCEL book on flooding and Earthquake (primary non formal)
Storm and Tsunami Preparedness handbook (primary non formal)
Ready – Set – Prepared! (Life Skills)

Ministry of Education (MoE) UNESCO Plan International (2010) Let's be prepared for disasters : Activity book

Ministry of Education (MoE) and UNESCO, Myanmar Education Recovery Programme (MERP), (2010) : Teachers & staff training Modules
http://j.mp/d8ObqW

Module 1: Introduction to disaster risk reduction in education
Module 2: Localizingdisaster risk reduction in education
Module 3: Identifying, assessing and monitoring disaster risks in the education sector
Module 4: Building a culture of safety through DRR education
Module 5: Reducing the underlying risk factors in the education sector
Module 6: Preparing for effective emergency response and recovery in education
Module 7: Implementing Community-based disaster education

Ministry of Education (MoE) RRD ASEAN UN ADPC (2010) Guidelines on Mainstreaming Disaster Risk Reduction in the Education Sector- Myanmar Rural Settings

Ministry of Education (MoE) (2012; updated Jan 2015) One Storey School Building Design for Primary, Middle and High Schools, Nay Pyi Taw.

Ministry of Education (MoE) and UNICEF Myanmar (2010) Maintenance Manual for Child Friendly Schools: Interlocking Concrete Block Construction, Yangon: UNICEF Myanmar.

Ministry of Education (MoE) and UNICEF Myanmar (2010) Maintenance Manual for Child Friendly Schools: Light Weight Construction, Yangon: UNICEF Myanmar.

Ministry of Education (MoE) and UNICEF Myanmar (2010) Maintenance Manual for Child Friendly Schools: Reinforced Concrete Structure, Yangon: UNICEF Myanmar.

Myanmar Red Cross Society (MRCS ) and American Red Cross (ARC) ( 2015) Program "Enhancing Disaster Safety in Vulnerable Communities and Schools in Myanmar" toolkit and training manual

Plan International Myanmar and Lanthit Foundation (2014) : Safe School Tools and Guidelines Myanmar

Relief and Resettlement Department (RRD) UNICEF (2015) Myanmar Child Centred Risk Assessment

Save the Children (2013): Myanmar Education Sector Snapshot for Comprehensive School Safety and Education in Emergencies

School Construction Sub Working Group, Myanmar (2014) Stock Taking of Actors, Coordination Mechanisms and Initiatives on Safe School Construction, Assessment and Retrofitting in Myanmar

School Construction Sub Working Group, Myanmar ( 2015) Annex 1 of TOR of SCSWG entitled "Focused Thematic areas on school construction and indicative activities for engagement of the SC

Sub WG with the Government and other stakeholders in building an enabling environment and improving the school construction system"

School Construction Sub Working Group, Myanmar ( 2015) Outline of safe and child friendly school construction (draft for review by GoUM and SCSWG

SEEDs Asia ( 2013) Tool box for DRR Activity Centre on School Safety

UNDP and ADPC, (2009) School Safety Manual

UNOCHA (2012), "Myanmar Natural Disasters - 2002-2012", http://reliefweb.int/map/myanmar/myanmar-natural-disasters-2002-2012

## Other Asian countries

Government of India, National Disaster Management Authority ( 2014) National Disaster Management Guidelines – School Safety Policy

Government of Lao People's Democratic Republic, Ministry of Education (2009) School Construction Guidelines

Government of the Republic of the Philippines, Department of Education (DepEd) (2008) Mainstreaming DRR in the Philippines, Lesson Exemplars, Science 1 <http://www.rccdm.net/index.php?option=com_docman&task=doc_view&Itemid=215&gid=80>

Government of the Republic of the Philippines, Department of Education (DepEd) (2010) educational Facilities Manual, Revised Edition of the 2007 Handbook on Educational Facilities Integrating Disaster Risk Reduction in School Construction

Government of Sri Lanka, Ministry of Education (2008) National Guidelines for School Disaster Safety, http://www.preventionweb.net/go/7542

Government of the Socialist Republic of Vietnam, Ministry of Education and Training, Plan Vietnam, Live and Learn for Environment and Community, Australian Aid ( 2013) ABC Education Book on Climate Change

Plan Nepal (2013) Safe School Toolkit for Nepal

DIPECHO, ADPC, Handicap International, Islamic Relief and Plan (2009) Preparing Schools for a Safer Tomorrow- A Multi-hazard Approach Manual on School Safety in Bangladesh

## Asian Regional Documents

ASEAN (2005) ASEAN Agreement on Disaster Management and Emergency Response (AADMER) http://www.asean.org/resources/publications/asean-publications/item/asean-agreement-on-disastermanagement-and-emergency-responce-work-programme-for-2010-2015

ASEAN (2010) AADMER Work Program (2010-2015): Prevention and Mitigation Component- Program 2.3.2 –"Disaster Safety of Educational Facilities",

<http://www.asean.org/resources/publications/asean-publications/item/asean-agreement-on-disaster-management-and-emergency-response-aadmer-work-programme-2010-2015-4th-reprint>

ASEAN (2013) ASEAN Safe School Initiative (ASSI) – Concept note 15 of AADMER WP Phase 2

<http://www.asean.org/news/asean-secretariat-news/item/asean-and-civil-society-launch-safe-schools-initiative>

ASEAN : ( 2015) ASEAN Common Framework for Comprehensive School Safety

ASEAN : ( 2015) ASEAN Guidelines on School Hazard, Vulnerability and Capacity Assessment (HVCA)

ASEAN : ( 2015) School Disaster Risk Reduction and Management - Guidelines for South East Asia developed under the ASSI Regional Project by ASSI and SEAMEO

Asian Disaster Preparedness Center, (ADPC) Thailand (2009) Integrating Disaster Risk Reduction into School Curriculum: Mainstreaming Disaster Risk Reduction into Education, http://www.preventionweb.net/go/4006

Asia Pacific Coalition of School Safety (2015) APCSS Plan for engagement of MoE's from Asia in Worldwide Initiative on Safe Schools ( WISS)

Plan International, (2013) ASEAN Safe School Initiative, Phase 1 Report

Plan International (2015) Regional Training Pack on Training of Trainers on Comprehensive School Safety

RCC Mainstreaming DRR in Development (MDRD ) ( 2004-2015): Mainstreaming DRR into Education sub component 6.2 - “Construct all new schools located in hazard prone areas to higher standards of hazard resilience”<www.preventionweb.net/files/8196_Cambodia.pdf>

South East Asia Ministers of Education Organisation (SEAMEO) Innotech (2012) Regional Toolkit on Building Disaster-Resilient School Communities in Southeast Asia

http://www.seameo-innotech.org/category/publications-tool-kits/

UNESCO ( 2011) Local and INdigenous Knowledge (LINK) on Disaster Preparedness /Disaster Risk Reduction in Indonesia, Philippines and Timor Leste

World Vision (2013) Advancing School Safety Practices in Asia

World Vision, ASSI, Australian Government (2015) Comprehensive School Safety Practices in Asia : Six countries

## Global

Bradshaw, Sarah and Fordham, Maureen; (2013) Women, Girls and Disasters : A review for DFID

Global Alliance for Disaster Risk Reduction and Resilience in the Education Sector (GADRESS) (2014), Comprehensive School Safety Framework;
http://www.preventionweb.net/files/31059_31059comprehensiveschoolsafetyframe.pdf

GADRESS UNESCO Arup Save the Children GFDRR Risk Red (2015) Towards Safer School Construction - A Community Based Approach

Global Facility for Disaster Reduction and Recovery, ISDR, INEE and World Bank (2009) Guidance Notes on Safer School Construction

Inter Agency Network for Education in Emergencies (2010) 2nd Edition Minimum Standards for Education : Preparedness, Response, Recovery

Inter Agency Network for Education in Emergencies (2012) Comprehensive School Safety Toolkit
http://www.preventionweb.net/files/29491_29491comprehensiveschoolsafetytoolk.pdf

International Federation of Red Cross and Red Crescent Societies IFRC (2012) Public Awareness and Public Education for Disaster Risk Reduction: key messages
.http://www.ifrc.org/Global/Publications/disasters/reducing_risks/302200-Public-awareness-DDRkeymessages-EN.pdf

International Federation of Red Cross and Red Crescent Societies IFRC (2015) Handbook for a School – Based Risk Reduction Initiative

ISDR System Thematic Cluster/Platform on Knowledge and Education, Wisner B. (2006) Let our Children Teach Us- A Review of the Role of Education and Knowledge in Disaster Risk Reduction.

ISDR Thematic Platform for Knowledge and Education (2012) Assessing School Safety from Disasters: A global baseline report

Plan International ( 2010) Child-Centred Risk Reduction Toolkit
https://plan-international.org/files/global/publications/emergencies/DRR-toolkit-English.pdf

Plan International (2013) Because I am a Girl : The State of the World's Girls 2013 - In Double Jeopardy : Adolescent Girls and Disasters

Save the Children and UNICEF (2012) Comprehensive School Safety: A Toolkit for Development and Humanitarian Actors in the Education Sector
http://resourcecentre.savethechildren.se/sites/default/files/documents/7078.pdf

Save the Children and Risk RED, (2012) School Disaster Reduction and Readiness Checklist based on Risk Red Checklist of 2010 http://www.preventionweb.net/go/15316

United Nations (2015) Sendai Framework for Disaster Risk Reduction
UNESCO and UNICEF (2012) Disaster Risk Reduction in School Curricula: Case Studies from Thirty Countries

# မြန်မာနိုင်ငံ စာသင်ကျောင်းများ ဘေးကင်းလုံခြုံရေး နည်းလမ်းအသွယ်သွယ် လက်စွဲစာအုပ်

"မြန်မာနိုင်ငံရှိ စာသင်ကျောင်းတိုင်း ဘေးကင်းလုံခြုံမှုရှိပါစေ"

ဤလက်စွဲစာအုပ်သည် ကျောင်းအဆင့် ကျောင်းတာဝန်ရှိသူများ (ကျောင်းအုပ် နှင့် ဆရာ/မများ) မှ စာသင်ကျောင်း ဘေးကင်းလုံခြုံမှုအတွက် စနစ်ကျသော အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အရင်းအမြစ်တစ်ခု ဖြစ်သည်။ ဤလက်စွဲစာအုပ်သည် နိုင်ငံတကာတွင်အသုံးပြုသော "ဘက်စုံစာသင်ကျောင်းဘေးကင်းလုံခြုံရေးမူဘောင်" ပေါ်တွင် အခြေခံပြီး ဤလက်စွဲစာအုပ်သည် စာသင်ကျောင်းဘေးကင်းလုံခြုံမှုအတွက် ရိုးရှင်းကျစ်လစ်ပြီး စနစ်ကျသည့် လမ်းညွှန်ချက်တစ်ခု ဖြစ်သည်။

ဤလက်စွဲစာအုပ်တွင် ကျောင်းတာဝန်ရှိသူများမှ စာသင်ကျောင်းဘေးကင်းလုံခြုံရေး ဒေါက်တိုင် (၃) ခုစလုံးအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျောင်းတာဝန်ရှိသူတို့မှ လုပ်ငန်းဆောင်ရွက်ရန်များကို လမ်းညွှန်ပြသထားသည်။ ၎င်းတို့မှာ စာသင်ကျောင်းအပေါ် သက်ရောက်မှုရှိသော အန္တရာယ်များကို ဆန်းစစ်ခြင်း၊ ပြုပြင်ခြင်းနှင့် ပိုမိုတောင့်တင်းခိုင်မာအောင် ပြုပြင်ခြင်း၊ ကနဦးကတည်းက ဘေးကင်းသည့်နေရာတွင် တည်ဆောက်ခြင်း၊ ဘေးအန္တရာယ်များကို တုံ့ပြန်ဆောင်ရွက်ရန် ရရှိနိုင်သည့် အရင်းအမြစ်ရှာဖွေဖော်ထုတ်ခြင်း၊ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်များကို ရေးဆွဲချမှတ်ပြီး အကောင်းအထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကျောင်းသင်ရိုးညွှန်းတမ်း နှင့် တွဲဖက်သင်ရိုးပြင်ပသင်ခန်းစာအစီအစဉ်များမှတဆင့် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအကြောင်းအရာများကို သင်ကြားခြင်းတို့ပင်ဖြစ်သည်။

ကျောင်းအုပ်ဆရာ/မများ၊ အတွေ့အကြုံရင့် ဆရာ/မများနှင့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများသည် လာမည့်နှစ်များအတွင်း ထိရောက်သည့် စာသင်ကျောင်း ဘေးကင်းလုံခြုံရေး အစီအစဉ်များကို ပြုစုရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်သွားကြမည်ဟု မျှော်လင့်ပါသည်။

ဤလက်စွဲစာအုပ်ကို AADMER လုပ်ငန်းအစီအစဉ် (၂၀၁၀-၁၅) ၏ အရှေ့တောင်အာရှ ကျောင်းဘေးကင်းလုံခြုံရေးလုပ်ငန်းအစီအစဉ်များ (ASEAN Safe School Initiative) အောက်တွင် ပညာရေးဝန်ကြီးဌာန (အခြေခံ ပညာဦးစီးဌာန) လမ်းညွှန်မှုဖြင့် DPRE လုပ်ငန်းအဖွဲ့၊ SEAMEO Innotech နှင့် မြန်မာနိုင်ငံအတွင်းရှိ AADMER မိတ်ဖက်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ပြုစုသည်။
ဤလက်စွဲစာအုပ်အား ဥရောပကော်မရှင်မှ ငွေကြေးပံ့ပိုးပေးပြီး မြန်မာနိုင်ငံအတွင်းရှိ AADMER မိတ်ဖက်အဖွဲ့များဖြစ်သော Plan International Myanmar မှ ဦးဆောင်ပြုစုပြီး World Vision International နှင့် Save the Children International တို့နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည်။